
www.burmeseclassic.com

တာအုပ်တိုက်

# ပန်းချီ

## ဝေဇယန္တာဘုံနန်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


# မျက်ပွင့်စာပေ

အမှတ် (၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်ဆွန်ပက်လမ်းထိပ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၀၅၇၉

စာအုပ်တိုက်

အမှတ် (၁၄)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။
ဖုန်း - ၅၇၂၉၇၊ ၇၁၀၄၀၅

စာပေ

အယူတော်မင်္ဂလာညွှန့်၊ မရမ်းတလင်းတော၊
မှော်ဘီ၊ ရန်ကုန်။

၁၅၂၀/၂၀၀၃ (၁၁)
၁၃၆၇/၂၀၀၃ (၁၁)
ပထမအကြိမ်
ခင်မောင်သန်း
သန်းစာပေ (၀၁၄၅၄)
၆၃ (၁) လမ်း၊ (၁၁) ရပ်ကွက်၊
တ/ဥက္ကလာ၊ ရန်ကုန်။
ဒေါ်မြင့်မြင့်ဦး
သင်္ဂဟပုံနှိပ်တိုက် (၀၆၅၆၁)
၂၅၈၊ လမ်း ၄၀၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်
ကောင်းစံ
အဂ္ဂမာန် (အယူတော်မင်္ဂလာ)
အဂ္ဂမာန်၊ ရွှေသွေး၊ မင်းဟိန်းကျော်
AZ

၅၀၀
၁၂၀၀
မျက်ပွင့်စာပေ
၃၆၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်ဆွန်ပက်လမ်းထိပ်၊ ရန်ကုန်။
ဖုန်း-၇၀၀၅၇၉။
openeyes@mail4u.com.mm


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# မင်းသိင်္ခ

## ဝင်ယော်နီဇာဝတ္ထုနှင့် ကျွန်ုပ်၏အပြုံး

တစ်ညသ၌
ကျွန်ုပ်သည် တပည့်
လေးတစ်ဦးနှင့် ပုပ္ပါး
တောင်တွင် စကား
ပြောလျက်ရှိလေ၏။
ထိုညက လရောင်ထိန်
ထိန်သာလျက်ရှိ၏ ... ။
သို့ရာတွင် လ၏အလင်း
သည် မစူးလှပေ။ အဘယ်ကြောင့်ဆိုသော် နှင်းမှုန်များ ကျနေသောကြောင့် ဖြစ်၏။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။ အိပ်ပျော်နေသော ဆိုင်တန်းကလေးများကို အပေါ်စီးမှနေ၍ မြင်နေရ၏။ ကျွန်ုပ်၏တပည့်ကလေးသည် ကျွန်ုပ်အား ဓာတ်ဗူးအတွင်းမှ ကော်ဖီ တစ်ခွက်ကို ငှဲ့၍ထည့်ပေး၏။ ကော်ဖီသည် အငွေ့တထောင်းထောင်း ထွက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အတော်ပါပဲ ဇါလူရာ...၊ အေးနေတဲ့အချိန်မှာ ဒီလို ပူပူနွေးနွေး ကလေးသောက်လိုက်ရတော့ အတော့်ကိုဟန်ကျတာပဲ၊ မင်းလည်း သောက်လေကွာ ..." ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ကျွန်ုပ်၏ တပည့်ကလေးလည်း ကော်ဖီတစ်ခွက်ကို သူ့အတွက် ငှဲ့၍သောက်၏။ ဤသို့နှင့်ပင် နှစ်ယောက်သား ကော်ဖီသောက်ခဲ့ကြ၏။ ကော်ဖီသောက်ပြီး သောအခါ၌ ကျွန်ုပ်က စီးကရက်ကို ခဲ၏။ ကျွန်ုပ်၏တပည့်ကလေးက ဆေးပေါ့လိပ်ကို ခဲ၏။ ထို့နောက် ၎င်းက –

"ဒီလို အဘရဲ့ ...၊ ကျွန်တော်က စာရေးချင်ပါတယ်၊ ရေးချင်တာ လည်း ဝတ္ထုပဲ ရေးချင်ပါတယ်၊ ဝတ္ထုရေးဖို့ဆိုတာက အဘ မကြာခဏ ပြောတဲ့ ပို ... ပို၊ ဇတ်ိရိ ရှိဖို့လိုတယ် မဟုတ်လား၊ ဒါမှမဟုတ် ပိုဖြစ်အောင် လုပ်တတ်ဖို့ လိုတယ်မဟုတ်လား၊ အဘ ပြောပြောနေတဲ့ ပိုဆိုတာ ဇာတ် လမ်းကို ပြောနေတာမဟုတ်လား၊ ကျွန်တော်က ဇာတ်လမ်းဖြစ်အောင် မလုပ်တတ်ဘူး၊ ကျွန်တော့်ခေါင်းထဲမှာ ပိုမရှိဘူး၊ အဲဒီတော့ ဘယ်လိုလုပ်ပြီး ဝတ္ထုရေးဆရာဖြစ်မလဲ အဘရဲ့ ..." ဟု ကျွန်ုပ်အား မေး၏။ သို့မဟုတ် ကျွန်ုပ်၏ရှေ့မှောက်တွင် ညည်းပြ၏။

"နေစမ်းပါဦး ဇါလူရာ ...၊ မင်းခေါင်းထဲမှာ ပိုတွေ၊ ဇာတ်လမ်းတွေ မရှိဘူးဆိုပြီး စိတ်ပျက်အားငယ်နေတာလား၊ အဲဒီတော့ ပိုတွေ၊ ဇာတ်လမ်း တွေမရှိရင် ဘာတွေရှိလဲ ဇါလူရာ ..." ဟု ကျွန်ုပ်က ပြန်၍မေးလိုက်လေ၏။

"ဒီလိုပါ အဘရယ် ...၊ ခေါင်းဆိုတာက အလွယ်ပြောလိုက်တာ... ရင်ထဲမှာလို့လည်း ပြောလို့ရပါတယ်၊ ဒါလည်း အလွယ်ပြောတာပါ။ ရင်ထဲမှာ လည်း မဟုတ်ဘူး၊ စိတ်ထဲမှာပေါ့ အဘရာ ...၊ အဲဒီစိတ်ထဲမှာ စော စောကပြောတဲ့ ပိုတွေ၊ ဇာတ်လမ်းတွေ မရှိဘူး အဘရဲ့ ..." ဟု ကျွန်ုပ်၏



တပည့်ကလေးက ကျွန်ုပ်အား စိတ်ရှည်လက်ရှည် ပြောဆိုလေ၏။

"နေစမ်းပါဦး ဇါလူရာ ...၊ မင်းက မင်းရဲ့စိတ်ကို အိုးတစ်အိုး ခွက်တစ်ခွက်လို့ စဉ်းစားနေတာလား၊ ဒါကြောင့် စိတ်ထဲမှာ မင်း သိုထားတဲ့ ပိုတို့၊ ဇာတ်လမ်းတို့ မရှိဘူးလို့ မင်းက ပြောနေတာကိုး...၊ အမှန်က စိတ်ဟာ အိုးတစ်လုံးလည်း မဟုတ်ဘူး၊ ခွက်တစ်ခွက်လည်း မဟုတ်ဘူး၊ ဒါကြောင့် အဲဒီအထဲကို မင်းထည့်ထားတယ်လို့ ထင်တဲ့ အရာတွေဟာ တကယ်က ထည့်မထားနိုင်ပါဘူး၊ ဒီထက်ပိုပြီးပြောရရင် မင်းထည့်ထားလို့ရတယ်လို့ထင်တဲ့ စိတ်ဆိုတဲ့အရာကိုက မင်းမှာ တကယ် မရှိဘူးလေကွာ ...၊ အကြောင်းတိုက်ဆိုင်မှ သူက ရောက်လာတာ ...၊ အကြောင်းကုန်ရင် ပျောက်သွားတာ ...၊ အဲဒီလိုအထဲမှာ မင်းက ဘာများ သိုထားလို့ရမှာတုံး ...၊ ထည့်ထားတယ်ဆိုတဲ့အယူကို မယူရင် ကောင်းမယ် ..." ဟု ကျွန်ုပ်က ပြောလိုက်လျှင် –

"ဒီလိုလုပ်ရအောင် အဘရယ် ...၊ ရှည်ရှည်ဝေးဝေး အတွေးရ ခက်တဲ့ အကြောင်းအရာတွေ မပြောပါနဲ့ဗျာ ...၊ ကျွန်တော်က ဝတ္ထု ရေးချင်တယ်၊ ဝတ္ထုဇာတ်လမ်း ကျွန်တော့်မှာ မရှိဘူး၊ ရှိအောင် ဘယ်လိုလုပ် ရမလဲ၊ အဲဒါပဲ ပြောပြစမ်းပါ ..." ဟု တပည့်ကလေးက ကျွန်ုပ်အား သမ်းညွှန်မှုပေးလေတော့၏။ ကျွန်ုပ်သည် ပြုံးမိလေတော့၏။

"ဒီလိုဆိုတော့လည်း ခပ်ပြတ်ပြတ်ပဲ ပြောပြရမှာပေါ့ ...၊ ဒါပေမဲ့ အခု ငါပြောတဲ့စကားတွေကိုတော့ အဆိုအမိန့်တွေလို့ နားမလည်စေချင်ဘူး မင်းနဲ့ ဝေါလီရိုက်တမ်း ကစားဖက်၊ သူခိုးပုလိပ်လုပ်တမ်း ကစားဖက် သူငယ်ချင်းတစ်ဦးက ပြောတဲ့စကားလောက်ပဲ တန်ဘိုးထားစေချင်တယ်၊ ဆရာသမားတစ်ဦးရဲ့ အဆိုအမိန့်အဖြစ် မင်းက မယူဘူး၊ မမှတ်ဘူးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



... ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကျွန်ုပ်၏တပည့်ကလေး ... ရယ်လေ၏။

"... အဘကို ဆရာနေရာမှာ ထားတယ်၊ အဘက ...ကို ခုန်ပြီးဆင်းတယ်၊ ဘယ်လိုဖြစ်တာလဲ အဘရယ်..." ဟု ... ပြော၍ရယ်ပြန်လေ၏။

"လွတ်လပ်ချင်လို့ကွ၊ ဆရာတပည့်ဆိုတော့ ပြောရတာ မလွတ်...ဘူး။ သူငယ်ချင်းဆိုတော့ ပိုပြီးလွတ်လပ်တာပေါ့ကွာ၊ ဆရာအနေနဲ့ ပြောရရင် အဆုံးအမတွေ ဖြစ်နိုင်တယ်၊ သွန်သင်ချက်တွေ ဖြစ်နိုင်တယ်၊ ဂိုက်လိုင်းချတာတွေ ဖြစ်နိုင်တယ်၊ ငါက အဲဒီအရာတွေကို မနှစ်သက်ဘူးကွ၊ ငါလည်း ပြောချင်သလိုပြောမယ်၊ ပြောတတ်သလို ပြောမယ်၊ မင်းလည်း နားလည်ချင်သလို နားလည်၊ ငါပြောတာတွေကိုလည်း မင်းအနေနဲ့ လက်ခံချင်ခံ၊ လက်မခံချင်လည်း ရတယ်၊ နောက်တစ်ခု ငါပြောချင်တာက လူတစ်ယောက်ဟာ အခြားလူတစ်ယောက်အဖို့ အလုံးစုံနေရာတိုင်းမှာ ဆရာမဖြစ်နိုင်ဘူးကွ၊ ဒါကြောင့် ဆရာတပည့်ဆိုပြီး မူလီစုပ်ထားသလို ...၊ ဝက်အူနဲ့ ကြပ်ထားသလို ...၊ ဝရိန်တို့ပြီး ဂဟေဆော်ထားသလို ပုံသေမဖြစ်နိုင်ဘူး၊ အကြောင်းအရာတစ်ခုမှာ ဆရာဖြစ်ပြီး အခြားအကြောင်းအရာတစ်ခုမှာ တပည့်ပြန်ဖြစ်ချင်ဖြစ်နေတာ ငါ့လူရ ..." ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကျွန်ုပ်၏ တပည့်ကလေးက –

"ဟုတ်ပါ့မလား အဘရယ် ..." ဟု ပြန်၍မေးလေ၏။

"ဒီမှာ ငါ့လူ ...၊ မင်းက ငါ့ကို အသက်အရွယ်ကြောင့် အဘလို့ ခေါ်တာကတော့ မှန်တယ်ပေါ့၊ အခုလည်း အဘပဲ၊ နောက်ဆယ်နှစ်ကြာလည်း ငါဟာ အဘနေရာက မရွေ့ဘူးကွ၊ မင်းနဲ့ငါ နှစ်ယောက်လုံး





...သွားတဲ့အထိ ငါဟာ အဘပဲ၊ အပြောင်းအလဲ မရှိနိုင်ဘူး။ အဓော်လေး ...ာယ်ကွ၊ မင်းက ဗေဒင် မတတ်လို့ ငါ့ဆီမှာ ဗေဒင်သင်ယူတယ်၊ အဲဒီ အတွက် မင်းက ငါ့ကို ဆရာလို့ ခေါ်မယ်ဆိုရင်တော့ ဗေဒင် အကြောင်းအရာ ...မှာတော့ ငါဟာ မင်းရဲ့ဆရာဆိုတာ မှန်တယ်ကွ၊ ဒါပေမဲ့ စောစောတုန်း က ဟောဒီလျှပ်စစ်မီး ဖြုန်းစ်ပြတ်သွားတယ်၊ ငါက လုံးဝမလုပ်တတ်ဘူး၊ ...က ဖြုန်းစ်ပြန်ဆက်တဲ့နည်းကိုလည်း ပြတယ်၊ ပြန်လည်း ဆက်ပေးတယ်၊ အဲဒါကြောင့် ဟောဒီမီး ပြန်လင်းသွားပြီ၊ အဲဒီတော့ လျှပ်စစ်မီးကိစ္စမှာ ...က ဆရာလား၊ ငါက ဆရာလား ...၊ အားမနာတမ်းပြောရရင် အဲဒီကိစ္စ ... မင်းက ဆရာပြန်ဖြစ်နေတယ်၊ အဲဒါကြောင့် မင်းက ငါ့ကို ဆရာလို့ ...မယ်ဆိုရင်တောင် ဗေဒင်နဲ့ပတ်သက်တဲ့ဆရာ၊ ငါက မင်းကို မီးနဲ့ ပတ်သက်တဲ့ဆရာလို့ တစ်ယောက်တလဲ ဆရာခေါ်ရတော့မယ်ကွ၊ အခုတစ်ခါ ...က ဝတ္ထုရေးတတ်လမ်းအကြောင်း ပြောပြန်တော့ ငါဟာ ဝတ္ထုရေးတတ်လမ်း ...ပတ်သက်တဲ့ ဆရာဖြစ်သွားပြန်ပြီ၊ တော်တော်ကြာကျတော့ တို့နှစ် ...ယောက် ထမင်းကြော်ပြီး စားကြမယ်မဟုတ်လား၊ မင်းက ငါ့ထက် ပိုပြီး ...ကြော်တတ်တယ်၊ အဲဒီတော့ မင်းက ထမင်းကြော်တဲ့နေရာမှာ ဆရာဖြစ်ပြန် ...ာ ...၊ ဟောဟိုမှာ အိပ်နေတဲ့ မြူဝင်းက ကားမောင်းတတ်တယ်၊ တို့နှစ် ...ယောက်က သူမောင်းမှ စီးရမှာကွ၊ အဲဒီတော့ ကားမောင်းတဲ့အခါ သူက ...နှစ်ယောက်ရဲ့ဆရာ ဖြစ်နေပြန်ရော ...၊ ကားမောင်းပုံမောင်းနည်းကို ...ရော ငါ့ကိုပါ သူက သင်ပေးတာ မဟုတ်လား၊ အဲဒီတော့ ငါတို့ ...ယောက် ဆရာပူဇော်ပွဲလုပ်မယ်ဆိုရင် ပူဇော်မယ့်ပစ္စည်းကို အလယ်မှာ ... သုံးယောက်သား ဗိုခနောင့်ဆိုင် ထိုင်ရမယ်ကွာ ...၊ ငါက မင်းတို့ ...ယောက်ကို ရှိခိုးရမယ်၊ မင်းက မြူဝင်းနဲ့ ငါ့ကို ရှိခိုးရမယ်၊ မြူဝင်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက်ကို ပြန့်ပြီးရှုံခိုင်းရမယ်ကွာ၊ ဆရာသမားအနေနဲ့ ဆုံးမဩဝါဒ ပေးရမယ်ဆိုရင်လည်း ငါက မင်းတို့နှစ်ယောက်ကို ဆုံးမရမယ်၊ ဩဝါဒပေး ရမယ် မင်းက တို့နှစ်ယောက်ကို ဆုံးမဩဝါဒပေးရမယ်၊ ဖြူဝင်းက တို့နှစ် ယောက်ကို ဆုံးမဩဝါဒပေးရမယ် …'' ဟု ကျွန်ုပ်က ပြောလိုက်လျှင် … တပည့်ကလေးသည် ဟက်ဟက်ပက်ပက်ရယ်လေ၏။ ကျွန်ုပ် အားရယ်ပြီးနောက် -

''စကားကောင်းကောင်းမွန်မွန် ပြောကြရအောင်ပါ အဘရယ်…၊ ကတ်သီးကတ်သပ်တွေ မလုပ်စမ်းပါနဲ့၊ ဦးနှောက်ခြောက်မယ့်စကားတွေ မပြောပါနဲ့ အဘရာ …'' ဟု ပြောလိုက်လေ၏။

''အေးကွာ …၊ မင်းသိထားရမှာက မပြီးသေးတဲ့ကိစ္စကို ပြီး အောင်လုပ်ရမယ့်ကိစ္စမျိုး ရှိတယ်ကွ၊ မပိုင်သေးတဲ့ပစ္စည်းကို ပိုင် အောင်လုပ်ရမယ့်ကိစ္စမျိုးလည်း ရှိတယ်ကွ၊ ကွဲပြားနေတဲ့ အကြောင်းအရာ တွေကို ဆက်စပ်သွားအောင် လုပ်ရတဲ့ ကိစ္စမျိုးလည်း ရှိတယ်ကွ၊ မလုပ် ရသေးတဲ့အလုပ်ကို လုပ်ပြစ်အောင်လုပ်ရတဲ့ ကိစ္စလည်း ရှိတယ်ကွ၊ အကူ အညီပေးဖို့လိုတဲ့ ကိစ္စကို ကူညီပေးရတဲ့ကိစ္စလည်း ရှိတယ်ကွ၊ ထွက်သွား ရမယ့်ကိစ္စကို ထွက်သွားအောင် လုပ်ရတဲ့ကိစ္စမျိုးလည်း ရှိတယ်ကွ၊ မှီခိုရမယ့်ကိစ္စကို မှီခိုရတဲ့ အလုပ်မျိုးလည်း ရှိတယ်ကွ၊ မလာသေးတဲ့လူကို လာအောင်ခေါ်ရတဲ့ ကိစ္စမျိုးလည်း ရှိတယ်ကွ၊ အဲဒီတော့ အတိုပြောမယ် ကွာ … ငါကတော့ ပုံ ဒါမှမဟုတ် ဇာတ်လမ်းအတွက် အဲဒီရှစ်မျိုးကိုပဲ မှတ်ထားတယ်၊ ပြီးအောင်၊ ပိုင်အောင်၊ ဆက်စပ်အောင်၊ လုပ်အောင်၊ ကူညီအောင်၊ ထွက်အောင်၊ မှီခိုအောင်၊ ခေါ်ရအောင်… အဲဒီရှစ်မျိုး ပေါ့ကွာ …' ပြီး၊ ပိုင်၊ စပ်၊ လုပ်၊ ကူ၊ ထွက်၊ မှီ၊ ခေါ် ' လို့ အတိုမှတ်



…ရင်တောင် ပိုပြီးကောင်းသေးတယ်၊ ငါရေးတဲ့ ပုဏ္ဏားဘကွန်းဝတ္ထု …ငြင် မရသေးတဲ့ ပစ္စည်းဥစ္စာတွေ ရအောင်၊ ချမ်းသာအောင်၊ ပိုင်အောင် …ဇာတ်ကောင်ကို လုပ်ခိုင်းတဲ့ 'ပိုင်' အမျိုးအစားဝတ္ထုပေါ့ကွ …၊ မမင်းဖြူ …နဲ့ပြောဝတ္ထုဆိုတာကျတော့ မမင်းဖြူဆိုတဲ့ ဒုက္ခရောက်နေတဲ့ အငြိမ့် …သမီးလေးကို ငါ့ရဲ့ဇာတ်ကောင် မိုးသီးကို အကူအညီပေးခိုင်းတဲ့ ဝတ္ထု …ကွာ၊ 'ကူ' အမျိုးအစား ဝတ္ထုဇာတ်လမ်းပေါ့ကွာ …၊ အဲဒီလောက်ပြောရင် …သို့လူ နားလည်လောက်ပါ ပြီ…'' ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏ …တပည့်ကလေးက -

''အဲဒီလိုလုပ်စမ်းပါ အဘရယ် …၊ အဲဒါက ကျွန်တော့်အတွက် …ဝင်မယ် …'' ဟု ပြောရှာလေ၏။

ကျွန်ုပ်သည် ထိုတပည့်ကလေးအား ကျွန်ုပ်နားလည်သလောက် …ကတ် ကျွန်ုပ် နားလည်သလို အကြံဉာဏ်ပေးခဲ့၏။ အထက်က ပြော …ဇာတ်လမ်းရှစ်မျိုးကိုလည်း တစ်မျိုးတစ်မျိုးတွင် မည်သို့ဖန်တီးရ …ကို ရှင်းပြခဲ့၏။

ယခုအခါ၌ ထိုတပည့်ကလေးသည် စာရေးဆရာဇင်ယော်နီ ဟူ၍ …လေ၏။ သူရေးထားသော 'ဝေဇယန္တာဘုံနန်း' ဆိုသော ဝတ္ထု …ကျွန်ုပ်အား လာ၍ပြ၏။ ကျွန်ုပ်သည် ဖတ်မကြည့်ဘဲ သိနှင့်နေ …ဇင်ယော်နီ၏ဝတ္ထုသည် 'ပြီးဝတ္ထု၊ ပိုင်ဝတ္ထု၊ စပ်ဝတ္ထု၊ လုပ်ဝတ္ထု၊ …ဝတ္ထု၊ ထွက်ဝတ္ထု၊ မှီဝတ္ထု၊ ခေါ်ဝတ္ထု' အမျိုးအစားရှစ်ခုအနက် …ခုခု အကျုံးဝင်နေမည်သာ ဖြစ်၏။

ထို့ကြောင့် ၎င်း၏စာမူ ကျွန်ုပ်လက်သို့ ရောက်လည်းနှင့် …ကိုက်ပါလေ၏။ ကျွန်ုပ်၏အပြုံး၌ …

www.burmeseclassic.com

www.burmeseclassic.com



– အားပေးခြင်း၊


– ' ဒီရှစ်မျိုးထဲကပါကွာ ...' ဟု ကျေနပ်ခြင်း၊

– ဝမ်းမြောက်ခြင်း၊

– 'မင်းကတော့ ယယ်လည်းငယ်၊ ကျွန်းလည်း ကျွန်းတဆိုတော့ ရေးနိုင်တာပေါ့ကွာ ဒို့မှာတော့ ... အသက်ကလည်းကြီး၊ ကျွန်းကလည်း မကျွန်းမာဆိုတော့ မရေးနိုင်ပါဘူးကွာ ...' ဟူသော သဘောဖြင့် အားမလိုအားမရဖြစ်ခြင်း ... စသော အဓိပ္ပါယ်များ ပြွမ်းတီးနေသည် ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်၏ အပြုံးသည် ပီတိဖြစ်နေသော အပြုံး၊ နှုတ်ခမ်းကလေး အနည်းငယ်မျှ ကုပ်၍ မဲ့နေသော အပြုံး၊ နှုတ်ခမ်းကလေး အနည်းငယ် ဟ,၍ ပျော်နေသော အပြုံး၊ နှုတ်ခမ်းတလေးကို ကိုက်၍ အံတင်းနေသော အပြုံး ... စသော အမျိုးအမည်များသည် အပြုံးတစ်မျိုး ဖြစ်နေပေလိမ့်မည်တကား ..... ။ ။

မင်းသိခ်




တစ်နေ့သ၌ ကျွန်ုပ်သည် မနောမယဂျာနယ်နှင့် မနောဘြဖြူမဂ္ဂဇင်းတို့၏ ပင်တိုင်ပန်းချီဆရာဖြစ်သော ပန်းချီမောင်ဆောင်းစံနှင့် ရောက်တတ်ရာရာများကို ပြောဆိုနေခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏စကားဝိုင်းသည် သမထအလုပ်များအကြောင်းဆီသို့ ဦးတည်သွားခဲ့၏။ ပန်းချီမောင်ကောင်းစံသည် ဘာသာရေးကိစ္စများ၊ အဓိဋ္ဌာန်ကိစ္စများကို လွန်စွာစိတ်ဝင်စားသူဖြစ်၏၊ အတော်အသင့်လည်း လုပ်ခဲ့ဖူး၏။ ယခုလည်း ၎င်းနှင့်ကျွန်ုပ်တို့သည် ဆရာကြီးမင်းသိခ်၏ မရမ်းတလင်းတောရှိ အယူတော်မင်္ဂလာခြံအတွင်း၌ အတူတကွ နေထိုင်လျက်ရှိကြပေရာ ၎င်းက

"ဒီလိုရှိတယ် အာစရိရဲ့. . .၊ ကျုပ် ဒီခြံကို ရောက်လာတာဟာ ခင်ဗျားတို့နဲ့မတွေ့ဘူး၊ တော်တော်ထူးဆန်းတယ်ဗျ. . .၊ ကျုပ် ဒီခြံကို စရောက်လာတဲ့နေ့က ခင်ဗျားရှိသားပဲ. . .၊ လွန်ခဲ့တဲ့တစ်နှစ်လောက်က ဆရာကြီးမွေး နေ့လက်ဆောင်အဖြစ် ပုံတူပန်းချီကားတစ်ချပ် ရေးပေးဖူးတယ်ဗျ၊ ဒါပေမဲ့ အဲဒီပုံတူက အပြီးမသတ်နိုင်ဘူးဖြစ်နေတယ်၊ ဒါနဲ့ပဲ ဒီနှစ် နှစ်သစ်မကူးခင်တော့ ဒီကားကို အပြီးသတ်ပေးမှဖြစ်မယ်လို့ တွေးမိတယ်၊ အဲဒီလို အပြီးသတ်ပေးဖို့ကလည်း တခြားအလုပ်တွေ အကုန်လုံးကို ဖြတ်ထားပြီး ဒီခြံမှာကို လာရေးမှကိုပဲ ဖြစ်နိုင်မှာကလားဗျ၊ ဒါကြောင့် အဲဒီပန်းချီကားကို အပြီးသတ်ဖို့ ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဒီခြံကို ရောက်လာခဲ့တာလေ. . .၊ ခင်ဗျားသိတဲ့အတိုင်းပဲ ကျုပ်က ပန်းချီရေးရင်သိပ်မြန်တဲ့လူဗျ၊ ဒီတစ်ကားကျမှ ဘယ်လိုဖြစ်တယ်မဆိုနိုင်ပါဘူးဗျာ. . . မပြီးနိုင်ဘူးဖြစ်နေတယ်၊ ဒီလိုနဲ့ တစ်ပတ်လောက်ကြာသွားတာလေ. . .၊ ကျုပ်က အိမ်နဲ့ခွဲပြီး တစ်ပတ်ပြည့်အောင် တစ်ခါမှ မနေဖူးဘူးဗျ. . .၊ အဲဒီအချိန်မှာပဲ ဆရာကြီးနဲ့ ခင်ဗျားတို့ မနောမယဂျာနယ် လုပ်ကြမယ်ဆိုပြီး စီစဉ်ကြပါလေရော. . .၊ ဂျာနယ်





အဖုံးကိုလည်း ပန်းချီပုံနဲ့သွားမယ်လို့ ဆုံးဖြတ်လိုက်ကြပြီး ကျုပ်ကို ချောဆွဲလိုက်ကြတာလေ. . .၊ ဂျာနယ်ဆိုတော့ တစ်ပတ်ကို အဖုံးပန်းချီကားတစ်ကား ရေးနေရမှာ၊ ဒါ့အပြင် မနောကြာဖူးဆိုတဲ့ မဂ္ဂဇင်းကိုလည်း ထပ်ပြီးလုပ်ဦးမယ်၊ မဟာမြိုင်မဂ္ဂဇင်း ဆိုတာကိုလည်း လုပ်ဦးမယ်၊ အဲဒီဂျာနယ်တွေ၊ မဂ္ဂဇင်းတွေအတွက် ပန်းချီကိစ္စ၊ ဒီဇိုင်းကိစ္စတွေကို တာဝန်ယူပြီး လုပ်ပေးရမယ်လို့ ဆရာကြီးက တာဝန်ပေးလိုက်တဲ့အခါ ကျုပ်မှာ တစ်ခါတည်း ဒီခြံမှာ သောင်တင်သွားတော့တာပေါ့၊ တစ်ရက်နှစ်ရက်ဆိုပြီး လာလိုက်တာ. . . အခု ၂ နှစ်လောက် ရှိသွားပြီလေ. . ." ဟု ပြောရင်း ပန်းချီ မောင်ကောင်းစံသည် ၎င်း၏စကားကို ၎င်းဘာသာ သဘောကျ၍ ရယ်မောလိုက်လေ၏။ ထို့နောက်တွင်မှ ကွမ်းတစ်ယာကို ထုတ်၍ငုံလိုက်ပြီး –

BURMESE CLASSIC

"ဒီအဖြစ်အပျက်တွေဟာ သွေးရိုးသားရိုးတွေလို့ ကျုပ်ဖြင့် မထင်မိပါဘူး အာစရိရယ်. . .၊ ဆရာကြီးနဲ့ ကျုပ်နဲ့ ပဋ္ဌာန်းဆက်ရှိနေကြလို့ အခုလို တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ခဲ့တာလို့ ကျုပ်ဖြင့် ထင်တာပဲ၊ နောက်ပြီးတော့ ဒီခြံကို ရောက်လာမှ ပန်းချီကားတွေ ရေးရတာ ကျုပ်ဖြင့် တော်တော်လက်တွေ့လာတယ်ဗျ၊ ဆရာကြီး ပြောပြောပြတဲ့ တရားအကြောင်း၊ ဓမ္မအကြောင်းတွေဟာ ကျုပ်တို့ရဲ့ စိတ်မနောကို တော်တော်ကြီးပြောင်းလဲသွားစေတာကလားဗျ၊ သိသိသာသာလည်း ငြိမ်းချမ်းသွားပါတယ်၊ အစတုန်းက ပန်းချီရေးတာဟာ ပန်းချီရေးနေတာပဲလို့ပဲ ကျုပ်သဘောပေါက်ထားတယ်၊ ဆရာကြီးနဲ့တွေ့လိုက်မှ ကျုပ်ရဲ့အလုပ်ဟာလည်း အလွန်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ စိတ်စူးစိုက်မှု၊ သမထအကျင့်တစ်မျိုးဖြစ်နေပါလားလို့ သဘောပေါက်မိတော့တယ်၊ ဟုတ်တော့လည်း ဟုတ်တယ်ဗျ၊ ပန်းချီဆရာမှ မဟုတ်ပါဘူးလေ. . . ဘယ်သူပဲဖြစ်ဖြစ် ကိုယ်လုပ်နေတဲ့ အလုပ်ထဲမှာ စိတ်ရောကိုယ်ပါနှစ်ပြီး လုပ်နေမယ်ဆိုရင် အဲဒါ သမထအကျင့်တစ်မျိုးပါပဲ၊ ဘာလို့လဲဆိုတော့ ပန်းချီကားတစ်ချပ်ထဲမှာ နှစ်မြှုပ်ပြီး ရေးနေတဲ့အချိန်မှာ ကျုပ်ရဲ့စိတ်အာရုံမှာ လောဘလည်း မရှိဘူး၊ ဒေါသလည်း မရှိဘူး၊ မောဟလည်း မရှိဘူး၊ ပြောရရင် ကုသိုလ်အကုသိုလ်ဆိုတာတောင် မရှိဘူးဗျ၊ ဒီတော့ အဲဒီအခိုက်အတန့်လေးမှာ စိတ်မချမ်းမြေ့စရာဆိုတာ လုံးဝရှိမနေဘူးဗျ၊ အဲ အဲ. . . စိတ်မချမ်းမြေ့စရာ မရှိသလို စိတ်ချမ်းမြေ့စရာရှိနေတာလည်း မဟုတ်ပြန်ဘူးဗျ၊ သူ့အတိုင်းတိုင်းကို စိတ်ဟာ စိတ်ကလေးအတိုင်းပဲဖြစ်နေတာ၊ ဖြစ်နေတာဆိုပေမဲ့လည်း ဘာမှမဖြစ်တာဖြစ်နေတာဗျ" ဟု ပြောကာ ပန်းချီမောင်ကောင်းစံသည် သဘောကျစွာဖြင့် ရယ်လိုက်ပြန်လေ၏။

ထိုနေ့က ကျွန်ုပ်နှင့်မောင်ကောင်းစံသည် သီဟိုဠ်ပင်ရိပ်ရှိ အုတ်ခုံကလေးပေါ်၌ ထိုင်ရင်း အချိန်အတန်ကြာ စကားပြောဖြစ်ခဲ့ကြ၏၊ မိမိတွင်လုပ်ရန်ရှိသော ကိစ္စများကို စူးစူးစိုက်စိုက် ဆောင်ရွက်နေခြင်းဖြင့် သမထကျင့်စဉ်တစ်ခုကို လုပ်နေသကဲ့သို့ စိတ်အာရုံ တည်ငြိမ်ငြိမ်းချမ်းမှုရရှိကာ အကျိုးထူးစေနိုင်ကြောင်း ဆွေးနွေးဖြစ်ခဲ့ကြ၏။

ထိုသို့ပြောရင်း ကျွန်ုပ်၏အတွေးအာရုံထဲသို့ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က ကျွန်ုပ်နှင့် လွန်စွာရင်းနှီးခင်မင်ခဲ့သော



သွားလေသူ ပန်းချီဆရာကြီး ဦးဉာဏ်မြအကြောင်း ဝင်ရောက်လာလေ၏။ ၎င်းပန်းချီဆရာကြီး ဦးဉာဏ်မြသည် ကျွန်ုပ်၏ အဘိုးအရွယ်ခန့်ရှိ၏၊ ၎င်း၏ရုပ်သွင်ကို ကြည့်ရသည်မှာ သာမန်လူသားတစ်ဦးနှင့်မတူဘဲ များစွာထူးခြားနေ၏၊ အင်္ဂလိပ်ကားများထဲမှ ဖြစ်သလိုနေထိုင်ပြုမူကြသော ကောင်းဘွိုင်များနှင့် တူလွန်းလှတော့၏။

အမှန်စင်စစ်အားဖြင့် ကောင်းဘွိုင်တို့၏ ပြင်ပအသွင်အပြင်မျိုးနှင့်သာ တူနေခြင်းဖြစ်၏။ ၎င်း၏ပြောဆိုဆက်ဆံပုံ၊ စိတ်နေသဘောထားတို့မှာမူ ထိုကောင်းဘွိုင်တို့နှင့် ပြောင်းပြန်ဟုဆိုသော် ရနိုင်ပေ၏။ လွန်စွာနူးညံ့သိမ်မွေ့ပြီး လွန်စွာစိတ်ရင်းကောင်း၏၊ သို့သော် အရက်ကို နေထွက်မှသည် နောက်တစ်နေ့ နေထွက်အထိ သောက်၏။ ၎င်းဦးဉာဏ်မြအတွက်မူ သူ့ရာအရက်သည် စိတ်နှလုံးညွှတ်ပြောင်းစေသော ဆေးဝါးလားဟုပင် အောက်မေ့ရလောက်ပါပေ၏၊ အမြဲတစေ အနုပညာသမားတစ်ဦးကဲ့သို့ နေထိုင်ပြုမူလေ့ရှိသော ဦးဉာဏ်မြကြီးသည် အရက်သောက်ပြီးသွားသောအခါ မူလထက် အဆပေါင်းများစွာ ပို၍သိမ်မွေ့သွားလေတော့၏။ မည်သို့ ဖြစ်သည်ကို ကျွန်ုပ် မဆိုနိုင်ပါချေ။

ကျွန်ုပ်နှင့် ဦးဉာဏ်မြကြီးသည် သားအဖ မြေးအဘိုးအရင်းထက်ပင် ခင်မင်ခဲ့ကြ၏၊ ၎င်းဦးဉာဏ်မြသည် အရက်ကလေး ထွေနေသောအခါများ၌ ကျွန်ုပ်ပခုံးအား ယုယုယယကလေး ဖက်ရင်း. . .

"လူကလေး သေချာနားထောင်နော် . . ." ဟု အစချီ

www.burmeseclassic.com



လျက် လွန်စွာထူးဆန်းသော ပန်းချီဆရာကြီးတစ်ဦး၏ဇာတ်ထုပ်ကို ပြောပြလေ့ရှိ၏။

ထိုဇာတ်ထုပ်မှာ တစ်ကြိမ်တစ်ခါတည်း ပြောပြခြင်း မဟုတ်. . .။ အရက်မူးတိုင်းလိုလို ပြောပြခဲ့ခြင်းဖြစ်၏။ အရက်မှာလည်း နေ့စဉ်မူးနေသောကြောင့် ထိုဇာတ်ထုပ်ကို နေ့စဉ်နီးပါး ပြောပြခဲ့ခြင်းဖြစ်၏။ အမှန်စင်စစ်အားဖြင့် မည်မျှကောင်းသော ဇာတ်ထုပ်ဖြစ်စေ ဖန်တစ်ရာတေအောင် နားထောင်ရလျှင် မုချငြီးငွေ့သွားရမည်သာဖြစ်၏။

ယခုမူကား ထိုသို့မဟုတ်ပြီ။ ကျွန်ုပ်သည် ဦးညဏ်မြကြီး ပြောပြသော ထူးဆန်းသည့်ပန်းချီဆရာကြီးတစ်ဦး၏ ဇာတ်ထုပ်ကို ဖန်တစ်ရာတေရုံမျှမက ဖန်တစ်ထောင်တေသည်အထိပင် နားထောင်ခဲ့ရခြင်းဖြစ်၏။ ထိုသို့ နားထောင်ရတိုင်းလည်း ဦးညဏ်မြကြီးအား ခင်မင်လွန်းသည့်စိတ်ကြောင့်လော. . .၊ ထိုဇာတ်ထုပ်၏ဆွဲဆောင်မှုကြောင့်ပင်လော. . .၊ သို့တည်းမဟုတ် ကျွန်ုပ်ပြောမပြတတ်သည့် ဆန်းကြယ်လှစွာသော ညှို့ဓာတ်လှိုင်းတစ်ခုကြောင့်ပင်လော မပြောတတ်ပေ၊ ကျွန်ုပ်သည် ဦးညဏ်မြကြီးပြောပြတိုင်း ထိုဇာတ်ထုပ်ကို စိတ်ဝင်စားစွာ နားထောင်မှတ်သားခဲ့သည်ချည်းသာလျှင် ဖြစ်လေတော့၏။

ထိုသို့ ပြောပြီးတိုင်းလည်း ဦးညဏ်မြကြီးက. . .

"ငါက ပန်းချီရေးရုံတင်မဟုတ်ဘူးကွ၊ စာရေးဆရာလည်းလုပ်ဦးမှာ. . .၊ ဒါပေမဲ့ ငါ့ဘဝမှာ ဝတ္ထုကြီးတစ်ပုဒ်ပဲ ရေးမှာကွ၊ အဲဒီဝတ္ထုကြီးကလည်း အခုန မင်းကို ပြောပြခဲ့တဲ့ ဝတ္ထုပဲ





သာ. . . " ဟု ပြောလေ့ရှိ၏။ ထိုသို့ပြောခဲ့သည်မှာ တစ်ကြိမ်လည်း ဟုတ်၊ တစ်လလည်းမဟုတ်၊ တစ်နှစ်တည်းလည်းမဟုတ်ခဲ့ပါ။ နေ့စဉ်လိုလိုဖြစ်တော့၏။

ဤသို့ဖြင့်ပင် တစ်ညသ၌ ဦးညဏ်မြကြီးသည် အရက်လွန်စွာမူးလျက် ထူးပိန်းစွာ ကျဆင်းနေသော နှင်းမှုန်များကြားမှ ခင်းကြီးကို ငေးကြည့်ရင်း ငုတ်တုတ်ကလေး ကွယ်လွန် သွားခဲ့ရှာသေ၏။ ထိုအချိန်မှစ၍ ကျွန်ုပ်အား ကလေးတစ်ယောက်ကို ပြောသကဲ့သို့ မရေးသားရသေးသော ဝတ္ထုကြီးတစ်ပုဒ်ကို ပြောပြလေ့ရှိသည့် ချစ်မိတ်ဆွေကြီး ဦးညဏ်မြ၏ ခင်မင်နှစ်လိုဖွယ်ကောင်းလှသော လေသံချိုချိုကလေးနှင့် ဝေးခဲ့ရပါလေတော့၏။

ကျွန်ုပ်သည် ထိုအကြောင်းကို သတိရသွား၏။ စိတ်ကူးသဉ်ဇာတ်လမ်းလော. . .၊ ဦးညဏ်မြကြီး၏ကိုယ်ရေးအတ္ထုပ္ပတ္တိတစ်စိတ်တစ်ပိုင်းလော၊ သို့တည်းမဟုတ် အရက်သောက်လွန်း၍ ထင်မိထင်ရာများ၊ တွေးမိတွေးရာများကို ပြောသွားခြင်းလော ကျွန်ုပ် အတတ်မခွဲခြားနိုင်သည့် ဦးညဏ်မြရေးမသွားခဲ့ရသော ဝတ္ထုကြီးကိုလည်း ပန်းချီမောင်ကောင်းစံအား ဖောက်သည်ချမိလေ၏၊ ပန်းချီမောင်ကောင်းစံသည် ပါးစပ်အဟောင်းသားဖြင့် နားထောင်နေခဲ့၏၊ ၎င်း၏မျက်နှာသည် အလွန်အမင်း အံ့အားသင့်သွားသည့်ဟန်များ၊ ကျေနပ်ပီတိဖြစ်သွားသည့်ဟန်များ၊ ကြောက်ရွံ့ထိန်လှုပ်သွားသည့်ဟန်များ၊ စက်ဆုပ်ရွံရှာသွားသည့်ဟန်များ၊ အားတက်ရွှင်လန်းသွားသည့်ဟန်များ၊ စိတ်ဓာတ်ကျငေးမှိုင်သွားသည့်ဟန်များ . . . စသည်တို့ဖြင့် တစ်မျိုးပြီးတစ်မျိုး ပြောင်းနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏စကားအဆုံးသတ်သွားသောအခါတွင်မူ ၎င်းသည် ကျွန်ုပ်၏ပခုံးအား ကိုင်၍ကိုင်၍ လှုပ်လျက်. . .

"အဲဒီ ဇာတ်ထုပ်ကြီးကို ဝတ္ထုအဖြစ်နဲ့ ရေးဖြစ်အောင် ရေးစမ်းပါဗျာ၊ မဖြစ်မနေရေးသင့်တဲ့အကြောင်းအရာပါပဲ. . ." ဟူ၍ ဇွတ်အတင်းတိုက်တွန်းလေတော့၏။ ကျွန်ုပ်ကလည်း. . .

"ကျုပ်ရဲ့ဇာတ်ထုပ်မှ မဟုတ်ဘဲဗျာ. . .၊ မရေးချင်ပါဘူး. . ." ဟု အတန်တန်ငြင်းခဲ့၏၊ သို့ရာတွင် ၎င်းမောင်တောင်းစံသည် နေ့ရှိသရွေ့ဆိုသလို ထိုဝတ္ထုကြီးကို ရေးပါရေးပါဟူ၍ တကျီကျီ ပူဆာနေလေတော့ရာ ကျွန်ုပ်လည်း ထိုဇာတ်လမ်းကြီးကို ဝတ္ထုအဖြစ် ချရေးရန် ဆုံးဖြတ်ခဲ့ရလေတော့သတည်း။

*(မှတ်ချက်။ ။ ယခု ဖော်ပြလတ္တံ့သော လူထူးလူဆန်း ပန်းချီဆရာကြီးတစ်ဦး၏ဇာတ်လမ်းဝတ္ထုသည် ကျွန်ုပ်၏ ကိုယ်ပိုင်ဝတ္ထုမဟုတ်ပါ၊ ကျွန်ုပ်၏မိတ်ဆွေ ပန်းချီဆရာကြီး ဦးညာဏ်မြ ပြောပြခဲ့သော ဇာတ်လမ်းသာလျှင် ဖြစ်ပါ၏၊ ၎င်းဦးညာဏ်မြအနေနှင့် ထိုဝတ္ထုကြီးကို ချရေးမသွားနိုင်ခဲ့ရှာပါ။*

*ယခုကဲ့သို့ ကျွန်ုပ်က ဝတ္ထုအဖြစ် တင်ပြလိုက်ရခြင်းအတွက် ဦးညာဏ်မြကြီးတစ်ယောက် တမလွန်မှ ကျေနပ်နေမည်လော၊ အပြစ်တင်နေမည်လောကိုမူ ကျွန်ုပ် မသိနိုင်ပါ၊ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေ ဦးညာဏ်မြကြီး ချရေးမသွားနိုင်ခဲ့သော ဝတ္ထုကြီးသည်ကား အောက်ပါအတိုင်း ဖြစ်ပါလေတော့သတည်း။*

*စာရေးသူ)*



အခန်း ၂၊

# ကောဂ္ဂဲဂူဂေါ



တစ်နေ့သ၌

တောင်တွင်းကြီးမြို့

...ချောက်အစွန်ရှိ ရတနာပွင့်လှ ကန်တော်ကြီး ကန်ပေါင်ပေါ်သို့တက်...သော လမ်းတစ်ခုအတိုင်း အသက်နှစ်ဆယ်ကျော်ခန့် လူငယ်တစ်ဦးသည် ...ရွေ့ရွေ့တက်လာလေ၏။ ထိုလူငယ်ကို ကြည့်ရသည်မှာ ဖျော့စွာနွမ်းပါး ...တည်းသောမိသားစုမှ ပေါက်ဖွားလာဟန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



၎င်း၏အဝတ်အစားများသည် လွန်စွာဟောင်းနွမ်းမှိန်ဖျော့နေ၏။ ၎င်းသည် သိသိသာသာအရပ် ရှည်၏။ အရပ်ရှည်သလောက် ခန္ဓာကိုယ် လွန်စွာပါးလျပ်၏။ အသားဖြူသည့်ဘက်သို့ တိမ်း၏။ ကွေးကောက်နေသော ၎င်း၏ဆံပင်သည် ပခုံးပြင်ပေါ်အထိ ရှည်ကျနေ၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ် မွေးစစရှိ၏။ ၎င်းသည် ကန်ပေါင်ပေါ်ရှိ လူသွားလမ်းလေးအတိုင်း ဆက်၍ လျှောက်လာခဲ့ပြီးနောက် တစ်နေရာသို့အရောက်တွင် ရပ်တန့်လိုက်လေ၏။

သူသည် သူ၏ချိုင်းကြားတွင် ညှပ်၍သယ်ဆောင်လာသော ပစ္စည်းများကို မြေကြီးပေါ်သို့ အသာအယာချလိုက်၏။ ထို့နောက် ခေတ္တ ခဏ အမောဖြေနေလေ၏။

ထို့နောက်တွင်ကား ၎င်းသည် အထက်ကပစ္စည်းများဖြ ပန်းချီရေးဆွဲရန် ဒေါက်ကလေးကို ပြင်ဆင်လေတော့၏။ ပန်းချီရေးဆွဲမည့် ကင်းဗတ်စဘုတ်ပြားကိုလည်း အသင့်ပြင်လိုက်လေ၏။ ပြီးလျှင် လွယ်အိတ် အတွင်းမှ ဆေးဗူးများ၊ စုတ်တံများကို ထုတ်လိုက်ပြန်၏။ ထို့နောက် တွင်ကား ၎င်းလူရွယ်သည် မြက်ခင်းပေါ်သို့ ပက်လက်လှန်ချလိုက်လေ၏။ ၎င်းသည် ၎င်း၏လက်တစ်ဖက်ကို ခေါင်းအောက်မှ ခုထား၏။ ခြေတ ဖက်ကိုဆင်း၍ အခြားတစ်ဖက်ကိုမူ ကွေးပြီးထောင်ထား၏။ ထို ပေါ့ပါးလွတ်လပ်စွာ ပက်လက်လှန်ချလိုက်ပြီးနောက် ဆေးပေါ့လိပ် တစ်လိပ်ပြီးတစ်လိပ်ဖွာရင်း မိုးကောင်းကင်ကြီးကို ငေးမျှော်ကြည့်ရှုနေ တော့၏။

ရတနာပွင့်လှ ကန်တော်ကြီး၏ ကန်ပေါင်တစ်လျှောက်တွ လွန်စွာကြီးမားသော ကုက္ကိုပင်ကြီးများ၊ မန်းကျည်းပင်ကြီးများ အုံ့ဆိုင်းလျက်ရှိလေရာ ထိုလူငယ် လဲလျောင်းနေသောနေရာသည်လ



တစ်နေ့ကုန်လိုလို နေရိပ်ရသောနေရာ ဖြစ်နေလေ၏။

ထိုလူရွယ်သည် နံနက်စောစောကတည်းက ထိုအတိုင်းနေလာခဲ့ရာ ညနေစောင်းသို့တိုင် ထိုသို့ရှိနေဆဲပင်ဖြစ်၏။ အနောက်ဘက် ဂေါ်ယာကျွန်းဆီသို့ နေမင်းကြီးမေးတင်လုလုအချိန်တွင်မူ လူရွယ်သည် ပက်လက် လှန်လဲလျောင်းနေရာမှ ဖြည်းညင်းစွာ ထလိုက်လေ၏။ ထို့နောက် ၎င်း၏ ပစ္စည်းများကို သိမ်းဆည်း၏။ ပြီးလျှင် ကန်ပေါင်လမ်းအတိုင်း တရွေ့ရွေ့ ပြန်၍လျှောက်လာခဲ့လေ၏။

ကန်ပေါင်သို့ တက်သောလမ်း များစွာရှိသည့်အနက် တစ်ခုသော လမ်းအတက်တွင် အကြော်ဆိုင်ကလေးတစ်ဆိုင်သည်ရှိ၏။ ထိုဆိုင်သည် နေ့လယ်စောင်းမှစ၍ ညနေမိုးချုပ်အထိ ဖွင့်လှစ်ရောင်းချသောဆိုင်ဖြစ်၏။ မြို့သူမြို့သားများသည် ညနေပိုင်းများ၌ လေညင်းခံလမ်းလျှောက်ရန် အလို့ငှာ ကန်တော်ကြီးသို့လာရင်း ထိုအကြော်ဆိုင်ကလေး၌ အကြော်စား ရေနွေးကြမ်းသောက်လေ့ရှိကြ၏။ ထိုဆိုင်၏ပိုင်ရှင်မှာ အသက်ငါးဆယ်ခန့် မုဆိုးမကြီးတစ်ဦးနှင့် ဆယ့်ကိုးနှစ်ခန့်အရွယ် ၎င်း၏သမီးကလေးဖြစ်လေ၏။

အထက်ကဆိုခဲ့သော လူရွယ်သည် ကန်ပေါင်အတိုင်း တရွေ့ ရွေ့လျှောက်လာခဲ့ပြီးနောက် ထိုအကြော်ဆိုင်ရှိ ဖင်ထိုင်ခုံလေးတစ်ခုတွင် ဝင်၍ထိုင်လိုက်လေ၏။

"ဟဲ့…ရာဇာ၊ နင့်ပန်းချီကားကြီးက တော်တော်ကောင်းတာ ပဲ" ဟု ဆိုင်ရှင်မုဆိုးမကြီး၏သမီးက လှမ်း၍ပြောလိုက်ရာ ရာဇာဆိုသော လူရွယ်က …

"နင်ဒို့ကို မနောက်နဲ့ ဝတ်မှုန်၊ လောကကြီးမှာ ပန်းချီဆရာတွေ အများကြီးပါ၊ ပန်းချီကားတွေလည်း အများကြီးပါပဲ၊ ပန်းချီဆရာတွေကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ရေတွက်လို့မရနိုင်ဘူး၊ ပန်းချီကားတွေကိုလည်း ရေတွက်လို့ မရနိုင်ဘူး၊ ဒါပေမဲ့ ကမ္ဘာကျော်တဲ့ပန်းချီဆရာတွေကိုတော့ လက်ချိုးရေလိုက်ရင် ရပါတယ်၊ ကမ္ဘာကျော်တဲ့ပန်းချီကားတွေကိုလည်း လက်ချိုးပြီးရေလိုက်ရင် ရပါတယ်၊ အုတ်ရောရော ကျောက်ရောရောထဲပါဖို့ဆိုတာက သိပ်မခက်ပါဘူး ဝတ်မှုန်ရယ်၊ သိပ်မခက်ဘူးဆိုတာတောင် မဟုတ်သေးဘူး၊ လုံးလုံးကို မခက်တာ...၊ ငါ အဲဒီအထဲ မပါချင်ဘူး၊ မလုပ်ရင်တော့ လုံးလုံးမလုပ်ချင်ဘူး၊ လုပ်ပြီဆိုရင်တော့ ပြစ်ပြောက်အောင်လုပ်ချင်တယ်၊ နင်တို့ပြောပြောနေတယ်မို့လား...၊ အပြစ်ရှိတဲ့လူတို့၊ အပြစ်မရှိတဲ့လူတို့ဆိုတာလေ...၊ သေချာမှတ်ထားလိုက်စမ်းပါဝတ်မှုန်ရယ်၊ ရာဇာဟာ အပြစ်ရှိတဲ့ကောင်ပဲ ဖြစ်ရမယ်၊ ကိုယ်ရေးလိုက်တဲ့ပန်းချီကား မကောင်းလို့ ကိုယ့်လက်ကို ဖြတ်ပစ်လိုက်မယ်ဆိုတဲ့အထဲမှာ ငါမပါဘူး၊ ရေးပြီဆိုကတည်းက ငါ့လက်ကို လူတွေဝိုင်းပြီးရွှေချသွားချင်လောက်အောင် ရေးပစ်လိုက်မယ်..." ဟု ရာဇာဆိုသော ပန်းချီဆရာလူရွယ်က အေးနှင့်မောနှင့်ပြောလိုက်ရာ ဝတ်မှုန်ဆိုသောမိန်းကလေးက မျက်စောင်းတစ်ချက် ထိုးလိုက်ရင်း—

"တော်တော်ကြီးကျယ်တဲ့ ကိုကြီးကျယ်၊ လောလောဆယ်တော့ ဝတ်မှုန်ကြော်ထားတဲ့အကြော်ကလေးကို စားလိုက်ပါဦး...၊ အဲဒီအကြော်ကော အပြစ်ရှိမရှိ ဆုံးဖြတ်သုံးသပ်ပေးတော်မူပါဦး..." ဟု ဆိုကာ ရာဇာ၏ရှေ့သို့ အကြော်ပန်းကန်နှင့် ချဉ်ရည်ခွက်များ၊ ဆလပ်ရွက်ပန်းကန်များကို ချပေးလိုက်လေ၏။ ၎င်းတို့ပြောဆိုနေကြသည်ကို ကြားနေသော ဝတ်မှုန်၏မိခင် ဒေါ်ခင်ဥကာမူ ဆောင့်ဆောင့်ထိုင်၍ အကြော်ကြော်နေရာမှ ပါးစပ်ကို မဲ့လိုက်ရင်း တစ်ဖက်သို့ မျက်နှာလှည့်သွားလေ၏။

ဝတ်မှုန်သည် ရာဇာနှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်၏



ထို့နောက် –

"ဟဲ့...ရာဇာ၊ နင်ဟာလေ ကိုယ့်ဘဝကိုလည်း နားမလည်ဘူး၊ မိမရှိ ဖမရှိ၊ ဆွေမျိုးကလည်း ကိုယ့်ကို ဆွေမျိုးလို့ အသိအမှတ်မလုပ်၊ ပညာဆက်သင်ဖို့ဆိုတာကလည်း ဘယ်လိုမှ မမျှော်လင့်နိုင်တဲ့ဘဝမျိုးမှာ ကိုယ့်ဘဝကို တိုးတက်အောင် ကြိုးစားဖို့ နည်းနည်းလေးမှ စိတ်မကူးဘူး၊ အားအားရှိ အဲဒီပန်းချီဆွဲမယ့်ပိတ်စကြီးကို တပြပြနဲ့ပဲ အချိန်ကုန်နေတော့တာပဲ..." ဟု ပြောလိုက်ရာ ရာဇာက ...

"နင် ငါ့ကို ဆရာ မလုပ်စမ်းပါနဲ့ ဝတ်မှုန်ရယ်၊ ငါ့ဘဝကို ငါ နားလည်တာပေါ့၊ ငါ့ဘဝက အလွန်ပြောင်မြောက်တဲ့ ပန်းချီကားကြီးတစ်ချပ် ရေးဆွဲဖို့ လူဖြစ်လာတာ...၊ ငါ လူ့ဘဝကို ရောက်လာတာဟာ အဲဒီတာဝန်ကြီးကို ထမ်းရွက်ဖို့ရောက်လာတာ..." ဟု ပြန်၍ပြောလိုက်လေ၏။

"နင့်ပန်းချီကားကြီးက ဘယ်ဆီနေမှန်းမသိသေးဘူး၊ နင့်ဘဝကတော့ ပြာပုံထဲက ခွေးလောက်တောင် ပြောင်ပြောင်ရောင်ရောင် မရှိတော့ဘူးတဲ့..." ဟု ဝတ်မှုန်ကပြောလိုက်လျှင် ရာဇာက စားပွဲကို လက်ဝါးဖြင့် ရိုက်လိုက်ရင်း...

"နင်ငါ့ကို အဲလိုမပြောနဲ့၊ ငါ့ဘဝဟာ အင်မတန်မြင့်မြတ်တဲ့ ရည်မှန်းချက်တွေ၊ အင်မတန်ကြီးကျယ်တဲ့မျှော်လင့်ချက်တွေနဲ့ တပြုံးပြုံး တလက်လက်တောက်ပနေတယ်၊ နင်ကြည့်တတ်မယ်ဆိုရင် မျက်စိတောင် ကျိန်းသွားမယ်၊ အရောင်အဆင်းဖျော့တော့မှေးမှိန်နေတာက ငါ့ဘဝ မဟုတ်ဘူးဟ...၊ ငါ့အဝတ်အစား...၊ အဝတ်အစားမှိန်တာဖြစ်ဖြစ်၊ ဗိုက်ဆာဖြစ်ဖြစ် ငါနဲ့မဆိုင်ပါဘူး၊ အဲဒါအရေးကြီးတယ်လို့လည်း ငါ တစ်ခါမှ မထင်ဘူး" ဟု ပြန်၍ပြောလိုက်လေ၏။ ထို့နောက် –



www.burmeseclassic.com

www.burmeseclassic.com



‘‘ကဲ…ငါသွားတော့မယ်ဝတ်မှုန်၊ မနက်ဖြန်တော့ ငါ့ဆရာက ငါ့ကို ပိုက်ဆံရှင်းပေးမယ်ပြောတယ်၊ ငါစားထားတဲ့ အကြော်ဖိုးတွေကို မှတ်ထားပါ…’’ ဟု ပြောကာ ၎င်း၏ပစ္စည်းများကို ကောက်ယူပြီးနောက် ကန်ပေါင်ပေါ်မှ တရွေ့ရွေ့ ဆင်းသွားလေတော့၏။ ဝတ်မှုန်ဆိုသော ကောင်မလေးကမူ ထွက်ခွာသွားသော ၎င်း၏သူငယ်ချင်း ရာဇာ၏ နောက်ကျောပြင်ကို ငေးကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်လေ၏။

၎င်း၏မိခင်ကြီး ဒေါ်ခါဥကမူ နှုတ်ခမ်းကြီးကို မဲ့နိုင်သမျှမဲ့ရင်း အကြော်အိုးထဲမှ အကြော်များကို ဆယ်ယူရင်း အနီးရှိ ဇန်းထဲသို့ ဆောင့်ကြီးအောင့်ကြီး ပစ်ထည့်လိုက်ပါလေတော့သတည်း …။

“လောကကြီးမှာ
ပန်းချီဆရာတွေ အများကြီးပါ၊
ပန်းချီကားတွေလည်း
အများကြီးပါပဲ၊
ပန်းချီဆရာတွေကိုလည်း
ရှာတွေ့လို့မရနိုင်ဘူး၊
ပန်းချီကားတွေကိုလည်း
ရှာတွေ့လို့ မရနိုင်ဘူး၊ ဒါပေမဲ့
ကမ္ဘာကျော်တဲ့ပန်းချီဆရာတွေကိုတော့
လက်ချိုးရေလို့ ရပါတယ်၊
ကမ္ဘာကျော်တဲ့ပန်းချီကားတွေကိုလည်း
လက်ချိုးပြီးရေလို့ ရပါတယ် ”

www.burmeseclassic.com

www.burmeseclassic.com

"ငါ့ဘဝဟာ
အင်မတန်မြင့်မြတ်တဲ့
ရည်မှန်းချက်တွေ၊
အင်မတန်ကြီးကျယ်တဲ့
မျှော်လင့်ချက်တွေနဲ့
တပြုံးပြုံး တလက်လက်
တောက်ပနေတယ်၊
ငါ့အဝတ်အစား
မွေးမှိန်ချင် မွေးမှိန်နေလိမ့်မယ်၊
ငါ့ဘဝကတော့
တောက်ပနေစေရမယ် "

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃

# ဝေဠယပန္တရာဘုံနန်း



ရာဇာသည် တောင်တွင်းကြီးမြို့ရှိ ပန်းချီဆရာကြီးတစ်ဦးထံတွင် [illegible]၍ ပန်းချီပညာကို သင်ကြားရင်း ထို ဆရာကြီး၏အလုပ်များကို [illegible]ညီကာ ချို့ချို့ငဲ့ငဲ့ နေထိုင်စားသောက်နေရရှာသူတစ်ဦးဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငင်း၏ဆရာ ပန်းချီဆရာကြီး ဦးငွေရောင်မှာ ကားနံပါတ်မှအစ စားသောက်ဆိုင်၊ စတိုးဆိုင် ဆိုင်းဘုတ်အလယ်၊ ပုံတူပန်းချီအဆုံး ရေးဆွဲနေသူတစ်ဦးဖြစ်၏။ ဘုရားစောင်းတန်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဇာတ်ထုပ်နိပါတ်ရာဇဝင်များရေးသားလိုသည့်အခါများ၌လည်း ငင်းဦးငွေရောင်ကိုပင် တစ်နယ်လုံးက အားထားကြရကုန်၏။ ဦးငွေရောင်၏ ပုံမှန်ဝင်ငွေရှိသောအလုပ်မှာမူ ရုပ်ရှင်ရုံတွင် ပိုစတာများရေးဆွဲပေးရသော အလုပ်ဖြစ်၏။

ထို့ပြင် ဤနယ်တစ်ဝိုက်ရှိ ဇာတ်များအငြိမ့်များသည်လည်း ငင်းတို့၏အပွဲ့အတွက် ဆိုင်းဘုတ်များ၊ ကြော်ငြာများ၊ နောက်ခံကားများ ဂိတ်ပိုးများ လိုအပ်သောအခါ ဦးငွေရောင်ထံသို့ပင် အားတိုးတကြီး ပြေးလာကြစမြဲဖြစ်၏။

ငင်းဦးငွေရောင်သည် အသက်ငါးဆယ်ခန့်ရှိပြီး လူပျိုကြီးတစ်ဦးဖြစ်၏။ ဖွတ်အတင်းဆွေမျိုးလိုက်စပ်မည်ဆိုလျှင် ရာဇာနှင့်ဆွေမျိုးလေးငါးဝမ်းကွဲခန့်တော်စပ်၏။ ရာဇာသည် ငင်းဦးငွေရောင်နှင့်ပင် အတူနေထိုင်ပြီး ဦးငွေရောင်၏အလုပ်များကို ဝိုင်းဝန်းလုပ်ကိုင်ပေးနေခြင်းဖြစ်၏။ သူ၏မိဘများမှာ ငင်းရှစ်နှစ်သားခန့်ကပင် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးပါးသွားခဲ့ကြသည်ဖြစ်ရာ မောင်ရာဇာကလေးသည် စာရေးတတ် ဖတ်တတ်ရုံမျှနှင့် ကျောင်းမှထွက်ခဲ့ရလေ၏။

ထို့နောက် ဆွေမျိုးနီးစပ်များထံတွင် တိုတစ်လှည့် ဒီတစ်လှည့် ဆိုသလို နေထိုင်ခဲ့ရ၏။ မည်သည့်ဆွေမျိုးကမျှလည်း ကြည်ကြည်ဖြူဖြူ လက်ခံခဲ့ခြင်းမရှိပေ။ နောက်ဆုံးတွင် ဦးငွေရောင်ထံ၌ သောင်တင်နေခဲ့ခြင်းဖြစ်၏။





ရာဇာသည် ငင်းအား ဦးငွေရောင်က ခိုင်းစေသော လုပ်ငန်းများကို လစ်ဟင်းပွဲခဲ့သည်မရှိပါ။ မကျေပွန်ခဲ့သည်ဟူ၍ မရှိပါ။ သို့သော် ဦးငွေရောင်သည် ငင်းအား အားမလိုအားမရစွာဖြင့်

"တွေ့ကောင် ရာဇာ၊ မင်းဟာ အမြဲတမ်းဝတ်ကျေတန်းကျေ တလေးပဲ လုပ်နေတယ်၊ ကြိုးကြိုးစားစားအားထုတ်ပြီးလုပ်တယ်ဆိုတာမျိုး တစ်ခါမှမတွေ့ဖူးဘူး" ဟု မကြာခဏပြောဆိုလေ့ရှိ၏။ ရာဇာကမူ ဘာမျှခွန်းတုံ့မပြန်ဘဲ ငြိမ်လျက် ခေါင်းငုံ့နေမြဲသာဖြစ်လေ၏။

ရာဇာသည် ဦးငွေရောင်ထံ၌ လုပ်စရာရှိသည့် အလုပ်များကို လုပ်၏။ အလုပ်ပါးသောအခါများတွင်မူ ရတနာပွင့်လှ ကန်တော်ကြီးသို့ သွား၍ ပန်းချီဆွဲမည့်ဘုတ်ပြားကြီးကိုထောင်ပြီး ပက်လက်လှန် လဲလျောင်းကာ ကောင်းကင်ပြာကြီးကို ငေးကြည့်နေလေတော့၏။

တစ်နေ့သ၌ ရာဇာသည် ထုံးစံအတိုင်း ကန်တော်ကြီးပေါင်ပေါ်ရှိ မြက်ခင်းပြင်တွင် ပက်လက်ကြီးလှန်ကာ တစ်နေကုန် မိုးကောင်းကင်ကြီးကို ငေးကြည့်နေခဲ့၏။ မိုးချုပ်ခါနီးသောအခါ ဝတ်မှုန်တို့၏ဆိုင်ဘက်သို့ ထွက်လာခဲ့လေ၏။ ဝတ်မှုန်သည် အကြော်ပန်းကန်၊ ရေနွေးကြမ်းအိုးနှင့် ခွန်းကန် များကို လာ၍ချပေး၏။

ထိုအချိန်၌မှာပင် ရာဇာနှင့်ရွယ်တူခန့် လူငယ်တစ်ဦးသည် ရာဇာ၏နောက်သို့ရောက်ရှိလာပြီးလျှင် ခြေသံမကြားအောင် တဖြည်းဖြည်းတိုးကပ်လာလေ၏။ ထို့နောက် ငင်းအား ကျောပေး၍ထိုင်နေသော ရာဇာ၏မျက်လုံးကို နောက်မှနေ၍ လက်ဝါးနှစ်ဖက်ဖြင့် ပိတ်ထားလိုက်လေ၏။

ရာဇာသည် ရုတ်တရက်လန့်သွား၏။ ထို့နောက် သူ၏မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



သည် တဖြည်းဖြည်းပြုံးယောင်သမ်းလာပြီးနောက် ၎င်း၏မျက်စိကို ပိတ်ထားသောလက်များကို အသာအယာ ဆွဲဖယ်လိုက်ရင်း –

"ဘမောင်..မင်းကလည်း လန့်လိုက်တာကွာ ..." ဟု ပြောလိုက်ရာ ၎င်း၏မျက်စိကိုပိတ်၍ ကျီစားလိုက်သော ဘမောင်ဆိုသည့် လူရွယ်သည် ဖင်တိုင်ခုံကလေးတစ်လုံးကို ဆွဲယူ၍ ရာဇာ၏ဘေး၌ ဝင်ထိုင်လိုက်ရင်း

"အောင်မယ်...မင်းက ငါမှန်းဘယ်လိုလုပ်သိတုံး ..." ဟု မေးလိုက်လေ၏။ ထိုအခါ ရာဇာက ဘမောင်၏ပခုံးကို ညင်ညင်သာသာကလေး လှမ်း၍ပုတ်လိုက်ရင်း –

"ငါ့ဘဝမှာ အဲဒီလို ရင်းရင်းနှီးနှီး အဖက်လုပ်ပြီးတော့ ပေါင်းသင်းဆက်ဆံမယ့်လူဆိုလို့ ဘယ်နှယောက်များရှိလို့တုန်းကွာ... ရှေ့ကပဲရေရေ၊ နောက်ကပဲပြန်ရေရေ မင်းနဲ့ဝတ်မှုန်နှစ်ယောက်ပဲရှိတာ မဟုတ်လား..." ဟု တိုးညင်းသောလေသံကလေးဖြင့် ပြောလိုက်လေ၏။ ထိုအခါ ဘမောင်ဆိုသောသူငယ်ချင်းက –

"အားမငယ်ပါနဲ့ကွာ...၊ မင်းနဲ့အတူ ငါတို့ အမြဲရှိနေပါတယ်။ တစ်ခုပဲရှိတယ်...ငါမင်းကို အားမရဘူး၊ မင်းရဲ့ဘဝဟာ စားမ,နောက်ပိတ် ခွေးဆိုသလို အဖြစ်မျိုးကို ရောက်နေရတာ မင်းလည်း သိနေတာပဲ၊ ဒါပေမဲ့ မင်းကို ကြည့်ရတာ အေးတိအေးစက်နဲ့၊ ဘဝကို ဘယ်လိုတိုးတက်အောင် လုပ်မယ်ဆိုတာ နည်းနည်းကလေးမှ တွေးထားပုံမရဘူး ..." ဟု ကရုဏာဒေါသဖြင့် ပြောလိုက်လေ၏။ ရာဇာကမူ ဘာမျှပြန်မပြောဘဲ ပြုံးပြုံးကလေး လုပ်နေလေ၏။ ထို့နောက်တွင်မူ –

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ...၊ မင်းသာ ကြိုးစား



ဒီနှစ်ဆိုရင် မင်းဆယ်တန်းအောင်တော့မယ်၊ မကြာခင် တက္ကသိုလ်ကျောင်းသားကြီးဖြစ်မယ်၊ ဘွဲ့ရမယ်၊ အလုပ်ထဲဝင်ပြီး အရာရှိကြီးဖြစ်မယ်၊ ဝတ်မှုန်လည်း အရာရှိမကြီးဖြစ်သွားမှာပါ..." ဟု ပြောလိုက်လျှင် အနီး၌ ဗုံးသီးများကို လှီးနေသောဝတ်မှုန်က...

"အေးလေ...ငါတို့က ဘယ်လိုပဲဖြစ်ဖြစ် အခြေအနေကလေးပေးနေတယ်၊ နင့်အတွက်ကို ပြောနေကြတာဟဲ့၊ နင်ကရော နင့်ဘဝကို ဘယ်လိုရပ်တည်မှာလဲ၊ ဒီပုံစံအတိုင်းဆက်သွားလို့ကတော့ မလွယ်ဘူးတော့..." ဟု လှမ်း၍ ပြောလိုက်လေ၏။

ရာဇာ၊ ဝတ်မှုန်နှင့် ဘမောင်တို့သည် ငယ်သူငယ်ချင်းများ ဖြစ်ကြ၏။ သူငယ်တန်းမှစ၍ တစ်ကျောင်းတည်း အတူတက်ခဲ့ကြသူများဖြစ်၏။ ရာဇာမှာ မိဘများ ဆုံးပါးသွားသောကြောင့် တတိယတန်းနှင့် ကျောင်းထွက်ခဲ့ရပြီး ဝတ်မှုန်နှင့် ဘမောင်မှာမူ ကျောင်းဆက်၍ တက်ခဲ့ကြ၏။ ယခုအခါ ဝတ်မှုန်နှင့် ဘမောင်တို့သည် တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိနေကြပြီဖြစ်၏။ ၎င်းတို့သုံးဦးသည် ဆွေမျိုးရင်းချာများထက်ပင် တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ကြီးလွန်းကြသူများ ဖြစ်ကြကုန်၏။

ယခုလည်း ၎င်းတို့၏ငယ်သူငယ်ချင်းဖြစ်သူ ရာဇာ့အပေါ် အားမလို အားမရခြင်းများစွာဖြင့် ဘမောင်နှင့်ဝတ်မှုန်တို့က တဗျစ်တောက်တောက် ပြောဆိုနေကြခြင်းဖြစ်လေ၏။ ထိုသို့ ပြောတိုင်းလည်း ရာဇာသည် ဘာမျှခွန်းတုံ့မပြန်ဘဲ ဆိတ်ဆိတ်သာငြိမ်နေလေ့ရှိ၏။

ယခုတစ်ကြိမ်တွင်မူ ရာဇာသည် ဝတ်မှုန်နှင့်ဘမောင်တို့ တစ်ယောက်တစ်လှည့်ဆိုသလို ပြောနေကြသည်များကို နားထောင်ပြီးနောက် ဆေးပေါ့လိပ်တိုကို မီးညှိလိုက်လေ၏။ ၎င်း၏မျက်နှာသည်



www.burmeseclassic.com

www.burmeseclassic.com



သိသိသာသာ တည်ကြည်သွား၏။ ညို့မှိုင်းရီဝေနေသော ၎င်း၏ မျက်ဝန်းအစုံသည် တစ်နေရာတည်းသို့ စူးစိုက်သွားပြီးနောက် အရောင်တဖျပ်ဖျပ် လက်လာ၏။ ထို့နောက် လွန်စွာတည်ကြည်အေးဆေးသော လေသံဖြင့် –

“သူငယ်ချင်းဘမောင်...ပြီးတော့ ဝတ်မှုန်၊ ငါ မင်းတို့ကို ကျေးဇူးတင်ပါတယ်၊ မင်းတို့ရဲ့စေတနာကိုလည်း နားလည်ပါတယ်၊ ငါ့အတွက် ဘာမှမပူကြပါနဲ့၊ တကယ်ပြောရရင် ငါကသာ မင်းတို့နှစ်ယောက်အတွက် ပူနေတာပါ။ အဲဒီလိုပြောတော့ မင်းတို့ရယ်ချင်ကြလိမ့်မယ်၊ ရယ်ချင်ရင်လည်း ရယ်ပါ။ ဒါပေမဲ့ တကယ်ကတော့ ငါအတည်ပြောတာပါ။ ငါဟာ လောကမှာ အင်မတန် ထူးခြားတဲ့၊ အင်မတန် တန်ဖိုးကြီးမားတဲ့၊ ပြောရမယ်ဆိုရင် တန်ဖိုးဖြတ်ဖို့တောင် မဝံ့မရဲဖြစ်ကြရမယ့် ပန်းချီကားကြီးတစ်ချပ်ကို ရေးဆွဲဖို့ ရည်ရွယ်ထားတယ်၊ အဲဒီအတွက် ငါ့ဘက်က အရင်းအနှီးအများကြီး ပေးဆပ်ရမှာဖြစ်သလို ငါ ပြန်ရမယ့်အကျိုးအမြတ်ကလည်း အများကြီးဖြစ်နေမှာပါ...” ဟု ပြောလိုက်လျှင် ဘမောင်ရော ဝတ်မှုန်ပါ တခစ်ခစ်ရယ်မောလိုက်ကြလေ၏။ ထိုသို့ ရယ်မောရင်း ဝတ်မှုန်၏ မျက်နှာသည် တဖြည်းဖြည်းတည်သွား၏။ ထို့နောက် ရာဇာ့အပေါ် သနားသောအရိပ်အယောင်များ ထင်ဟပ်လာလေ၏။

“ရာဇာ...နင်စိတ်တော့ ကောင်းပါသေးတယ်နော်၊ ပထမတော့ နင်ပြောနေတာတွေကို နောက်နေပြောင်နေတယ်ပဲ အောက်မေ့နေတာ... အခု နင်တကယ်ပြောနေတယ်ဆိုတာ ငါသိလိုက်ပြီ၊ ကိုယ့်ဘဝလေး အဆင်ပြေပြေ ချောချောမွေ့မွေ့ဖြစ်ဖို့ ဘယ်လိုအလုပ်မျိုးလုပ်မယ်ဆိုတာကိုပဲ နင် စဉ်းစားသင့်ပါတယ်ဟာ...၊ ပန်းချီဆရာအဖြစ်နဲ့ ရပ်တည်မှာဆို



ရင်လည်း နင့်အနေနဲ့ ဒီပညာကို ကျကျနန တတ်မြောက်ကျွမ်းကျင်အောင် ကြိုးစားသင့်တာပေါ့၊ ဒါပေမဲ့ အဲဒီလိုလည်း ကြိုးကြိုးကုတ်ကုတ်မလုပ်ဘူးလို့ ဦးလေးကြီးဦးငွေ ရောင်က ငါ့ကို ခဏခဏပြောတယ်၊ တစ်ခါမှ ပန်းချီဆွဲတာ မတွေ့ဖူးဘူးတဲ့၊ ဦးလေးကြီးဦးငွေရောင်ကလည်း နင့်ကို ပန်းချီဆရာကြီးဖြစ်စေချင်တာတဲ့...၊ အခုတော့ နင်က ကားနံပါတ်ပြားလေး ကောက်ရေးလိုက်၊ အောက်ခံဆေးလေးသုတ် ပေးလိုက်၊ စာလုံးလေးတွေ ကွန်ပါလှည့်ပေးလိုက်၊ စာလုံးဒီဇိုင်းတွေမှာ ဆေးဖြည့်ပေးလိုက်...ဒါမျိုးတွေပဲ လုပ်နေတယ်တဲ့၊ ဒီတော့ ငါမေးစမ်းပါဦးမယ်၊ နင်ပြောပြောနေတဲ့ ပန်းချီကားကြီးဆိုတာက ဘယ်လိုဟာမျိုးတုံး ...” ဟု ဝတ်မှုန်က မေးလိုက်လျှင် ရာဇာသည် ဆေးပေါ့လိပ်တိုကို အဝေးသို့ လက်ညှိုးဖြင့် တောက်ထုတ်လိုက်၏။ မီးခိုးငွေ့များကို ဟူးခနဲ မှုတ်ထုတ်လိုက်၏။

တစ်ချိန်တည်းမှာပင် မတ်တပ်ရပ်လိုက်ပြီးနောက် ကြယ်ပွင့်လေးများ လင်းလက်စပြုလာပြီဖြစ်သည့် မိုးကောင်းကင်ကြီးကို မော့ကြည့်ရင်း –

“ငါရေးမယ့် ပန်းချီကားကြီးဆိုတာက သိကြားမင်း စံမြန်းနေတဲ့ ဝေဇယန္တာဘုံနန်းကြီးပဲ...” ဟု တစ်လုံးချင်း ပြောလိုက်ပြီးနောက် ကန့်လန့်ပေါ်မှ တရွေ့ရွေ့ဆင်းသွားပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com


# "အရှင်းအနှီး များမှ အကျိုးအမြတ် များဝယ်"

www.burmeseclassic.com

www.burmeseclassic.com

အခန်း၊ ၄၊

# နဂါးကာလဝုတ္တဲ့ နဂါး



တစ်နေ့တွင် ရာဇာသည် ထုံးစံအတိုင်း ကန်တော်ကြီးပေါင်ပေါ်သို့ ထွက်လာပြီးနောက် မြက်ခင်းပြင်တွင် ပန်းချီရေးဆွဲရန် ပြင်ဆင်လိုက်ပြန်၏။ ပြီးနောက် ပက်လက်လှန်ချ၍ လဲလျောင်းလိုက်ပြီးလျှင် မိုးကောင်းကင်ကြီးကို ငေးမျှော်ကြည့်နေပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စောင်းတွင် ဝတ်မှုန်တို့သားအမိသည် အကြော်ဆိုင် ဖွင့်ရန်အတွက် ရောက်ရှိလာကြလေ၏။ ဝတ်မှုန်သည် ရာဇာရှိရာသို့ လျှောက်လာပြီးလျှင် ရာဇာ၏ဘေး မြက်ခင်းပြင်၌ ထိုင်ချလိုက်ရင်း

"ရာဇာ...နင့်ကို ကြည့်ရတာ အရူးတစ်ယောက်လိုပဲ၊ နင်လုပ် နေပုံက လူကောင်းတစ်ယောက်နဲ့မတူတော့ဘူး၊ အဲလိုကြီး မနေပါနဲ့တယ် နေ့ရှိသရွေ့လိုလို နင် ဒီလိုကြီးလုပ်နေတာမြင်ရတော့ ငါ့ရင်ထဲမှာ တစ်မျိုး ကြီးပဲ ...၊ တစ်မျိုးကြီးဆိုတာက ငိုချင်သလိုလိုကြီးဖြစ်လာတာကို ပြော တာ..." ဟု ပြောရင်း ဝတ်မှုန်၏အသံသည် တဖြည်းဖြည်းတိမ်ဝင်သွား ၏။ သူ၏မျက်ဝန်းအစုံ၌လည်း မျက်ရည်ကြည်များသည် ရစ်ဝိုင်း လေတော့၏။

ရာဇာသည် ဝတ်မှုန်ပြောနေသည်များကို နားထောင်ရင်း ဝတ်မှုန်၏မျက်နှာကို တစိမ့်စိမ့်ကြည့်နေရာမှ ငုတ်တုတ်ထ၍ ထိုင်လိုက် လေ၏။ ဝတ်မှုန်၏ ငိုလုလုမျက်နှာကလေးကို ကြည့်ရင်း စိတ်မကောင်းဖြစ် သွားဟန်လည်း တူ၏။ ထို့နောက် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် -

"ငါ့အတွက် စိတ်မကောင်းမဖြစ်ပါနဲ့ ဝတ်မှုန်ရယ် ...၊ အဲ လည်း ငါ ခဏခဏ ပြောနေပူးတာပဲ၊ ငါ မရူးပါဘူး၊ ဘယ်သူတွေ ထင်ထင် ... အထင်ဟာ အထင်ပဲလေ...၊ ငါမှ မဟုတ်ဘဲ၊ နင် သဘော ပေါက်သွားအောင် ငါတစ်ခုပြောပြမယ်၊ ငါ့ကို ဦးလေးကြီးဦးငွေရောင် ပုံပြင်တစ်ပုဒ် ပြောပြဖူးတယ်၊ တစ်ခါက ဂျပန်နိုင်ငံမှာ အင်မတန် စိတ်ထက်ပြီး ဩဇာညောင်းတဲ့ ဆရာတော်ကြီးတစ်ပါးရှိခဲ့ဖူးတယ် တစ်နေ့ကျတော့ သူက သူ့ရဲ့တပည့်ထဲက ပန်းပုအလုပ်နဲ့အသက်မွေးနေ



န်းပုဆရာတစ်ယောက်ကိုခေါ်ပြီး သူ့ကျောင်းမှာထားဖို့ နဂါးရုပ်ကြီး တစ်ရုပ်ထုခိုင်းတယ်၊ ဒီတော့ တပည့်ပန်းပုဆရာကလည်း ဆောက်တွေ၊ သက်ရိုက်တွေနဲ့ နဂါးရုပ်ထုဖို့ ပြင်တော့တာပေါ့ ... အဲဒီမှာ ဆရာတော်ကြီး က ဘယ်လိုထပ်ပြီး မိန့်သလဲဆိုတော့ ဟေ့ကောင်တဲ့...သူများတကာတွေ ထုနေတဲ့ နဂါးရုပ်မျိုး ငါ မလိုချင်ဘူး၊ အခုတော့ နဂါးရုပ်ဆိုတာက မျိုးစုံပဲ၊ ငါ့အထင်တော့ အဲဒါတွေ တစ်ခုမှ နဂါးနဲ့တူတယ်မထင်ဘူး၊ ဒီတော့ င်းအနေနဲ့ တကယ့်နဂါးနဲ့တူအောင် ထုပေးရမယ် ...၊ မတူလို့ကတော့ သပို့သာပြင်ထားလို့ ကြိမ်းတယ် ...။

ဆရာတော်ကြီးကို သေမတတ် ကြောက်ရလေးစားရတဲ့ ပန်းပု ဆရာလည်း အခက်ကြုံသွားရတော့တာပေါ့၊ သူလည်း နဂါးရုပ်တွေ မျိုးစုံ ထုခဲ့ဖူးတာပဲ၊ အဲပေမဲ့ အခုဟာက တကယ့်နဂါး နဲ့တူရမယ်ဆိုတော့ ဘယ်လို ရမှန်းမသိတော့ဘူး၊ ဆရာတော်ကြီးကို ကြောက်ရတော့ ငြင်းလည်း ငြင်းရဲဘူး၊ ဘာဆင်ခြေမှလည်း မပေးဝံ့ဘူးပေါ့ ...၊ ဒါနဲ့ ဖြစ်ရပါစေမယ့် ရားလို့ အာမခံလိုက်ရတယ်၊

အဲဒီအချိန်က စပြီး ပန်းပုဆရာဟာ ခေါင်းစားရတော့တာပေါ့၊ တကယ့်နဂါးကို သူလည်း မမြင်ဖူးဘူး၊ တခြားလူတွေ မြင်ဖူးတယ်လို့ လည်း မကြားဖူးဘူး၊ ဒါနဲ့ပဲ တကယ့်နဂါးဆိုတာ ဘယ်လိုပုံစံမျိုးပါလိမ့်၊ ဘယ်လိုနေထိုင်စားသောက်ပါလိမ့်လို့ လျှောက်ပြီး တွေးရစိတ်ကူးရ တော့တာပေါ့ ...၊ နဂါးဆိုတာ ပင်လယ်ထဲက ထွက်ထွက်လာတယ်လို့ ပုံပြင်တွေထဲမှာ ကြားဖူးတယ်ဆိုပြီး ပင်လယ်စပ်ကို သွားပြီးထိုင်တယ်၊ နေ့ရှိသရွေ့ အဲဒီလိုထိုင်ရင်း တကယ့်နဂါးသာရှိရင် ပင်လယ်ထဲကနေ ဟောဒီလို ခေါင်းကြီးထွက်လာမှာပဲ၊ ဟောဒီလို လှုပ်ရှားမှာပဲ၊ ဟောဒီလို

www.burmeseclassic.com

www.burmeseclassic.com



လုပ်မှာပဲဆိုပြီး စိတ်ထဲမှာ မြင်ယောင်ကြည့်တယ်၊ တစ်နေ့တော့ အိမ်ကို ပြန်လာတဲ့အခါ သူ့ရဲ့ဇနီးက 'မောင် ... ထမင်းစားတော့မလား ...' လို့ မေးတယ်၊ အဲဒီအခါမှာ ပန်းပုဆရာက 'မောင်တွေ မက်တွေ မလုပ်နဲ့ ...၊ ထမင်းစားမလားတွေ ဘာတွေ မမေးနဲ့ ...' လို့ ပြန်ပြီးပြောလိုက်တယ်၊ အဲဒီအခါမှာ ဇနီးဖြစ်သူက အရမ်းအံ့ဩသွားပြီး 'ဟောတော့် ...ဘယ်လို ဖြစ်ရတာပါလိမ့် ...' လို့ ရေရွတ်ညည်းညူလိုက်တယ်၊

အဲဒီအခါမှာ ပန်းပုဆရာက ဘာပြန်ပြောသလဲ ဆိုတော့ ... 'ငါ နင့်ယောကျ်ားမဟုတ်တော့ဘူး ...၊ လူလည်း မဟုတ်တော့ဘူး၊ နဂါးဖြစ် သွားပြီ၊ အခုချိန်ကစပြီး နဂါးလိုပဲ နေတော့မယ် ...' လို့ ပြန်ပြောလိုက်တယ်၊ အဲဒီနောက်တော့ ပန်းပုဆရာဟာ လမ်းသွားရင်လည်း ခြေထောက်နဲ့ မသွား တော့ဘူး၊ နဂါးတွေမြွေတွေလို ကြမ်းပြင်ပေါ်မှာ တွန့်လိမ်ပြီး တွားသွား တယ်၊ ရေထဲမှာ စိမ်နေတယ်၊ နဂါးတွေမြွေတွေစားတဲ့ အစားအသောက် မျိုးတွေကိုပဲ စားတယ်၊ အဲဒါဟာ လနဲ့ချီပြီးကြာတယ်။

တစ်နေ့မှာတော့ သူ့ရဲ့ဆရာတော်ကြီးဆီကိုသွားပြီး နဂါးရုပ်ကို စပြီးထုတော့တာပဲ၊ သူ့ရဲ့နဂါးရုပ်ပြီးသွားတဲ့အခါမှာ တွေ့တဲ့လူတိုင်းက သဘောကျတယ်၊ ဆရာတော်ကြီးကလည်း တအားချီးကျူးတယ်၊ 'တော်တော်ကောင်းတာပဲကွ၊ တကယ့်နဂါးအတိုင်းပဲကွာ ...၊ အသက်လည်း တော်တော်ဝင်တယ်၊ နေစမ်းပါဦး၊ ဒီလောက်ကောင်းတဲ့နဂါးရုပ်မျိုး ဖြစ်လာ အောင် ဘယ်လိုများ လုပ်လိုက်တာလဲ ...' လို့ ဆရာတော်ကြီးက မေးတဲ့ အခါ ပန်းပုဆရာက ဘာပြန်ပြောလိုက်သလဲဆိုတော့ 'လူကနေ နဂါးရုပ်ကို ထုရရင် လူအနေနဲ့ထုတာဖြစ်လို့ နဂါး ပီပီသသမဖြစ်နိုင်ပါဘူး၊ အခုဟာက လူကနေ နဂါးရုပ်ထုတာမဟုတ်ဘဲ၊ နဂါးကနေ နဂါးရုပ်ထုနေတာဖြစ်တဲ့





အတွက် တကယ့်နဂါးနဲ့တူသွားရတာပါ ...' လို့ ပြန်ပြောလိုက်သတဲ့၊ အဲဒါ တာ ငါ့ကို ငါ့ဆရာ ဦးလေးကြီးဦးငွေရောင်က ပြောပြဖူးတဲ့ပုံပြင်ပဲ ..." တု ရာဇာက ရှည်လျားစွာ ပြောပြလိုက်လျှင် ဝတ်မှုန်သည် မျက်မှောင် ကလေးကြုတ်၍ နားစိုက်ထောင်နေရာမှ –

"ဟဲ့ ရာဇာ ...၊ နင်ကရော နဂါးဖြစ်ချင်စိတ်ပေါက်နေပြီလား၊ အဲကြောင့် ဒီကန်ပေါင်ပေါ်မှာ လာလာပြီး ပက်လက်ကြီးလှန်နေတာလား..." တု မေးလိုက်လေ၏။ ထိုအခါ ရာဇာက ခေါင်းကို ဖြည်းညင်းစွာ ရမ်း လိုက်ရင်း –

"ဟင့်အင်း...မဟုတ်ဘူး၊ ငါက နဂါးမလုပ်ဘူး၊ ငါက သိကြားမင်းကြီးကို အားကျတယ် ...၊ သိကြားမင်းကြီးက ဟိုး...နတ်ဘုံ နတ်နန်းကြီးမှာလည်း စံမြန်းရတယ်၊ တန်ခိုးသိဒ္ဓိတွေလည်း ရှိတယ်၊ သာသနာတော်ကြီးကိုလည်း စောင့်ရှောက်နိုင်တယ် ...၊ လူသားတွေကို လည်း ကယ်မနိုင်တယ်၊ ဒီတော့ သူ့ရဲ့ဘုံဗိမာန်ကြီးဟာ အစစအရာရာ လိုလေသေးမရှိ ပြည့်စုံပြီး အင်မတန် သာယာဖွယ်အတိဖြစ်နေမှာပဲ၊ အလွန် ကျေနပ်စရာကောင်းမှာပဲ ...၊ အဲကြောင့် ငါက သိကြားမင်းကြီးရဲ့ ဝေဇယန္တာ ဘုံနန်းအစစ်နဲ့တူတဲ့ ပန်းချီကားကြီးကို ဆွဲမယ် ...။

ငါ့ရဲ့ပန်းချီကားကြီးဟာ တကယ်တော့ ပန်းချီကားမဟုတ်ဘူး၊ တကယ့်ဝေဇယန္တာဘုံနန်းကြီး ဖြစ်နေစေရမယ် ...၊ အဲဒီဘုံနန်းကြီးကို တွေ့လိုက်မြင်လိုက်တဲ့လူတိုင်းဟာ ဟိုး ...မိုးပေါ်က သိကြားမင်းကြီးရဲ့ ဘုံနန်းအစစ်ကို တွေ့လိုက်ရသလို ခံစားသွားစေရမယ်၊ သိကြားမင်းကြီးဆီ ကို ရောက်သွားသလိုမျိုး ကောင်းကျိုးချမ်းသာတွေ ရရှိသွားစေရမယ်...၊ ငါ ဒီမှာလာပြီး မိုးကောင်းကင်ကြီးကို ကြည့်နေတာဟာ အလကား မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ ဝေဇယန္တာဘုံနန်းကို သွားနေတာ...” ဟု ပြောလိုက်ပြန်လျှင် ဝတ်မှုန်သည် နားမလည်နိုင်သော ...၊ အံ့ဩသော မျက်ဝန်းအစုံဖြင့် ရာဇာအား ကြည့်နေရင်း ...

“ဝေ ဇ ယ န္တာ ဘုံ န န်း ...” တူ၍ ရေရွတ်လိုက်ပါလေတော့သတည်း။



# “အထင်ဟာ အထင်ပဲ အကယ် မဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၅ ၊

# ပြောချင်တဲ့စကားတစ်ခွန်း



ဝတ်မှုန်သည် သူငယ်ချင်းဖြစ်သူ ရာဇာအား တအံ့တသြဖြင့် ငေး၍ကြည့်နေလေ၏။ ရာဇာကလည်း ဝတ်မှုန်အား ပြန်၍ကြည့်နေခဲ၏။ ၎င်းတို့နှစ်ဦးသည် စကားတစ်ခွန်းမျှ ဆိုဖြစ်ဘဲ အတန်ကြာအောင် ငြိမ်သက်နေကြလေ၏။

ရာဇာသည် အပျိုကြီးဖားဖားဖြစ်နေပြီဖြစ်သော ဝတ်မှုန်အား ငေး၍ကြည့်နေရာမှ ပင့်သက်ကို တစ်ချက်ရှိုက်လိုက်၏။ ထို့နောက် ဝတ်မှုန်အား တစ်စုံတစ်ခုပြောမည်ဟု ဟန်ပြင်လိုက်ပြီးနောက် မည်သို့မျှ မပြောတော့ဘဲ ဆေးပေါ့လိပ်ကို မီးညှိ၍ ရှိုက်ဖွာနေလေ၏။ ထို့နောက်တွင်မှ မီးခိုးများကို ကောင်းကင်ဆီသို့ မှုတ်ထုတ်ရင်း –

www.burmeseclassic.com



“ဝတ်မှုန်…ငါ နင့်ကို စကားတစ်ခွန်းပြောစရာရှိတယ်၊ ဒီစကားကို ပြောဖို့အတွက်လည်း ငါ အကြိမ်ကြိမ်ကြိုးစားဖူးပါတယ်၊ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကို ထောက်ဆပြီး ငါမပြောဖြစ်ခဲ့ဘူး၊ ဒါမှမဟုတ် ငါ မပြောရက်ခဲ့ဘူး၊ အဲဒါ ဘာလို့လဲဆိုတော့ နင့်ကို သနားလို့ပဲ ဝတ်မှုန် …၊ ဒါပေမဲ့ နင်စိတ်မဆိုးဘူးဆိုရင်တော့ ငါ အဲဒီစကားကို ပြောမယ် …”ဟု တစ်လုံးချင်း ဖြည်းလေးစွာပြောလိုက်လေရာ မြက်ခင်းပြင်သို့ ငုံ၍ကြည့်နေသော ဝတ်မှုန်၏ဦးခေါင်းသည် ဆတ်ခနဲထောင်သွား၏။ သူမ၏မျက်လုံးတွင်လည်း အရောင်တစ်ခုသည် ဖျပ်ခနဲ လက်သွား၏။ သူမ၏မျက်နှာပြင်၌လည်း ကြက်သွေးရောင်တစ်ချက် လျှပ်ခနဲ ပြေးသွားလေ၏။ သို့သော် ရာဇာအား စကားတစ်ခွန်းမျှ ပြန်၍မပြောခဲ့ပါ။

“ပြောလေ ဝတ်မှုန် …၊ နင်ငါ့ကို စိတ်မဆိုးဘူးဆိုရင်တော့ ငါ အဲဒီစကားကို ပြောမယ် …” ဟု ရာဇာက ထပ်၍ပြောပြန်လျှင် ဝတ်မှုန်သည် အတန်ကြာ တွေတွေကြီးလုပ်နေပြီးနောက်တွင်မှ သဘောတူသော အဓိပ္ပါယ်ဖြင့် ခေါင်းကလေးတစ်ချက် မသိမသာဆတ်ပြလိုက်လေ၏။ ရာဇာသည် ပြုံးသည်ဆိုရုံကလေးမျှ ပြုံးလိုက်ပြီးနောက် ဆေးပေါ့လိပ်ကို နှစ်ချက်သုံးချက် ဆက်၍ဖွာနေ၏။ ထို့နောက်တွင်မှ –

“နင်နဲ့ ဘမောင်နဲ့ဟာ ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်းတွေပါ…၊ နင်တို့ငါ့အပေါ်မှာ ဘယ်လောက်ခင်တယ် …၊ ဘယ်လောက်သံယောဇဉ်ရှိတယ်၊ ဘယ်လောက်စေတနာထားတယ်ဆိုတာကို ငါသိနေပါတယ်၊ နင်နဲ့ ဘမောင်တို့ နှစ်ယောက်လုံး ကြီးပွားကြမယ်၊ ချမ်းသာကြမယ်၊ နင်တို့ရဲ့ ဘဝတွေ ကောင်းစားကြမယ်ဆိုတာ ငါယုံတယ် …၊ ဒါပေမဲ့ အခု ငါပြောမယ့် စကားကို နင်ယုံချင်မှတော့ ယုံလိမ့်မယ်၊ ငါ့စိတ်ထဲမှာရှိတဲ့အတိုင်း ပြောရရင်





တော့ အဲဒီလို နင်တို့ ကြီးပွားချမ်းသာကောင်းစားကြမယ့် အခြေအနေအခွင့်အတန်းဟာ တော်တော်နည်းသေးတယ်လို့ ငါထင်တယ်၊ ငါ့သူငယ်ချင်းတွေကို… ငါသိပ်ပြီး ချစ်ရတဲ့သူငယ်ချင်းတွေကို အဲဒီထက်ပိုပြီးတော့ ကြီးပွားချမ်းသာစေချင်တယ်၊ အထူးသဖြင့်တော့ နင့်ကိုပေါ့ဟယ် …” ဟု ပြောလိုက်ပြီးလျှင် စကားကိုရပ်ထားလိုက်ရာ ဝတ်မှုန်သည် နားမလည်သော အမူအရာမျိုးဖြင့် ရာဇာ့ကို ကြည့်နေလေ၏။ ထို့နောက် –

“နင် ဘာတွေပြောနေတာလဲ ရာဇာ …၊ နင် ဘာကို ဆိုလိုတာလဲ ငါတော့ ဘာမှနားမလည်ဘူး …” ဟု မချင့်မရဲလေသံကလေးဖြင့် ဆိုလိုက်လျှင် ရာဇာက –

“နင်စိတ်မဆိုးဘူးဆိုရင် နောက်ထပ်စကားတစ်ခွန်း ငါပြောဦးမယ်၊ ငါဟာ နဂါးကနေပြီးတော့ နဂါးရုပ်ထုတဲ့ ပုံပြင်ကလေးကို ကြားပြီးကတည်းက သိကြားကနေ သိကြားမင်းရဲ့ ဝေဇယန္တာဘုံနန်းကို ဖန်တီးသလိုမျိုး ဖန်တီးချင်နေတယ်၊ အဲဒီအခါကျရင်တော့ နင့်ကို နတ်သမီးလေးလို စံစားပျော်မွေ့နိုင်အောင် အရာရာကို ဖန်တီးပေးနိုင်မှာပေါ့ …၊ အခုအခြေအနေမှာတော့ ငါဟာ မိုးမျှားက ဖိုးသိကြားလို အခြေအနေမျိုးကို ဝေးလို့ … ပုဆိုးပါးနေတာတောင် လဲစရာ မရှိတဲ့ အခြေအနေမျိုးပဲ …၊ ဒီတော့ အခုထပ်ပြီးတော့ နင့်ကို ပြောစရာရှိတယ်ဆိုတဲ့စကားကိုလည်း ငါ ဒီအချိန်မှာ မပြောတော့ပါဘူး၊ တစ်ချိန်ကျရင်တော့…” ဟု တစ်လုံးချင်း ပြောနေစဉ်၌ပင် အကြော်ကြော်နေသော ဒေါ်ခါဥကြီးက ဝတ်မှုန်အား လှမ်း၍ခေါ်လိုက်သည်ဖြစ်သောကြောင့် ဝတ်မှုန်လည်း –

“ကဲ ရာဇာ …၊ ဟိုမှာ အမေခေါ်နေပြီ၊ သွားလိုက်ဦးမယ်…” ဟုဆိုကာ အပြေးကလေးထွက်သွားလေတော့၏။ ရာဇာမှာမူ မြက်ခင်းပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ပက်လက်လှန်၍လှဲချလိုက်ပြီး မိုးကောင်းကင်ကြီးဆီသို့ ငေးမျှော်ကြည့်ရှုရင်း ကျန်ရစ်ခဲ့လေတော့၏။

ထိုနေ့ညနေတွင် ဝတ်မှုန်တို့၏အကြော်ဆိုင်၌ ၎င်းတို့သူငယ်ချင်းသုံးဦး ဆုံမိကြပြန်၏။ ဘမောင်သည် ၎င်း၏လွယ်အိတ်အတွင်းမှ စာအုပ်အချို့ကို ထုတ်လိုက်ပြီးလျှင် ဝတ်မှုန်အား လှမ်း၍ပေးလိုက်ရင်း –

"ဝတ်မှုန်..ငါတို့စာမေးပွဲတွေလည်း တော်တော်နီးနေပြီနော်.. ဟောဒီမှာ ရန်ကုန်က ငါ့အဖေရဲ့မိတ်ဆွေတစ်ယောက်လှမ်းပို့လိုက်တဲ့ ဒီနှစ်စာမေးပွဲမှာ ဂရုစိုက်ပြီးကြည့်ရမယ့် မှတ်စုတွေ ပါလာတယ်၊ အဲဒါ နင်လည်း ကူးထားလိုက်ဦး..." ဟု ပြောလိုက်လေ၏။ ဝတ်မှုန်သည် ဘမောင်ပေးသော စာအုပ်များကို လှမ်း၍ယူထားလိုက်၏။ ထို့နောက် ဘမောင်နှင့်ရာဇာတို့သည် ဝတ်မှုန်နှင့်အေါ်ဥကြီးကို နှုတ်ဆက်ပြီးနောက် ပြန်သွားကြလေ၏။

ထိုနေ့ည ဆိုင်သိမ်းပြီးနောက် အိမ်သို့ပြန်ရောက်သောအခါ ဝတ်မှုန်သည် ရေမိုးချိုး၏။ ထို့နောက် အေါ်ဥနှင့်အတူ ညစာစားလေ၏။ ပြီးလျှင် ဝတ်မှုန်သည် စာကြည့်စားပွဲ၌ ထိုင်လိုက်ပြီးနောက် စာကျက်ရန် ပြင်ဆင်လေ၏။

ထိုအချိန်၌ ဘမောင်ပေးခဲ့သော မှတ်စုစာအုပ်များကို သတိရသွားသဖြင့် ထိုစာအုပ်များကို လွယ်အိတ်ထဲမှထုတ်၍ စားပွဲပေါ်သို့ တင်လိုက်၏။ ပြီးနောက် တစ်အုပ်စီလှန်လှော၍ကြည့်ရှုရာ စာအုပ်တစ်အုပ်ကြားထဲမှ ပန်းနုရောင်စာရွက်ခေါက်လေးတစ်ခုသည် လျှောခနဲ ထွက်ကျသွားလေ၏။ ထို့ကြောင့် ဝတ်မှုန်လည်း ထိုစာရွက်ခေါက်လေးကို ကောက်ယူ၍ ဖြန့်ကြည့်လိုက်သောအခါ ... .. .



"ဝတ်မှုန်...ငါ နင့်ကို စကားတစ်ခွန်း
ပြောချင်တယ်၊ အဲဒီအတွက် ငါ့ကို စိတ်မဆိုးဖို့
အထင်မလွဲဖို့တော့ ငါကြိုပြီး တောင်းပန်ပါတယ်၊
ငါတို့တွေဟာ အရွယ်ရောက်မှန်းမသိ
ရောက်လာကြပြီ ...၊ တစ်နေ့က ငါ နင့်ကို
သေချာကြည့်မိတယ်၊ နင်ဟာ ငါ့ရဲ့
ငယ်သူငယ်ချင်းဝတ်မှုန် မဟုတ်တော့ဘူး ...၊
နောက်ထပ်ဝတ်မှုန်တစ်ယောက် ဖြစ်နေတယ်၊
ငါ့သူငယ်ချင်းဝတ်မှုန်ကို ငါ ... မောင်နှမ
အရင်းအချာလို ခင်ခဲ့တာပါ၊ နောက်ထပ်တွေ့တဲ့
ဝတ်မှုန်ကတော့ ငါ့ရဲ့အသည်းနှလုံးကို
ဆွဲခါလှုပ်ရမ်းပစ်လိုက်တဲ့ ဝတ်မှုန်ဖြစ်နေတယ်၊
အဲဒီဝတ်မှုန်ကို ငါ အရမ်းချစ်သွားမိပြီ..."

ဟူ၍ ရေးထားသည်ကို တွေ့လိုက်ရလေ၏။ ထိုစာကို ဖတ်မိပြီးနောက် ဝတ်မှုန်သည် ငူကြီးဖြစ်နေမိ၏။

သူ၏အတွေးအာရုံဝယ် ရာဇာနှင့်ဘမောင်တို့၏ မျက်နှာများသည် ရုပ်ရှင်ပိတ်ကားပေါ်မှ ပြကွက်များကဲ့သို့ တစ်လှည့်စီတစ်လှည့်စီ ပေါ်လာလျက်ရှိနေပါလေတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း၊ ၆၊

# ဝဍ်းတောပါကုသ



ဝတ်မှုန်၊ ရာဇာနှင့်
ဘမောင်တို့သည် လွန်စွာ သံယောဇဉ်ကြီးကြ
သော ယယ်ပေါင်းသူငယ်ချင်းများ ဖြစ်ကြကုန်၏။

ဝတ်မှုန်အနေနှင့် ရာဇာနှင့် ဘမောင်နှစ်ဦးစလုံးအပေါ် တူမျှသောသံယောဇဉ်ရှိသည်ဟု ဆိုရသော်ငြား ဘဝအခြေအနေချို့ငဲ့သော ရာဇာအပေါ်၌ သနားတရုံအာသက်ခြင်းဟူသည့် အချက်တစ်ချက် ပို၍နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com





လွန်ခဲ့သောညနေစောင်းက ရာဇာ၏ သူ့အား ပြောစရာရှိသည် ဆိုသော စကားကို ဝတ်မှုန်၏နှလုံးသားက အလိုလိုသိနေပေ၏။ သို့သော် ရာဇာသည် ထိုစကားကို မပြောဖြစ်ခဲ့ပါ။

ထိုညမှာပင် ဘမောင်၏စာကို ဖတ်ရပြန်သောအခါ ဝတ်မှုန်အဖို့ မည်သို့ဆုံးဖြတ်လိုက်ရမှန်း မသိနိုင်တော့အောင် အကြပ်ဆိုက်သွားခဲ့ရလေတော့၏။ ထိုညက ဝတ်မှုန်သည် စာကျက်နေရသော်လည်း စာထဲ၌ လုံးဝစိတ်မပါခဲ့ပါ။ ၎င်း၏အတွေးအာရုံအတွင်းဝယ် ရာဇာနှင့် ဘမောင်တို့၏ ပုံရိပ်များသည်သာလျှင် လွှမ်းမိုးကြီးစိုးနေခဲ့လေ၏။ အိပ်၍လည်း မပျော်နိုင်ဘဲ တလူးလူးအလိမ့်လိမ့်ဖြင့် မိုးစင်စင်လင်းသွားခဲ့ရ၏။

နောက်တစ်နေ့တွင် ကျောင်းသွားသောအခါ ဘမောင်သည် အိမ်သို့ ဝင်လာပြီး ဝတ်မှုန်ကိုလာ၍ခေါ်လေ၏။ နှစ်ယောက်အတူ ကျောင်းသို့ လမ်းလျှောက်လာစဉ်အတွင်း ဘမောင်သည် ဝတ်မှုန်၏မျက်နှာကို အရိပ်တကြည့်ကြည့်လုပ်၍ အကဲခတ်နေလေ၏။ ဝတ်မှုန်၏မျက်နှာကဲကို သူ့အနေနှင့် မည်သို့မျှ ဖမ်း၍မရနိုင်အောင်ဖြစ်နေလေ၏။ ဤသို့ဖြင့် ကျောင်းသို့ ရောက်သွားခဲ့ကြ၏။ ဘမောင်သည် စာသင်ခန်းထဲ၌ထိုင်၍ ဆရာစာပြသည်ကို နားထောင်နေရသော်လည်း ၎င်း၏နားထဲတွင် ဝတ်မှုန်၏အသံကလေးကိုသာလျှင် ကြားယောင်နေမိလေ၏။

သနားလွန်စွာတော်သော ဘမောင်သည် ဆရာတွက်ခိုင်းသည့် ပုစ္ဆာအားလုံးကို အဖြေမှန်ရအောင် မတွက်နိုင်ဘဲ ဖြစ်နေခဲ့၏။ သူ၏အာရုံ အတွင်းဝယ် ဝတ်မှုန်နှင့်ပတ်သက်သောပုစ္ဆာကိုသာလျှင် စက္ကန့်မလပ် တွက်ချက်ဖြေရှင်းနေမိလေ၏။

ဤသို့ဖြင့် ညနေကျောင်းဆင်းချိန်သို့ ရောက်လာခဲ့၏။ သူတို့



နှစ်ယောက် အိမ်သို့အတူပြန်လာခဲ့ကြ၏။ ဝတ်မှုန်၏မျက်နှာတွင် မည်သည့် ထူးခြားသောအရိပ်အယောင်မျှ ပေါ်လွင်မနေချေ။ ထို့ကြောင့် ဘမောင်သည် ဝတ်မှုန်အား သူပေးလိုက်သောစာသည် ဝတ်မှုန်ထံသို့ မရောက်ဘဲ လမ်း၌ ကျွက်ကျခဲ့ခြင်းဖြစ်လိမ့်မည်ဟု ယူဆမိလေ၏။

နောက်တစ်ပတ်ခန့်ကြာလျှင် ဘမောင်သည် ဝတ်မှုန်တို့အိမ်သို့ အလည်လာရင်း စာတစ်စောင်ကို ဝတ်မှုန်၏စာကြည့်စားပွဲပေါ်၌ တင်ထားခဲ့ပြန်လေ၏။ ဝတ်မှုန်သည် ထိုစာကိုတွေ့ရပြန်သောအခါ ပင့်သက်ကိုသာလျှင် အထပ်ထပ် ချနေမိလေတော့၏။ စိတ်ရှုပ်လွန်း၍ ခေါင်းကို တဖျင်းဖျင်းကုတ်နေမိ၏။

နောက်တစ်နေ့တွင် ဘမောင်သည် ဝတ်မှုန်ထံသို့ ရောက်လာပြန်ပြီးနောက် ဝတ်မှုန်၏အခြေအနေကို အကဲခတ်နေလေ၏။ ဝတ်မှုန်၏မျက်နှာမှာ မည်သို့မျှမထူးခြားသောအခါ ဘမောင်သည် အားမလိုအားမရကြီးစွာ ဖြစ်လာရ၏။ နောက်ဆုံးတွင် အောင့်အည်းချုပ်တည်းထားခြင်းငှာ မတတ်နိုင်တော့ဘဲ ...

“ဝတ်မှုန်...မနေ့က ဒီ နင့်စားပွဲပေါ်မှာ စာတစ်စောင် တင်ထားခဲ့တယ်၊ အဲဒီ နင့်အဖြေကို ငါလိုချင်တယ် ... ” ဟု ပြောလိုက်ရာ ဝတ်မှုန်သည် ချက်ချင်းပြန်၍ မဖြေသေးဘဲ အတန်ကြာ ဆိတ်ဆိတ်ငြိမ်၍ အဝေး တစ်နေရာဆီသို့ ငေးမျှော်ကြည့်ရှုနေပြီးနောက်တွင်မှ လွန်စွာ တိုးညင်းသော အသံကလေးဖြင့် –

“နင့်စာကို ငါတွေ့ပါတယ်၊ စာမေးပွဲတွေလည်း နီးနေပြီလေ...၊ ဒီကိစ္စတွေကို ငါ့ခေါင်းထဲမှာ မထည့်ပါရစေနဲ့ ...” ဟု ပြန်၍ပြောလိုက်လေ၏။ ထို့ကြောင့် ဘမောင်လည်း ဆက်ပြောရန်ငှာ မတတ်နိုင်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အသာငြိမ်နေလိုက်ရလေတော့၏။

ဤသို့ဖြင့် ဝတ်မှုန်နှင့်ဘမောင်တို့သည် တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးကို ကောင်းစွာ ဖြေဆိုနိုင်ခဲ့ကြလေ၏။ စာမေးပွဲနောက်ဆုံးနေ့ အိမ်သို့ ပြန်လာကြသောအခါ၌ လမ်းတွင် ဘမောင်က –

''ဝတ်မှုန်...ငါကတော့ စာမေးပွဲအောင်မယ်ဆိုတာ သေချာသိနေတယ်၊ နင်က ငါ့ထက်ပိုပြီး ဉာဏ်ကောင်းပါတယ် ...၊ အဲဒီတော့ အမှတ်အများကြီး ကောင်းမှာပါ ...၊ ဟိုစာမေးပွဲကြီးကတော့ ပြီးသွားပါပြီ၊ နင့်ဆီမှာ ငါဖြေထားတဲ့စာမေးပွဲရဲ့ အောင်စာရင်းကိုလည်း ထုတ်ပေးပါတော့ဟာ...''

ဟု ပြောလိုက်ရာ ဝတ်မှုန်က ခေါင်းကိုဖြည်းလေးစွာ ရမ်းလိုက်ရင်း –

''ငါ စဉ်းစားပါရစေဦး ဘမောင်ရယ် ...'' ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ဘမောင်က –

''နင် ဘယ်အထိများ စဉ်းစားနေဦးမှာလဲ ဝတ်မှုန်ရဲ့ ဘာလဲ–နင်...ရာဇာ့ကို ကြိုက်နေလို့လား...၊ အဲဒီလိုဆိုရင်တော့ ငါ့အနေနဲ့ တစ်ခု ပြောစရာရှိတယ်၊ ရာဇာ့ကို သူငယ်ချင်းတစ်ယောက်အနေနဲ့ ငါ တအားခင်ပါတယ်၊ ဒီကောင် ကြီးက အင်မတန်လည်း ခင်ဖို့ကောင်းပါတယ်၊ ပြီးတော့ သနားဖို့လည်း ကောင်းပါတယ်ဟာ...၊ ဘာပဲဖြစ်ဖြစ် သူဟာ နင့်အဖို့ အင်မတန် ခင်မင်ဖို့ကောင်းတဲ့ သူငယ်ချင်းတစ်ယောက် ဖြစ်ပေမဲ့ ဘဝကြင်ဖော် အိမ်ထောင်ဘက်တစ်ဦးအဖြစ်တော့ နင် မစဉ်းစားသင့်ဘူး သူ့အခြေအနေကိုလည်း နင် သိနေတာပဲဟာ...၊ နင် ဒုက္ခရောက်သွားလိမ့်မယ် ...'' ဟု ပြောလိုက်ရာ ဝတ်မှုန်၏စိတ်ထဲ၌ ဒေါသကလေး ထောင်းခနဲ ထွက်သွား၏။

တစ်ချိန်တည်းမှာပင် နင့်ခနဲလည်း ခံစားလိုက်ရ၏။ ဘမောင်



၏ အတွင်းအဇ္ဈတ္တကိုလည်း လှစ်ခနဲ မြင်လိုက်မိ၏။ ထို့ကြောင့် –

''နင် ငါ့ကို အဲဒီလိုမထင်သင့်ဘူး ဘမောင် ...၊ ပြီးတော့ ရာဇာ့ကိုလည်း အဲဒီလို မပြောပါနဲ့ဟယ်...၊ သနားပါတယ် ..၊ ဘာပဲဖြစ်ဖြစ်လေ ငါ စဉ်းစားပါရစေဦး ...'' ဟု ပြန်၍ပြောလိုက်ရာ ဘမောင်လည်း ဘာမျှ ဆက်၍ မပြောသာတော့ဘဲ ခေါင်းကလေးတဆတ်ဆတ်ညိတ်ရင်း ဝတ်မှုန်၏ မျက်နှာကို ကြည့်နေမိလေတော့၏။

ဤသို့ဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းများ ထွက်လာသောအခါ ဝတ်မှုန်ရောဘမောင်ပါ ကောင်းစွာအောင်မြင်ခဲ့ကြလေ၏။ ထို့နောက် ဘမောင်သည် ရန်ကုန်တက္ကသိုလ်၌ ပညာဆက်လက် သင်ယူခဲ့၏၊ ဝတ်မှုန်မှာမူ ပညာသင်စရိတ်အတွက် အခက်အခဲရှိသည့်အပြင် မိခင်အိုကြီးတစ်ယောက်တည်း ထားခဲ့ရမည်ဖြစ်၍ တက္ကသိုလ်သို့ မသွားတော့ဘဲ စာပေးစာယူဖြင့်သာလျှင် ပညာဆက်လက်သင်ယူခဲ့လေ၏။ ထို့နောက် တောင်တွင်းကြီးမြို့၌ပင် ဌာနတစ်ခု၌ ဝင်ရောက်၍ အလုပ်လုပ်ခဲ့လေ၏။

ထိုသို့ ဝတ်မှုန်နှင့်ဘမောင်တို့၏ ဘဝအခြေအနေများ တစ်မျိုးတစ်ခုံ ပြောင်းလဲသွားသော်လည်း ရာဇာမှာမူ မည်သို့မျှ ပြောင်းလဲခြင်းမရှိဘဲ ... ယခင်က အတိုင်းသာလျှင် ပြုမူနေထိုင်ဆဲ ဖြစ်ပါလေတော့သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

# အပေါ်စီးက မြင်ရွှဲ့ဝတ်မှုန်



တ်မှုန်သည်
ယ်တန်းစာရေးမလေး
ဦးအဖြစ် တာဝန်ထမ်း
င်နေပြီဖြစ်၏။ ဘမောင်
ည် ကျောင်းပိတ်ရက်တိုင်း
င်တွင်းကြီးမြို့သို့ ပြန်လာ၏။
ပြန်လာသောအခါတိုင်း၌လည်း
န်ထံမှ အဖြေကို မရပေ။ တောင်း
၏။ ဝတ်မှုန်မှာမူ ခေါင်းလည်းမညိတ်၊ ခေါင်းလည်း
– စဉ်းစားပါရစေဦး ဟူ၍သာ အဖြေပေးထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တွင် ဘမောင်သည် ရာဇာ့ထံသို့ သွားရောက်ပြီး –

"ဟော့ကောင် ရာဇာ ...ငါ ဝတ်မှုန်ဆီက အဖြေတောင်းထားတာ ကြာလှပြီ ...၊ သူက အင်းမလုပ်အဲမလုပ်ကြီး ဖြစ်နေတယ်ကွ..."ဟု ပြောကာ ရာဇာ၏မျက်နှာအား အကဲခတ်၍ကြည့်နေလေ၏။ ရာဇာသည် တစ်ချက်မျှ ပြုံးလိုက်ပြီးနောက် –

"ကောင်းပါတယ် သူငယ်ချင်းရာ ...၊ မင်းနဲ့ဝတ်မှုန်နဲ့ဟာ နေနဲ့လ ရွှေနဲ့မြပါပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ဝတ်မှုန်ဟာ မင်းကို လက်ခံပါလိမ့်မယ်..." ဟု အေးအေးဆေးဆေး ပြန်၍ပြောလိုက်လျှင် ဘမောင်သည် လွန်စွာ အံ့အားသင့်သွားသောဟန်ဖြင့် –

"နေစမ်းပါဦး၊ မင်းနဲ့ဝတ်မှုန်နဲ့ ကြိုက်နေကြပြီ မဟုတ်ဘူး လား..."ဟု မေးလိုက်ရာ ရာဇာသည် ခေါင်းကိုသာ ဖြည်းညင်းစွာ ခါယမ်း လိုက်လေ၏။ ထို့နောက် –

"ဝတ်မှုန်အနေနဲ့ မင်းအပေါ်မှာ ငြင်းဆန်စရာအကြောင်း ရှိ လောက်ပါဘူးကွာ၊ မင်း ဆက်ပြီးကြိုးစားလိုက်ပေါ့ ..."ဟု ပြောလိုက်လျှင် ဘမောင်သည် လွန်စွာဝမ်းသာသွားလေ၏။

ထိုနေ့ညနေတွင် ဘမောင်သည် ဝတ်မှုန်ရုံးဆင်းချိန်ကို စောင့်ပြီး နောက် နှစ်ယောက်သား အိမ်သို့အတူပြန်လာခဲ့ကြ၏။ လမ်းတွင် ဘမောင် က –

"ဝတ်မှုန် ...၊ ငါတို့ ကျောင်းတွေ ပြန်ဖွင့်တော့မယ်၊ မနက်ဖြန် ငါ ဒီက ပြန်ထွက်ရမယ်၊ နင့်ဆီက အဖြေကို အခုပဲ ရသွားချင်တယ်..."ဟု ပြောရာ ဝတ်မှုန်သည် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီးနောက် –

"ငါ စဉ်းစားပါရစေဦး ဘမောင်ရယ်..."ဟု၍သာလျှင် ထုံး



အတိုင်း ပြန်၍ပြောလိုက်လေ၏။ ဘမောင်သည် ဝတ်မှုန်၏ မထုံတက်တေး လုပ်နေမှုအပေါ် သည်းခံနိုင်စွမ်းမရှိတော့ဘဲ ဝတ်မှုန်၏ပုခုံးကို ခပ်ကြမ်းကြမ်း ဆွဲ၍လှုပ်လိုက်ရင်း –

"ဒီမှာ ဝတ်မှုန် ...ငါ အစတုန်းက နင်နဲ့ရာဇာနဲ့ ကြိုက်နေကြ တယ်လို့ အောက်မေ့နေခဲ့တာ...၊ ငါ စောစောကပဲ ရာဇာ့ကို မေးလာခဲ့ပြီ၊ သူနဲ့နင်နဲ့ ဘာမှမဖြစ်ကြဘူးတဲ့၊ အဲဒါ အမှန်ပဲလား..."ဟု မေးပြီးနောက် စကားကို ရပ်ထားလိုက်ရာ ဝတ်မှုန်သည် ဘာတစ်ခွန်းမျှ ပြန်၍မပြောဘဲ တွေတွေကြီးလုပ်၍သာနေလေ၏။ သူမအနေနှင့် မည်သည့်စကား ပြန်ပြော ရမှန်း မသိလောက်အောင်ပင်ဖြစ်သွားရ၏။ ထိုအခါ ဘမောင်က ဆက်၍

"ကဲ ပြောစမ်းပါဦး ...၊ နင် ငါ့အပေါ်မှာရော ငြင်းစရာများ ရှိနေလို့လား ..."ဟု မေးလိုက်ပြန်လျှင် ဝတ်မှုန်က ခေါင်းကို အသာယမ်း၍ ပြလေ၏။ ထိုအခါ ဘမောင်သည် ဝမ်းသာအားရဖြင့်

"အံ့...အဖြင့် ငါလိုချင်တဲ့ အဖြေကို ရမှာပေါ့ ဟုတ်လား..."ဟု အလောတကြီးမေးလိုက်ရာ ဝတ်မှုန်က ...

"ငါ စဉ်းစားပါရစေဦး ဘမောင်ရယ်..."ဟု တိုးညှင်းစွာ ပြန်၍ ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် ဝတ်မှုန်တို့၏ အိမ်ရှေ့သို့ ရောက်လာပြီ ဖြစ်၏။ ထို့ကြောင့် ဘမောင်လည်း စကားကို ထိုအတိုင်း ရပ်ထားခဲ့ရလေ သော့၏။

နောက်တစ်နေ့တွင် ဘမောင်သည် ရန်ကုန်သို့ ပြန် ထွက်သွားခဲ့၏။

ထိုသည်မှ လေးလခန့်ကြာသောအခါ ရာဇာသည် သူ၏ ပန်းချီ ကားသည်းများကို ချိုင်းကြားတွင်ညှပ်လျက် ရတနာပွင့်လှ ကျောင်းတော်ကြီး ဆောင်ပေါ်သို့ တရွေ့ရွေ့ တက်လာခဲ့လေ၏။ သူထိုင်နေကျ နေရာလေးသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လျှင် ထိုနေရာ၌ မိန်းကလေးတစ်ဦးသည် ကန်ရေပြင်ဘက်သို့ လှည့်လျက် ထိုင်နေသည်ကို တွေ့ရလေ၏။ ရာဇာသည် ထိုနေရာသို့ ဆက်၍လျှောက်သွားရင်း ထိုမိန်းကလေးမှာ ဝတ်မှုန်ဖြစ်နေကြောင်း တွေ့ရလေတော့၏။ ရာဇာသည် ခြေသံမကြားရအောင် ကိုယ်ကိုဖော့၍ တဖြည်းဖြည်း လျှောက်သွား၏။ ဝတ်မှုန်၏ နောက်နားသို့ရောက်လျှင် 'ဟေး ...' ခနဲ ကျယ်လောင်စွာအော်၍ ခြောက်လှန့်ကြိုးစားလိုက်လေ၏။

ဝတ်မှုန်ကား လန့်သွားသည့် ပုံမပေါ် ...၊ ဖြည်းညင်းစွာသာလျှင် နောက်သို့လှည့်၍ကြည့်လိုက်လေ၏။ ဝတ်မှုန်၏ မျက်လုံးအိမ်မှ မျက်ရည်စီးကြောင်းကလေးသည် သူမ၏ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးကျနေ၏။ အတန်ကြာအောင် ငိုကြွေးထားခဲ့ရသဖြင့် သူမ၏ မျက်လုံးများသည် နီရဲလျက်ရှိလေ၏။

ရာဇာသည် ဝတ်မှုန်ကို အကဲခတ်၍ ကြည့်လိုက်ပြီးနောက် စဉ်းစား၍မရအောင် ဖြစ်သွားရ၏။

"နင်...နင် ငိုနေတယ် ဟုတ်လား ဝတ်မှုန် ...၊ နင့်မှာ ဘာအခက်အခဲ ရှိလို့လဲ ...၊ ငါ့ကို ပြောစမ်း၊ ငါ ဘာကူညီရမလဲ ..." ဟု ရာဇာ မေးလိုက်လျှင် ဝတ်မှုန်သည် အဝေးတစ်နေရာမှ ပျံသန်းသွားသော ငှက်ကလေးတစ်ကောင်ကို ငေး၍ကြည့်ရင်း လေးတွဲ့စွာသာလျှင် ခေါင်းခါယမ်းပြလိုက်လေ၏။

သူမ၏ပါးပြင်ပေါ်သို့ မျက်ရည်များသည် ပို၍ပို၍ပင် စီးကျလာသည်ဟု ထင်ရ၏။ သူသည် စိတ်ကို အလွန်အမင်း ထိန်းချုပ်ထားရသောကြောင့် သူ၏ကိုယ်ကလေးမှာ တသိမ့်သိမ့်တုန်နေလေ၏။ သွားဖြင့် တင်းတင်းကိုက်ထားသော သူ၏နှုတ်ခမ်းများမှာလည်း တဆတ်ဆတ်တုန်



လျက်ရှိ၏။

"ပြောလေ ဝတ်မှုန်...၊ နင် ငိုနေလို့ ပြီးမှာမဟုတ်ဘူး၊ ဘာအခက်အခဲ ဆိုတာ ငါ့ကို ပြောပြမှပေါ့ ..." ဟု ရာဇာက ထပ်၍မေးလိုက်ပြန်လျှင် ဝတ်မှုန်သည် ဘာမျှပြန်မပြောဘဲ သူမ၏ရှေ့မှ မြက်ပင်ကလေးများကိုသာလျှင် အကြောင်းမဲ့ ဆွဲ၍နှုတ်နေလေ၏။ နောက်ဆုံးတွင် ရာဇာက ဇွတ်အတင်း မေးလွန်းမက မေးသောအခါကျမှ ဝတ်မှုန်သည် –

"ငါ လူ့လောကကြီးမှာ မနေသင့်တော့ဘူး၊ ဒါပေမဲ့ ငါ လူ့လောကကြီးက ထွက်သွားရင်လည်း အမေ ဒုက္ခရောက်လိမ့်မယ်..." ဟု လေသံတိုးတိုးကလေးဖြင့် ခပ်ညည်းညည်းကလေး ပြောလိုက်လေ၏။ ထိုအခါ ရာဇာက –

"နင်က ဘာကိစ္စ လူ့လောကကြီးက ထွက်သွားရမှာတုံး ..." ဟု မေးလိုက်ပြန်လျှင် ဝတ်မှုန်က –

" လူ့လောကကြီးက ထွက်သွားမယ်ဆိုတာ ငါတစ်ယောက်တည်းတောင် မဟုတ်ဘူး ရာဇာ၊ အသက်နှစ်ချောင်း ထွက်သွားရမှာ..." ဟု ဖြေ၍ ပြောလိုက်လေ၏။ ရာဇာသည် 'ဟာ ...' ခနဲ တစ်ချက် ယောင်၍ အော်လိုက်မိ၏။ သူ၏ ပါးစပ်သည် အဟောင်းသား ဖြစ်သွား၏။ သူသည် [illegible]ကြောင်သော မျက်လုံးများဖြင့် ဝတ်မှုန်အား ကြည့်နေမိ၏။

"နင် ...နင်ဘာတွေဖြစ်နေတာလဲ ဝတ်မှုန် ..." ဟု ရာဇာက မေးလိုက်လျှင် ဝတ်မှုန်က သူမ၏အထက်မှ လူတစ်ဦးက သူမအား အတင်းအကြပ် ချစ်ရေးဆိုခဲ့ကြောင်း၊ ၎င်းအား အတိအလင်း ငြင်းဆိုခဲ့မည်ဆိုလျှင် သူမ၏အလုပ်မှာ ထိခိုက်သွားနိုင်ကြောင်း၊ နောက်ဆုံးတွင် ထိုသူသည် သူမ၏အချစ်ကို ဇွတ်အတင်း လုယူခဲ့ကြောင်း၊ ယခုအခါ ထိုသူသည် အခြား

www.burmeseclassic.com



ဒေသတစ်ခုသို့ ပြောင်းရွှေ့သွားရပြီဖြစ်ကြောင်း၊ ၎င်းတွင် မယားကြီးနှင့် သားသမီးများလည်း ရှိနေသည်ကို ယခုမှ သိရကြောင်း ...၊ သူမမှာ ယခုအခါ ဖခင်အမည်ဖော်ရန် မဖြစ်နိုင်သော ရင်သွေးငယ်ကို ဝမ်းနှင့်လွယ်ထားရပြီဖြစ်ကြောင်း ... ရှိုက်၍ရှိုက်၍ငိုရင်း ဝတ်မှုန်က ပြောရှာလေ၏။ ထို့နောက်တွင် ရာဇာနှင့်ဝတ်မှုန်တို့သည် ဘာစကားတစ်ခွန်းမျှ မဆိုဖြစ်ကြဘဲ ကန်ရေပြင်ကို ငေးကြည့်ရင်း အတန်ကြာအောင် ဆိတ်ဆိတ်ငြိမ်နေခဲ့ကြလေ၏။

ထို့နောက် ရာဇာသည် ဆတ်ကနဲ မတ်တပ်ရပ်လိုက်၏။ ဝတ်မှုန်၏ လက်မောင်းကို ဆွဲ၍ထူလိုက်၏။ ဝတ်မှုန်က နားမလည်နိုင်သော မျက်လုံးအစုံဖြင့် ရာဇာကို မော့၍ကြည့်လိုက်လေ၏။ ထိုအခါ ရာဇာက

"လာ … သွားကြမယ်…"ဟု ပြောလိုက်ရာ ဝတ်မှုန်က –

"ဘယ်ကို သွားကြမှာလဲ …"ဟု ပြန်၍ မေးလိုက်၏။

"တရားရုံးကို …"ဟု ပြတ်သားသော လေသံဖြင့်ပြောလိုက်ရင်း ရာဇာသည် ဝတ်မှုန်၏လက်ကိုဆွဲလျက် ရှေ့မှလျှောက်သွားလေတော့၏။

ထိုအချိန်၌မှာပင် ရာဇာနှင့်ဝတ်မှုန်တို့ ထိုင်ခဲ့သော နေရာရှေ့ ကန်ရေပြင်ထဲတွင် ပိတုန်းတစ်ကောင်သည် ကြာဖူးငုံလေး တစ်ခုပေါ်မှ ထ၍ ပြန်သွား၏။ ကြာဖူးငုံကလေးသည် ထိုပိတုန်း ပျံသွားသော အရှိန်ကြောင့် တနွဲ့နွဲ့ခါယမ်း၍ ကျန်ခဲ့ရရှာ၏။ ထိုအချိန်၌မှာပင် ထိုလှုပ်ယိမ်းနေသော ကြာဖူးငုံကလေးပေါ်သို့ လိပ်ပြာငယ်ကလေးတစ်ကောင်သည် ဆင်း၍ နားလိုက်လေတော့သတည်း…။ ။

အခန်း ၊၈၊

# တရားခံရာဇာ



ရာဇာသည် ဝတ်မှုန်နှင့် တရားရုံးသို့ သွား၍ လက်ထပ်ခဲ့လေ
…ရာတွင် ထိုသို့ လက်ထပ်လိုက်သည်မှလွဲ၍ ဘာမျှပြောင်းလဲမသွား
…သည် သူ၏ဆရာကြီး ဦးငွေရောင်နှင့်အတူ ဆက်၍နေထိုင်နေ၏။
… အချို့သောညနေပိုင်းများတွင်သာ တွေ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန်၏မိခင်ကြီးဒေါ်ခါဥသည် ဝတ်မှုန်နှင့်ရာဇာတို့ ထိုသို့ ရုတ်တရက် လက်ထပ်လိုက်ခြင်းအပေါ် မည်သို့မျှနားမလည်နိုင်အောင် ဖြစ်နေလေ၏။ သူသည် သူ၏သမီးအား ဘမောင်နှင့်သာလျှင် အကြောင်း ဆက် ပေါင်းဖက်စေလိုသူဖြစ်၏။ ယခုကဲ့သို့ အခြေအမြစ်မရှိသော၊ အာမ ချက် မရှိသော ရာဇာကဲ့သို့လူမျိုးနှင့်ယူလိုက်ခြင်းကို လုံးဝသဘော မတူနိုင် ဘဲ ဖြစ်နေလေ၏။

"ဟဲ့ကောင်မရဲ့...၊ နေစမ်းပါဦး...နင်က ဘာအရူးထပြီး ရာဇာလို အကောင်မျိုးနဲ့ ယူလိုက်ရတာတဲ့တုံး၊ ပြီးတော့ ဟိုကောင်က ကိုယ့်ဘို ဘာမှလည်း ဂရုစိုက်တာမဟုတ်ဘူး၊ လူကြားလို့မှ မတော်ပါဘူးအေ" တူ၍ ဒေါ်ခါဥကြီးက တဗျစ်တောက်တောက် လုပ်သောအခါများတွင် ဝတ် မှုန်သည် ဘာတစ်ခွန်းမျှပြန်မပြောဘဲ အသာခေါင်းငုံ့၍သာ နေလေ၏။

ဤသို့ဖြင့် ဝတ်မှုန်၏ကိုယ်ဝန်မှာ ခြောက်လခန့် ရှိလာခဲ့ပြီ ၏။ တစ်ညနေတွင် ရာဇာသည် ဒေါ်ခါဥကြီး၏အကြော်ဆိုင်သို့ ရောက်လာ ၏။

"အဒေါ် ...ဝတ်မှုန်ရော ..." ဟု ရာဇာက မေးလိုက်လျှင် ဒေါ်ခါဥ ကြီးသည် မျက်နှာကို တစ်ဖက်သို့လွှဲလိုက်ပြီး မကြားယောင်ပြု နေလေ၏။

"အဒေါ် ...ဝတ်မှုန် ဆိုင်ကိုမလာဘူးလား..." ဟု ရာဇာ ထပ်၍ မေးလိုက်ပြန်လျှင် ဒေါ်ခါဥကြီးသည် ဗူးသီးကို ဓားနှင့်ဆောင့် အောင့်ကြီးလှီးလိုက်ရင်း –

[illegible]

ပြန်၍ ပြောလေ၏။ ထို့ကြောင့် ရာဇာသည်း ဝတ်မှုန်တို့အိမ်သို့ [illegible]



...လေ၏။ ဝတ်မှုန်သည် အိပ်ရာထဲ၌ လှဲနေ၏။ ရာဇာက ဝတ်မှုန်ရှိရာ အိပ်အပေါ်ထပ်သို့ တက်သွားပြီးလျှင် တံခါးဝမှနေ၍

"ဝတ်မှုန် ...ဓါဝင်ခဲ့မယ်နော် ..." ဟု ပြောလိုက်လျှင် ဝတ်မှုန် သည် ဘာမျှပြန်မပြောဘဲ သူ၏နှုတ်ခမ်းကိုသာ တင်းတင်းကိုက်ထား လိုက်၏။ ထိုအခါ ရာဇာက –

"ဝတ်မှုန် ...ဓါဝင်ခဲ့မယ်လို့ပြောနေတာ ကြားတယ်မို့လား..." ဟု ထပ်၍ပြောလိုက်ရာ ဝတ်မှုန်သည် မျက်ရည်ကြည်များ ဝေ့နေသော မျက်ဝန်းအစုံဖြင့် ရာဇာအား လှမ်း၍ကြည့်လိုက်ပြီးလျှင် –

"ပြောနေစရာ လိုသေးလား ရာဇာရယ် ...၊ နင်နဲ့ငါနဲ့က လင်မယားပဲတာ ..." ဟု ပြောပြီးလျှင် တသိမ့်သိမ့် ရှိုက်ကာ ငိုနေလေ၏။ ရာဇာသည် ဝတ်မှုန်၏အနီးသို့ လျှောက်လာပြီးနောက် ဖျာပေါ်တွင် ဝင်၍ ထိုင်လိုက်၏။ ထို့ နောက် ဝတ်မှုန်၏နဖူးပြင်ကို လက်ဖြင့် အသာစမ်းရင်း

"နင်နေမကောင်းဘူးဆို ..." ဟု မေးလိုက်ရာ ဝတ်မှုန်က –

"နေမကောင်းတာကြီးတော့ မဟုတ်ပါဘူးဟယ် ...၊ နည်းနည်း လေး မအီမသာဖြစ်တာပါ။ လူနေမကောင်းတာထက် စိတ်နေမကောင်း တာက ပိုပြီးဆိုးတယ်၊ ဇာ့ဘဝက ဆိုးကို ဆိုးလွန်းပါတယ်၊ သူများတွေက တော့ နင်နဲ့ငါ့ကို တကယ့်လင်မယားလို့ ထင်နေကြမှာပဲနော်..." ဟု ပြောပြီး ဆက် စကားကို ရပ်ထားလိုက်လေ၏။ ရာဇာသည် ဝတ်မှုန်၏ လက်ဝါး ပြင်ကို ဖျစ်ညှစ်ဆုပ်ကိုင်၍ အားပေးလိုက်ပြီးနောက် –

"စိတ်မကောင်းစရာတွေ ဘာမှတွေးမနေပါနဲ့ဟာ၊ ရော့ ... ဒီမှာ နင့်ဖို့ အားဆေးတွေရယ်၊ မုန့်တွေရယ် ..." ဟု ဆိုကာ ၎င်း၏ လက်ထဲတွင်ဆွဲလာသော အထုပ်များကို ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့အတွက် ပင်ပန်းနေပါ့မယ်ရာဇာရယ်၊ တော်တော်ရယ်ဖို့တော့ ကောင်းတယ်နော် ...၊ နင်နဲ့လည်း ဘာမှမဆိုင်ဘဲနဲ့ ကြားထဲကနင်က ဒုက္ခရောက်နေရတာ၊ ငါ နင့်ကို အရမ်းအားနာတယ် ရာဇာရယ်..." ဟု ဝတ်မှုန်က ပြောလိုက်လျှင် ရာဇာက –

"သူများတွေ ပြောသံကြားဖူးတာကတော့ အားနာရင် ခါးပါတတ်တယ်လို့ ဆိုကြတာပဲ၊ အခုဟာကတော့ နင်က ခါးမပါလို့ အားနာတာပေါ့လေ ..." ဟုပြော၍ ရယ်လိုက်ရာ မျက်နှာလေး ညှိုးနွမ်းနေသော ဝတ်မှုန်လည်း ရာဇာ၏စကားကြောင့် အသံလွင်လွင်ကလေးဖြင့် ရယ်မောလိုက်မိလေ၏။ ထိုအချိန်၌မှာပင် –

"တော်တော်ပျော်နေကြတယ်ပေါ့ ဟုတ်လား ..." ဟူသောအသံကို ကြားလိုက်ရသဖြင့် နှစ်ဦးသား အခန်းဝဆီသို့ လှမ်း၍ကြည့်လိုက်ရာ အခန်းဝ၌ ခါးထောက်လျက် မားမားကြီးရပ်နေသော ဘမောင်ကိုတွေ့လိုက်ကြရလေ၏။ ဝတ်မှုန်သည် ပါးစပ်အဟောင်းသားဖြင့် ဘမောင်ကိုငေး၍ကြည့်နေ၏။ ရာဇာကမူ ...

"ဟာ...ဘမောင်...သူငယ်ချင်း၊ ကျောင်းပိတ်လို့ ပြန်လာတာလား ...၊ လာလေကွာ ...၊ ထိုင်..." ဟု ဝမ်းသာအားရ ခရီးဦးကြိုပြုလိုက်လေ၏။ ဘမောင်သည် မဲ့ပြုံးပြုံးလျက် ရှေ့သို့ တစ်လှမ်းချင်း လျှောက်လာပြီးနောက် ရာဇာနှင့် ဝတ်မှုန်တို့၏မျက်နှာများဆီသို့ လက်ညှိုးဖြင့်ထောက်ထိုးပြီးလျှင် –

"လူယုတ်မာတွေ ...၊ သစ္စာမရှိတဲ့တာတွေ၊ လူလိမ်တွေ –" ဟု ရင့်ရင့်သီးသီး ပြောလိုက်လေ၏။ ထိုအခါ ရာဇာက –

"သူငယ်ချင်း...မင်းမှားမယ်၊ ငါ ရှင်းပြပါရစေဦး...၊ ဘယ်လိုဖြစ်



ကြတာလဲ ဆိုတော့ ..." ဟု ပြောရင်း ဘမောင်၏ပခုံးအား လှမ်း၍ကိုင်လိုက်စဉ်၌မှာပင် ဘမောင်သည် ရာဇာ၏မျက်နှာအား ဘယ်ညာလက်သီးနှစ်ချက်ဆင့်၍ ထိုးချလိုက်လေတော့၏။ ရာဇာသည် မျက်နှာကို လက်ဝါးဖြင့်အုပ်ရင်း ခွေလဲကျသွား၏။

လဲကျနေသော ရာဇာ၏ကိုယ်ပေါ်သို့ ဘမောင်သည် ကားယားခွ၍ရပ်ရင်း ရာဇာ၏လည်ပင်းကို ဖွတ်အတင်းညှစ်လေတော့၏။ ရာဇာသည် မည်သို့မခုခံနိုင်ဘဲ ရှိလေ၏။ ဝတ်မှုန်သည် ထိုအဖြစ်အပျက်ကို အတန်ကြာအောင် ကြက်သေသေ၍ ငေးကြည့်နေလေ၏။ ထို့နောက်တွင်မှ ရာဇာ၏လည်ပင်းကို မလွှတ်တမ်းညှစ်ထားသော ဘမောင်အား ပြေး၍ဆွဲရင်း –

"ဘမောင် ...နင် အဲသလိုမလုပ်နဲ့ ...၊ နင်ထင်နေတာတွေ တစ်ခုမှမဟုတ်ဘူး ..." ဟု အော်ဟစ်နေလေ၏။ သို့ရာတွင် ဘမောင်သည် ရာဇာ၏လည်ပင်းကို လုံးဝ မလွှတ်ပေ။

ရာဇာသည် မျက်လုံးပြူး၍ သတိလစ်မတတ် ဖြစ်နေပြီဖြစ်၏။ ဝတ်မှုန်သည် ဘမောင်အား ဖွတ်အတင်းဆွဲရင်း မျက်ရည်များ တသွင်သွင်စီးကျနေ၏။ ပါးစပ်မှလည်း အော်ဟစ်နေ၏။ ထို့နောက်တွင် ဝတ်မှုန်သည် အနီး၌ လှမ်း၍တွေ့နေရသော ကတ်ကြေးကို ပြေး၍ဆွဲလိုက်ပြီးနောက် ကတ်နှစ်ပက်ဖြင့် စုံကိုင်ပြီးလျှင် ဘမောင်၏နံကြားသို့ အားကုန်ထိုးထည့်လိုက်လေတော့၏။

ဘမောင်သည် အားခနဲ တစ်ချက်အော်လိုက်ပြီးနောက် ဒဏ်ရာကို လက်ဖြင့်ဖိရင်း ဝတ်မှုန်အား ပြူးကြောင်သောမျက်လုံးတို့ဖြင့် ငေးကြည့်လျက် ဝုန်းခနဲ ပစ်လဲကျသွားလေတော့၏။ ဝတ်မှုန်လည်း မင်သက်မိသော အကြောင်သား ကြည့်နေလေ၏။ ထိုအချိန်၌မှာပင် ဘေးအိမ်မှ

www.burmeseclassic.com

www.burmeseclassic.com



အိမ်နီးချင်းနှစ်ဦးသည် အိမ်ပေါ်သို့ ပြေးတက်လာလေ၏။ ရာဇာသည် ပက်လက်အနေအထားမှ ရုတ်တရက်လူးလဲ၍ ထလိုက်ပြီးလျှင် ဝတ်မှုန်၏ လက်တွင်းမှ ကတ်ကြေးကို ဆွဲ၍လုလိုက်ပြီးနောက် လဲကျနေသော ဘမောင်၏ ခန္ဓာကိုယ်ပေါ်သို့ မိုး၍ရပ်လိုက်လေ၏။

အိမ်ပေါ်သို့ ပြေး၍တက်လာသော မိန်းမနှစ်ဦးလည်း အလန့်တကြားဖြင့် –

"လာကြပါဦးတော် ...ဟောဒီမှာ လူသတ်နေပါတယ် ...၊ လူသတ်နေပါတယ် ..." ဟူ၍ ခုနစ်သံချီ အော်ဟစ်ကြလေတော့၏။

"ကျုပ် ရဲစခန်းကို သွားပြီး အဖမ်းခံမှာပါ ..." ဟူ၍ ရာဇာ တည်ကြည်စွာ ပြောပြီးနောက် အိမ်အောက်သို့ ဆင်းလာရာ ရပ်ကွက် လူကြီးများနှင့်တွေ့သဖြင့် ရာဇာက ဘမောင်ကို သူသတ်လိုက်ပြီ ကြောင်း ပြောပြလေ၏။ ထိုအခါ ရပ်ကွက်လူကြီးများလည်း ရာဇာအား ရဲစခန်းသို့ ပို့ရလေ၏။

ကတ်ကြေးဒဏ်ရာဖြင့် သတိလစ်နေသော ဘမောင်မှာ ဆေးရုံသို့ရောက်ပြီး တစ်နာရီခန့်အကြာ၌ သတိပြန်၍ လည်မလာတော့ဘဲ သေဆုံးခြင်းသို့ ရောက်ရှိသွားလေတော့သတည်း။ ။

အခန်း ၉

# နာဂအာဒေကျောင်ကြမ်းဖြစ်ပေါ်တဲ့အချိန်



ရာဇာသည် ဘမောင်အား သတ်မှုဖြင့် အချုပ်ခံထားရပြီဖြစ်၏။ ရာဇာ၏အမှုအား စစ်ဆေးပြီးနောက် ဘမောင်အား ကတ်ကြေးဖြင့် အမှန်တကယ် သတ်ခဲ့ကြောင်း၊ သက်သေအထောက်အထား အချက်အလက်များ ...သည့်အပြင် တရားခံကိုယ်တိုင်ကလည်း ဝန်ခံခဲ့သောကြောင့် ရာဇာ ...ည် ထောင်ဒဏ် ၅ နှစ် ချမှတ်ခြင်း ခံရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာ၏ ဆရာကြီးဖြစ်သူ ဦးငွေရောင်က ရှေ့နေရှေ့ရပ် ဌာန၌ အယူခံကိစ္စ ကြိုးစားသေးသော်လည်း ဘမောင်၏ မိဘဆွေမျိုးများကလည်း ဘမောင်၏အမှုအား မကြိုးကြိုးအောင် ဖွတ်အတင်း ဆောင်ရွက်ကြလေ၏။

ဤသို့ဖြင့် ရာဇာအား သရက်ထောင်သို့ ပို့မည့်နေ့သို့ ရောက်လာလေ၏။ ကိုယ်ဝန်အရင့်အမာကြီးနှင့် ဝတ်မှုန်သည် ရာဇာအား လာ၍တွေ့၏။ ဝတ်မှုန်သည် ရင်ဝယ်ဆို့ကြပ်စွာ ခံစားနေရသဖြင့် မည်သည့်စကားကိုမျှ မဆိုနိုင်ဘဲ ရှိရှာလေ၏။ သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များသည်သာ တသွင်သွင် စီးကျနေလေတော့၏။ ရာဇာသည် သံတိုင်ကြားမှနေ၍ ဝတ်မှုန်၏ လက်နှစ်ဖက်ကို တင်းကျပ်စွာ လှမ်း၍ဆုပ်ကိုင်ရင်း –

“ဝမ်းနည်းစရာလို့ ယူဆရင်လည်း ဝမ်းနည်းရုံပဲပေါ့ ဝတ်မှုန်ရယ်...၊ ဒါပေမဲ့ ကျေနပ်အောင် ဝမ်းနည်းပြီးသွားတဲ့အခါမှာတော့ အခြားစိတ်ချမ်းသာစရာတွေ၊ ပျော်ရွှင်စရာတွေကိုလည်း ကျေနပ်အောင် စိတ်ချမ်းသာပစ်လိုက် ...၊ တစ်ဝကြီး ပျော်ရွှင်ပစ်လိုက် ... လို့ပဲ ငါ မှာခဲ့ချင်ပါတယ်၊ တကယ်တော့ ဘယ်ဖြစ်ရပ်မဆို လောကကြီးမှာ လိုအပ်လို့ ဖြစ်နေကြတာပါ ဝတ်မှုန်ရယ် ...၊ မလိုဘဲနဲ့ ဖြစ်တယ်ဆိုတာ လောကကြီးမှာ မရှိဘူး၊ ပြီးတော့ ဝမ်းနည်းစရာ ပျော်စရာဆိုတာဟာ တစ်ခုစီ ခွဲကြည့်နေလို့သာ ဝမ်းနည်းစရာ ပျော်စရာရယ်လို့ ထင်နေရတာတွေပါ –တကယ်က ဝမ်းနည်းစရာလည်း မရှိဘူး၊ ဝမ်းသာစရာလည်း မရှိဘူး အားလုံးဟာ လောကကြီးရဲ့ အလှတရားတွေပါ။ အရသာတွေပါ ...၊ နှင်းဆီ စဉ်းစားကြည့်လေ...၊ အဖြူရောင်ဆိုတာ ကောင်းသလား၊ ကောင်းရင် ပန်းချီကားတစ်ခုမှာ အဖြူရောင်တွေနဲ့ချည်းပဲ ရေးကြည့်ပါလား၊ ဆိုကြပါစို့ –အမည်းရောင်ဟာ မကောင်းဘူးလား၊ ဒါဖြင့် ပန်းချီကားတစ်ချပ်မှာ အမည်းရောင် မပါဘဲနဲ့ ရေးကြည့်ပါလား၊ အဲဒီပန်းချီကားဟာ မလှပနိုင်ပါဘူး ...နှုန်းရယ်...၊ ပန်းချီကားတစ်ချပ် လှပဝေဆာဖို့ ဆိုတာတွေဟာ အဖြူရောင်လည်း ပါရမယ်၊ အမည်းရောင်လည်း ပါရမယ်၊ အဝါလည်း ပါဖို့လိုအပ်...လို အနီလည်း ပါဖို့လိုအပ်တယ်၊ အပြာရောင်လည်း လိုတာပဲ ...၊ အဲဒီ...ရောင်တွေအားလုံး သူ့နေရာနဲ့သူ လိုအပ်သလို ရှိနေပါမှ အဲဒီပန်းချီကား... ကြည့်ပျော်ရှုပျော် ဖြစ်နေမှာပေါ့၊ အခုလည်း ငါတို့ရဲ့ဘဝမှာ ဒုက္ခဆိုတဲ့...ရောင်တစ်ခု ခြယ်သဖို့ လိုအပ်လာတဲ့ အချိန်မှာ ...၊ ခြယ်သဖို့ လိုအပ်...တဲ့ နေရာကလေးမှာ ငါတို့ဘဝတွေ လှပအောင် ဒုက္ခအရောင် အခြယ်ခံရ...သို့ပဲ နှင်နားလည်ထားလိုက်ပါ ဝတ်မှုန်ရယ်...”ဟု ရာဇာက တည်ငြိမ်... လေသံဖြင့် တစ်လုံးချင်း ပြောနေလေ၏။ ဝတ်မှုန်ခမျာမှုကား ...ည်များ အဆက်မပြတ် စီးကျလျက် ခေါင်းကိုသာတွင်တွင်ရမ်း... –

“အဲဒီအရောင်တွေ အရက်တွေ ငါ မသိဘူး ရာဇာရယ်...၊ ငါသိ...တော့ ငိုချင်တာပဲ သိတယ် ...”ဟု ဆိုကာ နောက်ကျောကလေး...သိမ့်တုန်သည်အထိ ရှိုက်ကြီးတငင် ငိုကြွေးနေလေတော့၏။

မကြာမီ ရာဇာနှင့် အခြားသော ထောင်ကျအကျဉ်းသားအချို့ကို ...ကားပေါ်သို့ တင်လေ၏။ ထို့နောက် အချုပ်ကားကြီးသည် တရွေ့...စထွက်ခွာသွားလေတော့၏။

ဝတ်မှုန်သည် အချုပ်ကား ပြတင်းပေါက်သံတိုင်ကလေးကြားမှ ...နေရသော ရာဇာအား လက်ပြနှုတ်ဆက်ရင်း ရင်တွင်းမှ ဆို့တက်...ာ အပူမီးဒဏ်ကို မခံနိုင်ရှာတော့ပြီဖြစ်ရကား ပုံကနဲ လဲကျ၍...သ် မေ့မြောသွားလေတော့သတည်း။







www.burmeseclassic.com

www.burmeseclassic.com

မည်တွင်သညာ ဒေါ်စရာတား မောင်နဂါး

ဝတ်မှုန်၏ကိုယ်ဝန်သည် တစ်နေ့ထက်တစ်နေ့ ရင့်မာလာပြီဖြစ်၏။ ရုံးလည်း မတက်နိုင်တော့ပေ။ မီးဖွားခွင့် ယူထားရ၏။ မိခင်ကြီး ဒေါ်ခါဥနှင့်အတူ အိမ်၌ပင် နေနေရ၏။ ဒေါ်ခါဥသည် အမြဲတစေ ဝတ်မှုန်အား ပြည့်တွန်တောက်တီးနေလေ၏။ သမီးဖြစ်သူအပေါ် အထင်အမြင်လွဲကာ မကျေမချမ်းဖြစ်နေခြင်း ဖြစ်၏။ ဝတ်မှုန်မှာမူ မိခင်ကြီးအား မည်သို့မျှ ရှင်းမပြနိုင်ဘဲ ကျိတ်မှိတ်မျို့သိပ်၍သာ ခံစားနေရလေ၏။

ဤသို့ဖြင့် တစ်ခုသော စနေနေ့ နေထန်းတစ်ပျားခန့် အချိန်တွင် ဝတ်မှုန်သည် သားရတနာလေးတစ်ဦးကို အခက်အခဲအမျိုးမျိုးကြားမှ ဖွားမြင်ခဲ့ရလေ၏။

ငင်းသားကလေးကို အမည်ပေး ကင်ပွန်းတပ်ရန် စဉ်းစားသောအခါ မိခင်ကြီးဒေါ်ခါဥက ငင်းတို့အိမ်သို့ ဆွမ်းခံကြွနေကျ ဦးဇင်းထံ၌ အမည်ပေးခိုင်းရန် တိုက်တွန်း၏။ ဝတ်မှုန်ကမူ တစ်ခါ က ရာဇာပြောပြသွားဖူးသော နဂါးက နဂါးရုပ်ထုသော ပုံပြင်ကလေးကို အမှတ်ထင်ထင် ရှိနေရကား ငင်း၏သားကလေးကို မောင်နဂါးတူ၍ပင် မှည့်ခေါ်ပေးလိုက်လေတော့၏။

မောင်နဂါးကလေး၏ အဘွားဖြစ်သူ ဒေါ်ခါဥသည် မောင်နဂါးကလေးအား အနည်းငယ်မျှပင် ချစ်မြတ်နိုးခြင်းမရှိပေ။ သူ့အနေနှင့် သဘောမတူဘဲ ဝတ်မှုန် စိတ်ရူးပေါက်၍ ဆိုင်းမဆင့် ဗုံမဆင့် ယူလိုက်သော၊ သူ့အနေနှင့် သားမက်မတော်စပ်ချင်သော ရာဇာ၏ရင်သွေးတူ၍လည်းကောင်း၊ လူသတ်သမား ထောင်ကျအကျဉ်းသား ရာဇာ၏ရင်သွေးဖြစ်၍လည်းကောင်း ယူဆကာ ... ကလေးငယ်အား တစ်ကြိမ်ကလေးမျှပင် ကောက်ယူချီပွေ့ဖူးခြင်း မရှိပါချေ။





ဝတ်မှုန်ကမူ မည်သို့သော ကုသိုလ်ကံ၊ မည်သို့သော အကုသိုလ်ကံ ဖန်လာ၍ ယခုကဲ့သို့ ဘဝစီးကြောင်းထဲသို့ ဝင်ရောက်လာသည် မသိသော သားကလေးနဂါးအား တယုတယပွေ့ဖက်ရင်း အချိန်နှင့်အမျှ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေရရှာလေတော့သတည်း။ ။

www.burmeseclassic.com

"အမြူးရောင်ဆိုတာ
ကောင်းသလား၊ ကောင်းရင်...
ပန်းချီကားတစ်ခုမှာ
အမြူးရောင်တွေနဲ့ချည်းပဲ
ရေးကြည့်ပါလား၊ ဆိုကြပါစို့...
အမည်းရောင်ဟာ မကောင်းဘူးလား၊
ဒါဖြင့် ပန်းချီကားတစ်ချပ်မှာ
အမည်းရောင် မပါဘဲနဲ့
ရေးကြည့်ပါလား၊ အဲဒီပန်းချီကားဟာ
မလှပနိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၁၀ ၊

# ဘယ်ရွေးကံရှယ်



တစ်နေ့သ၌ ရာဇာသည် အခြားသော အကျဉ်းသားများနှင့်အတူ သစ်ပင်များကို မြေတောင်မြှောက်ခြင်း၊ ရေလောင်းခြင်း ... စသည်တို့ ပြုလုပ်နေလေ၏။ ထိုအချိန်၌ ၎င်း၏အနီးသို့ အသက် (၅၀) ခန့် လူကြီး တစ်ဦး ရောက်လာပြီးလျှင် –

www.burmeseclassic.com

www.burmeseclassic.com



"ဒီကမောင်ရင်လေးကို ကျုပ် မြင်ဖူးသလိုပဲ ..." ဟု ပြောလိုက်ရာ ရာဇာလည်း ထိုလူကြီးအား သေချာစွာပြန်၍ ကြည့်ပြီးနောက် -

"ကျွန်တော်လည်း ဦးလေးကို မြင်ဖူးသလိုပဲဗျ၊ ဘယ်မှာတွေ့ဖူးတာလဲဆိုတာကို စဉ်းစားနေတာ ..." ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ထိုလူကြီးက -

"မောင်ရင်က ဘယ်ကလဲ ..." ဟု မေးလိုက်ရာ ရာဇာက -

"ကျွန်တော် တောင်တွင်းကြီးကပါ ..." ဟု ပြန်၍ဖြေလိုက်လေ၏။ ထိုအခါ ထိုလူကြီးသည် တစ်ချက် ကွက်ကနဲ မျက်နှာပျက်သွားလေ၏။ ထို့နောက် ပြုံးလိုက်ရင်း -

"ဟုတ်ပြီ ... ဟုတ်ပြီ ဟုတ်ပြီ၊ ကျုပ်လည်း တောင်တွင်းကြီးမှာ နေခဲ့ဖူးတယ်၊ ကျုပ်နာမည်က ဦးမြဦးလို့ ခေါ်ပါတယ် ..." ဟု ပြောလိုက်ရာ ရာဇာသည် တွေတွေကြီး ဖြစ်သွား၏။ ထိုနာမည်ကို ၎င်းအနေနှင့် ကြားဖူးနေ၏။ ဝတ်မှုန်ပြောပြဖူးသော နာမည်ပင် ဖြစ်လေတော့၏။ ရုတ်ချည်းဆိုသလိုပင် ရာဇာ၏မျက်နှာသည် ပြိုတော့မည့်မိုးကဲ့သို့ ညှိုပုပ်၍ သွား၏။ ထို့နောက် ဦးမြဦးအနီးသို့ တိုးကပ်သွားပြီးလျှင် -

"ဟောဒီက ဦးမြဦးအနေနဲ့ ကျုပ်ကို သိဖို့မလိုပါဘူး၊ ဒါပေမဲ့ ဝတ်မှုန်ဆိုတဲ့ အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကိုတော့ ကောင်းကောင်းသိဖို့ လိုတယ်၊ ခင်ဗျားကြောင့် ဝတ်မှုန်ရဲ့ဘဝလေးဟာ တောမျောက်ရိုင်းတွေရဲ့ လက်ချက်နဲ့ ဖရိုဖရဲ ပျက်စီးသွားရတဲ့ ငှက်ပျောပင်အုပ်လို ဖြစ်သွားခဲ့ရတယ် ..." ဟု ပြောလိုက်လျှင် ဦးမြဦးသည် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်အမ်းအမ်းကြီး ဖြစ်နေလေ၏။ ထို့နောက်တွင်မှ -



"နေ ... နေပါဦး၊ အဲဒီ ဝတ်မှုန်နဲ့ မောင်ရင်နဲ့က ဘယ်လိုများ ပတ်သက်လို့လဲ ..." ဟု မဝံ့မရဲလေသံဖြင့် မေးလိုက်ရာ ရာဇာက မဲ့ပြုံးပြုံးလိုက်ရင်း

"ဘယ်လိုပတ်သက်သလဲဆိုတော့ ခင်ဗျားကြီးယုတ်မာခဲ့တဲ့အတွက် ကျုပ်ဟာ ဝတ်မှုန်ကို လက်ထပ်ခဲ့ရတဲ့သူဖြစ်တယ်၊ ခင်ဗျားကြောင့် ကျုပ်ရဲ့ချစ်သူငယ်ချင်း ဝတ်မှုန် ဘဝပျက်ခဲ့ရတယ်၊ ကျုပ်ရဲ့ရည်ရွယ်ချက်ကြီး အထစ်အငေါ့ ဖြစ်သွားခဲ့ရတယ်၊ ကျုပ် အင်မတန်ချစ်တဲ့ သူငယ်ချင်းတစ်ယောက် အသက်သေဆုံးသွားခဲ့ရတယ်၊ အဲဒါတွေကို ခင်ဗျား ဘာနဲ့လျော်ကြေးပေးဆပ်မလဲ ဦးမြဦး ..." ဟု လေသံမာမာဖြင့် ပြောရင်း ရာဇာသည် ဦးမြဦး၏အနီးသို့ ထပ်မံ၍တိုးကပ်လိုက်ပြန်၏။ ဦးမြဦး၏ မျက်နှာသည် ရုတ်ချည်းဆိုသလို ကြောက်လန့်တကြားဖြင့် ဖြူပပ်ဖြူလျော်ဖြစ်သွား၏။ တုန်ရီနေသော လက်ဝါးနှစ်ဖက်ဖြင့် ဟန့်တားရင်း နောက်သို့ အရွေ့ရွေ့ဆုတ်လျက် -

"ကျုပ် ... ကျုပ် တောင်းပန်ပါတယ် မောင်ရင်ရယ် ...၊ ကျုပ်ကို ချမ်းသာပေးပါ ..." ဟု၍ အထစ်ထစ်အငေါ့ငေါ့ ပြောကာ ရာဇာအား တောင်းပန်နေလေ၏။ ထိုအချိန်၌ အခြားသူများလည်း ရာဇာတို့အနီးသို့ ရောက်လာကြ၏။ ဦးမြဦးသည် အလွန်အမင်း ထိတ်လန့်တုန်လှုပ်နေ သော မျက်နှာဖြင့် -

"ကျုပ် ... ကျုပ် အသက်ကို ချမ်းသာပေးပါ မောင်ရင်ရယ်၊ ကျုပ်ကို ချမ်းသာပေးပါ ..." ဟု တောင်းပန်နေပြန်လေ၏။ ရာဇာသည် ဦးမြဦးကြီး၏ အမူအရာကိုကြည့်ပြီး ဟက်ကနဲ တစ်ချက်ရယ်လိုက်၏။ ထို့နောက် -

www.burmeseclassic.com

www.burmeseclassic.com



''နားထောင်ကောင်းလွန်းလို့ တစ်ခေါက်လောက် ပြန်ပြောစမ်းပါဦး ဦးမြဦးရဲ့ ...၊ သူများတွေကိုကျတော့ ဘဝတွေပျက်၊ အသက်တွေဆုံး၊ ဒုက္ခတွေရောက်အောင် မစဉ်းမစား လုပ်ချင်သလိုလုပ်ခဲ့ပြီး ကိုယ့်အလှည့်ကျတော့ ချမ်းသာပေးပါ ဟုတ်လား ...၊ ရယ်စရာကောင်းလိုက်တာဗျာ ...၊ ဟား ... ဟား ... ဟား ... '' ဟု ပြောဆိုရယ်မောရင်း ရာဇာသည် လွန်စွာသန်မာလှသော လက်အစုံဖြင့် ဦးမြဦး၏ ပုခုံးကို ဖမ်းကိုင်လိုက်လေ၏၊ ဦးမြဦးသည် အလွန်အမင်း ကြောက်ရွံ့ကာ တဆတ်ဆတ်တုန်နေပြီဖြစ်၏။

''ကျုပ် ... ကျုပ် ... ကျုပ်ကို ချမ်းသာပေးပါ မောင်ရင်ရယ်'' ဦးမြဦးက သွေးဆုတ်နေသော မျက်နှာဖြင့် တောင်းပန်လိုက်ပြန်၏။

''ကျုပ်မှာ ခင်ဗျားကို ချမ်းသာပေးပိုင်ခွင့်လည်း မရှိဘူး၊ ဒုက္ခပေးပိုင်ခွင့်လည်း မရှိဘူး၊ ရှိရင်လည်း ဘာမှမလုပ်ပါဘူး၊ လောကကြီးမှာ ဘယ်သူမဆို ကိုယ်လုပ်သမျှ ကိုယ့်စရိတ်နဲ့ကိုယ် သွားကြမှာတွေပါ၊ လောကကြီးက ဒီအတိုင်းကြည့်မနေပါဘူး၊ လောကကြီးရဲ့တစ်နေရာမှာ ငရဲကို ပို့ရမယ့်စာရင်း၊ နတ်ပြည်ကို ပို့ရမယ့်စာရင်း ရှိနေပြီးသားပါ၊ သူဟာနဲ့သူ ပြီးသွားကြမယ့်ကိစ္စတွေကို ဝင်ပြီးရှုပ်ရလောက်အောင် ကျုပ်မညံ့သေးပါဘူး ဦးမြဦးရယ် ...၊ ကျန်တဲ့လူတွေအတွက်တော့ မသိဘူးပေါ့ဗျာ ...၊ ခင်ဗျားရဲ့ နဖူးမှာတော့ ငရဲပြည်သို့ဆိုတဲ့ တံဆိပ်ကြီးကို ထင်ထင်ရှားရှား မြင်နေရတယ်၊ ဒါလေးပဲ ကျုပ် ပြောချင်ပါတယ် ... '' ဟု ရာဇာက ပြောလိုက်သောအခါကျမှ ဦးမြဦးသည် ဟူးကနဲ သက်ပြင်းရှည်ကြီးကို ချလိုက်နိုင်လေတော့၏။ ဘေးမှလူများကလည်း ၎င်းတို့နှစ်ဦးအား သပ်သပ်စီ ခွဲထုတ်သွားကြလေတော့၏။





နောက်တစ်နေ့တွင် ရာဇာသည် ပေါက်ပြားတစ်လက်ဖြင့် မြေ...ကို ဆွပြီး သစ်ပင်များကို မြေတောင်မြှောက်ပေးနေလေ၏။ ထိုအချိန်...ဦးမြဦးကြီးသည် ရောက်လာပြန်ပြီးလျှင် ရာဇာအား ဆေးပေါ့လိပ်နှစ်...လိပ်ပေးရင်း –

''မောင်ရာဇာရေ ...၊ ဦးကို ဘယ်လိုမှသဘောမထားနဲ့နော်၊ ...ရော့ ... ရော့ ...၊ မောင်ရင့်ကို ခင်လို့လက်ဆောင်ပေးတာပါ...'' ဟု ...လေသံပျော့ပျော့လေးဖြင့် ပြောလျှင် ရာဇာက ခေါင်းကို တွင်တွင်ရမ်းရင်း

''ကျုပ်ကို ဘာမှပေးစရာမလိုဘူး ဦးမြဦးရဲ့ ...၊ ကျုပ်ကို ဆေး...နှစ်လိပ်ပဲ ပေးပေး၊ ခင်ဗျားရဲ့သမီးနှစ်ယောက်ပဲ ပေးပေး၊ ရွှေနှစ်...သားပဲ ပေးပေး၊ တချို့ကိစ္စတွေက ပြင်လို့မရပါဘူး၊ ခင်ဗျားနဖူးက ...သို့ဆိုတဲ့ စာတမ်းကြီးက ငရဲကျ မပြီးမချင်း ပျက်မှာမဟုတ်ပါဘူး ...၊ ဒီတော့ ... ခင်ဗျား ကျုပ်ကို ဘာနဲ့မှ မျက်နှာချို လာသွေးစရာ ...ဘူး၊ သွားတော့ ... သွားတော့ ... '' ဟု မောင်းထုတ်လိုက်လေ၏။ ...သော် ဦးမြဦးကြီးက –

''ကျုပ် ... ကျုပ်က စေတနာနဲ့ပါ မောင်ရင်ရယ် ...'' ဟု ပြန်...လိုက်လျှင် ရာဇာက –

''ရယ် ... ရယ်ရသေးတော့ဗျာ ...၊ ဘာစေတနာလဲဗျ၊ သွား ... သွား၊ ကျုပ် ဒေါသထွက်မလာခင် ခင်ဗျား ဝေးဝေးကို သွားစမ်းပါ'' ...အော်ဟစ်ရင်း ဦးမြဦးကြီးအား ဆောင့်၍တွန်းလိုက်လေ၏။ ဦးမြဦးကြီး...ကြောက်လန့်တကြားဖြင့် ချာကနဲ နောက်သို့လှည့်၍ ပြေးထွက်လိုက်...ထိုအခိုက်မှာပင် ရေညှိတက်နေသော မြေပြောင်ပြောင်ကို နင်းမိကာ...တနဲ လဲလေတော့၏။ ရာဇာသည် ဦးမြဦးကြီး၏ လက်ကို ဖမ်းဆွဲ

www.burmeseclassic.com



လိုက်၏။ သို့သော် ဦးမြဦးကြီး၏မျက်နှာသည် ရာဇာချထားသော ပေါ်
ပြားဆီသို့ အရှိန်နှင့်ပြေး၍ဆောင့်လေတော့၏။ ဦးမြဦးကြီးသည် အာခေါ
ခြစ်၍ ဝူးဝူးဝါးဝါး အော်ဟစ်လိုက်၏။ သွေးများသည်လည်း ပြာကနဲ ပန်း
ထွက်လာ၏။

ဦးမြဦးကြီး၏ အော်သံကြောင့် အခြားသော အကျဉ်းသားများ
သည် အပြေးအလွှား ရောက်ရှိလာကြလေ၏။ ရာဇာသည် လဲကျနေသော
ဦးမြဦးကြီး၏အနီးတွင် မားမားကြီး မိုး၍ ရပ်နေ၏။ ကြက်သေသေတာ
မျက်လုံးကြီးပြူးလျက် ပါးစပ်အဟောင်းသား ဖြစ်နေလေ၏။ ဘေးမှလူနှ
ဦးသည် ရာဇာ၏ လက်မောင်းနှစ်ဖက်အား ဆွဲ၍ချုပ်လိုက်ကြ၏။ ဦးမြဦး
ကြီးမှာမူကား သွေးအိုင်ထဲတွင် အသက်ပျောက်နေပြီဖြစ်၏။

အခြားသော အကျဉ်းသားများက ရာဇာနဲ့ ဦးမြဦးကြီးသည်
ရန်ဖြိုးရန်စ ရှိကြကြောင်း၊ အခင်းဖြစ်ပွားသောအချိန်၌ ၎င်းတို့နှစ်ဦး အော်
ဟစ်ပြောဆိုနေသံကို ကြားရကြောင်း၊ ၎င်းတို့ ရောက်ရှိသွားသောအချိန်
၌ ဦးမြဦးကြီးသည် ရာဇာအလုပ်လုပ်နေသော ပေါက်ပြားဒဏ်ရာဖြင့် အ
သက်ပျောက်နေပြီဖြစ်ကြောင်း ဝိုင်းဝန်းထွက်ဆိုကြလေ၏။

ဤသို့ဖြင့် ... ထောင်ကျအကျဉ်းသား ရာဇာသည် ဦးမြဦးကြီး
သေဆုံးမှုအတွက် ထပ်မံ၍ ပြစ်ဒဏ်တိုးခြင်းကို ခံရပြန်ပါလေတော့သတည်း

အခန်း၊ ၁၀၊

# ပန်းချီဆရာကလေး တံမြက်စည်းလှည်းသမားကလေး



ရာဇာသည်
...ပ်မှ လွတ်ခဲ့လေပြီ ...။

ထိုသို့လွတ်လာပြီးသည့်နောက်တွင်လည်း သူသည် သူ၏
...ကြီးဖြစ်သူ ဦးငွေရောင်နှင့်သာလျှင် ဆက်လက်၍ နေထိုင်ခဲ့လေ၏။
...ငွေရောင်မှာ အသက်ကလေးထောက်လာပြီဖြစ်၍ ယခင်ကကဲ့သို့
...ပ်များကို ကောင်းစွာလုပ်ကိုင်နိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့်
...တသာလျှင် ဦးဆောင်၍ လုပ်ကိုင်ပေးနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန်သည် ကလေးတစ်ဖက်နှင့် ဖြစ်နေသည့်အပြင် မိခင်ကြီး ဒေါ်ခါဥမှာလည်း ကျန်းမာရေးမကောင်းရကား အလုပ်မှ ထွက်လိုက်ရ ညနေစောင်းများတွင် ဒေါ်ခါဥ၏ကိုယ်စား ကန်တော်ကြီးစောင်း၌ အကြော ရောင်းသောအလုပ်ကို လုပ်ကိုင်နေရလေ၏။

ရာဇာသည် ညနေစောင်းများ၌ ဝတ်မှုန်၏ဆိုင်သို့ ရောက်လာ တတ်၏။ ထင်းခွဲပေးခြင်း၊ ရေခပ်ပေးခြင်း၊ ကြက်သွန်လှီးပေးခြင်း စသည့် အလုပ်များကို ကူညီလုပ်ကိုင်ပေး၏။ ထို့နောက်တွင်ကား ထုံးစံအတိုင်း ဝေဇယန္တာဘုံနန်းကြီး ရေးဆွဲမည့် ဘုတ်ပြားကြီးနှင့် စုတ်တံများ၊ ဆေးများ ကိုယူကာ ကန်စောင်းတစ်နေရာရှိ ၎င်းထိုင်နေကျ နေရာကလေးသို့ သွားပြီး ပန်းချီရေးဆွဲရန် စနစ်တကျ ပြင်ဆင်လေတော့၏။ ထို့နောက် ထုံးစံအတိုင်း မြက်ခင်းပေါ်၌ ပက်လက်လှန်လှဲချကာ ကောင်းကင်ပြာကြီး ကို ငေးမောကြည့်နေပြန်လေတော့၏။

တစ်ခုသော ညနေစောင်း၌ ရာဇာသည် အထက်က ဆိုခဲ့သည့် အတိုင်း မြက်ခင်းပြင်၌ ကျေနပ်စွာ လဲလျောင်းရင်း ကောင်းကင်ပြာကြီး ငေးကြည့်နေလေ၏။ ထိုစဉ် သူ့အနီးသို့ လူတစ်ဦးရောက်လာပြီး ထိုင် လိုက်သဖြင့် ကြည့်လိုက်သောအခါ ဗိုးလန်ဒန်ဆိုသော အရှုးကြီးတစ်ဦး ဖြစ်နေကြောင်း တွေ့လိုက်ရလေ၏။

၎င်း ဗိုးလန်ဒန်ဆိုသော အရူးကြီးမှာ ယဉ်ယဉ်ကလေးနှင့် ရူးနေသူ တစ်ဦးဖြစ်၏။ စကားပြောလျှင် စကားဆယ်ခွန်း၌ ရှစ်ခွန်းခန့် အင်္ဂလိပ်စကား ညှပ်၍ ပြောလေ့ရှိ၏။ ၎င်းငယ်စဉ် ကျောင်းသားဘဝက အင်္ဂလိပ်စာအရာ၌ လွန်စွာထူးချွန်ခဲ့၏။ ၎င်းသည် အင်္ဂလိပ်လူမျိုးတို့၏ နေပုံထိုင်ပုံ၊ စားသောက်ပုံ ပြောပုံဆိုပုံတို့ကို လွန်စွာအထင်ကြီး၏။



လန်ဒန်ဆိုသောမြို့ကြီးသို့ အရှုးအမူး ရောက်ဖူးလိုသူဖြစ်၏။ အမြဲ တစေ သူ့ဖြစ်ဘဝ၌ တစ်ချိန်ချိန်တွင် လန်ဒန်မြို့ကြီးသို့ မရောက် ရောက် အောင်သွားမည်ဖြစ်ကြောင်း ကြုံးဝါးနေလေ့ရှိ၏။ ဤသို့ဖြင့်ပင် ရူးမှန်းမသိ ရူးသွားခဲ့ခြင်း ဖြစ်လေတော့၏။ ထိုသို့ ရူးသွားသောအခါ၌လည်း လန်ဒန် ဆိုသောစကားလုံးကိုသာ ရေလဲသုံး၍ ပြောနေတတ်သဖြင့် ၎င်း၏နာမည် ရင်း ပျောက်သွားပြီး အရူးကြီးဗိုးလန်ဒန်ဟူ၍သာ အများက ခေါ်ဝေါ်ခဲ့ကြ လေတော့၏။

ယခုလည်း ၎င်းအရူးကြီးဗိုးလန်ဒန်သည် ရာဇာ၏အနီး၌ ဝင်၍ ထိုင်လိုက်ပြီးနောက် –

"ဟဲလို ...ဂွဒ်အီးဗီးနင်း လူကလေး ...၊ ကောင်းသောညနေခင်း ကဲ့သလို စိတ်ကောင်းရှိသော လူကလေး ဖြစ်ပါစေလို့လည်း ဆုတောင်း လိုက်ပါတယ်၊ စိတ်ကောင်းရှိတဲ့လူကလေးဆီမှာ မီးခြစ်ကောင်းကောင်း လည်း ရှိနေမှာပါပဲ ...၊ ကျေးဇူးပြုပြီး ကျွန်ုပ်ကို အဲဒီမီးခြစ်ကောင်းကောင်း လေး ခဏငှားပါလား ..."ဟု ပြောလိုက်သဖြင့် ရာဇာလည်း ၎င်းအရူး ကြီးဗိုးလန်ဒန်အား မလိုလားသော မျက်လုံးမျိုးဖြင့် တစ်ချက်ကြည့်လိုက် ပြီးနောက် အိတ်ကပ်ထဲမှ မီးခြစ်ကို စမ်း၍နှိုက်ပြီး ထုတ်ပေးလိုက်လေ၏။ ထိုအခါ အရူးကြီးဗိုးလန်ဒန်သည် မီးခြစ်ကို လှမ်းယူ၍ တစ်ချက်နှစ်ချက် ခန့်ကြည့်လိုက်ပြီး နောက် –

"အိုး ...ဂွတ်ဒ်ထ...ဂွတ်ဒ်ထ...၊ ဂွတ်ဒ်အီးဗီးနင်း ...ဂွတ်ဒ်ဘွိုင်း ပတ်ဒ်လိုက်တား ... အားလုံးနီးပါးကောင်းနေပြီ၊ တစ်ခုတော့ လိုနေသေး တယ်၊ ဂွတ်ဒ်ဆီးဂါး လိုနေသေးတယ်၊ ဂွတ်ဒ်ဆီးဂါး ... ၊ကောင်းသော ညနေခင်း မင်္ဂလာအခါသမယမှာ ကောင်းသောလူကလေးတစ်ဦးဆီက

www.burmeseclassic.com



ကောင်းသောမီးခြစ်ကလေးတော့ ရနေပြီ၊ ကောင်းသော ဆေးပေါ့လိပ်တို ကလေးပါ ရရင်တော့ အားလုံး အိုကေမှာ မြားပြသွားမယ် ...''ဟု ပြော လိုက်ပြန်ရာ ရာဇာက -

''ခင်ဗျားဟာကလည်းဗျာ...၊ ဆေးလိပ်မီးတို့ချင်လို့ မီးခြစ်ငှား တယ် အောက်မေ့တာ ...မီးခြစ်ငှားပြီးပြန်တော့လည်း မပြီးသေးဘဲကိုး အစကတည်းက ဆေးလိပ်တောင်းလိုက်ရင် ပြီးရောဗျာ ...''ဟု ပြောလိုက် လေ၏။ ထိုအခါ အရှုးကြီးဖိုးလန်ဒန်က -

''မဟုတ်ဘူးကွ၊ မီးခြစ်ကို အရင်မေးရမှာ...၊ မီးခြစ်ရှိတယ် ဆို တာ သေချာမှ ဆေးလိပ်တောင်းတဲ့အလုပ်ကို လုပ်ရမှာကွ၊ ဆေးလိပ်အရင် တောင်းပြီးကာမှ မီးမရှိဘူးဆိုရင် ငါက အဲဒီဆေးလိပ်ကြီးကို ဘာသွားလု ရမှာတဲ့တုံး ...၊ အပိုကြီး ဖြစ်သွားမှာပေါ့ကွ၊ ဒါကြောင့် မီးခြစ် ပါ ပထမ တောင်းကြည့်တာ ...၊တောင်းပြီး ခြစ်လို့ရမရ စမ်းကြည့်ရသေးတာ သေချာပြီဆိုမှ ဆေးလိပ်ကို တောင်းရတာပေါ့ ကောင်းသောလူကလေး ရဲ့...၊ ကိုယ်တို့လန်ဒန်မှာတော့ အဲဒီလိုပဲ လုပ်ကြတယ် ...''ဟု ပြောလိုက် ရာဇာသည် ဆေးပေါ့လိပ်တစ်လိပ်ကိုထုတ်၍ အရူးကြီးဖိုးလန်ဒန်အား ပေးလိုက်ပြီးနောက် -

''ကဲပါဗျာ ...ရော့ရော့ ...၊ ဟောဒီမှာ ဆေးပေါ့လိပ်၊ ကျုပ်သော က် ဖို့ တစ်လိပ်ပဲရှိတာ ...၊ အဲဒါ ခင်ဗျားကို ပေးလိုက်ပါတယ်၊ တစ်ဝကြီးသော ပေတော့ ...၊ အရေးကြီးတာက စကားပြောရင် လန်ဒန်အကြောင်း မပါပြ ဗျာ ...''ဟု ပြောလိုက်လေ၏။ အရူးကြီးဖိုးလန်ဒန်သည် ဆေးပေ့လိ ပင်စီခံကို ၎င်း၏ စုတ်ပြတ်ပေကျံနေသော ပုဆိုးစဖြင့် ပွတ်၍သုတ်လိုက် ထို့နောက်တွင်မှ မီးညှိ၍ရှိုက်ဖွာလိုက်ရင်း -



''ကိုယ်တို့လန်ဒန်မှာတော့ ...ဒီလိုဆေးလိပ်သောက်တာကအစ သန့်သန့်ပြန့်ပြန့်ဖြစ်အောင် ဂရုစိုက်တယ်ကွ ...'' ဟု ပြောလိုက်ရာ ရာဇာ လည်း သဘောကျလွန်းသဖြင့် ရယ်လိုက်မိလေ၏။ ထို့နောက် -

''ဆေးလိပ်က သူ့ဟာသူ သန့်ပြီးသားပါဗျာ ...၊ ခင်ဗျားပုဆိုးကြီး နဲ့ သုတ်လိုက်ကာမှ ပိုပြီးညစ်ပတ်သွားတာ ...''ဟု ပြောလိုက်လျှင် ဖိုးလန်ဒန် ကြီးက -

''နိုး..နိုး ..လူကလေး အတွေးတွေ မှားနေပြီ၊ ညစ်ပတ်တယ် ဆိုတာ သူများရဲ့အညစ်အကြေးကို ပြောတာ၊ ကိုယ့်ခန္ဓာကိုယ်က အညစ် အကြေးကိုတော့ ညစ်ပတ်တယ်လို့ မထင်ကြပါဘူးကွာ...၊ မင်းဝမ်းဗိုက် ထဲမှာ မစင်တွေရှိနေတာပဲ၊ မင်း ရွံသေးလို့လား၊ အပြင်ကို စွန့်ထုတ်ပစ် လိုက်ပြီး ငါ့ဟာမဟုတ်တော့ဘူးလို့ သတ်မှတ်လိုက်တဲ့အခါကျမှ ရွံသွားတာ ပါကွာ ...၊ မင်းရဲ့နှာခေါင်းထဲက နှပ်ရည်ကို မင်း မရွံသေးပါဘူးကွ၊ ဒါပေမဲ့ အပြင်ကို ညှစ်ထုတ်လိုက်ပြီးရင်တော့ ရွံသွားတော့တာပဲဟေ့ ...''ဟု စကားပတ်ကုံး ပြောပြနေလေရာ ရာဇာက -

''တော်ပါတော့ဗျာ...၊ ခင်ဗျားရဲ့အရွံ့ဒီကာကြီးကို ရပ်လိုက်ပါ တော့ ...၊ ကျုပ် ဒီမှာ ပန်းချီဆွဲဖို့ စိတ်ကူးနေတာလေး ပျက်သွားပါဦး မယ်ဗျာ ...''ဟု ပြောလိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက အံ့အားသင့် သွားသော မျက်နှာမျိုးဖြင့် ရာဇာ၏အနီးသို့ တိုးကပ်ပြီး ရာဇာ၏မျက်နှာကို သေချာကြည့်နေလေ၏။ ထို့နောက် -

''အလို ..လူကလေးက ပန်းချီရေးမယ် ဟုတ်စ ...၊ ဘာပန်းချီ ရေးမှာလဲ ...၊ တကယ်ကော ရေးတတ်လို့လား၊ စုတ်တံကိုင်ရုံးတော့ ပန်းချီဆရာမဟုတ်ဘူးနော် ကိုယ့်လူ ...၊ သေချာစဉ်းစားကြည့်ရင် တံမြက်



www.burmeseclassic.com

www.burmeseclassic.com



စည်း လှည်းနေတဲ့ မိန်းမတစ်ယောက်ဟာလည်း စုတ်တံအကြီးကြီးကိုင်ပြီး ဆေးခြယ်နေတာနဲ့ အတူတူပါပဲ၊ ပန်းချီမဆွဲတတ်ဘဲနဲ့ စုတ်တံကိုကိုင်ရင်တော့ ပန်းချီဆရာတော့ ဖြစ်မှာမဟုတ်ဘူး ...၊ တံမြက်စည်း သေးသေးလေးနဲ့ စက္ကူပေါ်မှာ အမှိုက်လှည်းနေတဲ့သူပဲ ဖြစ်သွားလိမ့်မယ်၊ ဒီတော့ ကိုယ့်လူက တကယ့်ပန်းချီဆရာလား၊ သန့်ရှင်းရေးသမားလား ...၊ တောဟို ဘူးထဲက ဟာတွေက စုတ်တံတွေလား၊ တံမြက်စည်း အသေးစားလေးတွေလား...''ဟု မေးလိုက်လေရာ ရာဇာသည် ထောင်းခနဲ ဒေါသထွက်သွားလေ၏။ ထို့ကြောင့် –

''သွားတော့ ..သွားတော့ ..၊ ခင်ဗျားကြီး သွားတော့၊ ကျုပ်က တကယ့်ပန်းချီဆရာဗျ၊ ဘယ့်နှယ့်ဗျာ ... အရူးကနေပြီး ပန်းချီဆရာကို စော်ကားမော်ကား လာပြီးပြောရတယ်လို့ဗျာ ...''ဟု မခံမရပ်နိုင်စွာဖြင့် ပြောလိုက်လျှင် အရူးကြီးဗိုးလန်ဒန်သည် သဘောကျစွာဖြင့် ပုခုံးများပင် လှုပ်သည်အထိ အားရပါးရ ရယ်မောလိုက်လေ၏။ ထို့နောက် –

''ဂွတ်ဒ်ထ...ဂွတ်ဒ်ထ...၊ ဂွတ်ဒ်လေစွ...ဂွတ်ဒ်လေစွ၊ တကယ့်ပန်းချီဆရာဆိုရင်တော့ ပြောရဦးမှာပေါ့လေ ...''ဟု စကားစလိုက်ပြီးနောက် ဆေးပေါ့လိပ်ကို သုံးလေးဖွာခန့် ဆက်တိုက်ဖွာလိုက်ပြီးလျှင် မီးခိုးများကို မိုးကောင်းကင်ဆီသို့ ဟူးကနဲ ဟူးကနဲ မှုတ်ထုတ်နေလေတော့သတည်း။ ။

''ပန်းချီမဆွဲတတ်ဘဲနဲ့
စုတ်တံကိုကိုင်ရင်
ပန်းချီဆရာတော့
ဖြစ်မှာမဟုတ်ဘူး
တံမြက်စည်း
သေးသေးလေးနဲ့
စက္ကူပေါ်မှာ
အမှိုက်လှည်းနေတဲ့သူပဲ
ဖြစ်သွားလိမ့်မယ်''

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၂

# မဟာ



အရှုးကြီးပိုးလန့်ဒန်သည်
...အအား ဘာတစ်ခွန်းမျှ မပြော
...ဘဲ ဆေးလိပ်ကိုဖွာလိုက်၊ မိုးကောင်းကင်ဆီသို့ မော့၍ရယ်လိုက်၊
...းလိပ်ကို ဖွာလိုက်၊ မြက်ခင်းပြင်ကြီးကိုကြည့်၍ ရယ်လိုက် လုပ်နေ
...၏။ ထိုသို့ အားရအောင် ရယ်ပြီးသောအခါမှ –

www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုရှိတယ်၊ ပန်းချီဆရာလား တံမြက်စည်းလှည်းသမားလား ဘာမှန်းမသိသေးတဲ့ ကောင်လေးရဲ့ ...၊ လူတွေ ပြောပြောနေကြတယ် ဆေးစက်ကျရာ အရုပ်ထင်တယ်တဲ့ ...၊ အေး ...အရုပ်တော့ ထင်ချင်ထင်မယ်၊ ပန်းချီကားတော့ ဘယ်ဖြစ်လိမ့်မလဲကွာ ...၊ ပန်းချီကားဆိုတာ သက်ရှိသက်မဲ့အရာတွေ၊ လောကကြီးရဲ့ဖြစ်စဉ်တွေကို ရေးပြတာမဟုတ်လား ...၊ အရုပ်ထင်ရုံနဲ့တော့ ပန်းချီကားမဖြစ်ဘူးနော် ...၊ ပုံတူဆွဲတယ်ဆိုပါစို့...၊ ပုံတူဖို့က လွယ်ပါတယ်ကွာ၊ တကယ်တူချင်ရင် ပန်းချီရေးစရာတောင် မလိုတော့ဘူး၊ ဓာတ်ပုံရိုက်ပြီး ပုံကြီးချဲ့ပြီး ချိတ်ထားလိုက်ရုံပေါ့ကွာ ...” ဟု ကြီးကြီးကျယ်ကျယ်ပြောလိုက်လျှင် ရာဇာသည် ပို၍ မခံနိုင် မခံသာ ဖြစ်သွားရကား –

“ဘယ်လို ..ဘယ်လိုဗျ၊ ပုံတူရေးတဲ့ကိစ္စ တူရင် ပြီးပြီပေါ့ဗျ – ဘာလိုဦးမှာလဲ ...”ဟု မေးလိုက်ရာ အရှုံးကြီး ဖိုးလန်ဒန်က တအံ့တဩ မျက်နှာမျိုးဖြင့် ရာဇာ့အား သရော်လှောင်ပြောင်သလိုလို ကြည့်လိုက်ပြန်ရင်း ...

“အဲလို ...အိုးမိုင်ဂေါ့ဒ်၊ ပုံတူရင်ပြီးရော တုတ်လား၊ သေချာပြီ ...မင်းဟာ ပန်းချီဆရာမဟုတ်ဘူး၊ ယုန်မွေးတပ်ထားတဲ့ တံမြက်စည်း သေးသေးလေးနဲ့ စက္ကူပေါ်မှာ အမှိုက်လှည်းနေတဲ့ တံမြက်စည်းလှည်း သမားဆိုတာ သေချာသွားပါပြီ၊ ဒါလေးတောင် မသိဘူး ဟုတ်စ...၊ စက္ကူ ပေါ်မှာ ပုံတူအောင်ရေးနိုင်တာနဲ့ပဲ ပုံတူပန်းချီဖြစ်သွားပြီလို့ ထင်နေတာ ဟုတ်စ ...”ဟု မဲ့ကာရွဲ့ကာဖြင့် ပြောလေတော့၏။ ထိုအခါ ရာဇာက –

“နေစမ်းပါဦး...၊ ခင်ဗျားက ကြီးကြီးကျယ်ကျယ်တွေ ပြော အောင် ဘာယ်လောက်တတ်လို့လဲ ...၊ ပုံတူရေးတာပဲဗျ၊ ပုံတူဖို့ပဲ အရေး



ဘာပေါ့ ...၊ ပုံတူရင် ပုံတူပန်းချီကားပဲပေါ့ဗျ...”ဟု ဒေါ်နှင့်မောနှင့် ပြောလိုက်ရာ အရှုံးကြီးဖိုးလန်ဒန်သည် အားရပါးရ ရယ်မောလိုက်ပြန်လေ၏။ ၎င်း၏ ရယ်သံကြောင့် အနီးရှိ သစ်ပင်များပေါ်မှ ငှက်ကလေးများပင်လျှင် လန့်၍ ထပြန်သွားကြကုန်၏။ ထို့နောက်တွင်မှ –

“မှတ်ထား စက္ကူပေါ်မှာ တံမြက်စည်းလှည်းတဲ့ ကောင်လေးရဲ့...၊ အဲဒါ ပုံတူပန်းချီကားမဟုတ်ဘူး၊ အဲဒါ မသာ...”ဟု တစ်လုံးချင်း ပြောချလိုက်ရာ ရာဇာသည် ‘ဗျာ ...’ဟု တစ်ချက် ရေရွတ်လိုက်ပြီးနောက် ပါးစပ်အဟောင်းသားဖြစ်၍နေလေ၏။ ထို့နောက် အရှုံးကြီးဖိုးလန်ဒန်အား နားမလည်နိုင်သော မျက်နှာမျိုးဖြင့် စိုက်၍ကြည့်ရင်း –

“ဘယ်လို ဘယ်လို...မသာ ..ဟုတ်လား၊ ဘာ မသာလဲဗျ ...”ဟု မေးလိုက်လျှင် ဖိုးလန်ဒန်ကြီးက –

“မင်းကလည်း ဒုံးဝေးနေပြန်ပါပြီ၊ မသာပါဆိုမှ ဘာမသာရမှာလဲ၊ နှလုံးခုန် ရပ်သွားရုံမျှမက ဦးနှောက်ပါ အလုပ်မလုပ်တော့တဲ့ သတ္တဝါကို မသာလို့ ခေါ်တာပေါ့ ...၊ အရုပ်ထဲမှာတော့ အသက်ထွက်သွားရင် သေလို့ သတ်မှတ်လိုက်ကြတာပေါ့ကွာ...၊ ဒါပေမဲ့ ဆေးပညာနဲ့ ဥပဒေအရတော့ အသက်ထွက်ရုံနဲ့ မပြီးသေးဘူးကွ၊ သူ့ရဲ့ဦးနှောက် လုံးဝ အလုပ်မလုပ်တော့မှ သေလူလို့ သတ်မှတ်တယ်ကွ ...”ဟု ပြောလိုက်သည်ဖြစ်ရာ ရာဇာသည် ရယ်ရမလိုလို စိတ်တိုရမလိုလို ဖြစ်နေရလေ၏။

“ဘာတွေလဲဗျာ ...၊ ပန်းချီကားထဲမှာ ဘယ်က ဘယ်လို ဆေးပညာတွေ၊ ဥပဒေတွေက ပါလာရပြန်တာတုံး၊ ပုံတူပန်းချီအကြောင်း ပြောနေတာလေ ဖိုးလန်ဒန်ကြီးရဲ့ ...” ဟု ရာဇာက ပြောလိုက်ပြန်လျှင် ဖိုးလန်ဒန်ကြီးသည် ရာဇာအား သနားစဖွယ် သတ္တဝါလေးတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com





အလား ငေးကြည့်၍ ခေါင်းလေးတဆတ်ဆတ်လုပ်နေလေ၏။ ထို့နောက်တွင်မှ –

"မသာဆိုတာ အသက်လည်း မရှူဘူး၊ ဝမ်းသာတာလည်း မရှိဘူး၊ ဝမ်းနည်းတာလည်း မရှိဘူး၊ စိတ်ချမ်းသာတာလည်း မရှိဘူး စိတ်ဆင်းရဲတာလည်း မရှိဘူး၊ သူ့သမီးကိစ္စလည်း ဘာမှမတွေးတော့ဘူး ကျန်ခဲ့တဲ့ သူ့မိန်းမကြီးအတွက်လည်း ဘာမှမပူပင်တော့ဘူး၊ ကြွေးဆပ်စရာလည်း မရှိဘူး၊ ကြွေးပေးစရာလည်း မရှိဘူး၊ လှောင်ထားတဲ့ ပစ္စည်းတွေ ဈေးကျသွားမှာကိုလည်း မစိုးရိမ်တော့ဘူး၊ မကျေနပ်တာလည်း မရှိဘူး ကျေနပ်တယ်ဆိုတာလည်း မရှိဘူးလေကွာ...၊ အဲဒီတော့ အခုန မင်းပြောတဲ့ တူရင်ပြီးရောဆိုတဲ့ဟာကြီးကလည်း ဘယ်လိုလုပ်ပြီး ပန်းဆိုကားဖြစ်တော့မှာလဲ ...၊ မသာကြီးလို ဖြစ်နေတော့မှာပေါ့..."ဟု ပြောလိုက်ရာ ရာဇာသည် အနည်းငယ် သဘောကျသလိုလို ဖြစ်သွားသောကြောင့် နှုတ်ခမ်းကလေး တွန့်ရုံမျှ ပြုံးလိုက်မိလေ၏။ ထို့နောက် –

"ကိုင်း ...ဆက်ပြောစမ်းပါဦး ဖိုးလန်ဒန်ကြီးရယ် ..."ဟု တိုက်တွန်းလိုက်သည်ဖြစ်ရာ ဖိုးလန်ဒန်သည် အရပ်ပြဇာတ်ထဲမှ ပြဇာတ်မင်းသားတစ်ဦး၏ စတိုင်လ်မျိုးဖြင့် ခါးကို ဟန်ပါပါထောက်လိုက်ပြီးနောက် တစ်ဘက်သို့ ဖြည်းညင်းစွာလှည့်၍ ကျောခိုင်းလိုက်လေ၏။

ထို့နောက် ခေါင်းကို အနည်းငယ် ခပ်စောင်းစောင်းကလေးစောင်း၍ ကောင်းကင်ပြာကြီးဆီသို့ လှမ်းမျှော်ကြည့်ရှုရင်း –

"ကိုယ့်လူက တကယ်သိချင်တာလား ..."ဟု မေးလိုက်ရာ ရာဇာက –

"အရေးထဲ ခင်ဗျားက ဈေးကိုင်နေပြန်ပါပြီ၊ တကယ်သိချင်လို့ မေးတာပေါ့ဗျ ..."ဟု ပြန်၍ ပြောလိုက်လျှင် ဖိုးလန်ဒန်ကြီးက ရုပ်ရှင်မင်းသား ခင်မောင်ရင်၏ လေသံမျိုးဖြင့် ရယ်လိုက်ပြီးနောက် –

"လောကကြီးမှာ ...ဘယ်အရာမှ အလကားမရဘူးဆိုတာ ကိုယ့်လူ ကြားဖူးတယ်မို့လား၊ ဟင်း ...ဟင်း ...ဟင်း ..." ဟု ပြောလိုက်လေ၏။ ထိုအခါ ရာဇာက –

"ကြားဖူးတယ်ဗျာ ...၊ ခင်ဗျားကို ကျုပ် ဆေးလိပ်တစ်လိပ် တိုက်ထားတယ်လေ ..."ဟု ပြောလိုက်ရာ ဖိုးလန်ဒန်ကြီးက –

"ပစ္စည်းဖြစ်ဖြစ် ငွေဖြစ်ဖြစ် အဲဒါတွေက အရေးမပါပါဘူး ကိုယ့်လူရယ် ...၊ တကယ်သိချင်တာဆိုရင်တော့ လမ်းကြုံလို့ မေးသလိုမျိုး ဘယ်ရမလဲ၊ ငါက အဖိုးမတန်ဦးတော့ ...ပညာဆိုတာက အဖိုးတန်တယ် လေကွာ၊ ငါ့ကို တန်ဖိုးမထားဦးတော့ ပညာကို တန်ဖိုးထားဖို့တော့လိုတယ် လေကွာ ..."ဟု တစ်လုံးချင်း ပြောလိုက်ပြန်လေ၏။ ထို့ကြောင့် ရာဇာက စိတ်မရှည်နိုင်စွာဖြင့် –

"တန်ဖိုးထားလို့ မေးနေတာပေါ့ဗျ ...၊ အဲဒါကို ကျုပ်က ဘာပေးရမှာတဲ့တုံး ...၊ ဘယ်လောက်ပေးမှ ပြောပြမှာတုံး ..." ဟု မေးလိုက်လျှင် အချူးကြီးဖိုးလန်ဒန်သည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြန်လေ၏။ ထို့နောက် –

"အခုန ငါပြောပြီးပါပကောလား၊ ငွေတွေ ပစ္စည်းတွေက အရေးမကြီးပါဘူးဆိုတာလေ ...၊ တကယ်သိချင်ရင်တော့ မင်းအနေနဲ့ ငါ့ကို ဆရာတင်ရလိမ့်မယ်၊ ငါ့ရဲ့တပည့်အဖြစ် ခံယူရလိမ့်မယ်၊ ပညာဆိုတာမျိုးက ဆရာကနေ တပည့်ကို သင်ကြားပေးရတာမျိုးလေကွာ၊ ငါကွက်ထဲမှာ လော်စပီကာကြီးနဲ့ လိုက်ပြီးအော်ရတဲ့ကိစ္စမျိုးမှ မဟုတ်ဘဲ ..."ဟု

www.burmeseclassic.com



ပြောလိုက်သည်ဖြစ်ရာ ရာဇာသည် နှုတ်ခမ်းကို ကိုက်ထားလိုက်ပြီး တွေတွေကြီးစဉ်းစားနေပြီးနောက် –

''ကဲဗျာ...ကြာသလားလို့ ...၊ အခုချိန်ကစပြီး ကျွန်တော် မောင်ရာဇာက ဆရာကြီးဦးလန်ဒန်ဆီမှာ တပည့်ခံပါတယ်တဲ့ခင်ဗျား ...''ဟု ပြောလိုက်လျှင် ဗိုးလန်ဒန်ကြီးသည် ဆေးလိပ်တိုကို ပါးစောင်၌ခဲ၍ တဟဲဟဲ ရယ်လိုက်ပြီးနောက် –

''တပည့်ခံတယ်ဆိုရင် ထိုင်ပြီးကန်တော့လိုက် ...''ဟု ပြောလိုက်လေတော့သတည်း။

၁ ၁ ၂ ၂ ၂

အခန်း၊ ၃၊

[illegible]



ဝတ်မှုန်သည် ချွေးတလုံးလုံးဖြင့် အလုပ်ရှုပ်လျက် ရှိလေ၏။ သူသည် ဆီပူအိုးထဲမှ အကြော်များကို ဆယ်၍ ဗန်းထဲသို့ ပစ်ထည့်လိုက်၊ အကြော်အသစ်များကို အိုးနှုတ်ခမ်းမှကပ်၍ အိုးထဲသို့ လျှောချလိုက်၊ ...ထဲသို့ ထင်းချောင်းအသစ်များ ထည့်လိုက်၊ မီးပြောင်းဖြင့် မီးကိုနှိုးမှုတ်...လိုက် ...စသည်ဖြင့် ဇယ်ဆက်သကဲ့သို့ လုပ်နေရလေ၏။

www.burmeseclassic.com



ထို့အပြင် ကိုယ်ခွဲမရှိလေရကား အကြော်စားမည့်သူများ ရောက်လာလျှင် ရေနွေးအိုး သွားချပေးရခြင်း၊ အကြော်ပန်းကန် သွားချပေးရခြင်း၊ အချဉ်ရည်ခွက်နှင့် တို့စရာအရွက်များ သွားရှ်ချပေးရခြင်း၊ စားပွဲသုတ်ပေးရခြင်း စသည်တို့ကိုပါ တစ်ဦးတည်း လုပ်ကိုင်နေရရှာလေ၏။

တစ်ခါတရံ၌လည်း မုန့်နှစ်များကို နယ်ခြင်း၊ ဘူးသီးများကို အခွံနွှာပြီးနောက် အစိပ်များစိပ်ခြင်း၊ ကြက်သွန်ဥများကိုလှီးခြင်း၊ ဧည့်သည်များ စားသောက်ပြီးသွားသော ပန်းကန်များကို ဆေးကြောခြင်း စသည်တို့ကိုလည်း လုပ်ကိုင်ရလေ၏။ ထို့ကြောင့် ဝတ်မှုန်မှာ ချွေးတလုံးလုံးနှင့် ရှိနေလေတော့၏။

ထိုသို့ ဝတ်မှုန်တစ်ဦးတည်း အလုပ်ရှုပ်နေစဉ်၌ သားကလေးမောင်နဂါးသည် ကန်ပေါင်ပေါ်သို့ အပြေးအလွှားတက်လာပြီးနောက် မိခင်ဖြစ်သူ၏ နောက်ကျောကို သိုင်းဖက်လိုက်ပြီးလျှင် ကျုံကျုံပါအောင် ငိုလေတော့၏။ ၎င်း၏မျက်နှာမှာ ဖူးရောင်နေပြီးလျှင် နှုတ်ခမ်းမှလည်း သွေးများယိုစီးကျနေ၏။ ဝတ်မှုန်သည် သားဖြစ်သူအား ကြည့်လိုက်ပြီးနောက် ရင်ဘတ်ကို ဖိလျက် –

"အမလေး...ရင်ထိတ်လိုက်တာ သားရယ် ...၊ ဘာတွေဖြစ်လာတာလဲ၊ အမေ့ကိုပြောစမ်းပါဦး၊ ဘာဖြစ်လာတာလဲ..." ဟု အလန့်တကြားရေရွတ်လိုက်ပြီးနောက် သားဖြစ်သူ၏ နှုတ်ခမ်းမှ သွေးစများကို အနီးရှိ အဝတ်စတစ်ခုဖြင့် သုတ်ပေးနေလေ၏။ မောင်နဂါးကလေးသည် မိခင်ဖြစ်သူ၏အမေးကို ဘာမျှပြန်မပြောနိုင်ဘဲ ရှိုက်၍ရှိုက်၍သာလျှင် ငိုနေလေ၏။ အတန်ကြာမှ –

"ဟိုဘက်လမ်းထဲက ကောင်တွေက ကျွန်တော့်ကို ရန်လာတယ် ...၊ သူတို့ဘောလုံးကန်နေတဲ့နား ကျွန်တော်သွားကြည့်နေတာကို 'ထောင်ထွက်သား မလာနဲ့ ...' ဆိုပြီး ဝိုင်းအော်ကြတယ်၊ 'လူသတ်သမားသား ...' ဆိုပြီးတော့လည်း ပြောကြတယ်၊ ပြီးတော့ ကျွန်တော့်ကို တွေနဲ့ ဝိုင်းပေါက်ကြတယ်၊ အဲဒါနဲ့ ကျွန်တော်လည်း သူတို့ကို ပြန်ထိုးတော့ သူတို့က ဝိုင်းပြီး ကျွန်တော့်ကို ထိုးကြကြိတ်ကြတယ်၊ ခြေထောက်တွေနဲ့လည်း ကန်တယ် ..." ဟူ၍ ရှိုက်သံသဲ့သဲ့ကလေးဖြင့် ပြောလေ၏။ ထို့နောက် မောင်နဂါးကလေးကပင် ဆက်လက်၍ –

"အမေရယ် ...အဲဒီဦးရာဇာဆိုတဲ့လူကြီးက ကျွန်တော့်အဖေမှာ တုတ်လို့လား၊ သူများတွေ အဖေဆိုရင် သူတို့အိမ်မှာပဲ နေကြတယ်၊ အခု ကျွန်တော့်အဖေ ဦးရာဇာကျတော့ အိမ်မှာလည်း မနေဘူး..." ဆိုပြီး ကျွန်တော့်ကို နောက်ကြပြောင်ကြတယ်၊ ဝိုင်းပယ်ထားကြတယ်၊ နှိမ်ကြတယ်၊ ကျွန်တော် အမြဲတမ်းငိုရတယ် ..." ဟု ပြောပြန်လေရာ ဝတ်မှုန်သည် သားဖြစ်သူအား သိုင်းဖက်၍ ရင်ခွင်ထဲသို့ ဆွဲပွေ့လိုက်ရင်း –

"သားလေးရယ် ..." ဟူ၍သာ ရေရွတ်လိုက်နိုင်ပြီးနောက် ရင်ထဲဆို့တက်လာကာ မျက်လုံးအိမ်မှ မျက်ရည်များ တလိမ့်လိမ့်စီးကျလာလေတော့၏။ သူမ၏ နှုတ်ခမ်းအစုံမှာလည်း တဆတ်ဆတ် တုန်၍နေလေတော့၏။ ထိုသို့ ဝမ်းနည်းပက်လက်ဖြင့် မိခင်ဖြစ်သူ ငိုကြွေးနေသည်ကို တွေ့သောအခါ သားဖြစ်သူ မောင်နဂါးကလေးမှာလည်း ငိုချင်လျက် လက်တို့ဆိုသကဲ့သို့ ဖြစ်ပြီးလျှင် သူပါရော၍ ငိုပြန်လေတော့၏။

မောင်နဂါးကလေးသည် တတိယတန်းသို့ ရောက်နေပြီဖြစ်၏။ ဝတ်မှုန်မှာ သားဖြစ်သူအား မည်သို့ပြောပြလိုက်ရမှန်း မသိအောင်ပင် ငိုင်နေရလေတော့၏။ ထို့ကြောင့် –



www.burmeseclassic.com

www.burmeseclassic.com



"သားလေးရယ် ...အမေတို့ဘဝတွေကိုက ဆိုးလွန်းပါတယ် ဒါပေမဲ့ ဘယ်သူတွေ ဘာပဲပြောပြော ပြန်ပြီးရန်မဖြစ်ပါနဲ့သားရယ် ... သူတို့ ဘယ်လိုပဲပြောပြော ကိုယ့်အသား ပွဲပါသွားတာမှ မဟုတ်တဲ့၊ သည်းခံလိုက်ပါ သားရယ် ...၊ သား စာသာကြိုးစားပါ ...၊ သား စာကြိုးစားမှ အတန်းတွေ ဆက်တိုက်အောင်မှ ငါ့သားလေး အခုလို အပြောအဆိုခံရတဲ့ဘဝ၊ အနှိမ်ခံရတဲ့ဘဝကနေ လွတ်မြောက်မှာ...၊ ကဲ ... ကဲ ...တို့စာ စကြသွားထိုင်၊ ပြီးရင် သားမျက်နှာက ဒဏ်ရာတွေကို အမေ ကြပ်ထုပ်ထိုးပေးမယ် ..."ဟူ၍ မချိလွန်းသော လေသံကလေးဖြင့်ပြောရင်း သားဖြစ်သူ၏ ခေါင်းမှဆံပင်ကလေးများကိုပွတ်လျက် နှစ်သိမ့်နေရရှာလေ၏။

'ဘယ်သူတွေ ဘာပဲပြောပြော အသားပွဲပါသွားတာမှ မဟုတ်ဘဲ ...' ဟူ၍ သားဖြစ်သူအား နှစ်သိမ့်လိုက်ရသော်လည်း ယခု သားဖြစ်သူ၏ အဖြစ်အပျက်ကို ကြားသိရသော ဝတ်မှုန်၏ရင်ထဲ၌မူ အသည်းနှလုံးများ ပွဲပါသွားသကဲ့သို့ ခံစားနေရရှာလေ၏။

ထိုညက မောင်နဂါးကလေးသည် အနာရှိန်ကြောင့် ဖျားလေတော့၏။ ဝတ်မှုန်သည် သားဖြစ်သူ၏မျက်နှာမှ ဒဏ်ရာများကို ကြပ်ထုပ်ထိုးပေးခြင်း၊ နဖူးပြင်၌ ရေပတ်တင်ပေးခြင်းတို့ဖြင့် တစ်ညလုံး မအိပ်ရဘဲ ရှိနေလေ၏။ ရေနံဆီမီးခွက်ကလေးကို တစ်ညလုံး ထွန်းထားပြီးလျှင် သားမှသာ ငုတ်တုတ်ထိုင်၍ စောင့်ကြည့်နေခဲ့လေ၏။ နံနက် ၃ နာရီခန့်တွင် မောင်နဂါးကလေးသည် အိပ်ပျော်နေရာမှ –

"ကျွန်တော် ဦးရာဇာရဲ့သားမဟုတ်ဘူး၊ ကျွန်တော် ဦးရာဇာရဲ့သားမဟုတ်ဘူး၊ ဟုတ်လည်းမဟုတ်ချင်ဘူး ..."ဟု ယောင်ယမ်း၍ အော်ဟစ်လေ၏။ ထိုသို့အော်ရင်း ရှိုက်ကြီးတငင်လည်း ငိုကြွေးနေလေ၏။



ဝတ်မှုန်သည် ရေနံဆီမီးခွက်၏ ဝါဖျော့ဖျော့အလင်းရောင်အောက်မှ သားဖြစ်သူ၏မျက်နှာကို တစ်ချက်ငုံ၍ နမ်းရှုံ့လိုက်ရင်း –

"ဘယ်လိုအကုသိုလ်မျိုးကြောင့်များ အမေတို့ရဲ့ ကြမ္မာငင်နေတဲ့ ဘဝမျိုးထဲကို ဝင်လာတာပါလိမ့် သားလေးရယ်..."ဟု ဆို့နင့်ကြေကွဲစွာ ရေရွတ်လိုက်မိလေ၏။ ထိုအချိန်၌မှာပင် ဝတ်မှုန်၏ မျက်ဝန်းအစုံမှ မျက်ရည်ပူနှစ်ပေါက်သည် သားကလေး မောင်နဂါး၏ မျက်နှာပေါ်သို့ ပေါက်ခနဲ ကျသွားလေတော့သတည်း ...။ ။

www.burmeseclassic.com

အခန်း ၊ ၁၄ ၊

# ကမ္ဘာမြေအတွက်လက်ဆောင်



ရာဇာသည် ဦးလန်ဒန်ကြီး၏ရှေ့မြက်ခင်းပေါ်သို့ ဒူးထောက်ထိုင်ချလိုက်ပြီးလျှင် သုံးကြိမ်တိတိ ရိုကျိုးစွာ ကန်တော့လိုက်လေ၏။ ထိုအခါ အရူးကြီးဗိုးလန်ဒန်သည် အားရပါးရ အော်ဟစ်ရယ်မောလိုက်ပြီးနောက်–



www.burmeseclassic.com

www.burmeseclassic.com



"ဟား..ဟား..ဟား..ဟား၊ မင်း တော်တော်ရူးတဲ့ကောင်ပဲကွ၊ အရူးပြောသမျှကို လိုက်လုပ်တယ်ဟုတ်လား၊ ရယ်ရတယ်ကွာ ..ဟား..ဟား..ဟား..ဟား ...၊ လူတွေက ငါ့ကို အရူးလို့ သတ်မှတ်ထားတာလေကွာ၊ မင်းက အရူးကို ဆရာတင်တယ် ဟုတ်လား၊ အိုးမိုင်ဂေါ့ဒ်..အို... အသင်လောက ...ဤလောကဌ ကျွန်ုပ်ထက် ရူးသောသူကို ယခု တွေ့ပါချေပြီ..."ဟူ၍ အော်ဟစ်လိုက်လေရာ ရာဇာသည် ထောင်းကနဲ ဒေါသထွက်သွားလေ၏။

"ခင်...ခင်ဗျားကြီး၊ လူယုတ်မာပဲဗျ၊ ကျုပ်က အကောင်းပြောတယ် အောက်မေ့နေတာ..."ဟု ပြောလိုက်လျှင် ဖိုးလန်ဒန်ကြီးက ပြဇာတ်မင်းသား စတိုင်လ်မျိုးဖြင့် ရှေ့သို့တိုးကပ်လိုက်ပြီးလျှင် ရာဇာ၏မျက်နှာအနီးသို့ လက်ညှိုးကြီးဖြင့်ထိုးလျက် -

"ဘယ့်နှယ့်အကောင်းပြောရမှာလဲ ကိုယ့်လူရဲ့..၊ အရူးပါဆိုအရူးစကားပဲပြောမှာပေါ့ ..."ဟု လေသံကလေးဖြင့် သရော်သလိုလိုပြောလိုက်လေ၏။ ထိုအခါ ရာဇာက -

"သွားတော့ဗျာ...သွားတော့၊ ကျုပ် အလုပ်ပျက်တယ်..."ဟု စိတ်ဆိုးမာန်ဆိုးဖြင့် မောင်းထုတ်လေလျှင် ဖိုးလန်ဒန်ကြီးသည် ရာဇာ၏ ကျောကလေးကို လက်ဖြင့် ညင်သာစွာသပ်လိုက်ပြီးနောက် -

"အလကားနောက်တာပါ လူလေးရယ်...၊ မင်း ဒီနားမှာ ပန်းချီဆွဲဖို့ ဘုတ်ကြီးတပြင်ပြင်လုပ်နေတာကို ငါ တွေ့နေတာ ကြာပါပြီ ဒါပေမဲ့ မင်းဟာ တကယ်ပန်းချီဆွဲချင်တာလား၊ လူအများစု ဖြစ်လေ့ဖြစ်ထရှိသလို စိတ်ရူးပေါက်တုန်း ပေါက်သဆိုက်ကလေး ကောက်ရိုးမီးလိုမျိုး ဟုန်းကနဲ တောက်တာလား ... သိချင်လို့ စောင့်ကြည့်နေခဲ့တာပါ၊ အခုတော့



မင်းဟာ တကယ်ပန်းချီရေးချင်နေတယ်ဆိုတာ သေချာပေါက်သိသွားလို့လာခဲ့တာပါ ..."ဟူ၍ လေအေးကလေးဖြင့် ချော့မော့၍ ပြောလေ၏။ ထိုအခါ ရာဇာက -

"ကိုင်း ဒါဖြင့်ရင်လည်း စောစောက ခင်ဗျားပြောခဲ့တဲ့ ပန်းချီအကြောင်းတွေ ဆက်ပြောစမ်းပါဦး ..."ဟု ခပ်မာမာပြောလိုက်လျှင် ဖိုးလန်ဒန်ကြီးက ရာဇာ၏ပုခုံးကိုဖက်၍ နှစ်ယောက်အတူ မြက်ခင်းပေါ်သို့ ထိုင်ချလိုက်ရင်း -

"ဒီလိုရှိတယ် လူကလေးရဲ့...၊ ပန်းချီကားတွေဟာ လောကကြီးမှာရှိတဲ့ အရာဝတ္ထုတွေ၊ အဖြစ်အပျက်တွေကို မှတ်တမ်းတင်လိုက်တဲ့ သဘောပဲ၊ အဲဒီတော့ ပြီးပြီးရောတော့ လုပ်လို့မရဘူးနော်...၊ ပန်းချီကားတစ်ချပ်ဟာ ရာဇဝင်ဖြစ်နေရမယ် ...၊ သမိုင်းဖြစ်နေရမယ်၊ ခေတ်တစ်ခေတ်ကို ပြောပြနိုင်ရမယ်၊ အဲဒီတော့ ပုံသဏ္ဌာန်တူရုံနဲ့တင် ပန်းချီကားတစ်ချပ်ရဲ့တာဝန်ဟာ မကျေပွန်သေးဘူး၊ ပန်းချီကားတစ်ချပ်ဟာ စကားတွေပြောနေရမယ်၊ ရယ်မောသံတွေ ...၊ ငိုကြွေးသံတွေ ...၊ ဒေါသသံတွေ ...၊ တိုက်ခိုက်သံတွေ၊ စမ်းရေစီးသံတွေ၊ ကျေးငှက်ကလေးတွေရဲ့အသံတွေ၊ လေပြည်ညင်းရဲ့ အသံတွေ၊ မုန်တိုင်းရဲ့အသံတွေ၊ မိုးကြိုးရဲ့အသံတွေ၊ ငွေသံကြေးသံတွေ၊ ရာထူးသံ ဂုဏ်သံ၊ ဓနသံ၊ ဓမ္မသံတွေ... အဲဒါ ..အဲဒါတွေပါနေရမယ်၊ ပန်းချီကားတစ်ချပ်မှာ ပါဝင်ဖွဲ့စည်းထားတဲ့ အရောင်ကလေးတစ်စက်တိုင်းတစ်စက်တိုင်းဟာ ... စုတ်ချက်ကလေး တစ်ချက်တိုင်းတစ်ချက်တိုင်းဟာ အဲဒါတွေကို သူ့နေရာနဲ့သူ ဖော်ပြနေတာဖြစ်ဖို့လိုတယ်"ဟု ဖိုးလန်ဒန်ကြီးက ပြောလိုက်ရာ ရာဇာသည် နားမလည်နိုင်သော မျက်လုံးမျိုးဖြင့် ဖိုးလန်ဒန်ကြီးအား ငေး၍ကြည့်နေမိလေ၏။ ထို့နောက် -




www.burmeseclassic.com

www.burmeseclassic.com



''ဘာတွေလဲ ဖိုးလန်ဒန်ကြီးရယ် ...၊ ခင်ဗျားဟာကလည်း ဇွယ်စုံကျမ်းကျနေတာပဲ၊ ကျုပ်ဖြင့် နားကိုမလည်နိုင်တော့ဘူး...''တု ခေါင်းကို တဖျင်းဖျင်းကုပ်ရင်း ပြောလိုက်ရာ ဖိုးလန်ဒန်ကြီးက –

''လူကလေးနာမည်က ဘယ်သူ ...၊ မောင်ရာဇာ ... ဟုတ် တယ်နော်၊ မောင်ရာဇာ နားလည်အောင် ပြောရရင်တော့ ... ဟောဒီမှာ ကြည့် ...''ဟုဆိုကာ ဖိုးလန်ဒန်ကြီးသည် အနီး၌တွေ့သော ကျောက်ခဲလေး တစ်ခဲကို ကောက်ယူပြီးနောက် မြက်ပင်များ ရှင်းနေသည့် မြေပြင်ပေါ်၌ အောက်ပါအတိုင်း ရေးခြစ်ပြလိုက်လေ၏။



''အဲဒါ ဘာလဲကွာ...''ဟု ဖိုးလန်ဒန်ကြီးက မေးလိုက်လျှင် ရာဇာက –

''မျဉ်းတိုလေး တစ်ခုပေါ့ဗျ...''ဟု ပြန်၍ပြောလိုက်လေ၏။

''ဟုတ်ပါပြီ...၊ အဲဒီမျဉ်းတိုကလေးကို ဘာသင်္ကေတအဖြစ် သုံးနေကြသလဲကွာ...''ဟု ဖိုးလန်ဒန်ကြီးက မေးလိုက်ပြန်လျှင် ရာဇာက

''အနုတ်လက္ခဏာအဖြစ် အသုံးပြုနေကြတာပေါ့ဗျ...''ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက –





''အဲဒီ အနုတ်သင်္ကေတကို မြန်မာတွေပဲ သုံးတာလား၊ တရုတ် တွေပဲ သုံးတာလား၊ ဂျပန်တွေပဲ သုံးတာလား ...'' ဟု မေးလိုက်ရာ ရာဇာက –

''တစ်ကမ္ဘာလုံးသုံးတာဗျာ...၊ အဲဒီသင်္ကေတလေးကို မြင် လိုက်တာနဲ့ အနုတ်သဘောကို ဆောင်တယ်ဆိုတာ တစ်ကမ္ဘာလုံးက သိတယ် ...''ဟု ပြန်၍ပြောလိုက်လျှင် ဖိုးလန်ဒန်ကြီးက –

''အိုးဂွတ်ဒ် ...ဂွတ်ဒ်လေစွ..ဂွတ်ဒ်လေစွ ...၊ ဒီလောက်ဆိုရင် မောင်ရာဇာအနေနဲ့ နီးစပ်ပါတယ်၊ ဒီလောက်သဘောပေါက်တယ်ဆိုရင်ကိုပဲ ...ပေါ်ခြစ်သွားပြီ၊ အဲဒီတော့ တစ်ခုထပ်ပြီး ကျုန်တော်မျိုးကြီးကို ပြောပြ ...ပုံဦး၊ မြန်မာတွေမှာ မြန်မာစကားရှိတယ်၊ မြန်မာဝေလှော့ထုံးစံ ဆိုတာ ...ရှိတယ်၊ တရုတ်လူမျိုးတွေမှာလည်း တရုတ်ဘာသာစကားရှိတယ်၊ ...ရုတ်ဝေလှော့ထုံးစံဆိုတာလည်း ရှိတယ်၊ အဲဒီလိုပဲ ကမ္ဘာပေါ်မှာ ရှိသမျှ ...မျိုးအသီးသီးမှာ သူတို့ကိုယ်ပိုင်ဘာသာစကားတွေ၊ ဝေလှော့ထုံးစံတွေ ...သီးသီးရှိနေကြတယ်၊ အဲဒါတွေတာလည်း ခပ်ဆင်ဆင်၊ ဒါမှမဟုတ် နီးစပ် ...ယောင်ယောင် ရှိနိုင်ကြပေမဲ့ တူတော့မတူနိုင်ကြဘူးကွ ...၊ အဲသလိုမျိုး ...မျိုးအလိုက် ဘာသာစကားတွေ၊ ဝေလှော့ထုံးစံတွေ၊ အမူအကျင့်တွေ၊ ...အဆတွေ ကွဲပြားနေပါလျက်နဲ့ ဒီအနုတ်လက္ခဏာကလေးကျတော့ ...ဖြစ်လို့ တစ်ကမ္ဘာလုံး လာတူနေရတာတဲ့လဲကွာ...''ဟု မေးလိုက်လျှင် ...သည် ဘာမျှပြန်၍မဖြေနိုင်ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားရလေ၏။

''ဖြေလေ ...မောင်ရာဇာရဲ့...၊ ဖြေလိုက်စမ်းပါ၊ အမေးရှိရင် အဖြေ ...ယ်လေ ...၊ တစ်ခုခုတော့ ဖြေလိုက်စမ်းပါကွာ...''ဟု ဖိုးလန်ဒန်ကြီး ...သရော်သလိုလို လေသံမျိုးဖြင့် ထပ်၍မေးလိုက်ပြန်လျှင် ရာဇာသည်

www.burmeseclassic.com

www.burmeseclassic.com



ချုတ်နာကြီး ရှုံ့မဲ့လျက် –

"ပြေပို့နေနေသာသာဗျာ...၊ အဲဒီကိစ္စကို စဉ်းတောင်မစဉ်းစား ပ်တ်ဘူး ဘုရားစူးရပါစေ့ဗျာ...၊ မစဉ်းစားဖူးတာ အမှန်ပါပဲ၊ ကဲ...ခင်ဗျား ပြောပြစမ်းပါ။ ဘာလို့တူနေရတာတဲ့တုံး ..."ဟု ပြန်၍မေးလိုက်လေ ထိုအခါ အရှုးကြီးဖိုးလန်ဒန်က –

"ငါ့တပည့်ကြီး တကယ်မသိဘူးဆိုရင်တော့ ပြောပြရမှာ လေ ...၊ အဲဒီသင်္ကေတဟာ လူတွေရဲ့ အသိဉာဏ်၊ စဉ်းစားဉာဏ်၊ အတွေ အခေါ်ဉာဏ်နဲ့ ပန်တီးခဲ့တာဆိုရင်တော့ လူမျိုးအလိုက်၊ ဒေသအလိုက် မ ကွဲပြားနေမှာပေါ့ကွာ...၊ တစ်ကမ္ဘာလုံး ဘယ်မှာတူနိုင်ပါ့မလဲ၊ အဲသ မျိုး ဘာလို့တူနေရသလဲဆိုရင် ..."ဟု ပြောလိုက်ပြီးနောက် စကား ဖြတ်ထားလိုက်ပြီးလျှင် မီးခြစ်ကို တဂျောက်ဂျောက်ခြစ်၍ ဆေးလိပ် ကို မီးညှိနေလေ၏။ ထိုအခါ ရာဇာသည် စိတ်မရှည်နိုင်တော့ဘဲ ဖိုးလန် ကြီး၏ ပုခုံးကိုဆွဲကိုင်လှုပ်၍ –

"အရေးထဲ ဆေးလိပ်သောက်နေပြန်ပါပြီဗျာ ..၊ ခင်ဗျားကလည် ချေးမကိုင်စမ်းပါနဲ့၊ ဘာလို့တူနေတာလဲ ..."ဟု အလျှင်စလိုမေးလိုက် ဖိုးလန်ဒန်ကြီးက နှုတ်ခမ်းကလေး တွန့်ရုံမျှ တစ်ချက်ပြုံးလိုက်ပြီးနော

"စကြဝဠာကြီးက ...ဒီမှမဟုတ် ...တောဟို မိုးကောင်းကင် က ကမ္ဘာမြေတစ်ခုလုံးအတွက် လက်ဆောင်အဖြစ် ပေးအပ်လိုက် သင်္ကေတ ဖြစ်နေလို့ပေါ့ကွာ ..." ဟု တစ်လုံးချင်း ပြောလိုက်လေ သတည်း ...။ ။

အခန်း၊ ၁၅၊

[illegible]



ရာဇာသည် ဖိုးလန်ဒန်ကြီးရေးခြစ်ပြ လိုက်သော အနုတ်လက္ခဏာသင်္ကေတ လေးကို အတန်ကြာအောင် စိုက်၍ကြည့် နေပြီးနောက်–

"ခင်ဗျားပြောတော့လည်း ဟုတ်သလိုလိုတော့ အရှိသားဗျ..." ဟု ပြောလိုက်လျှင် ဖိုးလန်ဒန်ကြီးက –

"ဘယ့်နှယ့် ဟုတ်သလိုလိုရမှာလဲကွ၊ လောကကြီးမှာ ဟုတ် သလိုလို မဟုတ်သလိုလိုဆိုတာ မရှိဘူးကွ၊ ဟုတ်ရင် ဟုတ်တာပဲ၊ မဟုတ် ရင် မဟုတ်တာပဲ၊ ဥပမာဆိုပါတော့ ကွာ...၊ မင်းဟာ ငါ့သား ဟုတ်သလား၊ ဟုတ်ရင် လုံးလုံးကို ဟုတ်ရမယ်၊ မဟုတ်ရင်လည်း လုံးလုံးကို မဟုတ်ရဘူး ကွာ...၊ ငါ့သား ဟုတ်သလိုလို မဟုတ်သလိုလို လုပ်လို့ တော့ မရဘူး..."ဟု ပြောလိုက်ရာ ရာဇာသည် နှာခေါင်းကိုရှုံ့လိုက်ပြီးနောက် –

www.burmeseclassic.com


www.burmeseclassic.com



"တုတ်ပါပြီဗျာ...၊ ခင်ဗျားပြောတဲ့ဥစ္စာ ဟုတ်ကို ဟုတ်ပါတယ်
မဟုတ်ဘူးဆိုရင် နေရင်းထိုင်ရင်း ကျုပ်အမေက အဆစ်ပါနေဦးမယ်၊ ဆ
ဆက်ပြီးပြောစမ်းပါဦး..."တု ပြောလိုက်လေ၏။ ထိုနေ့ညနေက အ
ငယ် မှောင်ရိပ်ပျိုးသည်အထိ ဗိုးလန်ဒန်ကြီးနှင့် ရာဇာတို့သည် စကားကော
နေခဲ့ကြ၏။

"ဒီလိုကွ ...၊ စောစောက ပြောခဲ့တဲ့ အနုတ်သင်္ကေတဟာ ယု
လျော့သွားတာကို ပြောချင်တာမဟုတ်လား၊ ကဲကွာ...မလျော့ချင်ဘူး
မနုတ်ချင်ဘူးကွာ၊ အဲဒီလိုဆိုရင် ဘာသင်္ကေတနဲ့ ပြမလဲ ..."တု ဗိုး
လန်ဒန်ကြီးက မေးလိုက်လျှင် "မနုတ်ရင် ပေါင်းပေါ့ဗျာ ..."တု ရာဇာ
ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဗိုးလန်ဒန်ကြီးက –

"ဟေး ...ဟေး ...၊ အဲဒီအပေါင်းသင်္ကေတဆိုတာဟာ သင်္ကေ
အသစ်တစ်ခု မဟုတ်ဘူးနော်၊ ဒီမှာကြည့် ..." တု ဆိုကာ မြေကြီးပေ
အောက်ပါအတိုင်း ရေးခြစ်ပြလိုက်ပြန်လေ၏။



ရာဇာသည် ဗိုးလန်ဒန်ကြီး ရေးခြစ်ပြသည်ကို လှမ်း၍ကြ
လိုက်ပြီးနောက် –


"အဲဒါက ဘာလဲဗျ..."တု မေးလိုက်ရာ ဗိုးလန်ဒန်ကြီးက –

"အဲဒီလို အထက်အောက် မျဉ်းတစ်ကြောင်း ခြစ်ချလိုက်တာ





ဆီးထားပိတ်ထားလိုက်တဲ့သဘောမျိုးပေါ့ကွ ...၊ ဟန့်တားထားလိုက်တဲ့ သဘောပဲပေါ့ကွ၊ ဟိုဘက်ကို ဆက်ပြီးမကျော်ဖြတ်နိုင်အောင် ကာထား လိုက်တာပဲပေါ့ကွ ...၊ လူတစ်ယောက်ကို 'ထိုင်ပါ...'လို့ ပြောလိုက်တာနဲ့ အတူ လက်နဲ့ အထက်ကနေ အောက်ကို အဲဒီမျဉ်းကြောင်း ဆွဲသလိုမျိုး လုပ်ပြလေ့ရှိကြတယ်မို့လား ...၊ သဘောကတော့ ဟိုဘက်လည်း မသွားနဲ့၊ ဒီဘက်လည်း မသွားနဲ့၊ ဒီနေရာလေးမှာပဲ ထိုင်ချလိုက်ပေတော့ဆိုတဲ့ သဘောပဲပေါ့၊ အဲဒီတော့ ဒီသင်္ကေတလေးဟာ ရပ်တန့်ခြင်း၊ ဟန့်တားခြင်း၊ ပိတ်ပင်ခြင်းသဘောကို ဆောင်နေတော့တာပေါ့ကွ ...၊ စောစောက ငါတို့ ပြောခဲ့တာက အနုတ်လက္ခဏာလေ၊ လူတစ်ယောက်ကို 'အခန်းထဲက အခု ထွက်သွားပါ...'လို့ ပြောတဲ့အခါ လက်နဲ့ အနုတ်လက္ခဏာသဘောမျိုး လေထဲမှာ ယမ်းပြလိုက်လေ့ရှိတယ်မို့လား၊ အခုပြောမယ့် အပေါင်း လက္ခဏာကျတော့ သီးသန့်လက္ခဏာအသစ်တစ်ခု မဟုတ်ဘူးကွ ...၊ အနုတ်လက္ခဏာကို စောစောက ရပ်တန့်ခြင်းသဘောဆောင်တဲ့ လက္ခဏာ နဲ့ ပေါင်းလိုက်ပြီး အနုတ်မဟုတ်တော့ပါဘူးဆိုတဲ့ သင်္ကေတအဖြစ် ဖန်တီး လိုက်တာကွ ...၊ အနုတ်မဟုတ်တော့ပါဘူးဆိုတော့ အပေါင်းဖြစ်သွားတာ ပေါ့ကွာ ..."ဟုဆိုကာ အောက်ပါအတိုင်း ရေးခြစ်ပြလိုက်ပြန်လေ၏။




www.burmeseclassic.com



ရာဇာသည် အရှုးကြီးဖိုးလန်ဒန်ပြောပြသည့်အကြောင်းအရာကို စိတ်ဝင်စားစွာဖြင့် နားထောင်မှတ်သားနေမိလေ၏။ ထို့နောက် အရှုးကြီး ဖိုးလန်ဒန်က ဆက်လက်၍ –

"အပေါင်းလက္ခဏာဟာ အရေအတွက်ကို တိုးလာတဲ့သဘော ကို ဖော်ပြတယ်၊ အဲဒီလို တိုးတာထက်ပိုပြီး ပွားချင်တဲ့အခါမှာ သင်္ကေတ တစ်ခု ပေါ်လာပြန်တယ်၊ အဲဒီသင်္ကေတကလည်း သိသာနိုးကြီးတော့ မဟုတ် ဘူးကွ၊ အပေါင်းသဘောထက် ပိုပြီးများသွားတဲ့အခါ သာမန်တိုးသွားတာ မျိုး မဟုတ်ဘဲ ဆတိုးတွေတက်သွားတာဖြစ်တဲ့အတွက် တိုးနှုန်းက ပိုပြီး များတယ် ...၊ ပိုများတဲ့အတွက် စောစောက အပေါင်းလက္ခဏာဟာ အရှိန် လှုပ်သွားတော့တာပေါ့ ...၊ အဲဒီအခါမှာ ဟောဒီလို ဖြစ်သွားတာပေါ့ကွ..." ဟု ဆိုကာ အောက်ပါသင်္ကေတစ်ခုကို ရေးခြစ်ပြလိုက်ပြန်လေ၏။



ရာဇာလည်း ဖိုးလန်ဒန်ကြီး ရေးခြစ်ပြလိုက်သော သင်္ကေတ ကို လှမ်း၍ကြည့်လိုက်ပြီးနောက် "အမြှောက် ..." ဟု အော်လိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက –


"ရက်စ်..ရက်စ် ..အောရိုက်..အောရိုက်...၊ အပေါင်းတွေ



များသွားတဲ့အခါ မင်းတို့ခေါ်တဲ့ အမြှောက်လက္ခဏာဖြစ်သွားတာပေါ့ကွ၊ အဲဒီလို မြှောက်တာထက်ပိုပြီး တိုးချင်ပွားချင်ရင်ကောကွာ ...၊ ဘယ်သင်္ကေ တနဲ့ ပြမလဲ ..." ဟု မေးလိုက်လျှင် ရာဇာသည် မျက်မှောင်ကြီးကြုတ်ပြီး နောက် –

"အဲဒါတော့ ကျုပ်လည်း မသိတော့ဘူးဗျ ..." ဟု ပြောလိုက် ရာ ဖိုးလန်ဒန်ကြီးက –

"မင်းကလည်း တယ်လည်းဖိုးဝေးတာကိုးကွ၊ အပေါင်းတွေ အများကြီးဖြစ်သွားတဲ့အခါ အရှိန်အဟုန်နဲ့ တိုးသွားတဲ့အတွက် အမြှောက် လက္ခဏာဖြစ်သွားတာလေကွာ၊ အဲဒီအမြှောက်တွေ ထပ်ပြီး အရှိန်အဟုန်နဲ့ တိုးသွားတဲ့အခါ အမြှောက်လက္ခဏာဟာ အရှိန်နဲ့ ထပ်ပြီးလည်သွားပြန် တော့တာပေါ့ကွ ...၊ သူ့ကျတော့ အဲသည်လို လည်သွားတဲ့နှုန်းက တအား များသွားတဲ့အခါ အဖျားကလေးတွေမှာ အရိပ်ကလေးတွေ ကျန်နေခဲ့တယ်၊ မင်းစိတ်ကူးထဲမှာ ကြက်ခြေခတ်ဒလက်တစ်ခုကို မှတ်နေအောင် လှည့် ကြည့်ပေါ့ကွာ...၊ ခပ်လှမ်းလှမ်းက ကြည့်လိုက်ရင် ဟောဒီလို မြင်ရမှာပေါ့ ကိုယ့်လူရ ..." ဟု ဆိုကာ အောက်ပါသင်္ကေတတစ်ခုကို ရေးပြလိုက် ပြန်လေ၏။



www.burmeseclassic.com



ထိုအခါ ရာဇာလည်း "စကြာ ..."ဟု လွှတ်ခနဲ အော်လိုက်ပြန်လျှင် ဗိုးလန်ဒန်ကြီးက -

"ဒါပေါ့ကွ၊ မရေမတွက်နိုင်တဲ့သဘော ...၊ အနန္တသဘော ... အင်ဖက်နတီသင်္ကေတကြီးပဲပေါ့ကွာ ..."ဟု ပြောရင်း ရာဇာ၏ပုခုံးကို ပုတ်လိုက်ပြီးနောက် -

"ကိုင်း ... ဒီနေ့တော့ တော်လောက်ပြီ တပည့်ကြီးရေ ... မနက်ဖြန် ဆက်ရန်ပေါ့ကွာ ...၊ အခုတော့ ငါ့မိတ်ဆွေတစ်ယောက်ဆီကို သွားလည်လိုက်ဦးမယ်ဟေ့ ..."ဟု ပြောကာ မြက်ခင်းပြင်ပေါ်သို့ လှဲ၍ အိပ်ချလိုက်လေ၏။

ရာဇာလည်း အကြောင်းသားဖြင့် ငေးကြည့်နေခိုက်မှာပင် အရူးကြီးဗိုးလန်ဒန်သည် တခူးခူးတခေါခေါ ဟောက်သံပေး၍ အိပ်ပျော်သွားပြီ ဖြစ်လေတော့၏။ ထို့ကြောင့် ရာဇာလည်း ၎င်း၏ပစ္စည်းများကို သိမ်းဆည်းပြီးနောက် ကန်ပေါင်ပေါ်မှဆင်းလာကာ လမ်းမီးများလင်းနေပြီဖြစ်သော လမ်းကလေးအတိုင်း တရွေ့ရွေ့လျှောက်လာခဲ့ပါလေတော့သတည်း။

အခန်း ၁၆

[illegible]



နောက်တစ်နေ့ညနေတွင် ရာဇာသည် ဆေးပေါ့လိပ်များ ဝယ်ယူပြီးနောက် ကန်ပေါင်ပေါ်သို့ တက်လာခဲ့ပြန်လေ၏။ သူထိုင်နေကျနေရာ၌ ဗိုးလန်ဒန်ကြီး ရောက်နှင့်နေပြီကို တွေ့ရလေ၏။ ဗိုးလန်ဒန်ကြီးသည် ရာဇာကို လှမ်း၍မြင်လိုက်သည်နှင့် -

www.burmeseclassic.com

www.burmeseclassic.com



"ဂွတ်ဒ်အီးဗီးနင်း..၊ ဂွတ်ဒ်မာစတာအန်န် ဂွတ်ဒ်ဘွိုင်း ..." ဟု ဆော်လိုက်လေ၏။ ထို့နောက် -

"ကောင်းသောညနေခင်းမှာ ကောင်းသောလူကလေးတို့ ကောင်းသောဆရာသခင်က ...ကောင်းစွာ နှုတ်ဆက်လိုက်ပါတယ် ကွယ်..."ဟု ပြောလိုက်ပြန်လျှင် ရာဇာက -

"ဟုတ်ပါပြီဗျာ ...ဟောဒီမှာ ကောင်းသောမီးခြစ်နဲ့ ကောင်းသော ဆေးပေါ့လိပ်တွေလည်း ပါလာပါတယ် ..၊ ကောင်းသော သောက်ခြင်းနဲ့ သောက်ပြီး ကောင်းသောစကားတွေ ပြောစမ်းပါဦး..."ဟု ပြောပြီး ဖိုးလန်ဒန်ကြီးအား ဆေးပေါ့လိပ်များနှင့်မီးခြစ်ကို လှမ်း၍ပေးလိုက်ရာ ဖိုးလန်ဒန်ကြီးက လှမ်း၍ယူလိုက်ရင်း -

"အိုကေး...အိုကေး ...ဂွတ်ဒ်ထ..ဂွတ်ဒ်ထ ..၊ ကောင်းသော သောက်ခြင်းနဲ့သောက် ...၊ ကောင်းသောအဆုတ်ရောဂါတွေဖြစ် ..၊ ကောင်းသော ဆရာဝန်ကြီးနဲ့တွေ့ ...၊ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ ကောင်းသော သေခြင်းနဲ့ သေလိုက်တာပေါ့ကွာ ..."ဟု ပြောလိုက်သဖြင့် ရာဇာလည်း ဖိုးလန်ဒန်ကြီးကို ကြည့်ကာ သဘောကျစွာဖြင့် ပြုံးလိုက်မိလေ၏။

ထိုညနေခင်းတွင်လည်း ဖိုးလန်ဒန်ကြီးသည် ရာဇာအား စကြဝဠာကြီးက ပေးလိုက်သော သင်္ကေတများအကြောင်းကို ထပ်မံ၍ ပြောပြပြန်လေ၏။

ကြိုဂံများ၏အကြောင်း၊ စတုရန်းများ၏အကြောင်း၊ စတုဂံများ ၏အကြောင်း၊ စက်ဝိုင်းများ၏အကြောင်း၊ ငါးထောင့်ကြယ်များ၊ ခြောက် ထောင့်ကြယ်များ၊ ရှစ်ထောင့်ကြယ်များ၏အကြောင်း ...စသည်ဖြင့် သင်္ကေတမျိုးစုံ၏အကြောင်းကို တစ်ခုချင်း အသေးစိပ် ရှင်းပြလေ၏။



"ဒီလို တပည့်ကြီးမောင်ရာဇာရဲ့ ...၊ ငါတို့ရဲ့ ကမ္ဘာကြီးဟာ အင်မတန်ပြင်းတဲ့ အရှိန်အဟုန်နဲ့ လည်ပတ်နေတာကွ ..၊ ထုထည်ကြီးက လည်း ကြီးလွန်း ...၊ နောက်ပြီးတော့ ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အား၊ လေထု ရဲ့ သိပ်သည်းဆ ...ဒါမှမဟုတ် ဖိအား၊ နောက်တစ်ခုက အီနားရှားဆိုတဲ့ အရှိန်သဘော ... အဲဒါတွေ အဲဒါတွေကြောင့်သာ ငါတို့ဟာ ဒီကမ္ဘာဂြိုဟ်ကြီး ပေါ်ကနေ လွင့်စင်ထွက်မသွားကြတာကွ၊ တိုး... အာကာသထဲကနေပြီး တော့ ငါတို့ရဲ့ ကမ္ဘာဂြိုဟ်ကြီးကို ကြည့်လိုက်မယ်ဆိုရင်တော့ အင်မတန် ပြင်းတဲ့အရှိန်နဲ့ လည်ပတ်နေတာကို တွေ့ရမယ်၊ အဲဒီအရှိန်ဟာ ... ဘယ်လောက်ပြင်းသလဲဆိုရင် ကမ္ဘာဂြိုဟ်ကြီးကို အလုံးကြီးအတိုင်း မမြင် ရတော့ဘဲ စက်ဘီးတစ်စီး နေရောင်ထဲမှာ တအားနင်းသွားတဲ့အခါ အဲဒီ စက်ဘီးရဲ့ဘီးကို လှမ်းမြင်ရသလိုမျိုး မြင်ရတယ်ကွ ..."ဟု ဖိုးလန်ဒန်ကြီးက ပြောလိုက်လျှင် ရာဇာသည် တစ်အောင့်မျှ စဉ်းစားလိုက်ပြီးနောက် -

"ဪ ...ဟုတ်ပြီ...ဟုတ်ပြီ ...၊ စက်ဘီးက စပုတ်တံတွေကို တစ်ချောင်းစီ မမြင်ရတော့ဘဲ နေရောင်အောက်မှာ ကြက်ခြေခတ်လို အရိပ် ကိုပဲ မြင်ရတယ်ဗျ၊ အဲဒါမျိုးလား..."ဟု မေးလိုက်ရာ ဖိုးလန်ဒန်ကြီးက -

"အောရိုက်...အောရိုက်၊ လူကလေး အလွန်တော်တယ်၊ ကမ္ဘာ ဂြိုဟ်ကိုလည်း တိုး ...အာကာသထဲက လှမ်းကြည့်ရင် အဲဒီလိုပဲ ကြက်ခြေ ခတ် အရိပ်ကြီးအဖြစ် မြင်ရတယ်ကွ ..၊ တကယ်လို့များ ကမ္ဘာမြေကြီးမှာ ဘုန်းဟုန်း တောက်နေမယ်ဆိုရင် အဲဒီကြက်ခြေခတ်ကြီးဟာလည်း ရောင်နီရဲရဲကြီး ဖြစ်သွားမှာပေါ့ကွ၊ ငါတို့ကမ္ဘာပေါ်မှာ ကြက်ခြေနီအသင်း ရဲ့ တံဆိပ်တာ အဲဒီအဓိပ္ပာယ်ကို ယူထားတာပဲပေါ့ကွ၊ ကြက်ခြေနီတံဆိပ် ကို တွေ့ပြီဆိုတာနဲ့ ကမ္ဘာကြီးမီးလောင်နေသလိုမျိုးပဲ အင်မတန်

www.burmeseclassic.com



အသချိုကြီးတဲ့ အခြေအနေကို ကြုံတွေ့နေရပါတယ်လို့ ဆိုလိုတာပေါ့ကွ အရေးပေါ်အခြေအနေမျိုးတွေမှာ ကြက်ခြေနီကားတို့ ကြက်ခြေနီရဲဘော် ဆိုရင် အားလုံးက ဦးစားပေးကြရတာပဲမဟုတ်လား ...''တု ရှည်လျား ရှင်းပြနေလေ၏။ ရာဇာလည်း ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရ

''တော်တော်စိတ်ဝင်စားဖို့ ကောင်းတာပဲဗျ၊ ခင်ဗျားပြောသ ဆိုရင် သင်္ကေတတွေ၊ တံဆိပ်တွေမှာ အင်မတန်လေးနက်တဲ့ အန အဓိပ္ပာယ်တွေ ရှိနေတာပေါ့ ...''ဟု ပြောလိုက်လျှင် ဖိုးလန်ဒန်ကြီးက -

''ဒါပေါ့ကွာ ...၊ နောက်တစ်ခု မင်း စဉ်းစားကြည့်လေ ...၊ တ ပေါ်က တိုင်းပြည်တိုင်းမှာ အဲဒီတိုင်းပြည်ရဲ့ အထွတ်အမြတ် အလံတော် တာတွေ ရှိတယ်၊ အဲဒီအလံတော်ဆိုတာ တစ်ဦးတည်း တစ်ယောက်တည် တစ်မြို့တည်း တစ်ရွာတည်း၊ တစ်ဖွဲ့တည်း တစ်သင်းတည်းကို ကိုယ်စ ပြုတာ မဟုတ်ဘူးကွ၊ တစ်နိုင်ငံလုံးကို ကိုယ်စားပြုထားတာ ...၊ အဲဒီ အဲဒီနိုင်ငံရဲ့ ဘုံပိုင်သင်္ကေတပဲ၊ ဒီ့အထင်ကိုပြောရရင်တော့ အဲဒီအလံတော တွေမှာ အသုံးပြုထားကြတဲ့ သင်္ကေတတွေဟာ သာမန်အနက်အဓိပ္ပာ ထက် အများကြီးလေးနက်တဲ့ သဘောတွေ ပါနေတယ်၊ အဲဒီသင်္ကေတ ဟာလည်း ဟောဒီစကြဝဠာကြီးနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သတ် ကြမှာပဲကွ၊ အဲဒီသင်္ကေတတွေမှာ အင်မတန်ထူးဆန်းတဲ့ စွမ်းရည် ဝိဇ္ဇာသတ္တိတွေ၊ အာနိသင်တွေ ကိန်းအောင်းနေမှာပဲကွ ...''တု ပြောလို လျှင် ရာဇာက -

''ခင်ဗျားကတော့ဗျာ ...အကုန်လျှောက်ပြီး စဉ်းစားနေ တာပဲ ...၊ ကျုပ်ဖြင့် တစ်ခါမှ တွေးမကြည့်မိဖူးပါဘူး...''တု ပြန်ရှင်း လိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက -



''ငါကတော့ တွေးမိရုံတင်မကဘူးကွ ...၊ သေသေချာချာကို တော့ထားကြည့်ဖူးတယ်၊ ငါ လေ့လာမိသလောက်ပြောရရင်တော့ ဟောဒီ ကမ္ဘာကြီးပေါ်မှာ နေမင်းရဲ့သင်္ကေတကို အသုံးပြုတဲ့နိုင်ငံပေါင်း (၁၀)နိုင်ငံ ရှိတယ်၊ လပြည့်ဝန်းတံဆိပ်ကို အသုံးပြုတဲ့နိုင်ငံပေါင်း (၅)နိုင်ငံ ရှိတယ်၊ လခြမ်းတံဆိပ်ကို အသုံးပြုတဲ့ နိုင်ငံပေါင်း (၁၂)နိုင်ငံ ရှိတယ်၊ ငါးထောင့်ကြယ်၊ ခြောက်ထောင့်ကြယ်စတဲ့ ကြယ်သင်္ကေတတံဆိပ်ကို သုံးတာက (၅၈)နိုင်ငံ ရှိတယ်ကွ ...၊ ကြက်ခြေခတ်အတည့် သို့မဟုတ် အပြောက်လက္ခဏာပုံစံကို သုံးတာက (၁၉)နိုင်ငံရှိတယ် ...၊ တြိဂံအမှတ်အသားကို သုံးတာက (၂၈) နိုင်ငံရှိတယ်၊ ဒီ့အပြင် ...တိုင်းပြည်အလိုက် ဆင်တံဆိပ်ကို သုံးတာ ...၊ ခြင်္သေ့တံဆိပ်ကို သုံးတာ၊ ငှက်တံဆိပ်ကိုသုံးတာ၊ နဂါးတံဆိပ်ကို သုံးတာ၊ ...တံဆိပ်ကို သုံးတာ၊ ယင်ယန်လို့ခေါ်တဲ့ အဖိုအမသင်္ကေတတံဆိပ်ကို သုံးတာ၊ စပါးနှံတံဆိပ်ကို သုံးတာ၊ သံလွင်ခက်တံဆိပ်ကို သုံးတာ ...၊ ...တံခွန်တံဆိပ်ကို သုံးတာ၊ သရုပ္ပတံဆိပ်ကို သုံးတာ၊ ဘာသာရေးနဲ့ ပတ်သက်တဲ့ အက္ခရာတွေကို သုံးတာ...အဲဒါတွေလည်း တွေ့ဖူးတယ် ကွ...''ဟု ပြောပြပြန်လေရာ ရာဇာလည်း ပါးစပ်အဟောင်းသားဖြင့် ခေါင်း ညိတ်ညိတ် ဖြစ်နေလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၇

# လုပ်ပေးလောက်ကြမင်း



ထိုနေ့ညနေက

ရာဇာနှင့် ဖိုးလန်ဒန်ကြီးတို့

သည် အတန်ငယ် မှောင်ရီပျိုးသည်အထိ

စကားကောင်းနေခဲ့ကြ၏။ ဖိုးလန်ဒန်ကြီးသည် ဆေးပေါ့လိပ်တိုကို လက်ညှိုးဖြင့် တောက်ထုတ်လိုက်ပြီးနောက် သူ၏ လက်မနှင့်လက်ညှိုးကို အဝိုင်းပုံစံကလေးပြုလုပ်ကာ ရာဇာ၏မျက်နှာအနီးသို့ ပြလိုက်လေ၏။ ထို့နောက်


www.burmeseclassic.com

www.burmeseclassic.com



''ဒါဆိုရင် ဘာလို့ မင်းသိထားသလဲကွာ ...''ဟု မေးလိုက်ရာ ရာဇာက -

''အဲသည်လို အဝိုင်းလေး ဝိုင်းပြရင် ငွေကြေးကို ဆိုလိုမှန်း အားလုံးသိကြတယ်ဗျာ ...'' ဟု ပြန်၍ဖြေလိုက်လေ၏။ ဗိုးလန်ဒန်ကြီးသည် ရာဇာ၏အဖြေကို နားထောင်ရင်း ဟက်ဟက်ပက်ပက် ရယ်မောနေ၏။ ထို့နောက်တွင်မှ ၎င်း၏ ဖောင်းကားပြည့်သိပ်နေသော လွယ်အိတ်စုတ်ကြီး အတွင်းမှ လက်မခန့် သစ်သားတုံးကလေးများကို နှိုက်ယူလိုက်ပြီးလျှင် အောက်ပါသစ်သားတုံးလေးတစ်တုံးကို ရာဇာ၏လက်အတွင်းသို့ ထည့်ပေး လိုက်လေ၏။ ရာဇာလည်း ထိုသစ်သားတုံးကလေးကို အပြန်ပြန်အလှန်လှန် လှည့်ပတ်ကြည့်ရှုပြီးနောက် -



''ဘာလဲ...ဗိုးလန်ဒန်ကြီးရဲ့ ဒါက ဘာလဲ ...'' ဟု နားမလည် နိုင်စွာဖြင့် မေးလိုက်လေ၏။ ထိုအခါ ဗိုးလန်ဒန်ကြီးက -





''အဲဒီသစ်သားတုံးပေါ်က တံဆိပ်ကလေးဟာ စောစောတ လက်ညှိုးနဲ့လက်မ ဝိုင်းပြတဲ့ သင်္ကေတနဲ့ အတူတူပါပဲကွာ...၊ ဒါဟာ ငွေကြေး ကို ကိုယ်စားပြုတဲ့ သင်္ကေတတံဆိပ်တစ်ခုပဲ၊ အေဒီ ၈၀၀ နဲ့ ၁၂၀၀ လောက်အတွင်းမှာတုန်းက ရှေးဟောင်းလောကီပညာရှင်ကြီးတွေဟာ အဲဒီ သင်္ကေတကို ငွေကြေးချမ်းသာကြွယ်ဝခြင်း၊ ငွေကြေးရယူပိုင်ဆိုင်ခြင်း ကိစ္စတွေနဲ့ ပတ်သက်ပြီး တွင်တွင်ကျယ်ကျယ်ကြီး အသုံးပြုခဲ့ကြတယ်ကွ...၊ သင်္ကေတတွေဟာ ဘယ်လိုဘယ်လိုဖြစ်လာတာလဲလို့ မမေးနဲ့၊ ငါလည်း မပြောတတ်ဘူး၊ မင်းလည်း သေအောင်စဉ်းစား...၊ ရမှာမဟုတ်ဘူး၊ ဘာဖြစ် လို့လဲဆိုတော့ လူသားတွေရဲ့ အသိဉာဏ်နဲ့ စီရင်ခဲ့တာ မဟုတ်လို့ပဲကွ...၊ တောဒီကမ္ဘာမြေအတွက် စကြဝဠာကြီးက အပ်နှင်းလိုက်တဲ့ လက်ဆောင် ဖြစ်နေလို့ပဲကွ ...၊ အဲဒီတော့ ငါ့ကို ဘာမှထပ်ပြီး မမေးပါနဲ့တော့၊ ငွေကြေး ဆိုတာကို ဖော်ပြချင်ရင်တော့ မင်းရဲ့ပန်းချီကားမှာ အဲဒီတံဆိပ်ကို ထည့်ရေး ပေတော့ပေါ့ ...'' ဟု ပြောပြီးနောက် ဆေးပေါ့လိပ်အသစ်ကို မီးညှိနေ လေ၏။ ရာဇာလည်း ဗိုးလန်ဒန်ကြီး၏ သစ်သားတုံးကလေးကို လက်ထဲ တွင် ဆော့ကစားရင်း ခေါင်းတဆတ်ဆတ် ညိတ်နေမိလေ၏။ ထို့နောက် ဗိုးလန်ဒန်ကြီးသည် ဆေးပေါ့လိပ်ကို အားရပါးရ ရှိုက်ဖွာ၍ မီးခိုးများကို ဟူးကနဲ ဟူးကနဲ မှုတ်ထုတ်လိုက်ပြီးနောက် -

''မင်းက ဝေဇယန္တာဘုံနန်းဆိုတဲ့ ပန်းချီကားကြီးကိုရေးဖို့ အားခဲ နေတာ မဟုတ်လား ...၊ လူ့ပြည်ပဲဖြစ်ဖြစ် နတ်ပြည်ပဲ ဖြစ်ဖြစ် ချမ်းသာ ကြွယ်ဝခြင်းဆိုတဲ့အရာဟာ ရှိနေမှာပဲ၊ ငါတို့ဆီမှာတော့ ငွေများများ ပိုင်ဆိုင် မှ ချမ်းသာတယ်လို့ ယေဘုယျသတ်မှတ်ကြတာပေါ့ကွာ...၊ နတ်ပြည်မှာ ဆော့ ငါတို့လို ငွေကြေးတွေ ...၊ ငွေစက္ကူတွေကို သုံးချင်မှ သုံးမှာပေါ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ တွေတဲ့သို့ အဦးပွားယ်ရသော ပစ္စည်းမျိုး ရှိရမှာပဲပေါ့ကွာ...၊ အဲဒီတော့ အဲအစ်ပွားယ်တွေ လိုက်ပြီး စဉ်းစားမနေပါနဲ့တော့ကွာ...၊ လူ့ပဲ ဖြစ်ဖြစ် တော်ပြစ်ဖြစ် သူ့ရဲ့ငွေကြေးဥစ္စာကို ဖော်ပြချင်ရင်တော့ အဲဒီသင်္ကေတနဲ့ ဖော်ပြရမှာပဲဟေ့ ...၊ မင်းရဲ့ ဝေဇယန္တာဘုံနန်း ပန်းချီကားကြီးမှာလည်း အဲဒီသင်္ကေတဟာ မပါမဖြစ် ပါရမယ့် သင်္ကေတပဲကွ ...၊ ဒီတော့ မင်းရဲ့ ပန်းချီကားမှာ ဒီသင်္ကေတကို စပြီးရေးပေတော့ဟေ့ ...” ဟု ပြောလိုက်ရာ ရာဇာလည်း –

“ကြာသလားလို့ ...၊ အခုကိုပဲ စမယ်ဗျာ ...” ဟု တက်ကြွစွာဖြင့် ပြောလိုက်ပြီးနောက် စုတ်တံနှင့် ဆေးဘူးများကို ထုတ်ယူကာ ကင်ဗတ်စ်ဘုတ်ပြားပေါ်တွင် ထိုသင်္ကေတကို စတင်ရေးခြစ်လိုက်လေတော့၏။ အရှုးကြီးဗိုးလန်အန်က –

“အခုချိန်က စတင်ပြီး ပန်းချီဆရာကြီးမောင်ရာဇာရဲ့ ဝေဇယန္တာဘုံနန်း ပန်းချီကားကြီးကို မင်္ဂလာရှိစွာ စတင်လိုက်ပါပြီခင်ဗျား ...” ဟု ဝမ်းခေါင်းသံကြီးဖြင့်အော်ဟစ်၍ လက်ခုပ်လက်ဝါး တီးလိုက်လေ၏။ ရာဇာလည်း ဗိုးလန်အန်ကြီးပြောပြသော သင်္ကေတတစ်ခုကို ရေးခြစ်လိုက်ပြီးနောက် ဗိုးလန်အန်ကြီးဘက်သို့လှည့်၍ –

“ကိုင်း ...ငွေကြေးနဲ့ ပတ်သက်တဲ့ သင်္ကေတတံဆိပ်တော့ ရေးပြီးသွားပြီ၊ ပြီးရင် ဘာဆက်ရေးရဦးမှာလဲ ...” ဟု မေးလိုက်ရာ ဗိုးလန်အန်ကြီးသည် သရော်သောလေသံမျိုးဖြင့် အားရပါးရ အော်ဟစ်ရယ်မောလိုက်ပြီးနောက် –

“အဲသလိုလေး တစ်ချက်နှစ်ချက် ကောက်ခြစ်ရုံနဲ့များ ပြီးသွားရင် ခက်ကုန်တော့မှာပေါ့ကွာ ...အဲလောက်နဲ့ ဘယ်လိုလုပ်ပြီး ငွေဖြစ်



မှာလဲ၊ ဘယ်ကိစ္စမဆို အကြိပ်ကြိမ် ကြိုးပမ်းအားထုတ် လေ့ကျက်ခြင်းဆိုတာ လိုအပ်တယ်ကွ၊ ဥပမာဆိုပါတော့ကွာ ...ရတနာထုပ်ကြီး ရစေတဲ့ ဂါထာမန္တန်ဆိုပါတော့...၊ အဲဒီဂါထာမန္တန်ဟာ ရတနာထုပ်ကြီး ရစေတာလည်း မဟုတ်ဘူးကွ ...၊ မရစေတာလည်း မဟုတ်ဘူးကွ ...၊ ဒီဂါထာမန္တန်ကြောင့် ရတနာထုပ်ကြီး ရစေတယ်ဆိုပြီး တစ်ခေါက်နှစ်ခေါက် ရွတ်ရုံနဲ့တော့ ရမှာမဟုတ်ဘူး ကိုယ့်လူ ...၊ မရလို့ဆိုပြီး အဲဒီဂါထာမန္တန်ကို အပြစ်မတင်လေနဲ့ ...၊ ကာလနာတိုက်သွားမယ်၊ အပါယ်ငရဲကို ခုနစ်ပတ်ကျွမ်းပစ်ပြီး မျောက်မင်းအှုသံနဲ့ ဆင်းသွားရမယ်၊ မရတာတာ အဲဒီဂါထာမစွမ်းလို့ မဟုတ်ဘူး၊ ကိုယ့်ကြောင့်...၊ အဲဒီတော့ နည်းစနစ်လည်း မှန်မယ်၊ အချိန်ကာရီလည်း မှန်ကန်မယ်၊ အခေါက်ရေ ဘယ်နှထောင် ဘယ်နှသောင်း ရွတ်ပါဆိုတဲ့ သတ်မှတ်ချက်လည်း ပြည့်မီမယ်ဆိုရင် အဲဒီဂါထာမန္တန် စွမ်းတာပေါ့ကွာ ...” ဟု ပြောလိုက်လျှင် ရာဇာသည် ဗိုးလန်အန်ကြီး ဘာကိုဆိုလိုချင်သနည်းဟု တွေးကာ ငေါင်ငေါင်ကြီး ငေးကြည့်နေမိ၏။ ထိုအခါ ဗိုးလန်အန်ကြီးက သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်ပြီးနောက် –

“လေးသည်တော်တစ်ယောက်တာ သူ့ရဲ့လေးနဲ့မြားကို အသုံးပြုပြီး ဟိုးအဝေးကြီးက ပစ်မှတ်သေးသေးလေးကို ရင်သပ်ရှုမောဖြစ်လောက်အောင် ပစ်ပြနိုင်တယ်ဆိုပါတော့...၊ မင်းလည်းပဲ အဲဒီလေးနဲ့မြားကို ကောက်ယူပြီး သူ့လို ပစ်ကြည့်မယ်ဆိုရင် ပစ်မှတ်နဲ့ မင်းရဲ့မြားတာ တောင်ခရီးစွန်းနဲ့ မြောက်ဝင်ရိုးစွန်းလောက် ဝေးသွားမယ်ကိုယ့် လူ...၊ အဲဒီလိုပစ်မှတ်ကို မထိတာနဲ့ပဲ အလကား လေး ...၊ အသုံးမကျတဲ့မြားဆိုပြီး ချိုးပြီး မပြစ်မှားလိုက်လေနဲ့ ...၊ ဒုက္ခရောက်သွားမယ် ...၊ လေးနဲ့မြားက ညံ့ဖျင်းတာမဟုတ်ဘူး၊ မင်းက မစွမ်းတာလေ...၊ လေးနဲ့မြားမှာက

www.burmeseclassic.com

www.burmeseclassic.com



ပစ်မှတ်ကို တည့်တည့်ထိစေနိုင်တဲ့ အရည်အချင်း ရှိပြီးဖြစ်သလို လွဲသွားစေနိုင်တဲ့ အကြောင်းတရားလည်း ကိန်းအောင်းနေပြီးသားကွ၊ သူ့ကို အသုံးချတဲ့ လူဟာ ဘယ်လောက် အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်ကြိုးပမ်းထားတယ် ဆိုတဲ့အပေါ်မှာ အခြေက မူတည်နေတယ်၊ အဲဒီတော့ စောစောက ငါပြောလိုက်တဲ့ ငွေကြေးရဲ့ သင်္ကေတလေးဟာလည်း သူ့ဟာသူတော့ ငွေကြေးအဓိပ္ပါယ်ရှိနေပြီးသား၊ ဒါပေမဲ့ ...မင်းက မင်းရဲ့ဖွဲ့လုံ့လ ဝီရိယ စွမ်းရည်တွေစိုက်ထုတ်ပြီး ဖော်ထုတ်လိုက်ပါမှ သူ့ရဲ့စွမ်းရည်ဟာ ပေါ်လွင်လာမှာပေါ့ ...၊ အဲဒီတော့ ဒီသင်္ကေတလေးဟာ ဘယ်လောက်အစွမ်းထက်တယ် မထက်ဘူးဆိုတာ မင်းအနေနဲ့ သူ့ရဲ့စွမ်းရည်ကို ဘယ်လောက် ဖော်နိုင်တယ် မဖော်နိုင်ဘူးဆိုတဲ့အပေါ်မှာ မူတည်နေတယ်တော့ ...” ဟု တစ်လုံးချင်း ပြောချလိုက်ရာ ရာဇာသည် တဝိမ့်ဝိမ့် သဘောပေါက်သွားသည်ဖြစ်သောကြောင့် –

“ဟုတ်တယ် ...၊ သူ့ရဲ့တန်ဖိုးကို ပေါ်နိုင်သမျှ ပေါ်အောင် – ကျွန်တော် ဖော်မယ် ဖိုးလန်ဒန်ကြီး ...” ဟု ပြောကာ ကင်းဗတ်စပေါ်၌ အထက်က ဆိုခဲ့သော တံဆိပ်ကို အကြိမ်ပေါင်း အရာအထောင်အသောင်း မရေမတွက်နိုင်တော့သည်အထိ စတင်ရေးခြစ်လေတော့၏။ ဖိုးလန်ဒန်ကြီးလည်း ဆေးပေါ့လိပ်တိုကို ပါးစောင်တွင် ခဲရင်း –

“ဂွတ်ဒ်ထ ...ဂွတ်ဒ်ထ ...ဂွတ်ဒ်လေစ္စ ... ဂွတ်ဒ်လေစ္စ ...” ဟု ရေရွတ်ကာ ရာဇာ၏နောက်ကျောကို သူ၏လက်ဝါးကြီးဖြင့် အားရပါးရ ပုတ်လျက် ကန်ပေါင်ပေါ်မှ တရွေ့ရွေ့ ဆင်းသွားပါလေတော့သတည်း...။

“လေးနဲ့မြှားမှာ
ပစ်မှတ်ကို
တည့်တည့်ထိစေနိုင်တဲ့
အရည်အချင်း ရှိနေပြီးဖြစ်သလို
လွဲသွားစေနိုင်တဲ့
အကြောင်းတရားလည်း
ကိန်းအောင်းနေပြီးသားပါ၊
သူ့ကို အသုံးချတဲ့ လူဟာ
ဘယ်လောက် အကြိမ်ကြိမ်အဖန်ဖန်
လေ့ကျင့်ကြိုးပမ်းထားတယ်
ဆိုတဲ့အပေါ်မှာ အခြေက
မူတည်နေပါတယ်”

www.burmeseclassic.com

www.burmeseclassic.com

အခန်း၊ ၁၁၊

## အဖွားကိုချစ်ချင် ရွှေပြိုင်ရမယ်



ရာဇာသည်
ပိုးလန်ဒန်ကြီးပြော
ပြခဲ့သော စကြဝဠာ
သင်္ကေတတစ်ခုကို အကြိမ် အရာ
အထောင်အသောင်း မရေမတွက်နိုင်လောက်အောင်ပင် ထပ်ကာထပ်ကာ
ရေးခြစ်နေခဲ့ရာ နောက်ဆုံးတွင် နံနက်လင်းကြက်တွန်ချိန်ခန့်၌တွင်ကား
စိတ်မောလူမောဖြင့် မြက်ခင်းပြင်ပေါ်၌ပင် အိပ်မောကျသွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရာဇာ...ရာဇာ...ဟေ့ရာဇာ..."

မည်မျှကြာအောင် နှစ်ခြိုက်စွာ အိပ်မောကျနေမိသည်မသိ ငင်း၏နာမည်ကို ခေါ်၍ တစ်စုံတစ်ယောက်က လှုပ်နှိုးသောအခါကျမှ ရာဇာသည် အိပ်ပျော်နေရာမှ နိုးသွားလေတော့၏။ မျက်လုံးကို ဖွင့်၍ လက်ခုံဖြင့် ပွတ်သပ်ရင်း ကြည့်ရှုလိုက်သောအခါ ငင်း၏ဘေး မြက်ခင်းပြင်၌ ဒူးကလေးထောက်၍ ထိုင်နေသော ဝတ်မှုန်ကို တွေ့ရလေ၏။ ဝတ်မှုန်သည် လက်ထဲတွင်ကိုင်လာသော ပလတ်စတစ်အိတ်ကလေးကို ရာဇာ၏လက်သို့ လှမ်း၍ပေးရင်း –

"နင် ဒီကန်ပေါင်ပေါ်မှာပဲ နှစ်ရက်လောက် ရှိနေပြီလို့ ပြောကြတယ်...၊ ထမင်းတွေ ဘာတွေလည်း မစားရဘူးမို့လား၊ ရော့...ဟောဒီမှာ နင့်ဖို့ထမင်းထည့်လာတယ် ..." ဟု ပြောလိုက်လေ၏။ ရာဇာလည်း ထိုအခါကျမှပင် လွန်စွာဆာလောင်မွတ်သိပ်နေကြောင်း သတိပြုမိလေတော့၏။ ထို့ကြောင့် ထမင်းထုပ်ကို ဖြည်ကြည့်လိုက်သောအခါ ဟင်းအဖြစ် ဘူးသီးကြော်ကလေး နှစ်ချပ်ကိုသာ တွေ့ရလေ၏။ ထို့ကြောင့် –

"ဝတ်မှုန် ...နင်တို့သားအမိတွေကော စားရေးသောက်ရေး အဆင်ပြေကြရဲ့လား၊ ဘာတွေနဲ့ စားသောက်နေကြတုံး..." ဟု မေးလိုက်လျှင် ဝတ်မှုန်သည် ရာဇာ၏အမေးကို ပြန်၍မဖြေဘဲ ကန်ရေပြင်ကိုသာလျှင် အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေလေ၏။ ထို့နောက်တွင်မှ –

"အခြေအနေ အမှန်အတိုင်းပြောလိုက်ရင် နင်လည်း စိတ်မကောင်းဖြစ်ရတာက လွဲပြီး ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး ရာဇာရယ်... ငါတို့သားအမိ အခြေအနေကိုသာ နင့်ကို ပြောပြလိုက်ရင် နင် ဒီထမင်းတို့တောင် စားချင်မှာ မဟုတ်တော့ဘူး ရာဇာ..." ဟု အသံကလေး မထွက်တစ်ချက် ထွက်တစ်ချက်ဖြင့် ပြောလေ၏။ ထိုအခါ ရာဇာက ဝတ်မှုန်၏ ...းကို လက်ဖြင့် ခပ်ကြမ်းကြမ်းကိုင် လှုပ်ရင်း –

"ဒီမှာ ဝတ်မှုန်...၊ နင့်ဘဝမှာ ဖြစ်ပျက်ကြုံတွေ့နေရတာတွေကို ...ကို မပြောလို့ နင် ဘယ်သူ့ကို သွားပြောစရာများရှိလို့လဲ ဝတ်မှုန်ရယ်..." ...ု မေးလိုက်လေ၏။

"နဂါးလေး နေမကောင်းဘူး ရာဇာ...၊ ဆေးထိုးနေရတာ နှစ်...က်ရှိပြီ၊ ဆေးဖိုးလည်း ငါ မတတ်နိုင်ဘူး၊ ဒေါက်တာကို တောင်းပန်ပြီး ...ကြွေးထိုးနေရတာ...၊ အကြော်လည်း ကောင်းကောင်းမကြော်နိုင်ဘူး ...၊ ...၊ ဖောင်စီးရင်း ရေတော်ဆိုတာ ငါမှငါအစစ်ပဲ ရာဇာ...၊ အကြော်သည်မ ...နေပါလျှက်နဲ့ ထမင်းစားတဲ့အခါ အကြော်လေးတစ်ခုကို ဟင်းလုပ်ပြီး ...ဖို့တောင် ငါ့လက်တွေ တုန်နေရတယ် ရာဇာ ...၊ ဒီအကြော်လေးတစ်ခု ...ာ.နောက်နေ့အတွက် အရင်းပဲ့...၊ ဒီကြားထဲ အမေကလည်း ရင်ကြပ်ပြီး ...ာင်းတတွတ်ဟွတ်နဲ့၊ သူ့ကိုလည်း ဂရုစိုက်နေရသေးတယ်၊ ဒီညနေ ...လေးကို ဆေးသွားထိုးဖို့တောင် ဒေါက်တာကို ငါ ဘယ်လိုမျက်နှာပြ ...လဲ မသိဘူး ..." ဟု ပြောရင်း ခိုကိုးရာမဲ့စွာသော သူ၏ဘဝကို ...စိမ့်စိမ့်တွေးမိသည့်အလျောက် အားရပါးရ ရှိုက်ကြီးတငင် ငိုချလိုက်လေ ...ာ့၏။ ရာဇာသည် ဝတ်မှုန်ကို စိတ်မကောင်းခြင်းကြီးစွာဖြင့် ကြည့်နေ ...၏ ထို့နောက် တစ်စုံတစ်ခုကို သတိရလိုက်တန်ဖြင့် ငင်း၏မျက်လုံးအစုံ ...ည် ဖျတ်ခနဲ အရောင်လက်သွား၏။ ထို့နောက် –

"ကိုင်း...ဝတ်မှုန်၊ နင် လုပ်စရာရှိတာ သွားလုပ်တော့...၊ ဘာမှ ...နေပါနဲ့ဟာ...၊ ဝမ်းနည်းစရာပဲဖြစ်ဖြစ်၊ ဝမ်းသာစရာပဲဖြစ်ဖြစ် နောက် ...ော့ ပြီးသွားမှာတွေပါ ...၊ လောကဇာတ်ခုံပေါ်မှာ မသိမ်းဘဲ တန်းလန်း







www.burmeseclassic.com

www.burmeseclassic.com



ကျန်နေတဲ့ ဇာတ်ထုပ်ရယ်လို့ မရှိပါဘူး၊ ပြီးသွားမှာတွေပါ…၊ ကဲ…

သွားတော့…” ဟု နှစ်သိမ့်ဖျောင်းဖျလိုက်လေ၏။ ဝတ်မှုန်လည်း ရာဇာ၏

အနီးမှထကာ သူမ၏အကြော်ဆိုင်ကို ပြင်ဆင်လေ၏။

ရာဇာသည် သူ၏ပန်းချီပစ္စည်းများကို သိမ်းဆည်း၏။ ထိုအ

ချိန်၌မှာပင် ပိန်လှီချည့်နဲ့နေသော ခွေးလေခွေးလွင့်တစ်ကောင်သည်

ရာဇာ၏အနီးမှ ထမင်းထုပ်ကလေးကို ချီယူ၍ ပြေးလေတော့၏

ခွေးကလေးသည် ထမင်းထုပ်ကို ချီယူ၍ ထွက်ပြေးရင်း ထိတ်လန့်

သော မျက်လုံးမျိုးဖြင့် ရာဇာအား သမင်လည်ပြန် လှည့်၍လှည့်၍ကြည့်

ရာဇာကမူ ထိုခွေးကလေးကို ကြည့်ရင်း –

“စားလိုက်ပါကွာ…၊ လောကကြီးမှာ ဗိုက်ဆာနေတဲ့ လူတ

ယောက်နဲ့ ခွေးတစ်ကောင် ရှိတယ်၊ ထမင်းက တစ်ထုပ်ပဲ ရှိတယ်၊

ယောက်လုံး ငတ်နေတာထက်စာရင်တော့ တစ်ယောက်ယောက် ဝသွား

တာ ဝမ်းသာစရာကောင်းပါတယ်ကွာ…” ဟု ရေရွတ်ကာ ကန်ပေါင်ပေါ်

တရွေ့ရွေ့ ဆင်းလာခဲ့လေ၏။

ရာဇာသည် ဝတ်မှုန်တို့၏ အိပ်သို့သွား၏။ ဝတ်မှုန်၏ မိခင်

ဒေါ်ခါဥက အိပ်ရာထဲတွင် တုံးလုံးလှဲနေရာမှ ရာဇာ့ကို မြင်လျှင် တစ်ဖက်

လှည့်သွားလေ၏။ ရာဇာသည် ဆေးဘူးနှင့်စုတ်တံများကို ထုတ်ယူ

နောက် အိမ်ကို ကာရံထားသော ဓါးထရံတွင် ဗိုးလန်ဒန်ကြီး ပြောပြခဲ့သော

စကြဝဠာသင်္ကေတကို အကြိမ်ပေါင်းများစွာ အထပ်ထပ် ရေးခြစ်နေလေ

၏။ သူ၏စိတ်ထဲ၌ မည်သည့်အတွေးအကြံမျှ ရှိမနေပေ။ စိတ်လွတ်

ကိုယ်လွတ်ဖြင့် ထိုတံဆိပ်ကို အထပ်ထပ်အခါခါ ရေးခြစ်နေခြင်းဖြင့်

နေဝင်သွားသည်ကိုလည်း သတိမပြုလိုက်မိပေ။





ထိုအချိန်၌မှာပင် အိမ်ပေါ်သို့တက်လာသော ခြေသံများ ကြားရ

ပြီးနောက် –

“ဟယ်…ရာဇာ…၊ နင်က ဒီကိုရောက်နေတာကိုး…၊ ဘာတွေ

လျှောက်လုပ်နေတာလဲ…”ဟူသော အသံကို ကြားရသဖြင့် လှည့်ကြည့်

လိုက်ရာ ဝတ်မှုန်တို့ သားအမိဖြစ်နေလေ၏။ ဝတ်မှုန်သည် ဝမ်းသာအားရ

ဖြင့် ရာဇာ၏အနီးသို့ လျှောက်လာပြီးလျှင် ရာဇာ၏လက်တစ်ဖက်ကို ဆွဲယူ

ကာ သူမ၏ လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း –

“ဝမ်းသာစရာပြောရဦးမယ် ရာဇာရေ…၊ အခု နဂါးလေးကို

ဆေးထိုးပေးနေတဲ့ ဒေါက်တာက သူတို့ကျောင်းက ဆရာမရဲ့ယောကျာ်း၊

နဂါးလေး နေမကောင်းဖြစ်နေတာရယ် …၊ ဆေးဖိုးဝါးခ မတတ်နိုင်တာ

ရယ် …၊ အဲဒါတွေကို သူတို့က သိသွားတော့ နဂါးလေးရဲ့ ကျောင်းစရိတ်

အစစအရာရာကို သူတို့ တာဝန်ယူပါ့ရစေလို့ ပြောလိုက်တယ်၊ ပြီးတော့

ဆေးဖိုးဝါးခ အိနုပြုချင်လို့ အမေနဲ့ နဂါးလေးတို့ ကျန်းမာရေးကိုလည်း

သူတို့ တာဝန်ယူမယ်လို့ ပြောလိုက်တယ် …၊ လောလောဆယ် ငွေရေးကြေး

ရေးအတွက်ကတော့ တော်တော်ကို စိတ်အေးသွားရပြီ…” ဟု ရေပက်

မဝင်အောင် တတွတ်တွတ်ပြောလေ၏။ ရာဇာသည် ဘာတစ်ခွန်းမျှ ပြန်

မပြောဘဲ နှုတ်ခမ်းကလေး တွန့်ရုံမျှ ကျေနပ်စွာပြုံးလိုက်လေ၏။ ထို့နောက်

သူ၏ပန်းချီပစ္စည်းများကို ပြန်လည်သိမ်းဆည်းကာ –

“ဒါဆိုလည်း ပြီးရောပေါ့ ဝတ်မှုန်ရယ် …” ဟု ပြောဆို

နှုတ်ဆက်ရင်း သူ့အား မျှော်နေမည်ဖြစ်သော သူ၏ဆရာ ဦးငွေရောင်၏

အိမ်ဘက်ဆီသို့ တစ်လှမ်းချင်း ထွက်ခွာသွားပါလေတော့သတည်း…။ ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၁၉ ၊

## မျှော်လင့်ခြင်း သို့မဟုတ် အသက်



ရာဇာသည် ဗိုးလန်အန်ကြီးပြောပြသွားသော ငွေနှင့်ပတ်သက်သည့် သင်္ကေတ တံဆိပ်ကလေးကို လွန်စွာ သဘောကျသွားပြီဖြစ်၏။ ထို့ကြောင့် သူ၏ကင်းဗတ်စပေါ်တွင် ထိုတံဆိပ်ကို ထပ်ဝန်တလဲလဲ ရေးခြစ်နေပြန်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ငွေစော်နံလှချေလား အောက်မေ့တယ် — လက်စသတ်တော့ မောင်ရာဇာရဲ့ ဝေဇယန္တာဘုံနန်းပန်းချီကားကြီးက ငွေ တွေ ထွက်နေတာကိုး...၊ ကြည့်စမ်းပါဦးကွာ...၊ ငွေတွေကြေးတွေနဲ့ တဖိတ် ဖိတ် လက်နေလိုက်တာ မျက်စိတောင်မှ ကြိမ်းတယ်ဟေ့..." ဟူသော အသံကို ကြားရသဖြင့် ရာဇာသည် စုတ်တံကိုကိုင်လျက်သား နောက် သို့လှည့်ကြည့်လိုက်ရာ ဆေးပေါ့လိပ်ကို နှုတ်ခမ်းဖျား၌ ခဲလျက် ခါး ဟန်ပါပါထောက်ရင်း ၎င်း၏နောက်မှ ရပ်၍ကြည့်နေသော ဖိုးလန်ဒန်ကြီး တွေ့လိုက်ရလေ၏။ ထို့ကြောင့် ရာဇာက ၎င်း၏ပန်းချီကားကို တစ်ချက် ပြန်၍ ကြည့်လိုက်ရင်း —

"ဘယ်မှာလဲဗျ ငွေတွေကြေးတွေ...၊ ကျုပ်ဖြင့် မမြင်ပါဘူး တံဆိပ်တွေပဲ မြင်ပါတယ် ..." ဟု ပြောလိုက်လျှင် ဖိုးလန်ဒန်ကြီး ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီးနောက် ရာဇာ၏ အနီးသို့ကပ်ကာ လေ ကလေးဖြင့် —

"သူတော်ကောင်းတွေကတော့ မြင်တယ်ဟေ့ ..." ဟု ပြောလို သောကြောင့် ရာဇာလည်း ဖိုးလန်ဒန်ကြီးနှင့်အတူ ရော၍ ရယ်လိုက် လေ၏။ ထို့နောက် ဖိုးလန်ဒန်ကြီးက မြက်ခင်းပြင်ပေါ်တွင် ခြေပစ်လက် အားရပါးရ ထိုင်ချလိုက်ရင်း —

"သိကြားမင်းကြီးစံမြန်းနေတဲ့ ဝေဇယန္တာဘုံနန်းကြီးဆို ငွေတွေကြေးတွေတင် ပြည့်စုံတာမဟုတ်ဘူးလေကွာ၊ မင်းတို့ပဲ ပြော နေကြတယ်မဟုတ်လား ...၊ လူဆိုတာ မျှော်လင့်ချက်နဲ့အသက်ရှင်နေ တယ်ဆိုတာလေ ...၊ လူတင်မဟုတ်ပါဘူးကွာ...၊ နတ်လည်း အဲဒီလို နေမှာပေါ့ ...၊ သံသရာက မလွတ်သရွေ့ မျှော်လင့်ချက်ဆိုတာ ရှိနေဦးမှာ





ဒီနေ့ထက် နောက်နေ့တွေမှာ ပိုပြီးချမ်းသာလာနိုးနိုး၊ ဒီနေ့အခြေအနေထက် နောက်နေ့တွေမှာ ပိုပြီး အခြေအနေကောင်းလာနိုးနိုး၊ ဒီနေ့ကြုံနေရတဲ့ ဒုက္ခတွေ နောက်နေ့တွေမှာ ပျောက်သွားနိုးနိုးနဲ့ မျှော်လင့်ချက်တွေနဲ့ အသက်ရှင်နေကြတာပါကွာ ...၊ အဲဒီတော့ မျှော်လင့်ပြီဆိုကတည်းက ကောင်းသောအနာဂတ်ကိုပဲ မျှော်လင့်ကြတာပေါ့ကွာ...၊ အခုလက်ရှိ အခြေအနေမှာ ဘာပဲဖြစ်နေဖြစ်နေ အနာဂတ်ကိုတော့ ရွှေရောင်တွေနဲ့ တဖိတ်ဖိတ် တလက်လက် တောက်ပနေစေချင်ကြတာ သဘာဝပဲကွ၊ ဒါပေမဲ့ သေချာစဉ်းစားကြည့်တဲ့အခါ ငါတို့တွေဟာ ရွှေရောင်ပြိုးလက်နေ တဲ့ အနာဂတ်ထက် အခုလတ်တလော ကြုံနေရတဲ့ ဒုက္ခတွေကိုပဲ စွဲမြဲမြင် ယောင်နေမိတတ်ကြတယ်၊ တစ်ခါတလေ အနာဂတ်ကို မေ့နေတတ်ကြ တယ်၊ အဲဒီတော့ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ကောင်းသောအနာဂတ်ကို ညည်ရှယ်မှန်းဆကြိုလင့်နေဖို့တော့ လိုတယ်ကွ..." ဟု ပြောရင်း ဆေးပေါ့ လိပ်ကြီးကို နှုတ်ခမ်းတွင် ခဲလျက်သားဖြင့် သူ၏လွယ်အိတ်ကြီးအတွင်းသို့ လက်ဖြင့် မွှေနှောက်၍ နိုက်ကာ သစ်သားတုံးကလေးများကို ထုတ်ယူနေ လေ၏။ ထို့နောက်တွင်မှ သစ်သားတုံးကလေးတစ်တုံးကို ရာဇာ၏ရှေ့သို့ ချလိုက်သဖြင့် ရာဇာလည်း ထိုသစ်သားတုံးကလေးကို ကောက်ယူ ၍ ကြည့်ရှုလိုက်လေ၏။ ပြီးလျှင် နားမလည်နိုင်သောမျက်လုံးမျိုးဖြင့် ဖိုးလန် ဒန်ကြီးအား လှမ်း၍ကြည့်လိုက်ရာ ဖိုးလန်ဒန်ကြီးက ဆေးပေါ့လိပ်တိုထိပ်မှ ပြာများဖြင့် လက်ညှိုးဖြင့် ဖိသိပ်ရင်း —

"အဲဒီသင်္ကေတဟာ ရွှေရောင်ပြိုးပြက်နေတဲ့ အနာဂတ်ကို ကြို လင့်တဲ့ သင်္ကေတပဲကွ၊ ကြီးမားတဲ့ရည်ရွယ်ချက်ကြီးတွေ၊ မျှော်လင့်ချက် ကြီးတွေကို အားပေးတဲ့ အမှတ်အသားပဲ ...၊ မျှော်လင့်ခြင်းနဲ့ အသက်ရှင်


www.burmeseclassic.com

www.burmeseclassic.com





ပေါ်တာဆိုတော့ မင်းရဲ့ပန်းချီကားကြီး အသက်ဝင်ဖို့အတွက် အဲဒီတံဆိပ်ကိုလည်း ထည့်ပြီး ရေးရမှာပေါ့ကွာ ...” ဟု တစ်လုံးချင်းပြောပြလေ၏။ ရာဇာလည်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း –



“ဒါပေါ့ဗျာ...၊ အခုပဲ ကျွန်တော့်ပန်းချီကားကြီးကို ဆက်ရေးမယ် ...” ဟု ဆိုကာ စုတ်တံကို ကောက်ကိုင်၍ ဆေးခွက်တွင် နှစ်လိုက်ပြီးနောက် ဖိုးလန်အန်ကြီးပြောပြသော တံဆိပ်ကို ဝေဝင်ရေးခြစ်နေလေတော့၏။ ဖိုးလန်အန်ကြီးလည်း ရာဇာ၏နောက်နားမှရပ်၍ ရာဇာ ပန်းချီရေးနေသည်ကို သဲဘောကျစွာဖြင့် ကြည့်နေရင်း –

“ကောင်းတယ်ကွာ...၊ တော်တော်ကောင်းတဲ့ လက်ရာပဲ–ဒီလက်ရာ တော်တော်ကောင်းတယ်ဆိုတာ သူတော်ကောင်းတွေကတော့ သိကြတယ်ကွ ...၊ အခု မင်းရေးနေတဲ့သင်္ကေတကို တချို့ဗေဒင်ဆရာတွေကတော့ အခြေအနေတစ်ခုကနေ ပိုကောင်းတဲ့အခြေအနေကို ပြောင်းချင်တဲ့အခါမှာ အဆောင်ယတြာအဖြစ် ပေးလေ့ရှိတယ်ကွ၊ ဥပမာကွာ...၊ အိမ်

...နဲ့နေနေရတဲ့ဘဝကနေ အိုးပိုင်အိမ်ပိုင်ရချင်တဲ့အခါ၊ အလုပ်ထဲမှာ ...ရာတစ်ခုကနေ ပိုကောင်းတဲ့နေရာကို ပြောင်းရွှေ့ချင်တဲ့အခါ၊ ဆိုင်ခန်း...တွေဘာတွေဆိုရင်လည်း ပိုပြီးကောင်းတဲ့နေရာကို ပြောင်းချင်တဲ့အခါ၊ ...ုပ်ငန်းတစ်ခုကနေ အဲဒီထက်ပိုပြီး အခြေအနေကောင်းနိုင်တဲ့လုပ်ငန်းကို ...ပြောင်းချင်တဲ့အခါတွေမှာ အဲဒီသင်္ကေတကို စက္ကူပေါ်မှာရေးပြီး ဖယောင်း...ိုင်မှာပတ်ပြီး ထွန်းညှိုင်းတာပဲတော့ ...၊ ငါကြားဖူးတာကတော့ အဲဒါမျိုး ...စ်နေ့ကိုတစ်တိုင် ထွန်းသွားတာ နှစ်ဆယ့်ခုနစ်ရက်လောက်ဆို ထူးထူး ...ခြား အောင်မြင်တယ်တဲ့ကွ...” ဟု ပြောလိုက်ရာ ရာဇာက နောက်သို့ ...စ်ချက်လှည့်၍ကြည့်လိုက်ရင်း –

“ထူးတာမထူးတာတော့ မသိဘူးဗျာ...၊ ကျုပ်ကတော့ ဖိုးလန်အန် ...ိုင်းတဲ့အတိုင်း လုပ်နေမှာပဲ...” ဟု ပြောကာ ပန်းချီကားကို ဆက်၍ ...နေလေ၏။ ထိုအခါ ဖိုးလန်အန်ကြီးက –

“ဂွတ်ထ...ဂွတ်ထ...ဂွတ်လေစွ...ဂွတ်လေစွ...၊ ဂွတ်တယ်ထင် ...သာဒုးပေတော့ဟေ့...၊ ငါကတော့ ငှိမိတ်ဆွေကြီးတစ်ယောက်ဆီ ...သွားလည်လိုက်ဦးမယ်ကွာ ...” ဟု ပြောကာ မြက်ခင်းပြင်ပေါ်၌ ပက် ...က်လှန်၍ အိပ်ချလိုက်ရာ မကြာမီပင် တခူးခူးတခေါ်ခေါ် ဟောက်သံ ...ပေး၍ အိပ်မောကျသွားလေတော့၏။ ရာဇာကမူ မျော်လင့်ခြင်းနှင့် ...တ်သက်သော သင်္ကေတကို အကြိမ်အရာအထောင်အသောင်း မရေ ...တွက်နိုင်သည်အထိ ထပ်ကာထပ်ကာ ရေးခြစ်နေခဲ့လေ၏။

ရာဇာသည် အညောင်းမျှပင်မဆန့်ဘဲ တစ်နေကုန် ရေးခြစ်နေ ...၏ မှောင်ရိပ်ပျိုးသောအချိန်၌တွင်ကား စုတ်တံကို ရေခွက်ထဲသို့ ထည့် ...တ်ပြီးနောက် လက်ဆစ်များကို တဖြောက်ဖြောက်ချိုးရင်း ဖိုးလန်အန်


www.burmeseclassic.com



ကြီး၏ဘေးတွင် ပက်လက်လှန်ချလိုက်လေ၏။ ထို့နောက် ကြယ်ပွင့်ကလေးများ လင်းလက်စပြုနေပြီဖြစ်သော မိုးကောင်းကင်ကြီးကို မျှော်ကြည့်ရှုရင်း အိပ်ပျော်ခြင်းသို့ ရောက်သွားပါလေတော့သတည်း။







လက်ရှိအနေအထားမှာတော့ မိုးရှိကောင်းသလို
အခြေအနေများ ဖြစ်ပေါ်လာလေတော့ သတော်တ



www.burmeseclassic.com

အခန်း ၊ ၂ ၊

# အာနိုပို လိုသည့်



နောက်တစ်နေ့နံနက် ရောင်နီပျိုးစအချိန်တွင် ရာဇာသည် အိပ်ရာမှ နိုးလာခဲ့၏။ းလန်ဒန်ကြီးသည် တား ဘယ်အချိန်က ထသွားသည်မသိ။ အနား၌ မတွေ့ရတော့ပေ။ ရာဇာသည် ကန်စပ်သို့ဆင်း၍ ကန်ရေကို လက်ခုပ်ဖြင့် ခပ်ယူလိုက်ပြီး မျက်နှာသစ်လိုက်၏။ ပြီးလျှင် သူ၏ပန်းချီကားကြီးဆီသို့ ပြန်လျှောက်လာကာ စုတ်တံကို ကောက်၍ကိုင်လိုက်ပြီးနောက် ထပ်မံရေးခြစ်နေပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာ၏ ပန်းချီကားကြီးမှာ ပိုးလန်ဒန်ကြီးပြောပြခဲ့သော မျှော်လင့်ခြင်းနှင့်သက်ဆိုင်သည့် သင်္ကေတများဖြင့် အထပ်ထပ် ပြည့်နေပြီဖြစ်၏။ ရာဇာသည် ထိုအမှတ်တံဆိပ်ကို အဝါရောင်ဖြင့် ရေးသည့်အခါ ရေး၏။ အနီရောင်ကို သုံးသည့်အခါ သုံး၏။ အပြာရောင်ကို သုံးသည့်အခါ သုံး၏။ အနက်ရောင်သုံးသည့်အခါလည်း သုံး၏။

ဤသို့ဖြင့် မရပ်မနားတမ်း ရေးခြစ်လာခဲ့ရာ နေ့လယ်စောင်း အချိန်၌ ဝတ်မှုန်သည် ထမင်းထုပ်ကလေးတစ်ထုပ်ကို ဆွဲလျက် ရောက်လာခဲ့၏။ သူသည် ဘာစကားမျှ မဆိုသေးဘဲ ရာဇာပန်းချီရေးနေသည်ကို နောက်မှအသာ ရပ်၍ကြည့်ရင်း အဓိပ္ပာယ် အရာအထောင်ပြွမ်းတီးသော မျက်လုံးမျိုးဖြင့် ငေးကြည့်နေလေ၏။ အရပ်ထဲတွင် ရာဇာတစ်ယောက်သည် ရူးနေပြီဟူ၍လည်းကောင်း၊ ပိုးလန်ဒန်ဟူသော အရူးကြီးတစ်ယောက်နှင့် အရူးအချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့နေကြပြီဟူ၍လည်းကောင်း မျိုးစုံပြောဆိုနေကြသော်လည်း ဝတ်မှုန်အနေနှင့်မူ ရာဇာအပေါ် အပြည့်အဝ နားလည်ထားလေ၏။ သူမအဖို့ ရာဇာ ဘာပဲ လုပ်လုပ် အကောင်းချည်းဟူ၍သာ မျက်စိစုံမှိတ်၍ ယုံကြည်ထား၏။ သို့သော်ငြား သူမ၏ နှလုံးအိမ်ဝယ် ရာဇာနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှု အငွေ့အသက်များ လွှမ်းသိုင်းနေသည်ကတော့ မငြင်းနိုင်ပေ။ မည်သို့ပင် ဖြစ်စေ သူမကိုယ်၌မှာလည်း မည်သို့မျှ မလှုပ်သာမလွန့်သာ အခြေအနေမျိုးမို့ ဤအတိုင်းကြည့်နေရုံမှတစ်ပါး၊ ဤအခြေအနေအတိုင်း ကျေနပ်နေရုံမှ တစ်ပါး ဘာမျှမတတ်နိုင်ပါပေ။

ဝတ်မှုန်သည် မျက်ရည်ကြည်ကလေး လဲ့လာသော မျက်ဝန်း အစုံဖြင့် ရာဇာအား ငေးကြည့်နေပြီးနောက် အားလျော့တိုးညှင်းလှစွာသော





အသံကလေးဖြင့် 'ရာဇာ...' ဟု ခေါ်လိုက်လေ၏။ ထိုအခါကျမှ ပန်းချီကားထဲတွင် အာရုံနစ်မြုပ်နေသော ရာဇာသည် နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီးနောက် –

"တာ...ဝတ်မှုန်၊ နင်ဘယ်တုန်းက ရောက်နေတာလဲ ..." ဟု မေးလိုက်လေ၏။

"စောစောလေးကတည်းက ငါ ရောက်နေတာ ...၊ နင် ပန်းချီဆွဲတာကို ငါ ကြည့်နေတာ...၊ နင် ထမင်းတွေ ဘာတွေလည်း မစားဘူးဆိုတယ် ရာဇာ...၊ နင်လုပ်ချင်တာ လုပ်ပါဟယ်...၊ ထမင်းလေးတော့ မှန်မှန်စားပါ..." ဟု ပြောရင်း ဝတ်မှုန်သည် လက်ထဲမှ ထမင်းထုပ်ကလေးကို ရာဇာအား လှမ်း၍ပေးလိုက်၏။ ရာဇာသည် ထမင်းထုပ်ကို လှမ်း၍ ယူလိုက်ရင်း –

"ထမင်းရဲ့ကျေးဇူးကို ငါ သိပါတယ် ဝတ်မှုန်ရယ်၊ ဒါပေမဲ့ လောကကြီးမှာ ထမင်းဝရုံလေးတစ်ခုတည်းနဲ့ မပြီးသေးဘူးတဲ့ ...၊ ထမင်း ဆာသလိုပဲ ဆာလောင်မွတ်သိပ်နေတဲ့ အခြားအရာတွေ အများကြီး အများကြီး ရှိသေးတယ်၊ ထမင်းကို လိုအပ်သလိုပဲ လိုအပ်နေတဲ့ အခြားသော အရာတွေလည်း အများကြီး အများကြီး ရှိနေပါတယ် ဝတ်မှုန်ရယ်..." ဟု ပြောလိုက်ရာ ဝတ်မှုန်က –

"အေးပါဟယ်...၊ အခြားအရာတွေ အသာထားပါဦး ...၊ လောလောဆယ် ဒီထမင်းလေးတော့ စားလိုက်ပါဟယ်..." ဟု တောင်းပန်သော အသံကလေးဖြင့် မဝံ့မရဲ တိုက်တွန်းလိုက်လေ၏။ ထို့နောက် အကြော် ဆိုင်တည်ခင်းရန်အတွက် တစ်လှမ်းချင်း လေးလံသောခြေလှမ်းများဖြင့် ထွက်ခွာသွားလေတော့၏။ ရာဇာလည်း သူ၏ပန်းချီကားဆီသို့ ပြန်

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကာ သူ၏အလုပ်ကို ဆက်၍လုပ်နေလေ၏။

တစ်ခဏမျှကြာလျှင် တစ်လှမ်းချင်း လှမ်းလျှောက်လာသော ခြေသံကို ကြားရသောကြောင့် နောက်သို့ အသာလှည့်ကြည့်လိုက်ရာဝယ် ဖြင့် ထုပ်ထားသော အထုပ်ကလေး တစ်ထုပ်ကို ဆွဲလာသော ဖိုးလန်အန်ကြီး ကို တွေ့လိုက်ရလေ၏။ ဖိုးလန်အန်ကြီးသည် ၎င်း၏လက်ထဲမှအထုပ်ကို မြှောက်၍ပြလိုက်ပြီးနောက် –

"အကြောင်းကြောင်းကြောင့် လူတွေ ထမင်းမစားရတဲ့အခါ ဆိုတာ ရှိတယ်၊ မင်းလည်း ထမင်းမစားရတာ ဘယ်နှနပ်ရှိနေပြီလဲ၊ ထမင်း နေတဲ့အခါမှာ ထမင်းဟာ စားဖို့အရေးကြီးတယ်ကွ၊ ထမင်းမရှိတဲ့အခါ ထမင်းဟာ နည်း နည်းလေးမှ အရေးမကြီးဘူးကွ၊ အခု တောဒီမှာ ခေါက်ဆွဲ ရှိနေတယ်၊ ခေါက်ဆွဲရှိနေတဲ့အချိန်မှာ ခေါက်ဆွဲက အရေးကြီးတာပေါ့ကွ ရော့… စားပေတော့…" ဟု ပြောရင်း ခေါက်ဆွဲထုပ်ကို လှမ်း၍ပစ်ပေးလိုက် ရာ ရာဇာသည် လက်တစ်ဖက်ဖြင့် ဆီး၍ဖမ်းယူထားလိုက်ပြီးနောက် –

"ဒီမှာ ထမင်းလည်း ရှိနေတယ်ဗျ၊ စောစောကပဲ ဝတ်မှုန်လာ သွားတယ်…" ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဖိုးလန်အန်ကြီးက –

"ဟေး တေး…ထမင်းရော ခေါက်ဆွဲရော ရှိနေတဲ့အခါကျတော့ လည်း နှစ်ခုလုံး အရေးကြီးတာပေါ့ကွာ …၊ နှစ်ခုလုံး စားပေါ့…၊ အဲဒီလို ဘာမှမရှိတဲ့အခါကျတော့လည်း ဘာမှအရေးမကြီးသလို နေနိုင်ဖို့တော့ လိုတယ်ဟေ့" ဟု ပြောလိုက်ပြီးနောက် မြက်ခင်းပြင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။ ထို့နောက် ဆက်လက်၍ –

"ဒီနေ့ကတော့ ငါလည်း ဗိုက်ကို ခွေးနမ်းတဲ့နေ့မျိုးပဲကွ၊ ခွေး တောင် ရှိုးရှိုးခွေး မဟုတ်ဘူးဟေ့ …၊ သူဌေးအိမ်မှာ ကျကျနန အသ



မွေးထားတဲ့ ခွေးမျိုးတောင် ငါ့ဗိုက်ကို အူလျားဖားလျား နမ်းချင်သွား ယ်ကွ၊ စောစောကပဲ ငါက ခေါက်ဆွဲရော …၊ မုန့်ဟင်းခါးရော …၊ ကိတ် မုန့်နှစ်ချပ်ရော၊ မုန့်ပျားသလက် သုံးချပ်ရော၊ ဆွမ်းသွတ်တဲ့အိမ်က အမဲ သားနဲ့ ကျောက်ဖရုံသီး ချက်ထားတာကိုရော ဆက်တိုက် ဆက်တိုက် အရေးကြီးခဲ့ပြီးပြီကွ…၊ အခု အဲဒါတွေ ဘာမှအရေးမကြီးတော့ဘူးပေါ့ကွာ…၊ အဲဒီတော့ မင်းပဲ အရေးကြီးပေတော့ဟေ့ …" ဟု ပြောရင်း ကုက္ကိုပင်ကြီး၏ င်စည်ကို မှီကာ ဆေးလိပ်ကို စိန်ပြေနပြေဖွာလေတော့၏။ ရာဇာလည်း ခေါက်ဆွဲနှင့် ဝတ်မှုန်ပေးခဲ့သော ထမင်းကို ရော၍နယ်ကာ အားရပါးရ စားနေ၏။

ဖိုးလန်အန်ကြီးသည် ဆေးပေါ့လိပ်ကို ဖွာနေရင်းမှ –

"ဒီလိုရှိတယ် မောင်ရာဇာရဲ့…၊ မင်းပန်းချီကားကြီးက တော် တော်တော့ ကောင်းနေပြီ၊ ရွှေရောင်အနာဂတ်ရဲ့ ပုံရိပ်တွေနဲ့ ပြိုးပြိုးပြက်ပြက် တောက်ပနေပြီ …၊ ဒါပေမဲ့ အားမရှိဘူးဖြစ်နေတယ်ကွ၊ လူဟာ မိမိရဲ့ အနာဂတ်ကို ကောင်းချင်တာ မှန်ပေမဲ့ အဲဒီလိုကောင်းအောင် ဖွဲလုံ့လ ဝိရိယတွေ စိုက်ထုတ်ဖို့လည်း လိုသေးတယ်၊ အမြဲတမ်း စိတ်အားထက် သန်နေဖို့လိုတယ်၊ ကိုယ့်ရဲ့ရည်ရွယ်ချက် ပြည့်ဝအောင်မြင်ဖို့ မျက်ခြေမပြတ် အာရုံစူးစိုက်ထားဖို့လိုတယ်၊ သစ်စေ့ကလေးတစ်စေ့ဟာ သဘာဝအရ အပင်တော့ ပေါက်မှာပဲကွ…၊ ဒါပေမဲ့ သူကိုယ်တိုင်က အပင်ဖြစ်ချင်စိတ်၊ ကြီးထွားရှင်သန်ချင်စိတ် ရှိနေဖို့တော့ အရေးကြီးတယ် …" ဟု တစ်လုံး ချင်း ပြောနေလေ၏။ ရာဇာလည်း ခေါင်းမဖော်စတမ်း စားနေရာမှ ဖိုးလန် အန်ကြီးအား တစ်ချက်လှမ်း၍ကြည့်လိုက်ရင်း –


"ဘာတွေလဲ ဖိုးလန်အန်ကြီးရဲ့ …၊ ရှင်းရှင်းပြောစမ်းပါဗျ …၊

www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းလေး ပြောကြလုပ်ကြတာတောင် ရှုပ်နေကြရတဲ့အထဲ မရှင်း
ပြောတော့ ပိုဆိုးတော့တာပေါ့ ...” ဟု ပြောလိုက်ရာ ဗိုးလန်ဒန်ကြီး
တက်ခနဲ တစ်ချက်ရယ်လိုက်ပြီးနောက် သူ့ဖါလွယ်အိတ်ကြီးအတွင်း
သစ်သားတုံးကလေးများအနက်မှ တစ်တုံးကို ရွေးလိုက်ပြီးနောက် ရာ
ဇါမျက်နှာအနီးတွင် ထောင်၍ပြလိုက်ရင်း –



စိတ်အားထက်သန်မှု တွန်းအားပေးသော သင်္ကေတ

“ရှင်းရှင်းပြောရရင်တော့ ဘယ်ကိစ္စအတွက်ပဲဖြစ်ဖြစ် စိတ်အား
ထက်သန်ဖို့ လိုအပ်တယ် ...၊ ဟောဒီသင်္ကေတလေးဟာ စိတ်အားထ
သန်မှုကို အားပေးတဲ့ ...၊ ကျနေမှိုင်နေတဲ့ စိတ်ဓာတ်ကို ဆွဲတင်ပေး
သင်္ကေတလေးပဲကွ၊ ဒါလေးကိုပါ မင်းရဲ့ပန်းချီကားကြီးမှာ ထည့်
ရေးလိုက်မယ်ဆိုရင် ပိုပြီး အသက်ဝင်သွားမယ်ထင်လို့ပါ ...” ဟု ပြော
လိုက်လေ၏။ ထို့ကြောင့် ရာဇာလည်း ဗိုးလန်ဒန်ကြီး၏ လက်ထဲမှ သစ်
သားတုံးကလေးကို ဆွဲယူ၍ တစိမ့်စိမ့်ကြည့်ရင်း ခေါင်းတဆတ်ဆတ်
ညိတ်နေမိပါလေတော့သတည်း ...။

“ လောကကြီးမှာ
ထမင်းဝရုံနဲ့
မပြီးသေးဘူး၊
ထမင်းဆာသလိုပဲ
ဆာလောင်မွတ်သိပ်နေတဲ့
အခြားသောအရာတွေ
အများကြီး အများကြီး
ရှိသေးတယ် . . . ”

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၀

## ပျောက်သောလူ့ ရှာကုန်းတွေ့



ရာဇာသည် ဖိုးလန်အန်ကြီးလက်တွင်းမှ သစ်သားတုံးကလေးကို ကြည့်ရှုလိုက်ပြီးနောက် စိတ်အားထက်သန်မှုကို တွန်းအားပေး ည်ဆိုသော ထိုတံဆိပ်ကလေးကို သူ့ဖြူကင်းဗတ်စပေါ်၌ ရေးခြစ် ပတော့၏။

ဖိုးလန်အန်ကြီးသည် ထိုသို့ ရာဇာ တက်တက်ကြွ ကြွရေးခြစ်နေ ကို ကြည့်ရင်း –

www.burmeseclassic.com

www.burmeseclassic.com



"ဝွတ်ဒ်ထ ဝွတ်ဒ်ထ…ဝွတ်ဒ်လေစွ…ဝွတ်ဒ်လေစွ…၊ တော် သော်ကောင်းတာပဲကွ၊ အဲဒီလိုကောင်းတာကိုလည်း သူတော်ကောင်းတွေ သိနိုင်တာကွ…" ဟု လက်ခုပ်လက်ဝါးတီးရင်း အားပေးနေလေ ရာဇာကမူ ၎င်း၏ပန်းချီကားထဲတွင် စိတ်အာရုံကို အပြီးတိုင်နစ်မြုပ် ရေးခြစ်နေလေတော့၏။

ရာဇာသည် ထိုသို့ ပန်းချီကားထဲ၌ စိတ်နှစ်၍ ရေး ဆွဲနေခဲ့ အနားမှ ဖိုးလန်ဒန်ကြီး ထွက်သွားသည်ကိုပင် မသိလိုက်တော့ပေ။ သူသည် ညဦးပိုင်းအထိ စုတ်တံတစ်ချောင်းဖြင့် အလုပ်ရှုပ်နေခဲ့၏။ ထို့နောက် မြ ခင်းပြင်ပေါ်တွင်ပင် ခြေပစ်လက်ပစ်ဖြင့် အိပ်မောကျသွားခဲ့၏။ နံနက် လင် အရုဏ်ကျင်းချိန်တွင် ပြန်နိုးလာပြီးနောက် စုတ်တံကို ကောက်ကိုင် ရေးခြစ်ပြန်၏။ ဤသို့ဖြင့် တစ်နေ့ဝင်သွားခဲ့ပြန်၏။

ဝတ်မှုန်သည် ရာဇာ့အတွက် ထမင်းထုပ်ကလေး လာပို့ ရာဇာ ပန်းချီကားထဲတွင် အာရုံစိုက်နေသောကြောင့် ထမင်းထုပ်က ကို ဘေးတွင် အသာချခဲ့ကာ ဘာမှမပြောဘဲ ပြန်သွားလေ၏။ ထိုထမ ထုပ်လေးကို တစ်နေ့က ရောက်လာခဲ့သော ခွေးကလေးသည် အသ ချောင်း၍ ဆွဲယူသွားပြန်လေ၏။

ရာဇာသည် အတော်ကြီးမှောင်ရီပျိုးသော အချိန်ကျမှ သူ၏ပန် ရေးဆွဲခြင်းအလုပ်ကို ရပ်လိုက်ပြီးနောက် ထုံးစံအတိုင်း မြက်ခင်းပြင် အားရပါးရ လှဲချကာ ကြယ်ပွင့်များလင်းလက်နေသော ကောင်းကင်ပြ ကို ငေးမောကြည့်ရင်း အိပ်မောကျသွားခဲ့လေ၏။

မည်မျှကြာအောင် အိပ်မောကျနေသည်မသိ။ တစ်စုံတ ယောက်က ၎င်းအား လှုပ်၍လှုပ်၍ နှိုးသောအခါကျမှပင် ရုတ်တ



လန့်၍နိုးသွားပြီး မျက်စိကို လက်ဖမိုးဖြင့် ပွတ်သပ်ပြီး ကြည့်ရှုလိုက်သော အခါ ၎င်း၏အနီး၌ ဒူးထောက်၍ထိုင်ရင်း ၎င်းအား လှုပ်နှိုးနေသော ဖိုးလန် ဒန်ကြီးကို တွေ့ရလေ၏။

"ဘာ…ဘာဖြစ်လို့လဲ ဖိုးလန်ဒန်ကြီး…"

ရာဇာသည် အိပ်မှုန်စုံမွှား အလန့်တကြားဖြင့် မေး လိုက်၏။

"တိုး…မောင်းတိုင်ရပ်ကွက် အစပ်နားလေးက မျက်စိမမြင်တဲ့ ဦးထွန်းလင်းဆိုတဲ့ အဘိုးကြီးကို မင်းသိတယ် မဟုတ်လား…၊ သူ့မှာက သားလေးတစ်ယောက်ပဲ ရှိတာ၊ အဲဒီကောင်လေးက ဆိုက်ကားနင်းပြီး ကျွေးနေတာလေ…၊ အခု အဲဒီကောင်လေး အိမ်ကပျောက်သွားတာ နှစ် ရက်ရှိပြီ၊ သတင်းလည်း မကြားဘူး၊ ဘယ်ထွက်သွားမှန်းလည်း မသိ ဘူး။ ဦးထွန်းလင်းကြီးခမျာ တော်တော်ဒုက္ခရောက်နေရှာတယ်ကွ၊ အဖေ တစ်ခု သားတစ်ခုဖြစ်တဲ့အပြင် သူ့ခမျာ ဒုက္ခိတဆိုတော့ တော်တော် သနားဖို့ကောင်းပါတယ်ကွာ… ဒါကို့ သွားပြီးကူညီကြရအောင်…" ဟု ဖိုးလန်ဒန်ကြီးက တတွတ်တွတ်ပြောလျှင် ရာဇာသည် နှာခေါင်းကို တစ်ချက် ရှုံ့လိုက်ပြီးနောက် –

"သူများတကာတွေက ခင်ဗျားနဲ့ ကျုပ်ကို သနားစရာ သတ္တဝါလို့ သတ်မှတ်ထားကြတာ…ကျုပ်တို့က အသနားခံသတ္တဝါတွေလေဗျာ…၊ ကျုပ်တို့တောင် သူများက သနားရတဲ့ဘဝ၊ ဘယ်လိုလုပ်ပြီး အဲဒီအဘိုးကြီး ကို ထပ်ပြီး သနားနိုင်ဦးမှာတဲ့လဲဗျာ…၊ သနားတာကတော့ နားလို့ ရပါတယ်၊ ဒါးလည်း နောပဲလေ…၊ ဘာလုပ်ပေးနိုင်တာလိုက်လို့…" ဟု ညည်း ညည်းညူညူဖြင့် ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက အား ငိုအားမရစွာဖြင့် ရာဇာ၏လက်မောင်းကို ဆွဲကိုင်လိုက်ရင်း –

www.burmeseclassic.com

www.burmeseclassic.com




“စကားရှည်မနေစမ်းပါနဲ့ ကောင်လေးရယ်…၊ ငါတို့ ကူညီနိုင်တာနဲ့ ကူညီမှာပေါ့ကွ၊ လာ…လာ မြန်မြန်သွားကြမယ်၊ အချိန်ဟာ အရေးကြီးတယ်ကွ၊ ဒုက္ခနဲ့ပတ်သက်နေတဲ့အချိန်မှာ ပိုပြီးတော့တောင် အရေးကြီးသေးတယ်၊ ချမ်းသာသုခခံစားပြီး ပျော်ရွှင်နေရတဲ့အချိန်တွေဟာ ကုန်လွယ်လွန်းတယ်လို့ ထင်ရသလောက် ဆင်းရဲဒုက္ခရောက်နေရတဲ့ အချိန်တွေကတော့ တစ်မိနစ်ကို တစ်ကမ္ဘာလောက်တောင် ထင်ချင်ထင်ရတာပေါ့…၊ ကဲ…လာလာ သွား ကြရအောင်…” ဟု ပြောကာ ရာဇာအား ဆွဲ၍ထူလိုက်သောကြောင့် ရာဇာလည်း ကမန်းကတမ်းထကာ သူ၏ပစ္စည်းများကို ထုပ်ပိုးသိမ်းဆည်းပြီး ဖိုးလန်ဒန်ကြီး၏နောက်မှ လိုက်လာခဲ့လေ၏။

ရာဇာတို့နှစ်ဦးသားသည် ကန်ပေါင်ပေါ်မှဆင်းကာ ဝါကျင့်ကျင့်လမ်းမီးရောင်များ၏အောက်တွင် သုတ်သုတ်ဖြင့် လျှောက်လာခဲ့ကြ၏။ သက်ကယ်မိုး ထရံကာ ယိုင်နဲ့နဲ့တဲကလေးတစ်လုံး၏ရှေ့သို့ ရောက်သောအခါ ဖိုးလန်ဒန်ကြီးသည် ခြေလှမ်းများကို ရပ်လိုက်၏။ ရာဇာလည်း လိုက်၍ ရပ်လိုက်ရလေ၏။ ဖိုးလန်ဒန်ကြီးသည် သူ၏လွယ်အိတ်ကြီးအတွင်းမှ သစ်သားတုံးကလေးများကို ထုတ်ယူကာ လမ်းမီးတိုင်၏အလင်းရောင်အောက်တွင် ကြည့်ရှုနေ၏။ ထို့နောက် သစ်သားတုံးကလေးတစ်တုံးကို ရာဇာအား လှမ်း၍ပစ်ပေးလိုက်ပြီးနောက် လေသံကလေးဖြင့်

“အဲဒီတံဆိပ်ကို အဘိုးကြီးဦးထွန်းလင်းရဲ့ အိမ်ထရံမှာ ရေးစမ်းကွာ…၊ ဘယ်နှခုရေးရမလဲ မမေးနဲ့၊ အရုဏ်မတက်မချင်း ရေးနေကွာ…” ဟု ပြောလိုက်သောကြောင့် ရာဇာလည်း ‘ဖြစ်ပါ့မလား…’ ဟူသော မျက်လုံးမျိုးဖြင့် ဖိုးလန်ဒန်ကြီးအား ပြန်၍ကြည့်လိုက်လေ၏။ ဖိုးလန်ဒန်ကြီးကမူ ဆုံးဖြတ်ချက် အပိုင်ချထားသော အမူအရာမျိုးဖြင့် ဘာတစ်ခွန်းမျှ



ပြန်မပြောတော့ဘဲ မေးကိုသာ အသာဆတ်ပြလိုက်လေ၏။ ထို့ကြောင့် ရာဇာလည်း ဆေးဗူးနှင့် စုတ်တံကို ထုတ်ယူကာ အထက်ကဆိုခဲ့သော သစ်သားတုံးကလေးမှ တံဆိပ်ကို အဘိုးကြီးဦးထွန်းလင်း၏ အိမ်ထရံတွင် အထပ်ထပ်အခါခါ ရေးခြစ်နေလေတော့၏။ ဖိုးလန်ဒန်ကြီးသည် အနီးရှိ သစ်ပင်တစ်ပင်အောက်တွင် ငုတ်တုတ်ကလေးထိုင်ရင်း စောင့်နေလေ၏။



လင်းကြက်တွန်သော အချိန်တွင် ဖိုးလန်ဒန်ကြီးက ရာဇာ၏ ပုခုံးကို ပုတ်၍ –

“အိုကေ…အိုကေ…ဒါဆို အဆင်ပြေသွားပြီကွ…” ဟု ပြောလိုက်သဖြင့် ရာဇာလည်း စုတ်တံနှင့် ဆေးဗူးများကို သိမ်းလိုက်လေ၏။ ထို့နောက် နှစ်ဦးသား ကန်ပေါင်ဆီသို့ ပြန်လာခဲ့ကြလေတော့၏။

နံနက် ၈ နာရီခန့် အချိန်တွင်ကား ရပ်ကွက်ထဲ၌ လည်းကောင်း၊ ဈေးထဲ၌လည်းကောင်း လူတို့သည် အဘိုးကြီး ဦးထွန်းလင်း၏ အိမ်နံရံမှ ကလေးဆော့သတဲ့သို့ ကြောင်ခြစ်ထားသော တံဆိပ်များအကြောင်းကို ပြောဆိုကာ ထင်မြင်ချက်အမျိုးမျိုး ပေးနေကြလေ၏။ ထိုနေ့နံနက် ၁၀ နာရီခန့်တွင်ပင် အဘိုးကြီးဦးထွန်းလင်း၏သားသည် အိမ်သို့ ပြန်ရောက်လာခဲ့သဖြင့် အဘိုးကြီးသည် ဝမ်းသာလွန်းလှသဖြင့် သားဖြစ်သူကို ဖက်၍

www.burmeseclassic.com

www.burmeseclassic.com




ငိုရှိုက်ရင်း တက်သွားသည်ဟုပင် ဆိုကြ၏။ ၎င်း၏သားဖြစ်သူသည် ညီ စိမ်းနှစ်ဦးအား ဆိုက်ကားဖြင့် လိုက်ပို့ရင်းမှ လူပြတ်သောနေရာသို့ အရောက်တွင် ၎င်းအား သတိမေ့အောင် ရိုက်နှက်၍ ကြိုးများဖြင့် တုပ် နှောင်ထားခဲ့ပြီးနောက် ဆိုက်ကားကို လုယူသွားကြကြောင်း၊ ထိုညီစိမ်း နှစ်ဦးမှာ အခြားဒေသမှ ရှောင်တိမ်းလာသော ဝရမ်းပြေးများဖြစ်ကြောင်း ယခုအခါ ထိုဝရမ်းပြေးများကို ဖမ်းဆီးမိသွားသဖြင့် ၎င်းတို့၏ ပြောပြချက် အရ ကြိုးဖြင့်တုပ်ထားခဲ့သော အဘိုးကြီး၏သားကို ရှာဖွေတွေ့ရှိခဲ့ကြခြင်း ဖြစ်ကြောင်း အရပ်ထဲတွင် ပြောဆိုနေကြလေ၏။

ဖိုးလန်ဒန်ကြီးသည် တစ်နေကုန် လျှောက်၍သွားပြီးနောက် ညနေစောင်းတွင် ရာဇာ့ထံသို့ ပြန်ရောက်လာကာ ရာဇာအား လက်ဆွဲ နှုတ်ဆက်ရင်း ထိုသတင်းကို ဝမ်းသားအားရ ဖောက်သည်ချလေ၏။ ထို့နောက် ဖိုးလန်ဒန်ကြီးက –

"လောကကြီးမှာ ပျောက်ဆုံးခြင်းဆိုတဲ့ ဖြစ်ရပ်တွေဟာ နေရာ တိုင်းမှာ ရှိတယ်၊ ပစ္စည်းတွေ ပျောက်တတ်တယ်၊ လူတွေ ပျောက်တတ် တယ်၊ မပျောက်ရင်လည်း ပိုင်ရှင်နဲ့ ဝေးနေရတာတွေ ရှိတယ်၊ မင်း ညာ ရေးခဲ့တဲ့တံဆိပ်ဟာ ပျောက်နေတာတွေကို ပြန်ပေါ်လာစေတဲ့၊ ထွက်သွား တာတွေ ကို ပြန်ဝင်လာစေတဲ့ စကြဝဠာသင်္ကေတကြီးပဲကွ၊ မင်းရဲ့ ဝေ ယန္တာဘုံနန်းကြီးမှာလည်း ဒီသင်္ကေတကို ထည့်ရေးလိုက်မယ်ဆိုရင် ပိုပြီး ပြည့်စုံသွားလိမ့်မယ်ထင်တယ် ကိုယ့်လူ…" ဟု ပြောလိုက်သောကြောင့် ရာဇာလည်း –

"ဒါပေါ့ဗျာ…ဒီ လုပ်သင့်တဲ့ကိစ္စပဲ…" ဟု ပြန်၍ပြောကာ စုတ်တံ ကို ကောက်၍ကိုင်လိုက်ပါလေတော့သတည်း…။ ။



(မှတ်ချက်။ [illegible] ပစ္စည်းပျောက်ခြင်း [illegible] ပစ္စည်းများ [illegible])

www.burmeseclassic.com

“ချမ်းသာသုခခံစားပြီး
ပျော်ရွှင်နေရတဲ့အချိန်တွေဟာ
ကုန်လွယ်လွန်းတယ်လို့
ထင်ရသလောက်
ဆင်းရဲဒုက္ခရောက်နေရတဲ့
အချိန်တွေကတော့
တစ်မိနစ်ကို
တစ်ကမ္ဘာလောက်တောင်
ထင်ရတတ်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၂

## တစ္ဆေကောင်း သမုဒ္ဒရာနှင့် ရေအောက်ကြောင်း



ရာဇာသည် ဗိုးလန်ဒန်ကြီးပြောပြသော သင်္ကေတအမျိုးမျိုးကို ထမင်းမေ့ဟင်းမေ့ အထပ်ထပ်အကြိမ်ကြိမ် ရေးခြစ်နေခဲ့လေ၏။ သူ့အပေါ်အာရုံဝယ် ထိုပန်းချီကားကြီးတစ်ခုတည်းသာ ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကင်းဗတ်စပေါ်၌ ဖျတ်ခနဲ ဖျတ်ခနဲ တက်ကြွမြန်ဆန်စွာ ရေးခြစ်၏၊ စုတ်တံကို ဆေးခွက်၌ တို့လိုက်၊ ကင်းဗတ်စတွင် ရေးခြစ်လိုက် ထို့နောက် ရေခွက်ထဲသို့ နှစ်၍ ဆေးလိုက်၊ အရောင်တစ်မျိုးပြောင်းပြီး ရေးလိုက်ဖြင့် တရစပ်လှုပ်ရှားနေလေ၏။ သူ၏ပန်းချီကားကြီးမှာ အရောင်ပေါင်းစုံနေပြီဖြစ်၏။ ဆေးသားများအထပ်ထပ်တက်ကာ ထူပိန်းလာပြီဖြစ်၏။

တစ်နေ့သ၌ ဖိုးလန်ဒန်ကြီးသည် ရာဇာ ပန်းချီရေးနေသည်ကို နောက်မှ အသာထိုင်၍ကြည့်ရင်း

"တော်တော် ကောင်းနေပြီဟေ့...၊ သူတော်ကောင်းတွေကတော့ မင်းပန်းချီကားကြီးကို ချီးကျူးကြမှာ ဧကန်ပဲကွ၊ ငါကတော့ ချီးကျူးတယ် ကွာ...၊ ဒါပေမဲ့ တစ် ခုလိုနေတယ်ကွ..." ဟူ၍ စကားစလိုက်သောကြောင့် ရာဇာလည်း စုတ်တံကို ဘေး၌အသာချကာ ဖိုးလန်ဒန်ကြီး၏ ဘေး၌ ဝင်၍ထိုင်လိုက်ရင်း ဆေးပေါ့လိပ်တိုကို မီးညှိလိုက်လေ၏။ ထို့နောက် ရာဇာက-

"ဘာလိုတာလဲ ဖိုးလန်ဒန်ကြီးရဲ့...ပြောစမ်းပါဦး..." တု မေး လိုက်လျှင် ဖိုးလန်ဒန်ကြီးက မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်ရင်း...

"ဒီကိစ္စက ပြောပြဖို့တော့ တော်တော်ခက်တယ်ကွ၊ ပြောပြနိုင် ရရင်လည်း ငါဆိုလိုချင်တဲ့အဓိပ္ပါယ် မဟုတ်တော့ဘူး၊ မပြောပြနိုင်ရင်လည်း သိနိုင်မှာမဟုတ်ဘူး..." ဟု ပြောလိုက်သောကြောင့် ရာဇာလည်း ခေါင်းကို တဖျင်းဖျင်း ကုတ်ကာ-

"ဘာတွေလဲ ဖိုးလန်ဒန်ကြီးရယ်...၊ ရှင်းရှင်းပြောစမ်းပါဗျာ- တော်တော်ရှုပ်တာပဲဗျ..." ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးနောက်-

"အေး...ရှုပ်တော့ရှုပ်တယ်ကွ...၊ ဒါပေမဲ့ သေသေချာချာ စနစ်တကျ ရှုပ်ရင်တော့ ရှင်းရှင်းလေးပါကွာ၊ ဥပမာဆိုပါတော့... စာဖူးတောင်းတွေရဲ့အသိုက်ကို ကြည့်ကြည့်စမ်း...၊ မင်းအတွက်တော့ ရှုပ်တာပေါ့ကွ၊ စာဖူး တောင်းတွေအတွက်ကတော့ ရှင်းရှင်းလေးဟေ့...၊ သူ့အိမ်သူကြည့်ပြီး ရှုပ်လိုက်တာဗျာလို့ စိတ်ပျက်လက်ပျက် ညည်းနေတဲ့ စာကလေးတစ်ကောင်မှ ငါဖြင့် မတွေ့ဖူးဘူး၊ အဲဒီလိုပဲ သပွတ်အူကို ကြည့်လိုက်ရင် မင်းအတွက်ကတော့ ရှုပ်လို့ကို မပြီးတော့ဘူးပေါ့ကွာ...၊ ဒါပေမဲ့ ဘယ်တုန်းကမှ ဘယ်သပွတ်အူမှ သူ့ကိုယ်သူ ရှုပ်တယ်လို့ မညည်းဖူးဘူး၊ သူ့ဘာသူတော့ ရှင်းနေတာပဲကွ၊ ဘာလို့ရှင်းနေလဲဆိုတော့ သူတို့ရှုပ်တယ်ဆိုတာက စနစ်တကျလေး၊ အစီစဉ်တကျလေး ရှုပ်နေတာကိုးကွ..." ဟု ပြောလိုက်ပြန်လျှင် ရာဇာသည် မျက်နှာကြီးကို ရှုံ့မဲ့ပြီးနောက်-

"တော်ပါတော့ စာကလေးရဲ့ပထွေး...၊ သပွတ်အူရဲ့ ယောက်ျားရယ်...၊ ကျုပ်က ပန်းချီအကြောင်းပြောမယ် အောက်မေ့လို့ အကောင်းမှတ်လို့ နားထောင်နေတာဗျ..." ဟု ပြောလိုက်လေ၏။ ဖိုးလန်ဒန်ကြီးသည် ဆေးပေါ့လိပ်တိုကို နှစ်ချက်သုံးချက်မျှ ဆက်တိုက်ဖွာလိုက်ပြီးနောက် အနီးရှိ ခဲကလေးတစ်လုံးကို ကောက်ယူကာ ရေကန်ထဲသို့ လှမ်း၍ ပစ်လိုက်လေ၏။ ထိုခဲလုံးကျသွားသောနေရာမှ ကန်ရေပြင်တွင် လှိုင်းဂယက် အဝိုင်းအဝိုင်းကလေးများ ထသွား၏။ ဖိုးလန်ဒန်ကြီးသည် ထိုလှိုင်းကလေးများကို လက်ညှိုးညွှန်ပြလိုက်ရင်း-

"ဒီကန်တော်ကြီးရေပြင်က တော်တော်ဆန်းတယ်ကွ၊ အဲသလို ခဲခုခု ပစ်ချလိုက်ရင် အဝိုင်းအဝိုင်းကလေးတွေ ထသွားတယ်၊ ငါဖြင့်





www.burmeseclassic.com

www.burmeseclassic.com



အညြှာပုံကို မဆုံးဘူး..." ဟု ပြောလိုက်ရာ ရာဇာက ဖိုးလန်ဒန်ကြီးအား ဖျတ်လုံးတစ်ချက် ဝင့်၍ကြည့်ရင်း–

"အဲလို အပိုင်းအပိုင်းကလေးတွေ ဖြစ်သွားတာကတော့ ဒီ ကန်တော်ကြီးထဲက ရေမှ မဟုတ်ပါဘူးဗျာ...၊ ဘယ်ရေထဲပဲ ခဲပစ်ချပစ်ချ အဲဒီလိုဖြစ်သွားတာပါပဲ..." ဟု ပြန်၍ ပြောလိုက်လေ၏။

"အေး...မင်း မဆိုးဘူးကိုးကွ...၊ တော်တော် ဟုတ်နေပြီ၊ အခြေ မင်းဟာ လူတစ်ယောက်မဟုတ်တော့ဘူး ...၊ ရေဖြစ်သွားပြီလို့ စိတ်ကူး ကြည့်စမ်း...၊ မင်းကိုယ်ပေါ်ကို ငါက ခဲတစ်လုံးပစ်ချလိုက်မယ်၊ တဲ– အဲဒါဆို မင်း ဘယ်လိုလုပ်မလဲ..." ဟု ဖိုးလန်ဒန်ကြီးက မေးလိုက်လျှင် ရာဇာက–

"ဩော်...ခင်ဗျားကလည်း ကျုပ်က ရေဖြစ်နေတဲ့နောက်မှတော့ အပိုင်းအပိုင်းကလေးတွေဖြစ်အောင် လုပ်ပြရမှာပေါ့ဗျ..." ဟု ပြန်၍ ပြော လိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက–

"အဲဒီလို အပိုင်းအပိုင်းကလေးတွေဖြစ်ဖို့က မလွယ်ဘူးနော် ကိုယ့်လူ...၊ အချိုးညီညီကလေး ဘေးကို ပြန့်ကားထွက်သွားရမှာ..." ဟု ပြောလိုက်ပြန်လျှင် ရာဇာက –

"ဖိုးလန်ဒန်ကြီးကလည်းဗျာ...ရေဖြစ်တဲ့နောက်မှာတော့ ရေနဲ့ တူအောင် လေ့ကျင့်ရမှာပေါ့ဗျ...၊ အစပိုင်းမှာ မကျွမ်းမကျင်ဖြစ်နေရင်တော့ နောက်ပိုင်းကျတော့ အဆင်ပြေသွားမှာပါဗျာ..." ဟု ပြောလိုက်လျှင် ဖိုးလန်ဒန်ကြီးသည် မျက်စိပေါက်များပင် ပိတ်သွားသည်အထိ၊ မျက်ရည် များပင် ထွက်လာသည်အထိ တဟားဟား အော်ဟစ်ရယ်မောလိုက်လေ ၏။ ထို့နောက်တွင်မှ ရာဇာ၏ပခုံးကို လက်ဂါလေးဖြင့် အသာပုတ်ရင်–





"ရာဇာ...ရာဇာ...မင်းတော်တော်ညံ့သေးတာပဲ၊ လောကကြီးမှာ အပိုင်းအပိုင်းကလေးတွေ မလုပ်တတ်လို့ဆိုပြီး လေ့ကျင့်နေတဲ့ ရေရယ် လို့များ ဘယ်မှာတွေ့ဖူးလို့လဲကွာ...၊ လောကမှာ ရှိသမျှရေအားလုံး ကျွမ်း ကျင်စွာ လုပ်တတ်ပြီးသားပါ၊ အပိုင်းကလေးတွေဖြစ်အောင်လုပ်ရမယ့် ကိစ္စကို မှားပြီး လေးထောင့်တွေ သုံးထောင့်တွေလုပ်မိတဲ့ ရေရယ်လို့လည်း တစ်ခါမှ မတွေ့ဖူးဘူး၊ မကျွမ်းကျင်သေးလို့ ဆိုပြီး အပိုင်းကလေးတွေကို ခမ်းတဝါးဝါးလုပ်နေတဲ့ ရေရယ်လို့လည်း တစ်ခါမှမတွေ့ဖူးဘူး၊ သူ့ မျက်နှာပြင်ပေါ် ပစ္စည်းတစ်ခုကျလိုက်တာနဲ့ ဒိုင်းကနဲဆို အပိုင်းကလေးတွေ ပေါ်လာပြီးသား..." ဟု ပြောလိုက်လျှင် ရာဇာက...

"အဲဒီတော့ ဘာဖြစ်လဲဗျာ...၊ မြန်မြန်ပြောပြောစမ်းပါ ဖိုးလန် ဒန်ကြီးရဲ့...၊ ခင်ဗျားဟာက ပန်းချီအကြောင်းကို သွားမလိုလိုနဲ့ ရေ အကြောင်းရောက်သွားပြန်ပြီ ..." ဟု အားမလိုအားမရစွာဖြင့် ဖိုးလန် ဒန်ကြီး၏ပခုံးကို ကိုင်လှုပ်ရင်း မေးလိုက်လေ၏၊ ဖိုးလန်ဒန်ကြီးသည် သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက်ရယ်မောနေပြန်ပြီးနောက်–

"အဲဒီတော့...ဘာဖြစ်လဲဆိုတော့..." ဟု ဆိုကာ ဆက်၍မပြော သေးဘဲ စကားကို ရပ်ထားလိုက်ပြီးနောက် မီးသေသွားသော ဆေးပေါ့ လိပ်တိုကို စိမ်ပြေနပြေ မီးညှိနေပြန်ပါလေတော့သတည်း ...။



www.burmeseclassic.com

www.burmeseclassic.com

" ကမ္ဘာပေါ်မှာ
ဘယ်သတ္တဝါအစမှ
သူကိုယ်သူ ရှုပ်တယ်လို့
မညည်းဖူးဘူး၊
သူဟာသူ
ရှင်းနေတယ်၊
ဘာလို့ရှင်းနေသလဲဆိုရင်
စနစ်တကျလေး၊
အစီအစဉ်တကျလေး
ရှုပ်နေလို့ . . . "

www.burmeseclassic.com

www.burmeseclassic.com





ိုးလန်ဒန်ကြီး
သည် ရာဇာအား
နေားစပ္ပယ် အိပ်မွေ့တိရစ္ဆာန်ကလေး
တစ်ကောင်အလား ကြည့်ရင်း အားရပါးရ
ားတိုက်ရယ်မောနေလေ၏။ ထိုသို့ရယ်မောရင်း သူ၏အရှိန်သည်
တက်၍တက်၍သွား၏။ လောကကြီးတစ်ခုလုံးကို မေ့သွားဘိသည့်အလား
ာလိုက်သည်းလိုက် ရယ်မောနေလေ၏။ ဖိုးလန်ဒန်ကြီး ထိုသို့ ရယ်မော
ည်ကိုကြည့်ရင်း ရာဇာလည်း ရယ်ချင်စိတ်ပေါက်လာ၏။ ထို့ကြောင့်

www.burmeseclassic.com

သူ၏ ကျော၌ အားရပါးရ ရယ်မိလေတော့၏။ ရာဇာ ထိုသို့ရယ်သည်ကို အကြားလျှင် ဗိုးလန်အန်ကြီးက ပို၍ရယ်၏။ ဗိုးလန်အန်ကြီးရယ်သည်ကို ကြည့်ပြီး ရာဇာလည်း ထပ်၍ရယ်၏။ ဤသို့ဖြင့် နှစ်ဦးသား အတောမသတ်နိုင်လောက်အောင် အားပါးတရ စိတ်လွတ်ကိုယ်လွတ် ရယ်မောနေကြလေတော့၏။ အတန်ကြာသောအခါကျမှ နှစ်ဦးလုံး မောသွားကြပြီဖြစ်၍ ရယ်မောခြင်းကို ရပ်လိုက်ကြလေ၏။ ဗိုးလန်အန်ကြီးသည် ကျေနပ်စွာ ပြုံးလျက် ရာဇာအား ကြည့်လိုက်ပြီးနောက်–

"အခုလို ရယ်လိုက်ရတော့ ရင်ထဲမှာ ရှင်းသွား ...၊ ပေါ့သွားတာပဲကွာ...၊ မောတော့မောတာပေါ့...ဒါပေမဲ့ တော်တော်အရသာရှိတာတွေ ကမ္ဘာပေါ်မှာ အရသာရှိရှိနဲ့ မောရတဲ့ကိစ္စဆိုတာ တော်တော်ရှားတယ်နော် ကိုယ့်လူ...၊ အဲဒီလို ရှားတဲ့အထဲမှာမှ ငွေကုန်ကြေးကျလည်း မရှိဘူး နေရာမရွေး အချိန်မရွေး၊ ကိုယ်တစ်ယောက်တည်း လုပ်လို့ရတဲ့ ကိစ္စကတော့ ပိုပြီးရှားမယ်ထင်တယ်" ဟု ပြောလိုက်ရာ ရာဇာက –

"ကဲပါ ဗိုးလန်အန်ကြီးရယ်...၊ ခင်ဗျားစကားကလည်း လိုရင်းကို မရောက်တော့ဘူး ...၊ ဟိုဘက်သဝေထိုးသွားလိုက် ...၊ ဒီဘက်သဝေထိုးသွားလိုက်နဲ့ ...၊ ပြောစရာရှိတဲ့ကိစ္စကိုသာ တည့်တည့်ပြောစမ်းပါဗျာ–" ဟု ပြောလိုက်လေ၏။ ထိုအခါကျမှ ဗိုးလန်အန်ကြီးက ရာဇာ၏ မျက်နှာကို စူးစိုက်၍ကြည့်ရင်း –

"ဒီလိုရှိတယ်ကွ...၊ ရေဟာ သူ့အလုပ်တွေကို လုပ်ဖို့အတွက် ရေနဲ့တူဖို့အတွက် ဘာမှလည်း သင်ယူစရာ မလိုဘူး၊ ဘာမှလည်း လေ့ကျင့်နေစရာ မလိုဘူး၊ ဘယ်နေရာ ဘယ်လိုအခြေအနေမျိုးကျရင် ဒါတော့ဖြင့် ဘယ်လိုမျိုး လုပ်လိုက်မတဲ့ရယ်လို့လည်း ကြိုတင်ကြံစည် စဉ်းစား





တွက်ဆထားတာမျိုးလည်း မရှိဘူး၊ ဟိုကွေ့ရောက်ရင် ဟိုတက်နဲ့ လှော်လိုက်တာပဲ၊ ဒီကွေ့ရောက်တော့လည်း ဒီတက်နဲ့ လှော်လိုက်တာပဲ...၊ အဲသလိုပဲ သူလုပ်တာ မှားသွားလို့ဆိုပြီး ဝမ်းနည်းကြေကွဲနေတဲ့ ရေရယ်လို့ လောကကြီးမှာ မရှိသလို သူ့လုပ်ရပ်တွေကို မွန်မြတ်လှ၊ ကောင်းလှချေလားရယ်လို့ ဂုဏ်ယူမဆုံး၊ ဝံ့ကြွားမဆုံးဖြစ်နေတဲ့ ရေရယ်လို့လည်း ဒီအသက် ဒီအရွယ်အထိ ငါဖြင့် မကြားဖူးရိုးအမှန်ပါပဲကွာ..." ဟု အလေးအနက် ပြောပြနေလေ၏။ ထို့ကြောင့် ရာဇာက–

" အဲဒီတော့ ဘာဖြစ်လဲဗျာ...." ဟု မေးလိုက်လျှင် ဗိုးလန်အန်ကြီးက ဆေးပေါ့လိပ်တိုကို အဝေးဆီသို့ လက်ညှိုးဖြင့် တောက်ထုတ်လိုက်ရင်း–

"အဲဒီတော့ ဘာဖြစ်သလဲဆိုတော့ ရေဟာ သူလုပ်စရာရှိတာကို လုပ်ရိုးသက်သက်ကလေး လုပ်နေတာကွ ...၊ အဲဒီလိုလုပ်တဲ့အတွက် ကောင်းသွားပါစေဆိုတဲ့ဆန္ဒလည်း မရှိဘူး ...၊ ဒုက္ခရောက်သွားပါစေဆိုတဲ့ ဆန္ဒလည်း ရှိမနေဘူး ...၊ ကောင်းတယ်လို့ပြောတဲ့လူက ပြောမယ်၊ မကောင်းဘူးလို့ ပြောတဲ့လူကလည်း ပြောကြလိမ့်မယ်၊ ကောင်းတယ်ပဲပြောပြော၊ မကောင်းဘူးလို့ပဲ သတ်မှတ်သတ်မှတ် သူကတော့ ဂရုမစိုက်ဘူးကွ၊ ကောင်းခြင်းမကောင်းခြင်းဟာ သူနဲ့ကို မဆိုင်ဘူး၊ သူ့အလုပ်သူ လုပ်နေခြင်းသာဖြစ်တယ်၊ ဒီသဘောဟာ ရေမှာပဲရှိတာမဟုတ်ပါဘူး ...၊ သဘာဝအတိုင်းနေတဲ့အရာတိုင်းမှာ အဲဒီသဘောရှိနေတယ်၊ ဥပမာဆိုပါတော့... သမင်တစ်ကောင်ကို ကိုက်သတ်မိလိုက်တဲ့အတွက် စိတ်မကောင်းခြင်းကြီးစွာဖြစ်နေတဲ့ ကျားရယ်လို့ လောကမှာ မရှိဘူး ...၊ ဒီလိုပဲ သမင်ကို စားရလို့ ဝမ်းသာအားရဖြစ်ပြီး ထ,က နေတဲ့ကျားရယ်လို့ လောကကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး ...၊ ဝတ်နေတဲ့အခါမှာလည်း သူ့ဘာဝကိုသူ အဖြစ်ဆိုးလှချည်လားရယ်လို့ ယူကျုံးမရဖြစ်နေတဲ့ကျားရယ်လို့ လောကကြီးမှာ မမွေးသေးဘူး၊ ကျားတစ်ကောင်ဟာ ကိုက်စရာကြုံတဲ့အခါ ကိုက်လိုက်တယ်၊ စားစရာကြုံတဲ့အခါ စားလိုက်တယ် ...၊ ဝတ်တဲ့အခါမှာလည်း ဝတ်တဲ့အတိုင်းနေလိုက်တယ်၊ အဲဒီတော့ကွာ... ရေဆိုရင်လည်း ရေဖြစ်ပြီဆိုကတည်းက ရေလုပ်ရမယ့်အလုပ်တွေကို ကျွမ်းကျင်စွာ လုပ်တတ်ပြီးသား...၊ အဲဒီလိုပဲ ကျားတွေမှာလည်း အပဲလိုက်နည်း ကျောင်းဆိုတာမရှိဘူး၊ သဘာဝကကို ပါလာပြီးသား...၊ အဲဒီတော့ သဘာဝအတိုင်းနေနေတဲ့အရာအားလုံးမှာ ကြံစည်စိတ်ကူးရတာတို့၊ စဉ်းစားတွက်ချက်ရတာတို့၊ ချင့်ချိန်ထောက်ဆရတာတို့၊ ကျွမ်းကျင်အောင်လေ့ကျင့်ရတာတို့ ဘာမှမရှိဘူး ကိုယ့်လူရေ..." ဟု တစ်လုံးချင်း ပြောနေပြန်ရာ ရာဇာသည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း...

"ဘာတွေပြောနေတာလဲ ဖိုးလန်ဒန်ကြီးရယ် ...၊ ကျုပ်ဖြင့် ဘာမှကို နားမလည်တော့ဘူး..." ဟု ညည်းညည်းညူညူ ပြောလိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက...

"မင်း တကယ်ပန်းချီရေးတတ်သွားအောင် ပြောပြနေတာပါ။ စုတ်တံကို ကိုင်ပြီးတော့ ဘယ်လိုလေးရေးလိုက်မယ် ...၊ ဘယ်လိုလေးတို့လိုက်မယ်၊ ဘယ်လိုလေး မှုန်းလိုက်မယ်ဆိုပြီး မင်းအနေနဲ့ စဉ်းစားနေရရင်၊ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေရင်၊ ချီတုံချတုံဖြစ်နေရင်၊ သို့လောသို့လောဖြစ်နေရင် အဲဒီပန်းချီကားဟာ သဘာဝနဲ့ဝေးသွားပြီ၊ မင်းတို့ပြောပြော နေကြတယ်မဟုတ်လား ...၊ သဘောသဘာဝဆိုတာလေ... သဘာဝဆိုတာ သဘောကိုဆိုလိုတာပဲပေါ့...၊ ပြီးတော့ သဘောတရားဆိုပြီးတော့လည်း မင်းတို့ပြော ပြောနေကြတယ်မဟုတ်လား၊ သဘောဆိုတာ တရားလေ၊ တရားဆိုတာ ဓမ္မပေါ့. အဲဒီတော့ သဘာဝနဲ့ဝေးတယ်ဆိုတာ ဓမ္မနဲ့ဝေးတာပဲပေါ့ တုံးရဲ့..." ဟု ဒိုးဒိုးဒေါက်ဒေါက်ပြောချလိုက်လေ၏။ ထိုအခါ ရာဇာက 'အဲဒီတော့' ဟု ပြောလိုက်ရာ ဖိုးလန်ဒန်ကြီးက –

"အဲဒီတော့ မင်းပန်းချီကားကို သဘာဝကျချင်ရင် ဘာအတွေးအကြံမှမရှိဘဲ လွတ်လပ်ပေါ့ပါးတဲ့စိတ်နှလုံးနဲ့၊ အလိုအလျောက် ပေါ်လာတဲ့အတိုင်း ချရေးပစ်လိုက်ဖို့ ပြောချင်တာဟ...၊ ချိန်မနေနဲ့၊ စိတ်ကူးမနေနဲ့၊ ရေးချလိုက်တော့...ရေးချလိုက်တော့..." ဟု ရာဇာ၏ကျောကုန်းကို လက်သီးဖြင့် တဗုန်းဗုန်းထုရင်း ပြောချလိုက်လေ၏။ ထို့ကြောင့် ရာဇာလည်း 'ဟုတ်ပြီဗျို့...ဟုတ်ပြီ...' ဟု ဆိုကာ စုတ်တံကို ကောက်ကိုင်၍ ဆေးခွက်တွင် နှစ်လိုက်ပြီးနောက် ယခင်ကထက် အဆပေါင်းများစွာ သွက်လက်မြန်ဆန်စွာဖြင့် သူ့၏ပန်းချီကားကြီးကို ဆက်၍ ရေးနေလေတော့၏။

ရာဇာ ထိုသို့ ပန်းချီရေးနေသည်ကို ဖိုးလန်ဒန်ကြီးသည် နောက်မှနေ၍ ပြုံးပြုံးကြီးကြည့်ရင်း –

"ကိုက်ရကောင်းနိုးနိုး၊ မကိုက်ရကောင်းနိုးနိုး ဒွိဟ ဖြစ်နေတဲ့ ခွေးရယ်လို့ × × × လောကကြီးမှာမရှိပါတကယ်၊ ခွေးတစ်ကောင်ဟာ ကိုက်ချင်ကိုက်လိုက်တယ် × × × မကိုက်ချင်လည်း မကိုက်ပါတကယ် × × × ကိုက်ပြီးတော့လည်း စိတ်မကောင်းမဖြစ်တယ် × × × မကိုက်လိုက်ရလို့ လည်း စိတ်မကောင်းမဖြစ်တယ် × × × ရေတွေလည်း စီးစရာရှိတော့ စီးလိုက်တယ် × × × အိုင်စရာရှိတော့ အိုင်လိုက်တယ် × × × လေပွေရူးလည်း မြောက်ဘက်ကို ဆော့တဲ့အခါဆော့တယ် × × ×





www.burmeseclassic.com

www.burmeseclassic.com

တောင်ဘက်ကို နော့တဲ့အခါနော့တယ်× × × ချာလည်ပတ်လည် သော့တဲ့အခါ သော့တယ် × × × ဆော့ဆော့၊ နော့နော့၊ သော့သော့ သူကျော့နပ်နေတယ် × × ×အိုလူသားကြီးရယ်× × × သင်ကော ဘယ့်နှယ့်လဲကွယ် ” ဟူသော စာသားများကို ဂီတသံကဲ့သို့လုပ်၍ ဆိုညည်းရင်း တရွေ့ရွေ့ထွက်ခွာသွားပါလေတော့သတည်း။



# “သဘာဝနဲ့ ဝေးတယ်ဆိုတာ ဝမ္မနဲ့ ဝေးခြင်းပဲ”

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၂၄ ၊

[illegible]



ရာဇာသည် ဗိုးလန်

ဒ်နက်ကြီးပြောပြသွားသော တံဆိပ်များ

ကို တစ်ခုပြီးတစ်ခု ကြိမ်ဖန်များစွာ ရေး

ဒ်၊ ယခုအခါ၌ သူသည် တိမ်မြုပ်နေသောအရာများ၊ ပျောက်ဆုံးနေ

ရာများကို ပြန်ပေါ်လာစေသည့် သင်္ကေတကြီးကို အဖန်တလဲလဲရေး

သည်မှာ ငါးရက်ပင် တိုင်ခဲ့ပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာသည် ပန်းချီကားထဲတွင် အာရုံနှစ်မြှုပ်လျက် ရေးခြ
ရင်း နောက်နားဆီမှ စပ်ပွပွနင်းလျှောက်လာသော ခြေသံကို သတိ
လိုက်၏။ ထိုခြေသံမှာ ဝတ်မှုန်၏ခြေသံဖြစ်ကြောင်းကိုလည်း သူ ကော
မှတ်မိနေလေ၏။ ထိုခြေသံသည် သူ၏နောက်နားတွင် ရပ်သွား၏။ ထို
သူ၏အမည်ကို ခေါ်သည့်အသံထွက်မလာဘဲ ရှိုက်သံသဲ့သဲ့ကလေး
လျှင် ထွက်ပေါ်လာသည်ဖြစ်သောကြောင့် ရာဇာလည်း နောက်သို့ အ
လှည့်၍ကြည့်လိုက်မိ၏။ ဝတ်မှုန်သည် မည်မျှငိုကြွေးထားသည်
မျက်လုံးများ နီရဲကာ မျက်ခွံများ မို့မောက်နေ၏။ ယခုလည်း နောက်
ကလေး တသိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေဆဲဖြစ်၏။

"ဝတ်မှုန်...ဘာတွေဖြစ်ပြန်ပြီလဲ..." ဟု ရာဇာက လွန်စွာ စိ
မကောင်းသောလေသံဖြင့် မေးလိုက်လေ၏။ ဝတ်မှုန်သည် ရာဇာ
အမေးစကားကို ချက်ချင်းပြန်၍ မဖြေနိုင်သေးဘဲ ရှိုက်ကာရှိုက်တ
လျှင် ငိုကြွေးနေ၏။ အံကိုတင်းတင်းကြိတ်ကာ အားတင်းထားသည့်
သူ၏ပါးပြင်ပေါ်သို့ မျက်ရည်များသည် တလိမ့်လိမ့် စီးကျနေလေ၏
နောက်တွင်မှ...

"ငါတော့ လူ့လောကကြီးမှာ မနေချင်တော့ဘူး ရာဇာရယ်
အမေ့ကျန်းမာရေးက တော်တော့်ကို ဆိုးနေတယ်၊ ဒီကြားထဲမှာ သူ
မမိုတ်ခင် ငါ့ကို လင်ကောင်းသားကောင်းရသွားတာကို မြင်ချင်တယ်
နင်နဲ့ကွဲဖို့ ဇွတ်ပြောနေတယ်၊ အမေနားလည်အောင် ငါ ဘယ်လို
ရမှာလဲ ရာဇာရယ်...၊ ဒီပြဿနာတွေဟာ ငါသေမှပဲ ရှင်းသွားမယ်ထ
ရဲ့..." ဟု ကြေကွဲဝမ်းနည်းစွာဖြင့် ပြောရင်း ရာဇာ၏လက်မော
ဆုပ်ကိုင်ကာ ရှိုက်ကြီးတငင် ငိုနေပြန်လေတော့၏။ ရာဇာသည် ဝတ်





တစ်ဖက်ကို ယုယစွာ လှမ်း၍ကိုင်လိုက်ရင်း စိတ်မကောင်းကြီးစွာဖြင့်
ကြည့်နေမိ၏။ မည်သို့မည်ပုံ ရှေ့ကိုဆက်၍ စခန်းသွားရမည်ကိုလည်း
တား၍မျှမရအောင် အကြံရကျပ်နေမိလေတော့၏။

ဤကမ္ဘာလောကတွင် သူနှင့်ဝတ်မှုန်တို့၏ အဖြစ်မျိုးကဲ့သို့ ကြုံဖူး
ရှိခဲ့ဖူးပါ၏လော...။ သူတို့၏အဖြစ်မျိုးကို ဝတ္ထုဇာတ်လမ်းများထဲ၌လည်း
တွေ့ဖူးခဲ့ပါ။ ရုပ်ရှင်များထဲ၌လည်း မတွေ့ဖူးခဲ့ပါ။

သူတို့၏ပတ်ဝန်းကျင်တွင် သူတို့နှစ်ဦးသည် တရားဝင်
ကြင်လင်မယားများဖြစ်ကြကုန်၏။ သူတို့နှစ်ဦးတည်းအနေနှင့်မူ သူတို့
သည် မိတ်ဆွေများသာလျှင် ဖြစ်ကြကုန်၏။ ယခု အကြင်လင်မယား
တော်သော သူတို့နှစ်ဦးကို ဓမ္မဓါးကြီးက ဇွတ်အတင်းကွဲခိုင်းနေချေပြီ။

ရာဇာလည်း မည်သို့ဆုံးဖြတ်ရမှန်းမသိတော့ပါ။ ထို့ကြောင့်
ခင်းပြင်ပေါ်တွင် ဝတ်မှုန်နှင့်အတူ ခြေပစ်လက်ပစ် စိတ်ပျက်လက်ပျက်
ထိုင်ချလိုက်ရင်း ဆေးပေါ့လိပ်ကို မီးညှိ၍ အဆက်မပြတ် ရှိုက်ဖွာနေမိလေ
တော့၏။ သူတို့နှစ်ဦးသည် အချိန်အတော်ကြာသည်အထိ စကားမဆိုဖြစ်
ကြဘဲ အတွေးကိုယ်စီနှင့် ငြိမ်သက်နေခဲ့ကြ၏။ ထို့နောက်တွင်ကား ဝတ်မှုန်
သည် ငိုမဲ့မဲ့မျက်နှာကလေးဖြင့် အသံထွက်သည်ဆိုရုံကလေးမျှ ရာဇာအား
ဆက်ရင်း အကြော်ဆိုင်ရှိရာသို့ ထွက်ခွာသွားလေတော့၏။ ရာဇာကမူ
ဆေးပေါ့လိပ် နောက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိကာ တွင်တွင်ကြီး
ရှိုက်ရင်း ကန့်ရေပြင်ကိုငေးလျက် ကျန်နေခဲ့လေ၏။

မကြာမီမှာပင် သူ၏ဘေး၌ လူတစ်ယောက် ဝင်ထိုင်လိုက်ပြီး
သူ၏ပခုံးကို တဖုန်းဖုန်းပုတ်ကာ –


"ကောင်လေး ...မင်းရဲ့ဝေဇယန္တာဘုံနန်းကြီးမှာ တောဒါကို

www.burmeseclassic.com

www.burmeseclassic.com



ပြည်း ထည့်ပြီးရေးရမယ်ကွ..." ဟု ပြောလိုက်လေ၏။ ရာဇာ
နားလွှာစိတ်မပါလှသောအမူအရာမျိုးဖြင့် ဘေးသို့လှည့်ကြည့်လိုက်
ဗိုလ်လန်အန်ကြီးက ၎င်း၏လက်ထဲသို့ သစ်သားတုံးကလေးတစ်တုံးကို
ပေးလိုက်လေ၏။



မိသားစု၊ ဆွေမျိုး အပေါင်း
ဖခင်ဟုခေါ်သောအိမ်မှူး
အပေါင်းတို့ပေးသော ...
ကျန်းမာရေးကို
အလေးထားစောင့်ရှောက်သော
အမျိုးသမီး ရည်မှန်းချက်မှာ
အသင့်ပြုပေးသော
သင်္ကေတဖြစ်သည်

ရာဇာသည် ထိုသစ်သားတုံးကလေးကို အဓိပ္ပါယ်မဲ့စွာဖြင့်
ပြန်ညာပြန် လှန်လှောကြည့်ရှုရင်း တွေတွေကြီးဖြစ်နေ၏။ ဗိုလ်လန်အန်ကြီး
ရာဇာ၏အမူအရာကို စေ့စပ်စွာကြည့်ရင်း ပြုံးပြုံးကြီးလုပ်နေ၏။
အပြုံးတွင် သရော်လှောင်ပြောင်သော အငွေ့အသက်လည်း ပါ၏။
ကရုဏာသက်သော အရိပ်အယောင်လည်း ပြွန်းတီးနေ၏။ အား
အားမရခြင်း အဓိပ္ပါယ်လည်း ပေါင်းစပ်နေ၏။ မေတ္တာဟူသောအရ
ဒေါသကလေး ခပ်ပါးပါး ဆမ်းထားသောအပြုံးဟုလည်း ဆိုနိုင်၏။ထို
တွင်မှ -

"ဒီလိုရှိတယ် ကောင်လေး...၊ လူ့ဘဝဆိုတာ တိုတိုလေး



လူ့ဘဝဆိုတာကိုလည်း ဘယ်ဟာလဲလို့ လက်ညှိုးထိုးပြရင် ပြစရာ
ဆိုတာမရှိပြန်ဘူး၊ ဘယ်နှခုနှစ်မှာ မွေး၍ ဘယ်နှခုနှစ်မှာ သေသည်ဆိုတဲ့
ကြားထဲက ကာလလေးကိုပဲ ပြောနေရတာပါ။ ကာလဆိုတာ အချိန်ပေါ့
ကွာ...၊ ဒီတော့ ဘဝဆိုတာ အချိန်ပေါ့ ...၊ အချိန်ဟာ ငါတို့ ရဲ့ဘဝပေါ့ကွာ...၊
အချိန်ကို အလဟဿဖြုန်းတီးပစ်ခြင်းဟာ ငါတို့ရဲ့ဘဝတွေကို ဖြုန်း
တီးပစ်ခြင်းနဲ့အတူတူပါပဲ၊ ငါတို့တွေဟာ မိဘကို ငဲ့ရလို့၊ ညီအစ်ကို
မောင်နှမကို ငဲ့ရလို့၊ ချစ်သူရည်းစားကို ငဲ့ရလို့၊ ဇနီးမယားသမီးသားတွေကို
ငဲ့ရလို့ အချိန်တွေအများကြီး ဖြုန်းပစ်လိုက်ရတတ်တယ်၊ အခြားအခြားသော
သူတွေကိုအကြောင်းပြုပြီး ငါတို့ရဲ့အချိန်တွေ၊ ငါတို့ရဲ့ဘဝတွေကို အဖြုန်းတီးခံ၊
စတေးခံလိုက်ရတာတွေဟာ လူတိုင်းလူတိုင်းမှာ အနည်းနဲ့အများရှိတတ်ကြ
ပါတယ်ကွာ...၊ ဒါပေမဲ့ ကိုယ်ကိုယ်တိုင်ဖြုန်းပစ်လိုက်တဲ့အချိန်၊ ကိုယ်ကိုယ်
တိုင်ဖြုန်းတီးအောင်လုပ်ပစ်လိုက်တဲ့ဘဝကတော့ ပိုပြီးတော့ ရာခိုင်နှုန်း
များတယ်ဟေ့...၊ တစ်နေ့တစ်နေ့ တွက်ကြည့်လိုက်ရင် ဟိုဟာလုပ်ရ
ကောင်းနိုးနိုး၊ ဒီဟာလုပ်ရကောင်းနိုးနိုး၊ ဟိုဟာပဲလုပ်ရတော့မလိုလို၊
ဒီဟာပဲလုပ်ရတော့မလိုလို၊ ရှေ့တိုးရတော့မလိုလို၊ နောက်ဆုတ်ရတော့
မလိုလိုနဲ့ ချည်တုံချတုံဖြစ်နေတဲ့အချိန်တွေက အများကြီးပဲကွ၊ ဟိုဟာလည်း
မဖြစ်၊ ဒီဟာလည်း မဖြစ်နဲ့၊ ရှေ့လည်းမရောက်၊ နောက်လည်းမရောက်နဲ့
အလဟဿဖြစ်သွားတဲ့အချိန်တွေဟာ အာ များကြီးပဲကွ၊ အမှန်က တစ်ခုခု
ကောက်ပြီးလုပ်လိုက်ရင် တစ်ခုခုတော့ ဖြစ်သွားမှာသေချာတယ်၊ အခုတော့
တွေးသလိုလို စဉ်းစားသလိုလို၊ ဝေဖန်သလိုလို သုံးသပ်သလိုလို၊ ချင့်ချိန်
သလိုလိုနဲ့ပဲ ဘာတစ်ခုမှမလုပ်ဖြစ်တော့ ဘာတစ်ခုမှ ဖြစ်မလာတော့
ဘူးပေါ့ကွာ..." ဟု ပြောပြီးလျှင် စကားကို ရပ်ကာ ဆေးပေါ့လိပ်ကို

www.burmeseclassic.com



ငြိုးညှိုးနေလေသော ထိုအခါ ရာဇာက 'အဲဒီတော့ ဘာဖြစ်သလဲဗျာ...' ဟု အဓိပ္ပါယ်ရသောမျက်လုံးမျိုးဖြင့် ဖိုးလန်ဒန်ကြီးအား တစ်ချက်လှမ်းကြည့်လိုက်သည်ဖြစ်ရာ ဖိုးလန်ဒန်ကြီးက ရာဇာ၏မျက်ခုံးနှစ်ခုအကြားနဖူးပြင်ကို လက်ညှိုးဖြင့် ချစ်စနိုး ထိုးလိုက်ရင်း...

"အဲဒီတော့ ဟိုလိုလို ဒီလိုလို ဘာမှလုပ်မနေနဲ့ ...၊ တစ်ခုခုလုပ်လိုက်ရင်တော့ တစ်ခုခုဖြစ်သွားမှာသေချာတယ်၊ မင်းမှာ ဒီတံဆိပ်တစ်ခုရေးဖို့ အလုပ်ရှိနေပြီပဲ၊ ဘာများစဉ်းစားနေရတာလဲ၊ ဘာလို့များတွေဝေနေတာလဲ၊ အခုလုပ်စရာရှိတာကို အခု ကောက်လုပ်လိုက်စမ်းပါကွာ..." ဟု ပြတ်သားသောလေသံဖြင့် ပြောလိုက်လေ၏။ ထိုအခါကျမှ ရာဇာ၏မျက်လုံးများသည် ဖျတ်ခနဲ အရောင်တစ်ချက် လက်သွားပြီးနောက် ဖိုးလန်ဒန်ကြီးပေးသော သစ်သားတုံးကလေးကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီးလျှင် –

"ဟုတ်တယ်...၊ အခု လုပ်စရာရှိနေတဲ့ကိစ္စ အခု လုပ်လိုက်ရုံပေါ့..." ဟု ရေရွတ်လိုက်ကာ စုတ်တံကို ကောက်ရှကိုင်လိုက်ပါလေတော့သတည်း။

"ဘာကိုများ
စဉ်းစားနေတာလဲ၊
ဘာတွေများ
တွေဝေနေတာလဲ၊
တစ်ခုခု
ကောက်လုပ်လိုက်ရင်
တစ်ခုခုဖြစ်သွားမှာတော့
သေချာတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၀

## ခိုက်ကျူမို့



ရာဇာသည် ဖိုးလန်ဒန်
ကြီးထံမှ ထပ်မံရရှိသော သင်္ကေတကို
သူ၏ ပန်းချီကားတွင် တက်ကြွသော
ကိုယ်စိတ်ဖြင့် ဆက်လက်ရေး ခြစ်နေလေ၏။

ဖိုးလန်ဒန်ကြီးကမူ ဘယ်တကောက်လာသည်မသိသော အဝတ်စုတ်အပိုင်းအစများကို ဘယ်ကတောင်းလာသည် မသိသည့် အပ်ချည်များ၊ အပ်များဖြင့် စိတ်ရှည်လက်ရှည်ချုပ်ရင်း –

www.burmeseclassic.com



''ဒါလည်း အခုလုပ်စရာရှိတဲ့အလုပ်ကို အခုလုပ်တယ်ကွာ…၊ လုပ်စရာမရှိတော့လည်း အခုလိုရှာကြံပြီးလုပ်ရတော့တာပေါ့…၊ အကျိုး ဖြစ်လာမလား …၊ ဘာရာစီယာပဲ ဖြစ်သွားမလားတော့ ဒါလည်း မဆိုနိုင် ဘူး …၊ ဖြစ်ချင်တာဖြစ်ပေ့…တစ်ခုခုတော့ ဖြစ်သွားမှာ သေချာတယ်ကွ'' ဟု ပါးစပ်မှ တတွတ်တွတ်ရေရွတ်နေလေ၏။ ရာဇာက ဖိုးလန်ဒန်ကြီးအား တစ်ချက်လှမ်း၍ ကြည့်လိုက်သောအခါ ဖိုးလန်ဒန်ကြီးက တစ်ချက်ပြုံး၍ ပြရင်း လက်မ,ထောင်ပြလိုက်လေ၏။ ထိုအခါ ရာဇာကလည်း ပြန်၍ ပြုံးပြကာ လက်မ,ထောင်ပြလိုက်လေ၏။ ထို့နောက် နှစ်ဦးသားသည် သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက်ရယ်မောလိုက်ကြပြီးနောက် မိမိတို့၏အလုပ်များကို ဆက်၍လုပ်ကိုင်နေကြလေတော့၏။

ရာဇာသည် ပန်းချီရေးနေရင်းမှ ဖိုးလန်ဒန်ကြီးအား အမှတ်တမဲ့ ဆိုသလို လှမ်းကြည့်လိုက်မိရင်း တအံ့တသြဖြစ်သွားဟန်ဖြင့် –

''ဟာ…ဖိုးလန်ဒန်ကြီး…၊ လည်ပင်းမှာ ပုတီးတွေ ဘာတွေနဲ့ပါ လား၊ ဘယ်လိုဖြစ်ရပြန်တာတုံး…၊ ပုတီးသမားဖြစ်သွားပြန်ပြီလား…'' ဟု မေးလိုက်လျှင် ဖိုးလန်ဒန်ကြီးက –

''ပုတီးသမားဖြစ်သွားတာလည်း မဟုတ်ဘူး၊ ပုတီးသမား မဖြစ် တာလည်း မဟုတ်ဘူး၊ အမှန်ကတော့ ဒါဟာ ဘာသမားမှ မဟုတ်ဘူးကွ၊ ဒါပေမဲ့ အကုန်လုံးလည်း ဟုတ်တယ်ကွ…'' ဟု တစ်လုံးချင်း ပြောချ လိုက်လေ၏။

''ဗျာ…ဗျာ…၊ ခင်…ခင်ဗျား ဘာကိုပြောတာလဲ၊ ကျုပ်ဖြင့် နားကို မလည်တော့ဘူးဗျာ…'' ဟု ရာဇာက မျက်မှောင်ကြီးကို ကုတ်ရင်း ပြန်၍ မေးလိုက်လေ၏။ ဖိုးလန်ဒန်ကြီးက ထုံးစံအတိုင်း ရာဇာ့အား ပြုံးပြုံးကြီး



…၍ကြည့်နေလေ၏။ ထို့နောက်တွင်မှ –

''ပုတီးစိပ်တဲ့အခါ ပုတီးသမားပေါ့ကွ၊ ဆိုက်ကားနင်းတဲ့အခါ …ိုက်ကားသမားပေါ့ကွ…၊ လူသတ်တဲ့အခါ လူသတ်သမားပေါ့ကွ…၊ …ဗ္ဗာပို့တဲ့အခါမှာ မေတ္တာသမားပေါ့ကွ…၊ လူတွေမှာ ဘာမလုပ်ရဘူး …ယ်လို့ သတ်မှတ်ထားတာ မရှိပါဘူး၊ အခြေအနေက ခိုင်းလာရင် အားလုံး …ပ်တတ်သွားကြတာချည်းပါပဲ၊ တစ်ခုတော့ရှိတယ် ကောင်လေးရေ…၊ …ယ့်ဟာကိုယ် လုပ်ချင်လို့ပဲလုပ်လုပ် မဖြစ်သာမလွှဲရှောင်သာတဲ့ဟာမို့ …ပဲ လုပ်လုပ် …၊ လုပ်ပြီဆိုရင်တော့ အကောင်းဖြစ်အောင် လုပ်ဖို့လို …ယ်ကွ…၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဇွဲလုံ့လဝီရိယ အစွမ်းကုန်စိုက် …တ်ပြီးလုပ်ဖို့တော့ လိုတယ်ကွဲ …၊ ပုတီးသမားလိုလို အရက်သမား …လိုတော့ မလုပ်နဲ့ …၊ ပုတီးစိပ်တဲ့အချိန်မှာ ပုတီးသမားစစ်စစ် ဖြစ်အောင် …ပ်၊ ဒါဆိုရင် ပုတီးအကျိုး ခံစားရမယ်၊ အရက်သောက်တဲ့ အချိန်မှာ …ည်း အရက်သမားစစ်စစ် ဖြစ်အောင်လုပ် …၊ ဒါဆိုရင် အရက်အကျိုး …ားရမယ်၊ မရှင်းမရှင်းတော့ မလုပ်နဲ့ကွ …၊ နတ်ပြည်နဲ့ ငရဲပြည်ဆိုတာ …င်းရွေ့မိန့် လျှောက်လို့ရတဲ့နေရာမျိုး မဟုတ်ဘူးနော…၊ ဘုမသိ ဘမသိနဲ့ …ပြည်ကို ရောက်သွားရရင်လည်း မကောင်းဘူး၊ အေး … အဲဒီလိုပဲ …တ်ပြည်ကို တက်သွားရရင်လည်း အရသာရှိမှာမဟုတ်ဘူးကွ…'' ဟု …လန်ဒန်ကြီးက ဆက်၍ပြောလိုက်ပြန်လေ၏။ ပြီးလျှင် သူ၏ လွယ်အိတ် …ီးအတွင်းမှ ပုတီးတစ်ကုံးကို ထုတ်ယူ၍ ရာဇာ့ထံသို့ လှမ်း၍ပစ်ပေး …က်ရင်း –

''ရော့…ဟောဒီမှာ မင်းလည်ပင်းမှာ ဆွဲထားပေတော့…၊ ဘာလုပ် …ယ်လို့ ငါ မပြောဘူးနော်၊ ပုတီးတစ်ကုံးရှိနေတော့ ပုတီးစိပ်ရမယ့်

www.burmeseclassic.com



အခါကျတော့လည်း အလွယ်တကူ ပုတီးသယားလုပ်လိုက်ရုံပေါ့ကွာ–" ဟု ပြောလိုက်သည်ဖြစ်ရာ ရာဇာလည်း ဖိုးလန်ဒန်ကြီးပေးသော ပုတီးကို လှမ်း၍ဖမ်းယူလိုက်ရင်း လည်ပင်းတွင် စွပ်လိုက်ပြီးလျှင် –

"ကောင်းပါပြီဗျာ...ကောင်းပါပြီ..." ဟု ရေရွတ်လိုက်လေ၏။

ဤသို့ဖြင့် အတန်ငယ်မှောင်ရိပ်ပျိုးလာသောအခါ ရာဇာက–

"ဖိုးလန်ဒန်ကြီး...ခင်ဗျား ထမင်းကို သတိမရဘူးလားဗျ–" ဟု မေးလိုက်လျှင် ဖိုးလန်ဒန်ကြီးက လွန်စွာအံ့ဩသွားသောမျက်နှာဖြင့် ရာဇာအား လှမ်း၍ကြည့် လိုက်ပြီးနောက်

"ဘာဆိုင်လို့ သတိရရမှာလဲကွ..." ဟု ဇေါက်ဆတ်ဆတ် ပြန်မေးလိုက်လေ၏။ ထိုအခါ ရာဇာကလည်း တအံ့တဩမျက်နှာမျိုးဖြင့် ဖိုးလန်ဒန်ကြီးအား ပြန်၍ကြည့်လိုက်ရင်း–

"ထမင်းစားချိန်ရောက်လာလို့ ထမင်းကို သတိရရမှာပေါ့ဗျ–" ဟု ပြောလိုက်ပြန်လျှင် ဖိုးလန်ဒန်ကြီးက–

"မင်းဟာကလည်း...အရူးမတုတ် အကောင်းမဟုတ်နဲ့ ဒီအသက်ဒီအရွယ်ရောက်နေပြီ ထမင်းနဲ့ အချိန်နဲ့ ပတ်သက်တယ် ထင်နေတုန်းပဲလား...၊ အဲဒီနှစ်မျိုးဟာ ဘာမှ မပတ်သက်ပါဘူးကွာ...၊ ထမင်းတို့၊ အစားအသောက်တို့ဆိုတာဟာ ဆာခြင်း၊ မဆာခြင်းနဲ့ပဲ ပတ်သက်တယ်၊ တချို့လူတွေ ရူးနေကြတယ်ကွ၊ နာရီကလေး တကြည့်ကြည့် ဘယ်နှနာရီထိုးပြီ၊ ဒါ နေ့လယ်စာစားချိန်၊ ဒါကဖြင့် ညစာ စားချိန်ဆို ပေါ်တောတောအလုပ်တွေကို လုပ်နေကြတယ် ...၊ အဲဒီလူတွေကို ငါ တစ်မေးလိုက်ချင်တယ်၊ ဘယ်နှနာရီထိုးလို့ဆိုပြီး ထမင်းစားရတာလား ဆာလို့ စားရတာလားလို့...၊ ဘယ်နှနာရီထိုးလို့ ထမင်းစားရတာဆိုရင်



စစ်ခွန်းပဲပြောလိုက်မယ်၊ ဟိုး...ပြည်လမ်းက ကိုဂျိုးကြီးရဲ့ နာရီပြင်ဆိုင်ထဲ သွားထိုင်နေလို့...၊ အဲဒီမှာ နာရီပေါင်းစုံ ထိုးနေတယ်..." ဟု ပြောလိုက်လျှင် ရာဇာသည် အူကြောင်ကြောင်ဖြစ်သွားပြီးနောက် သဘောကျလွန်းသဖြင့် မျက်ရည်များပင်ထွက်သည်အထိ အားရပါးရ ရယ်မောလိုက်လေ၏။ ထို့နောက် ဖိုးလန်ဒန်ကြီးက ဆက်လက်၍–

"ငါကတော့ကွာ... စားစရာတွေ့တဲ့အချိန်မှာ စားစရာကို သတိရလိုက်တယ်၊ စားစရာမရှိတဲ့အချိန်မှာ စားစရာကို သတိရလောက်အောင် ...သေးပါဘူးကွ၊ မရှိတဲ့အရာကို မှတ်သည်ပြီး စဉ်းစားရတယ်ဆိုကတည်းက ဘယ်လိုလုပ်ပြီး အဖြေမှန်ရမှာလဲကွ၊ တချို့သင်္ချာပုစ္ဆာတွေ တွေးတွေးပြီး ငါရယ်မိတယ်၊ ဘာတဲ့...ဘာတဲ့...၊ သင့်တွင် အိတ်စ်စစ်(X) ရှိသည်ဟု ဆိုကြပါစို့တဲ့၊ စကတည်းက တကယ်ရှိတာမှမဟုတ်ဘဲကွ၊ ဆိုကြပါစို့လို့ ပြောတာလေ...၊ အခုလည်း မင်းက ငါ့ကိုလာပြီး 'ကျွန်ုပ်တို့နှစ်ဦးတွင် ထမင်းရှိသည်ဟု ဆိုကြပါစို့...' ဆိုတဲ့အပေါက်မျိုး လာလုပ်နေတာကိုးကွ၊ တကယ်မှမရှိဘဲ...၊ စားပြီးပြီဟုဆိုကြပါစို့လို့ပဲ ပြန်ပြောရတော့မှာပေါ့...၊ ဒါတော့ ဘာမှမစားရတာနဲ့ မထူးပါဘူးကွာ...၊ အဲဒီအတူတူတော့ ထမင်းအကြောင်းကို တွေးမနေစမ်းပါနဲ့..." ဟု ဟန်နှင့်ပန်နှင့် မဲ့ကာရွဲ့ကာ ပြောနေသောကြောင့် ရာဇာလည်း ဖိုးလန်ဒန်ကြီး၏စကားကို လက်ခံရမလိုလို၊ ...ရမလိုလိုဖြစ်နေတော့၏။

ထိုအချိန်၌ပင် ဝတ်မှုန်သည် ထမင်းထုပ်ကလေးကို လက်...ဆွဲလျက် ရောက်ရှိလာလေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက–

"ရာဇာရေ...ထမင်းအကြောင်းစဉ်းစားရအောင်တော့...၊ အိုမှာ ထမင်းကို လှမ်းမြင်နေရပြီ..." ဟု ပြောလိုက်သောကြောင့် ရာဇာလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မျှ ပြုံးလိုက်ရင်း –

‘‘ထမင်းကို လှမ်းမြင်နေရပြီဆိုတော့ ခင်ဗျားက ဝတ်မှုန်ကို[illegible] တော့ မမြင်ဘူးလား’’ ဟု ပြန်၍မေးလိုက်လေ၏။ ထိုအခါ ဗိုးလန်ဒန်ကြီး[illegible] ရာဇာအား မျက်လုံးပြူး၍ ကြည့်ရင်း...

‘‘ငါက ထမင်းကိုပဲစားချင်တာဆိုတော့ ထမင်းကိုပဲ မြင်တာ[illegible] ကွာ...၊ မင်းအနေနဲ့ကတော့ ထမင်းတင်မကဘဲ ဝတ်မှုန်ကိုလည်း–’’ ဟု ပြောလိုက်ရာ ရာဇာသည် မျက်နှာကြီး နီမြန်းသွားပြီးလျှင် ဗိုးလန်ဒန်ကြီး[illegible] ၏ပါးစပ်ကို လက်ဝါးဖြင့် ဖွတ်အတင်းလှမ်းပိတ်ရင်း ဝတ်မှုန်၏ မျက်[illegible] ကို မလုံမလဲဖြင့် လှမ်း၍ကြည့်လိုက်မိလေ၏။ ထို့နောက်–

‘‘ဝတ်မှုန်ရယ်...ထမင်းတွေ တကူးတကလာပြီး မပို့ပါနဲ့၊ [illegible] အတွက် ဒုက္ခတစ်ခုပိုပါတယ်ဟယ်...’’ ဟု ပြောပြီးလျှင် ထမင်းထုပ်[illegible] လှမ်း၍ယူလိုက်လေ၏။ ထို့နောက် ရာဇာနှင့်ဝတ်မှုန်တို့သည် တစ်ယော[illegible] ၏မျက်နှာကို တစ်ယောက် ငြိုင်တူကြည့်လိုက်မိကြ၏။ သို့ရာတွင် [illegible] စကားမျှ မဆိုဖြစ်ကြပေ။ ဝတ်မှုန်လည်း အကြည့်ကိုလွှဲ၍ ခေါင်းကလေး[illegible] ငိုက်စိုက်ချလိုက်ပြီးနောက် လေးတွဲ့သော ခြေလှမ်းများဖြင့် ပြန်လည်ထွ[illegible] ခွာသွားလေတော့၏။

ဗိုးလန်ဒန်ကြီးနှင့်ရာဇာတို့သည် ထမင်းထုပ်ကို နှစ်ယောက်အ[illegible] စားသောက်ကြ၏။ ပြီးနောက် ဆေးပေါ့လိပ်ကိုယ်စီဖြင့် ငြိမ်သက်စွာထိုင်[illegible] ကန်ရေပြင်ထဲမှ ကြယ်ပွင့်ကလေးများကို ငေးမောကြည့်ရှုနေကြလေ[illegible] အတန်ငယ်ကြာလျှင် ရာဇာက သူနှင့်ဝတ်မှုန်တို့ ကြုံတွေ့နေရသော အတ[illegible] အတည်းကို ဗိုးလန်ဒန်ကြီးအား ပြောပြလိုက်လေ၏။ ဗိုးလန်ဒန်ကြီးက[illegible] ဘာမျှမထူးဆန်းဘိသည့်အလား–





‘‘သိပ်ခက်မှာတော့ မဟုတ်ပါဘူးကွာ...၊ ဒါတွေက ပြီးသွားမှာတွေပါ၊ ဒုက္ခတွေက အရင်ပြီးရင် ပြီးသွားမယ်၊ လူတွေက အရင်သေရင် သေသွားမယ်၊ သေချာပေါက်တော့ ပြီးသွားမှာတွေပါ၊ မင်းတို့ငါတို့လို အညတရတွေ မပြောနဲ့၊ ပထမကမ္ဘာစစ်လို ကြီးကျယ်တဲ့ ကိစ္စကြီးတောင် ပြီးသွားပြီ၊ ဒုတိယကမ္ဘာစစ်ကြီးလည်း ပြီးသွားပြီ၊ စစ်ကြီးမပြီးခင် သေသွားတဲ့လူတွေ ရှိသလို၊ သူတို့မသေခင် စစ်ကြီးက အရင်ပြီးသွားတဲ့လူတွေလည်း ရှိတယ်၊ ထားလိုက်စမ်းပါကွာ၊ အားလုံးပြီးသွားမှာတွေပါကွ၊ ဆေးဆိပ်ကိုသာ ကျကျနန ရေးနေစမ်းပါ...’’ ဟု ပြောပြီးလျှင် ရာဇာ၏ ခန်းဆီးကားပေါ်မှ ရေးလက်စတံဆိပ်ကလေးကိုသာ မေးဖြင့်လှမ်း၍ ညွှန်ပြလိုက်ပါလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

" လူတွေမှာ
အာမလုပ်ရဘူးရယ်လို့
သတ်မှတ်ထားတာ
မရှိပါဘူး၊
အခြေအနေက
ခိုင်းလာရင် အားလုံး
လုပ်တတ်သွား
ကြတာချည်းပါပဲ "

www.burmeseclassic.com

www.burmeseclassic.com

" နှတ်ပြည်နဲ့
ရေပြည်ဆိုတာ
ပြောင်းရွှေ့မိန့်
လျှောက်လို့ရတဲ့
နေရာမျိုး
မဟုတ်ဘူး "

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၉ ၊

# အပြုံးနဲ့မျက်ရည်



ရာဇာသည် ဗိုးလန်ဒန်ကြီးပြောပြသည့်စကားများကို နား
ထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေမိ၏။ မည်သို့ဖြစ်သည်မသိ။ ဗိုး
လန်ဒန်ကြီးတစ်ခုံတစ်ရာပြောလိုက်တိုင်း ရာဇာ၏ရင်သည် အနည်းနှင့်
အများ ရှင်းသွားပေါ့သွားခဲ့သည်သာဖြစ်၏။ ဤသို့ဖြင့် ရာဇာသည် စုတ်တံ
ကောက်၍ကိုင်လိုက်ပြီးနောက် သူ၏ပန်းချီကားကြီးကို ဆက်၍
ကြည့်နေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် နှစ်ရက်ခန့်ကြာမြင့်ခဲ့ပြီးနောက် နေရီဖြိုးဖျအချိန်ကလေးတွင် ဝတ်မှုန်သည် ရာဇာ့ထံသို့ အူယားဖားယား ရောက်လာ၏။ ဝတ်မှုန်၏မျက်နှာကလေးသည် ခါတိုင်းနှင့်မတူ ကြည်လင်နေ၏။ ဝတ်မှုန်သည် ရာဇာ၏လက်မောင်းကို ဆွဲရင်း –

"ကဲ...ပန်းချီဆရာကြီး...လာလာ...အရေးကြီးလို့..." ဟု ပြောလေ၏။ ထို့ကြောင့် ရာဇာလည်း ဝတ်မှုန်အား ဇဝေဇဝါမျက်လုံးမျိုးဖြင့် ပြန်၍ကြည့်ရင်း –

"ဘာတွေများဖြစ်လာပြန်တာလဲ ဝတ်မှုန်ရဲ့...၊ နင်နဲ့တွေ့လိုက်ရင် ဖြစ်လာတာက နည်းပါတယ်၊ ပျက်လာတာက များမှာပါ။ အဲဒီတော့ ဘာတွေများ ပျက်လာပြန်တာလဲလို့ မေးရမှာပဲ" ဟု ပြောလိုက်လျှင် ဝတ်မှုန်က မျက်စောင်းတစ်ချက်ထိုးရင်း –

"ဒီတစ်ခါ ပျက်လာတာမဟုတ်ဘူးဟေ့...၊ ဖြစ်လာတာ...ဖြစ်လာတာ...၊ စကားရှည်မနေစမ်းပါနဲ့၊ ကဲ...လာစမ်းပါ..." ဟု ဆိုကာ ရာဇာ၏လက်မောင်းကို ဇွတ်အတင်းဆွဲ၍ ခေါ်ပြန်၏။ သို့ဖြစ်သောကြောင့် ရာဇာလည်း သူ၏ပစ္စည်းများကို ကတိုက်ကရိုက်သိမ်းဆည်းကာ ဝတ်မှုန်၏နောက်သို့ လိုက်ခဲ့ရလေတော့၏။

ဝတ်မှုန်သည် ရာဇာအား အိမ်သို့ ခေါ်သွားခြင်းဖြစ်၏။ အိမ်ပေါ်သို့တက်လာသော ရာဇာတို့၏ခြေသံကို ကြားလျှင် အိမ်ရှေ့ခန်း၌ လဲလျောင်းနေသော ဒေါ်ခါဥကြီးသည် လှမ်း၍ကြည့်လိုက်ပြီးနောက် အိပ်ရာထဲမှ ဇွတ်အတင်း အားယူ၍ထလေ၏။ ရာဇာလည်း ဒေါ်ခါဥကြီး၏ဘေး၌ ဝင်၍ ထိုင်လိုက်ရင်း –

"အဒေါ်...သက်သာရဲ့လား..." ဟု မေးလိုက်လျှင် ဒေါ်ခါဥကြီးသည် ဘာစကားတစ်ခွန်းမျှ ပြန်၍မပြောသေးဘဲ ရာဇာ၏မျက်နှာအား အဓိပ္ပါယ်အရာအထောင်ပြွန်းတီးသော မျက်လုံးမျိုးဖြင့် အတန်ကြာကြည့်နေလေ၏။ သူ၏မျက်လုံးအိမ်တွင် မျက်ရည်ကြည်များ တဖြည်းဖြည်း ရစ်ဝဲလာ၏။ ထို့နောက်တွင်ကား အားနည်းတုန်ရီနေသော လက်အစုံဖြင့် လက်အုပ်ချီလိုက်ရင်း ရာဇာအား ကန်တော့လိုက်လေ၏။ ရာဇာသည် အလန့်တကြားဖြစ်သွား၏။ မျက်လုံးလည်း ပြူးသွားမိ၏။ ထို့ကြောင့် တပျာကယာ တားလိုက်ရင်း –

"မ...မလုပ်ပါနဲ့ အဒေါ်ရယ်...၊ ကျွန်တော့်ကို ငရဲမပေးပါနဲ့..." ဟု အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောလိုက်မိလေ၏။ ဒေါ်ခါဥကြီးကမူ တလိမ့်လိမ့် စီးကျလာသော မျက်ရည်များကြားမှ နှုတ်ခမ်းဖျားများကို အားယူ၍ပြုံးလိုက်ရင်း ခေါင်းကိုညင်သာစွာရမ်းလျက် –

"ငရဲပေးတာ မဟုတ်ပါဘူး မောင်ရာဇာရယ်...၊ စောစောကပဲ ဝတ်မှုန်ပြောပြလို့ အဒေါ် အကြောင်းစုံသိပြီးသွားပါပြီ၊ တကယ်ငရဲကျမှာက အဒေါ်ပါ ...၊ မောင်ရာဇာလို လူမျိုးကို အဒေါ် အထင်တွေလွဲခဲ့မိတယ်၊ အခုတော့ မောင်ရာဇာရဲ့ စိတ်သဘောထားမြင့်မြတ်ပုံ၊ စွန့်လွှတ်အနစ်နာခံခဲ့ပုံတွေကို သိလိုက်ရတော့ အဒေါ် စိတ်မကောင်းဖြစ်လို့ မဆုံးဘူး၊ မောင်ရာဇာ့အပေါ်မှာ ဒုက္ခကျူးစော်ကားမိခဲ့သမျှ အားလုံးကျေအေးပါလို့ အဒေါ် တောင်းပန်ပါတယ်ကွယ်" ဟု ငိုသံပါကြီးဖြင့်ပြောကာ ကန်တော့ပြန်လေ၏။ ရာဇာလည်း ဒေါ်ခါဥကြီး၏ပခုံးကို ယုယစွာကိုင်လျက် တားရင်း –

"ကျွန်တော့်ဘက်က ဘာအမှတ်အတေးမှမရှိပါဘူး အဒေါ်ရယ်၊ အဒေါ်တို့ ဝတ်မှုန်တို့ စိတ်ချမ်းသာတယ်ဆိုရင်ပဲ ကျွန်တော် ဝမ်းသာလှပြီ..." ဟု တစ်လုံးချင်းပြောလိုက်လေ၏။ ထိုအခါကျမှပင် ဒေါ်ခါဥကြီး၏

www.burmeseclassic.com



မျှက်နှာ၌ ကြည်ဝင်သောအပြုံးပန်းတစ်ပွင့်သည် တဖြည်းဖြည်း ပွင့်အာလာလေတော့၏။ ထို့နောက် ဒေါ်ခါဥကြီးသည် သူ၏ခြေသလုံးကို နှိပ်ပေးနေသော မောင်နဂါးအား –

“ကောင်လေး…နင်လည်း ဦးရာဇာကြီးကို ကန်တော့လိုက်ပါ။ နင့်အဖေလို့ထင်နေတဲ့ ဦးရာဇာဟာ တကယ်တော့ နင့်အဖေမဟုတ်ဘူး။ ဒါပေမဲ့ နင့်ဘဝအတွက် အဖေထက်ပိုပြီးတော့တောင် ကျေးဇူးကြီးတယ်။ အဖေအရင်းမဟုတ်ပေမဲ့ သူ့ရဲ့မေတ္တာက သာမန်ဖခင်တစ်ယောက်ထက် အတိုင်းအဆမရှိ သာတယ် လွန်တယ်ဟဲ့…။ ဖခင်တစ်ယောက်ဟာ သူ့သားအတွက် သူ့ဘဝကို ပုံအပ်ရဲတယ်ဆိုတာ မဆန်းသေးပါဘူး။ ဒါပေမဲ့ ဖခင်မဟုတ်တဲ့ လူတစ်ယောက်က သူ့သားမဟုတ်တဲ့ လူတစ်ယောက်အတွက်၊ သူနဲ့ သွေးမတော်သားမစပ် လူတွေအတွက် သူ့ဘဝကို စတေးထားတယ်ဆိုတာကတော့ ဆန်းတဲ့ကိစ္စဖြစ်သွားပြီ…။ အင်မတန် အံ့ချီးစရာကိစ္စ ဖြစ်သွားပြီ…။ အဲဒီတော့ ကန်တော့လိုက် ကန်တော့လိုက်…။ နင့်အဖေ မဟုတ်ပေမဲ့ ဖခင်မေတ္တာတွေ ပြည့်လျှမ်းနေတဲ့ ဦးရာဇာကြီးကို နင် ကန်တော့လိုက်…” ဟု တတွတ်တွတ် ပြောနေလေ၏။ မောင်နဂါးကလေးသည် ဒေါ်ခါဥကြီး ပြောနေသည်ကို နားထောင်ရင်း ရာဇာအား စိမ်းစိမ်းကြီး ကြည့်နေ၏။ သူ၏မျက်လုံးအကြည့်တွင် အရောင်ပေါင်း များစွာသည် တဖျတ်ဖျတ် ကူးပြောင်းနေ၏။ ထို့နောက် မိခင်ဖြစ်သူ ဝတ်မှုန်ကို တစ်ချက် လှမ်း၍ ကြည့်လိုက်ပြန်၏။ ထို့နောက်တွင်ကား ဘာစကား တစ်ခွန်းမျှ မဆိုတော့ဘဲ ခေါင်းကို အသာငုံ့ထားလိုက်လေ၏။ ပြီးနောက် ဖြည်းဖြည်းချင်း မတ်တပ်ရပ်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့၏။ မိခင်ဖြစ်သူ ဝတ်မှုန်မှာမူ မျက်ရည်များ တလိမ့်လိမ့်ယိုစီးကျလာပြီးနောက် ရာဇာ၏





ပုခုံးကို အားကိုးတကြီး ဆုပ်ကိုင်ရင်း တသိမ့်သိမ့် ငိုရှိုက်နေလေတော့၏။

ရာဇာသည် ဝတ်မှုန်၏ပုခုံးတစ်ဖက်ကို ယုယစွာ လှမ်း၍ကိုင်လိုက်ပြီးနောက် –

“ငိုလိုက်ပါ ဝတ်မှုန်ရယ်… ငိုလိုက်ပါ၊ အားရအောင် ငိုလိုက်စမ်းပါ၊ တဝကြီး ငိုချပစ်လိုက်စမ်းပါ…၊ ငိုပစ်လိုက်ရမယ့် အခြေအနေကို ရောက်နေတဲ့အခါမှာ ငိုချလိုက်တာဟာ အမှန်ဆုံးပဲ …၊ အဖြစ်သင့်ဆုံးပဲ …၊ ရယ်ရမှာ ပျော်ရွှင်ရမယ့် အခြေအနေကြုံတဲ့အခါမှာလည်း ရယ်မောပျော်ရွှင်လိုက်တာဟာ အလုပ်သင့်ဆုံးပဲ …၊ ဒါပေမဲ့ မျက်ရည်နဲ့အပြုံးဆိုတာဟာ သီးခြားမဟုတ်ဘူးထင်တယ် ဝတ်မှုန်…၊ ကျောင်းပြေးတဲ့ ကလေးသူငယ်တစ်ယောက်ကို သူ့ဆရာမက ရိုက်လို့ ကျခဲ့ရတဲ့ မျက်ရည်စတွေဟာ တစ်ချိန်မှာ သူ့ဘဝမှာ အပြုံးပွင့်တွေ ဖြစ်သွားဖို့ပါ။ ကျောင်းပြေးပြီး ပျော်ရွှင်ဟားတိုက်နေတဲ့ ကလေးတစ်ယောက်ရဲ့ အပြုံးကြောင့်လည်း တစ်ချိန်မှာ သူ့ဘဝမှာ ကြေကွဲစရာတွေ ဖြစ်မလာနိုင်ဘူးတဲ့လား…” ဟု တစ်လုံးချင်း ပြောဆိုနှစ်သိမ့်နေလေ၏။ ဝတ်မှုန်ကမူ မျက်ရည်စများ ဘေးသို့ စင်ထွက်သွားသည်အထိ ခေါင်းကို တွင်တွင်ယမ်းရင်း –

“အဲဒါတွေ ငါမသိဘူး …၊ အဲဒါတွေ ငါမသိဘူး …၊ ငါတော့ ငိုချင်တာပဲ သိတယ်ဟယ်…”ဟု ပြောနေလျှင် ရာဇာက –

“အေးလေ…အဲဒါကြောင့် ငါပြောသားပဲ၊ ငိုချင်တဲ့အချိန်မှာ ငိုလိုက်ပေါ့ဟဲ့…” ဟု ဝတ်မှုန်၏ ပုခုံးလေးကို ပုတ်၍ပုတ်၍ ပြောပြီးနောက် ထိုနေရာမှ ထ,ကာ ထွက်ခွာသွားပါလေတော့သတည်း…။ ။



www.burmeseclassic.com

www.burmeseclassic.com

"ငိုချပစ်လိုက်ရမယ့်
အခြေအနေကို
ရောက်နေတဲ့အခါမှာ
ငိုချလိုက်တာဟာ
အမှန်ဆုံးပဲ၊
အဖြစ်သင့်ဆုံးပဲ၊
ရယ်မောပျော်ရွှင်ရမယ့်
အခြေအနေကြုံတဲ့အခါမှာလည်း
ရယ်မောပျော်ရွှင်လိုက်တာဟာ
အလုပ်သင့်ဆုံးပဲ. . ."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၇



ရာဇာသည်

ဦးလန်ဒန်ကြီး ပြောပြထားသော

ထုံးဆိပ်များကို တစ်ခုပြီးတစ်ခု

အထပ်ထပ် အဖန်ဖန်ရေးနေ၏။

ဦးလန်ဒန်ကြီးသည် ဆေးပေါ့လိပ်တိုကို

ပါးစောင်တွင်ခဲလျက် ရာဇာ ပန်းချီရေးနေသည်ကို ပြုံးပြုံးကြီး

ထိုင်၍ ကြည့်ရင်း –

www.burmeseclassic.com

www.burmeseclassic.com



"ဂွတ်ဒ်ထ ဂွတ်ဒ်ထ...၊ ဂွတ်ဒ်လေစွ ဂွတ်ဒ်လေစွ...၊ မင်း တော်တော်ဖြစ်နေပြီပဲ ကောင်လေးရ...၊ ဘာလို့ဖြစ်ရသလဲဆိုတော့ တဗွတ် ထိုး တဖောက်ကန်း တယူသန်မို့လို့ ဖြစ်တာကွ၊ ဂုဏ်ယူတယ်ကွာ ဒီခေတ်ဒီကာလကြီးမှာ ဒီလိုအရည်အချင်းရှိတဲ့လူ ရှားတယ်ကွ၊ ဒုတိယ ဂုဏ်ယူတယ်ကွာ..." ဟု ပြောလိုက်လျှင် ရာဇာသည် ပါးစပ်အဟောင်း သားဖြင့် ဖိုးလန်ဒန်ကြီးအား တအံ့တဩ လှည့်၍ကြည့်လိုက်ပြီးနောက်

"ဗျာ...ဗျာ...၊ ကျွန်ုပ်က တဗွတ်ထိုး တဖောက်ကန်း တယူသန် ဟုတ်လား...၊ အဲဒါကို ခင်ဗျားက ချီးကျူးတယ် ဟုတ်လား...၊ တစ်မျိုးကြီး ပါလားဗျ၊ အများတကာတွေက အဲဒါတွေဟာ ကဲ့ရဲ့ရှုတ်ချစရာလို့ သဘော ထားတာလေဗျာ..."ဟု ပြန်၍ မေးလိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးနောက် -

"အများတကာတွေ ဘယ်လိုပဲထင်ထင်လေကွာ...၊ ငါက အများတကာမှ မဟုတ်ဘဲ၊ ငါ့နာမည်က ဖိုးလန်ဒန် လေကွာ...၊ မိုင်နိမ်းအဓိ လန်ဒန်၊ အိုင်းအန်မ်ဒန်... လန်ဒန်...၊ ဒီလိုရှိတယ် ကောင်လေးရဲ့...၊ လူတွေဟာ ဘာပဲလုပ်လုပ် ပြည့်ပြည့်ဝဝ အောင်အောင်မြင်မြင် ဖြစ်ချင်ကြတာ မဟုတ်လား...၊ ကြီးကြီးကျယ်ကျယ်ပြောရရင်တော့ ကိုယ်လုပ်တဲ့အလုပ် တစ်ခုကို ရာနှုန်းပြည့် အောင်မြင်ချင်တာပေါ့ကွ ...၊ တစ်ခုတည်းကို သည်းကြီးမည်းကြီး လုပ်မယ်ဆိုရင် ...၊ စောစောက ငါပြောတဲ့ တဗွတ် ထိုးမယ်၊ တဖောက်ပဲကန်းမယ်၊ တယူပဲသန်မယ်ဆိုရင် အဲဒီကိစ္စမှာ ရာနှုန်း ပြည့် ဖြစ်သွားမှာပေါ့ကွ ...၊ အဲဒီလိုမှမဟုတ်ဘဲ နှစ်ယူသန်မယ် ...၊ နှစ်ဗွတ် ထိုးမယ် ...၊ နှစ်ဖောက်ကန်းမယ်ဆိုရင်တော့ ဟိုဘက်ကိစ္စမှာ ငါးဆယ် ရာခိုင်နှုန်းလောက်ပဲ ဖြစ်မယ် ...၊ ဒီဘက်ကိစ္စမှာလည်း ငါးဆယ်ရာခိုင်

နှုန်းလောက်ပဲ ဖြစ်မယ်...၊ အေး...အဲဒီလိုပဲ လေးယူသန်မယ်၊ လေးဗွတ်ထိုး မယ်၊ လေးဖောက်ကန်းမယ်ဆိုရင်တော့ ဟိုကိစ္စကလည်း ရာခိုင်နှုန်း အစိတ်လောက်ပဲ ဖြစ်မယ်၊ ဒီကိစ္စကလည်း ရာခိုင်နှုန်း အစိတ်လောက်ပဲ ဖြစ်မယ်၊ ဟိုကိစ္စရဲ့ ရလာဒ်ကလည်း ပေမဝီ ဒေါက်မဝီ၊ ဒီကိစ္စရဲ့ ရလာဒ် ကလည်း ထွာမဝီ တောင်မဝီ၊ ဟိုဟာလည်း ကောင်းကောင်းမဖြစ်၊ ဒီဟာ လည်း ကောင်းကောင်းမဖြစ်... ကောင်းကောင်းမဖြစ်ဘူး ဆိုကတည်းက ဖြစ်တယ်ဆိုတဲ့အုပ်စုထဲမှာ မပါတော့ဘူးလေ...၊ မဖြစ်တဲ့အုပ်စုထဲမှာပဲ ပါသွားမှာပေါ့...၊ မဖြစ်မယ့်အတူတူကတော့ကွာ နှစ်ယူလည်း သန်မနေပါနဲ့၊ သုံးယူလည်း သန်မနေပါနဲ့၊ ပင်ပန်းပါတယ်၊ အလုပ်ပိုပါတယ်..." ဟု တစ်လုံးချင်း တစ်လုံးချင်း ပြောပြပြီးနောက် စကားကို ရပ်ထားလိုက်လျှင် ရာဇာက 'အဲဒီတော့ ...' ဟု ပြန်၍မေးလိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီး က ရာဇာအား မျက်လုံးကလေးစွေ၍ လှမ်းကြည့်လိုက်ရင်း ချက်ချင်းပြန်၍ ပြောသေးဘဲ ၎င်း၏ဆေးပေါ့လိပ်တိုကလေးကို လက်ညှိုးနှင့်လက်မ ကြား တွင်ညှပ်ကာ လှိမ့်၍ဆော့နေလေ၏။ ထို့နောက်တွင်မှ -

"ဒီလို ကောင်လေးရ...၊ မင်းဟာ ပန်းချီရေးတဲ့အချိန်မှာ ပန်းချီ တဗွတ်ပဲ ထိုးနေတယ် ...၊ ပန်းချီတဖောက်ပဲ ကန်းနေတယ် ...၊ ပန်းချီတယူ ပဲ သန်ထားတယ်၊ အဲဒီတော့ မင်းဘဝမှာ တခြားဟာတွေ ဘာမှမဖြစ်ဦး တော့... ပန်းချီတစ်ခုကတော့ သေချာပေါက် ဖြစ်ပြီပေါ့ကွာ..." ဟု ပြောလိုက် လေ၏။ ရာဇာလည်း ဖိုးလန်ဒန်ကြီးပြောပြသည်ကို နားထောင်ရင်း ခေါင်း ကလေး တဆတ်ဆတ်ညိတ်လျက် -

"အင်း...ဟုတ်တော့ ဟုတ်သားဗျ..." ဟု ရေရွတ်နေလေ၏။ ထို့နောက် ဆေးပေါ့လိပ်ကို ထုတ်ယူ၍ မီးညှိရှိုက်ဖွာရင်း ဖိုးလန်ဒန်





www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ဘေး မြက်ခင်းပြင်တွင် ဝင်၍ထိုင်ချလိုက်လေ၏။ ဖိုးလန်ဒန်ကြီးသည် ရာဇာအား ခြေဆုံးခေါင်းဆုံး စေ့စပ်စွာကြည့်နေ၏။ ထို့နောက်တွင်မှ -

"ငါ မင်းကို ပုံပြင်လေးတစ်ခု ပြောပြရဦးမယ်ကွ ...၊ တစ်ခါတုန်းက အဘိုးကြီးတစ်ယောက်မှာ မြေအိုးလေးတစ်လုံးနဲ့ ထည့်ပြီး သိမ်းထားတဲ့ ရွှေတွေရှိတယ်၊ သူ့မှာ ရွှေတွေရှိတာကို သူများတွေသိရင် အန္တရာယ်ပြု လုယက်မှာစိုးလို့ ဘယ်သူ့ကိုမှ မပြောဘဲ မြေကြီးထဲမှာ မြှုပ်ထားတယ်၊ ဝတ်ကောင်းစားလှတွေ ဝတ်မယ်၊ စားကောင်းသောက်ဖွယ်တွေ စားမယ် ဆိုရင်လည်း လူတွေရိပ်မိသွားမှာစိုးလို့ တော်ပြီး မသေရုံတမယ်ကလေးပဲ နေ့ထိုင်စားသောက်ရရှာသတဲ့...၊ အဲဒါဟာ ဘယ်လောက်ကြာသလဲဆိုရင် သူတစ်သက်လုံးနီးပါးပဲ ဆိုပါတော့...၊ တစ်နေ့မှာတော့ မြေကြီးထဲမှာ မြှုပ်ထားတဲ့ သူ့ရဲ့ရွှေတွေကို သွားကြည့်လိုက်တဲ့အခါ မြေအိုးပဲ ကျန်တော့တယ် ရွှေတွေ မရှိတော့ဘူး၊ တစ်စုံတစ်ယောက်က ခိုးသွားမှာပေါ့...၊ အဲဒီမှာတင် တစ်သက်လုံး ထိန်းသိမ်းလာခဲ့တဲ့ သူ့ရဲ့ရွှေတွေ ပျောက်သွားလို့ အဘိုးကြီးဟာ တက်မတတ် ချက်မတတ် ရှိုက်ကြီးတငင် ငိုကြွေးနေတော့တာပေါ့ အဲဒီအချိန်မှာပဲ သူ့ဘေးကို လူတစ်ယောက် ရောက်လာပြီးတော့ 'အဘိုး ဘာဖြစ်လို့ ငိုနေတာလဲ'လို့ မေးတယ်၊ ဒီတော့ အဘိုးကြီးကလည်း အကြောင်းစုံကို ပြောပြတာပေါ့...၊ အဲဒီအခါမှာ ဘေးကို ရောက်လာတဲ့လူက ဘယ်လိုပြောလိုက်သလဲဆိုတော့..." ဟု ဆိုကာ ဖိုးလန်ဒန်ကြီးသည် စကားကို ရပ်ထားလိုက်ပြီးနောက် ဆေးပေါ့လိပ်ကို စိန်ပြေနပြေ မီးညှိနေလေ၏ ထို့ကြောင့် ရာဇာလည်း မချင့်မရဲဖြစ်ကာ ဖိုးလန်ဒန်ကြီး၏ ပုခုံးကို ဆွဲ၍ ဆွဲ၍လှုပ်ရင်း -

"အဲဒီတော့ ... ဟိုလူက ဘယ်လိုပြောသလဲဗျ...၊ မြန်မြန်ပြောစမ်းပါဗျ၊ ဘယ်လိုပြောလိုက်တာလဲ..." ဟု အလောတကြီး မေးလိုက်လျှင် ဖိုးလန်ဒန်ကြီးက ဆေးလိပ်မီးခိုးများကို ရာဇာ၏မျက်နှာဆီသို့ မှုတ်ထုတ်ရင်း ခနဲ့ပြုံးလေး ပြုံးလျက် -



"ကိုယ်တို့ လန်ဒန်က လူတွေ စကားပြောရင်တော့ ဒီလိုပဲကွ..." ဟု ပြောလိုက်ပြန်ရာ ရာဇာသည် ဖိုးလန်ဒန်ကြီး၏နောက်ကျောကို လက်ဖြင့် တဘုန်းဘုန်းထုရင်း -

"အရေးထဲ ခင်ဗျားကလည်းဗျာ...၊ ချေးကိုင်နေပြန်ပါပြီ..." ဟု ပြောလိုက်ပြန်၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက -

"သြော်... မင်းက ငါ့ကို ချေးကိုင်နေတယ်လို့ အောက်မေ့နေတာကိုး ...၊ အမှန်က ..." ဟု ပြော၍ ကလေးငယ်တစ်ဦးကဲ့သို့ လွတ်လပ်ပါးစွာ ရယ်မောလိုက်လေ၏။ ထို့နောက်တွင်မှ -

"ကဲပါကွာ...စောစောက ပုံပြင်လေးကို ဆက်ပါ့မယ်၊ အဲဒီတော့ အဘိုးကြီးရဲ့ဘေးကို ရောက်လာတဲ့လူက ဘယ်လိုပြောလိုက်သလဲဆိုတော့ 'အဘိုးရယ်...ဘယ်နေရာမှာမှ အသုံးမချဘဲ တစ်သက်လုံး ဒီအိုးလေးထဲမှာ ထည့် ပြီးသိမ်းထားမယ့်အတူတူတော့ ရွှေမှ မဟုတ်ပါဘူး...၊ ကျောက်ခဲ တစ်လုံးသုံးလုံးလောက် ကောက်ထည့်ထားလည်း အတူတူပါပဲ၊ အသုံးမချတဲ့ ပစ္စည်းအားလုံးဟာ ရွှေပဲဖြစ်ဖြစ် ကျောက်ခဲပဲဖြစ်ဖြစ် တန်ဘိုးအတော့ အတူတူပါပဲ အဘိုးရယ်...' လို့ ပြောပြီး ရယ်မောဟားတိုက်ပြီး ထွက်သွားသတဲ့ကွ..." ဟု ပြောပြီးနောက် တဟားဟား ရယ်မောလိုက်လေ၏။ ထိုအခါ ရာဇာက -

"အဲဒီတော့..." ဟု စကားထောက်၍ မေးလိုက်လျှင် ဖိုးလန်ဒန်ကြီးက ရာဇာအား မကျေမချမ်း မျက်လုံးမျိုးဖြင့် တစ်ချက်လှမ်း၍ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက် –

"ဒိုးဝေးလှချေလား ကောင်လေးရယ်..၊ မင်းရဲ့ ရင်ထဲက ဝတ်မှုန် အပေါ်ထားတဲ့မေတ္တာကို အခုလို ရင်ထဲမှာပဲ သိမ်းထားမယ်ဆိုရင် တို့ အဘိုးကြီးရဲ့ အိုးထဲမှာထည့်ပြီး သိမ်းထားတဲ့ ရွှေတွေနဲ့ ဘာထူးတော့မှာလဲ ကွာ...၊ သိမ်းထားမယ့်အတူတူတော့ မေတ္တာပဲဖြစ်ဖြစ်၊ အမုန်းတရားပဲ ဖြစ်ဖြစ် အတူတူပါပဲကောင်လေးရယ်...၊ လောကမှာ ရှိသမျှအရာအားလုံး တန်ဘိုးတက်လာအောင် သုံးနိုင်သမျှ အသုံးချပစ်လိုက်စမ်းပါကွာ..." ဟု လေးနက်လှသောလေသံဖြင့် ပြောလိုက်သည်ဖြစ်ရာ ရာဇာလည်း တွေတွေ ကြီး ဖြစ်သွားပြီးနောက် ဘာတစ်ခွန်းမှ မတုန့်ပြန်နိုင်တော့ဘဲ ဗိုးလန်အန်ကြီး ၏ မျက်နှာကို ပါးစပ်အဟောင်းသားဖြင့်သာလျှင် ငေးမောကြည့်ရှုနေပါလေ တော့သတည်း။ ။

"သိမ်းထားမယ်
ဆိုရင်တော့
မေတ္တာပဲဖြစ်ဖြစ်၊
အမုန်းပဲဖြစ်ဖြစ်
အတူတူပါပဲ"

www.burmeseclassic.com

www.burmeseclassic.com





ရာဇာသည် ပိုးလန်ဒန်ကြီး ပြောပြသည်ကို နားထောင်ပြီးနောက် အတန်ကြာသည့်တိုင် တွေတွေကြီး ဖြစ်နေလေ၏။ ထို့နောက် သူ၏မျက်နှာဝယ် အပြုံးပန်းတစ်ပွင့်သည် တဖြည်းဖြည်းချင်း ပွင့်လန်းလာခဲ့၏။

“ဟုတ်တယ် ပိုးလန်ဒန်ကြီး...၊ မေတ္တာဆိုတာ သိမ်းထားရမယ့်အရာ မဟုတ်ဘူး၊ ပန်းမျိုးစေ့တစ်စေ့ဟာ မျိုးစေ့အဖြစ်နဲ့ပဲ တစ်သက်လုံး သိမ်းထားမယ်ဆိုရင် တစ်သက်လုံး လောကကို အလှဆင်ခွင့် ရသွားမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး…၊ မြေမှာချပြီး စိုက်ပါမှ … အခက်အလက် အညွန့်အညှောင့်တွေ ဝေဆာလာပြီးပါမှ … အဖူးတွေအပွင့်တွေ ရနံ့တွေနဲ့ လောကဇာတ်ခုံကို တန်ဆာဆင် အကျိုးပြုနိုင်မှာဖြစ်တယ်၊ အမှန်ပဲ ဖိုးလန်ဒန်ကြီးရေ…၊ ကျုပ်ဟာ ဟိုးငယ်ငယ်လေးကတည်းက ဝတ်မှုန်ကို အသည်းနှင့်အောင်ချစ်တဲ့ ချစ်ခြင်းမေတ္တာဆိုတဲ့ မျိုးစေ့ကလေးကို ကျုပ်ရဲ့နှလုံးအိမ်ထဲမှာပဲ နှောင်ဖွဲ့ပိတ်လှောင်ထားခဲ့တယ် …၊ အခုတော့ ဖိုးလန်ဒန်ကြီး ရှင်းပြလိုက်လို့ ကျုပ်သဘောပေါက်သွားပါပြီ၊ ကျုပ်ရဲ့ ချစ်ခြင်းမေတ္တာဆိုတဲ့ မျိုးစေ့ကလေးကို ဝတ်မှုန်ရဲ့ နှလုံးအိမ်ဆိုတဲ့ ဥယျာဉ်တွင်းမှာ မျိုးထောင်ရှင်သန်စေခြင်းသာလျှင် အသင့်လျော်ဆုံးဖြစ်တယ်ဆိုတာ ကျုပ် သိသွားပြီ…” တု ပြောပြောဆိုဆိုပင် ရာဇာသည် ကလေးငယ်လေးတစ်ဦးအလား ရွှင်လန်းမြူးကြွစွာဖြင့် ဝတ်မှုန်တို့၏ အိမ်ဘက်ဆီသို့ မပြေးရုံတမယ် ခြေလှမ်းများဖြင့် အသော့နှင်လေတော့၏။ ဖိုးလန်ဒန်ကြီးကမူ ရာဇာအားကြည့်၍ ပြုံးပြုံးကြီးလုပ်ရင်း –

“ပန်းစိုက်သမားဘဝ မောင်ပဲဖြစ်ချင်တယ် ××× ပန်းစိုက်သမားဘဝ မောင်ပဲ ဖြစ်ချင်တယ် ×××” ဟူသော တေးသွားကို အသံကြီးဖြင့် ထပ်ကာထပ်ကာ အော်ရင်း ကျန်ရစ်ခဲ့လေတော့၏။

ရာဇာသည် ဝတ်မှုန်တို့၏ အိမ်ရှေ့သို့ရောက်လျှင် ဝတ်မှုန်အား ပြောရမည့်စကားများအား စဉ်းစားရင်း အိမ်ပေါ်သို့ တိတ်တိတ်ကလေး တက်လာခဲ့၏။ လွန်လေပြီးသောတစ်ချိန်က ဝတ်မှုန်အား သူပြောချင်သည်ဆိုသည့် စကားတစ်ခွန်းကို ယခု ပြောရပေတော့မည်။

တစ်အိမ်လုံးသည်ကား တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေ၏။

“ဝတ်မှုန် …ဝတ်မှုန် …”

ရာဇာသည် အသံခပ်ဖွဖွကလေးဖြင့် လှမ်း၍ခေါ်လိုက်၏။



ဝတ်မှုန်၏ထူးသံ ပြန်ထွက်မလာဘဲ ဒေါ်ခါဥကြီး၏ ချောင်းဆိုးသံကိုသာလျှင် ကြားနေရလေ၏။ ဒေါ်ခါဥကြီးသည် နံရံကို မှီ၍ထိုင်နေ၏။ ရာဇာသည် ဒေါ်ခါဥကြီး၏အနီးသို့ သွား၍ထိုင်ပြီးနောက် ဒေါ်ခါဥကြီး၏လက်ကို အားပေးဆုပ်ကိုင် ဖျစ်ညှစ်လိုက်လေ၏။ ထို့နောက် –

“အမေ …ဝတ်မှုန်ရော …၊ ဝတ်မှုန် ဘယ်သွားလဲ …” ဟု မေးလိုက်ပြန်၏။ ဒေါ်ခါဥကြီးသည် ရာဇာအား ဘာတစ်ခွန်းမျှ ပြန်၍မပြောသေးဘဲ တွေတွေကြီးသာလျှင် စိုက်၍ကြည့်နေလေ၏။ ရာဇာလည်း နားမလည်နိုင်သော မျက်လုံးမျိုးဖြင့် ဒေါ်ခါဥကြီးအား ပြန်၍ကြည့်နေမိ၏။ အတန်ကြာသောအခါမှ ဒေါ်ခါဥကြီးသည် တုန်ယင်သော လက်အစုံဖြင့် ခေါင်းအုံးအောက်သို့ လက်နှိုက်လိုက်ပြီးလျှင် စာရွက်ခေါက်ကလေးတစ်ခုကို ထုတ်၍ ရာဇာအား လှမ်း၍ပေးလိုက်လေ၏။ ရာဇာလည်း ထိုစာရွက်ခေါက်ကလေးကို အလျင်စလို ဖြန့်၍ဖတ်ကြည့်လိုက်သောအခါ အောက်ပါအတိုင်း တွေ့ရလေတော့၏။

“ရာဇာ…

ငါ နင့်ကို အများကြီးကျေးဇူးတင်ပါတယ်၊
အများကြီးလည်း အားနာတယ်၊ နင့်ကျေးဇူးတွေကို ငါ
ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူး၊ နင်တာ ငါတို့ရဲ့
ပြိုကျယိုင်လဲသွားတော့မယ့် ဘဝလေးကို နင့်ဘဝ
တစ်ခုလုံးနဲ့ရင်းပြီး ကျားကန်ပေးထားခဲ့တဲ့
ကျေးဇူးရှင်ကြီးတစ်ယောက်ပါ …၊ ဒါပေမဲ့ နဂါးလေးက
နင့်ကို အလိုလိုနေရင်းကိုပဲ ခါးခါးသီးသီး ဖြစ်နေတယ်၊
ဒီအတိုင်း ဆက်သွားမယ်ဆိုရင် ကလေးလည်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာရမှာ မဟုတ်ဘူး…၊ နင်လည်း
စိတ်အနှောင့်အယှက် ဖြစ်သွားရလိမ့်မယ်၊ ငါလည်း
စိတ်ချမ်းသာနိုင်မှာ မဟုတ်ဘူး…၊ ဒီတော့ နဂါးလေးနဲ့ငါ…
နင်နဲ့ဝေးရာကို ထွက်သွားကြပါပြီ …၊ အဲဒါဟာ
အားလုံးအတွက် အကောင်းဆုံး ဆုံးဖြတ်ချက် ဖြစ်မှာပါပဲ၊
ငါ ကြုံတဲ့နေရာမှာ ကြုံသလို စီးပွားရှာပြီး နဂါးလေးရဲ့
ဘဝအတွက် အသက်ရှင်နေရဦးမယ်၊ အဆင်ပြေရင် ဖြေသလို
အမေ့ဆီကို ငွေလှမ်းပို့မယ်၊ ငါ အမေ့ကို သနားပါတယ် …၊
ဒါပေမဲ့ ငါမရှိတဲ့အချိန်မှာ ဖိုးကိုယ်စား အမေ့ကို
ဂရုစိုက်ပေးပါလို့ ငါ နင့်ကို မပြောရက်ပါဘူး …၊ နင်
အိမ်ကိုလည်း မလာပါနဲ့၊ နင့်ဘဝကို နင်
လွတ်လပ်စွာလျှောက်ပါတော့ …၊ နင် ငါ့ကိုရှာဖို့လည်း
မကြိုးစားပါနဲ့၊ နင်ရှာရင်လည်း တွေ့မှာမဟုတ်ပါဘူး၊
ဘာလို့လဲဆိုတော့
ငါက နင်နဲ့ မတွေ့အောင် ပုန်းမှာလေ…
နင့်ကျေးဇူးတွေ များစွာအကြွေးတင်နေတဲ့…
ဝတ်မှုန်

ရာဇာသည် ဝတ်မှုန်၏စာကို ဖတ်ပြီးနောက် ငူငူကြီးဖြစ်နေလေ၏။

“ငါလည်း အုတနန်တန်တားပါသေးတယ် မောင်ရာဇာရယ်… သူကလည်း ညှာခိစားချက်နဲ့သူဆိုတော့ ငါ ဘယ်လိုပဲတားတား … ဘယ်လက်ခံပါ့မတုံး…” ဟု ဆွေးဆွေးမြေ့မြေ့ပြောရင်း ဒေါ်ခါဥကြီးသည်



ချောင်းတဟွတ်ဟွတ် ဆိုးနေလေ၏။ ရာဇာလည်း ဒေါ်ခါဥကြီး၏လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း –

“အားမငယ်ပါနဲ့ အဒေါ်ရယ်…၊ ကျွန်တော် မကြာမကြာ လာကြည့်ပါမယ်…” ဟု ပြောဆိုနှုတ်ဆက်ကာ ဝတ်မှုန်တို့၏ အိမ်ပေါ်မှ ဆင်းလာခဲ့လေ၏။

ရာဇာသည် ခေါင်းငိုက်စိုက်ချရင်း လေးတွဲ့သော ခြေလှမ်းများဖြင့် ပြန်လာခဲ့၏။ ဗိုးလန်ဒန်ကြီးသည် ဆေးပေါ့လိပ်တိုကို ပါးစောင်တွင်ခဲလျက် ရာဇာအား ပြုံးပြုံးကြီး ကြည့်နေလေ၏။

ရာဇာသည် ဗိုးလန်ဒန်ကြီးအား ဘာစကားတစ်ခွန်းမျှမပြောဘဲ အနီး၌ ဝင်၍ထိုင်ကာ မြက်ပင်များကို အကြောင်းမဲ့ ဆွဲ၍နုတ်နေလေ၏။ ရာဇာ၏အမူအရာကို ကြည့်၍ ဗိုးလန်ဒန်ကြီး၏မျက်နှာသည် ပြုံးသည်ထက် ပြုံးလာ၏။ ထို့နောက် ခစ်ခနဲ ခစ်ခနဲ အသံထွက်သွား၏။ ထို့နောက်တွင်ကား အောင့်အည်းထားရန်ပင် မစွမ်းနိုင်တော့ဘဲ ဝါးလုံးကွဲ ရယ်ချလိုက်လေတော့၏။

“ဗိုးလန်ဒန်ကြီး …၊ ခင်ဗျား ကျွန်တော့်ကို လှောင်နေတာလား၊ ကျွန်တော့်ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ခင်ဗျား တစ်ဆိတ်လောက် ဝင်ကြည့်လိုက်စမ်းပါလားဗျာ …” ဟု ရာဇာက လေးလေးတွဲ့တွဲ့ကြီး ပြောလိုက်လျှင် ဗိုးလန်ဒန်ကြီးသည် တိရစ္ဆာန်ရုံထဲမှ မျောက်တစ်ကောင်အား စ,ချင်သလို စ,နေသော ကလေးတစ်ဦး၏ မျက်နှာပေးမျိုးဖြင့် ရာဇာအား လှမ်း၍ကြည့်လိုက်ပြီးနောက် တဟားဟား ရယ်မောချလိုက်ပြန်၏။ ဗိုးလန်ဒန်ကြီး၏ အပြုအမူကိုကြည့်၍ ရာဇာ၏မျက်နှာသည် ဗြိမ်တွေ့မည့်အလား ဖြစ်နေလေ၏။ ထို့နောက်တွင်မူ ဗိုးလန်ဒန်ကြီးက –



www.burmeseclassic.com

www.burmeseclassic.com



''ကောင်လေး...ကောင်လေး...၊ မင်း ငိုချင်နေတာမို့လား၊ ငိုချင်စရာကောင်းတယ်လို့ ယူဆတာကိုးကွ ...၊ အခု ဝတ်မှုန်မရှိတော့ဘူးဆိုလား ...၊ အဲဒီအဖြစ်အပျက်ကြောင့် မင်းဟာ ဝမ်းနည်းပက်လက် ခံစားနေရတယ် ...၊ ငါကတော့ ရင်ထဲမှာ ကလိကလိနဲ့ အူတက်မတတ် ရယ်ချင်နေတယ် ...၊ အဲဒီတော့ ဝတ်မှုန်ဆိုတဲ့မိန်းမတစ်ယောက် ဟောဒီမြို့ကလေးက ထွက်သွားတဲ့ကိစ္စဟာ ငိုချင်စရာလား ရယ်ချင်စရာလားလို့ မမေးနဲ့-၊ ဒီကိစ္စတစ်ခုတည်းကိုပဲ အကြောင်းပြုပြီး တစ်ယောက်က ငိုချင်နေတယ်၊ တစ်ယောက်က ရယ်ချင်နေတယ်၊ အဲဒီတော့ ဒီကိစ္စဟာ ရယ်စရာလို့လည်း မပြောနိုင်ဘူး၊ ငိုစရာလို့လည်း မပြောနိုင်ဘူး၊ လောကကြီးရဲ့ ဖြစ်စဉ်ပေါင်း များစွာများစွာအနက်က ဖြစ်စဉ်လေးတစ်ခုရယ်ပါ ...၊ အဲဒီတော့ ဒီကိစ္စကြောင့် ငိုတယ်လို့တော့ မပြောနဲ့ ...၊ ဒီကိစ္စကြောင့် ရယ်တယ်လို့လည်း မပြောနဲ့၊ ငိုတာလည်း မင်းဟာမင်း ငိုတာ..၊ ရယ်တာလည်း ငါ့ဟာငါ ရယ်တာ...၊ ကိုယ့်ဟာကိုယ် ဖြစ်ချင်လို့ ဖြစ်နေတာတွေကို ဘာလို့များ အဲဒီကိစ္စကို တရားခံအဖြစ် လက်ညှိုးထိုးချင်နေရတာတဲ့လဲကွာ..'' ဟု တစ်လုံးချင်းတစ်လုံးချင်း ပြောပြလိုက်သည်ဖြစ်ရာ ရာဇာလည်း ခေါင်းကို တဖျင်းဖျင်းကုတ်လျက် -

''အရေးထဲ ခင်ဗျားက တရားတွေ လာဟောနေပြန်ပါပြီဗျာ-'' ဟု ပြန်ပြောရင်း ငို၍ရယ်၍ မရသော မျက်နှာမျိုးဖြင့် ဗိုးလန်ဒန်ကြီးအား ငေးကြည့်နေပါလေတော့သတည်း။ ။



" ကိစ္စတစ်ခုတည်းကိုပဲ
အကြောင်းပြုပြီး တစ်ယောက်က
ငိုချင်နေတယ်၊ တစ်ယောက်က
ရယ်ချင်နေတယ်၊ အဲဒီတော့
ဒီကိစ္စဟာ ရယ်စရာလို့လည်း
မပြောနိုင်ဘူး၊ ငိုစရာလို့လည်း
မပြောနိုင်ဘူး၊ လောကကြီးရဲ့
ဖြစ်စဉ်ပေါင်း
များစွာများစွာအနက်က
ဖြစ်စဉ်လေးတစ်ခုရယ်ပါ "

www.burmeseclassic.com

အခန်း ၂၉

# ရောဂါ



ရာဇာသည်
သူ၏ ဝေဇယန္တာဘုံနန်း
ပန်းချီကားကြီးကို လက်များနှင့်ပင်
တို့ဖြစ်သည်မှာ တစ်ပတ်ခန့်ရှိသွားပြီ
ဖြစ်၏။ သူသည် မြက်ခင်းပြင်ပေါ်တွင် စိတ်ပျက်လက်ပျက်
ဝမ်းလျားမှောက်ကာ လက်ပေါ်တွင် မျက်နှာကိုအပ်ထားရင်း မြက်ပင်များ
ကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသည့်အရာအလား ငေးရှုကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးလန်ဒန်ကြီးသည် ရာဇာ့အနီးသို့လာ၍ လက်ကလေးနှစ်ဖက်ကို နောက်ပစ်ပြီးလျှင် ခါးကလေးကို ကိုင်းကာ တအံ့တဩ အမူအရာလေးဖြင့် ငုံ့ကြည့်ပြီးနောက် တကျွတ်ကျွတ် စုတ်သပ်လေ၏။ ပြီးလျှင် –

''ဩော်...တော်တော်ဆိုးတဲ့ ရောဂါပါလား...၊ ရောဂါထဲမှာတော့ ဒီရောဂါရဲ့လက္ခဏာက ရယ်ချင်စရာကြီး ...၊ ရိုးရိုးရောဂါဆိုရင်တော့ ကိစ္စမရှိဘူး။ ကူးစက်ရောဂါဆိုရင်တော့ ဒုက္ခပါပဲ၊ ငါ့ကိုပါ ကူးတော့မှာပဲ၊ ကူးတဲ့အထိကတော့ ကိစ္စမရှိသေးဘူး ...၊ ငါလည်း အဲဒီရောဂါဖြစ်ရင် သူ့လို ဝမ်းလျားကြီးမှောက်နေရမှာ...၊ မှောက်ရတဲ့အထိကလည်း ကိစ္စမရှိသေးဘူး ...၊ ငါ့ရဲ့ ပုဆိုးခါးပုံစကြောင့် ဒုက္ခရောက်ရချေရဲ့..'' ဟု ညည်းညည်းညူညူကလေး ပြောနေသည်ဖြစ်ရာ ရာဇာသည် မကျေမချမ်း မျက်လုံးမျိုးဖြင့် ဖိုးလန်ဒန်ကြီးအား မော့၍ကြည့်ရင်း –

''ဘာတွေလာပြောနေတာလဲဗျာ...''ဟု မေးလိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက –

''မင်းကိုပြောတာမဟုတ်ပါဘူး။ ငါ့ဟာငါ ပြောနေတာပါ – ငါလည်း မင်းရဲ့ရောဂါ ကူးစက်ခံရခဲ့သည်ရှိသော်ဆိုပြီး တွေးပြီးပူမိလို့ပါ။ မင်းရောဂါက ငါးရက်တစ်ပတ်လောက် ဝမ်းလျားကြီးမှောက်နေရတဲ့ ရောဂါလေကွာ...၊ မှောက်ရတဲ့အထိကတော့ ကိစ္စမရှိပါဘူး...၊ ငါ့အတွက် ပုဆိုးခါးပုံစက အရေးကြီးတယ်ကွ၊ တစ်ခါတလေ စိတ်ကူးပေါက်လို့ မျက်နှာသစ်တဲ့အခါ ဒါလေးကိုပဲ မျက်နှာသုတ်ပုဝါအဖြစ် အားကိုးနေရတာ ဒါကြောင့် ငါ့ဘဝမှာ လူကို ကြိုက်သလိုလုပ် ...၊ ခါးပုံစစလေးကိုတော့ အထိမခံနိုင်ဘူးဟေ့ ...'' ဟု ပြက်ချော်ချော်လေသံမျိုးဖြင့် ပြောလိုက်လျှင် ရာဇာက –





''သွားစမ်းပါ ဖိုးလန်ဒန်ကြီးရယ်...၊ အေးအေး ဆေးဆေး နေစမ်းပါဗျာ ...'' ဟု ခပ်ဇေါက်ဇေါက် ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက ရာဇာ့မျက်နှာအနီးသို့ကပ်ကာ အားရပါးရ ရယ်ချလိုက်ပြီးနောက်–

''ရယ်ရတယ်ကွာ...၊ နှစ်ကျပ်ခွဲဖိုးလောက် ရယ်ရတယ်ကွာ...၊ ဒီတောင် ငါ့မှာ ပိုက်ဆံမရှိလို့ကွ၊ ပိုက်ဆံများရှိခဲ့ရင် ခြောက်ကျပ်ဖိုးလောက်တောင် ရယ်လိုက်ချင်တယ် ...၊ အိုကွာ...မရှိလည်း အကြွေးရယ်တယ်ကွာ...'' ဟု ပြောပြီးလျှင် တဟားဟားဖြင့် ဆက်ကာဆက်ကာ ရယ်မောနေပြန်လေ၏။ ထို့နောက်တွင်မှ –

''ဩော်...ရာဇာ ရာဇာ...၊ ကျွန်ုပ်၏ချစ်လှစွာသော လူကလေးမောင်ရာဇာ ...၊ ဝေဇယန္တာဘုံနန်းကြီး ရေးချင်လွန်းလှချေရဲ့ဆိုပြီး မိုးပေါ်ကို တမျှော်တည်း မျှော်နေခဲ့တဲ့ကောင်လေး...၊ ခုတော့ ...ယမမင်းရဲ့ခေါင်းမှာ ဆံပင်ဖြူ ဘယ်နှချောင်းရှိတယ်ဆိုတာကို ရေတွက်နေတယ်ထင်ပါရဲ့...၊ ကျုပ်လည်း သိချင်လို့ ပြောပြစမ်းပါဦး ...'' တု ပြောလိုက်လျှင် ရာဇာသည် စိတ်ဆိုးမာန်ဆိုးဖြင့် ဆတ်ခနဲ ငုတ်တုတ်ထ,ထိုင်လိုက်၏။ ထို့နောက် –

''တော်ဗျာ...တော်ဗျာ ...၊ ကျုပ် ထိုးမိလိမ့်မယ် ...'' ဟု ဒေါသတကြီး ကြိမ်းမောင်းလိုက်ရာ ဖိုးလန်ဒန်ကြီးသည် ရာဇာ၏ဖြစ်အင်ကို ကြည့်၍ တဟားဟား ပါးလုံးကွဲမတတ် ရယ်မောချလိုက်ပြန်ရင်း –

''ဒီက ပန်းချီဆရာလေးက လက်သီးကော ကောင်းကောင်းထိုးတတ်လို့လား ...'' ဟု သရော်တော်တော် လေသံမျိုးဖြင့် မေးလိုက်လေ၏။

ထိုအချိန်၌မှာပင် ဆူဆူညံညံအသံများကို ကြားရသောကြောင့် လှမ်း၍ကြည့်လိုက်ကြသောအခါ ကြောက်လန့်တကြား ပြေးလာသော မိန်းကလေးတစ်ဦးနှင့် ၎င်း၏နောက်မှ သည်းကြီးမည်းကြီး ပြေးလိုက်

www.burmeseclassic.com

www.burmeseclassic.com





လာသော လူလေးငါးဦးခန့်ကို တွေ့လိုက်ရလေ၏။ ပြေးလာသော ကောင်လေးသည် ရာဇာတို့အနီးသို့ ရောက်လာ၏။ ကောင်မကလေးသည် ဖိုးလန်ဒန်ကြီးနှင့် ရာဇာတို့၏နောက်သို့ ကွယ်၍ရပ်လိုက်ပြီးနောက် –

"ကယ်ကြပါ ရှင်တို့ရယ်...၊ ကယ်ကြပါ ရှင်တို့ရယ်..." ဟု ထိတ်လန့်ပြူးကြောင်သော မျက်လုံးမျိုးဖြင့် တောင်းတောင်းပန်ပန်၊ တုန်တုန်ရီရီကလေး ပြောရှာလေ၏။နောက်မှလိုက်လာသူများလည်း ရာဇာတို့အနီး ရောက်လာပြီးနောက် –

"ခင်ဗျားတို့နဲ့ ဘာမှမဆိုင်ဘူး၊ ဖယ်လိုက်ပါ..." ဟု ပြောကြလေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက –

"စောစောကအထိတော့ ငါတို့နဲ့ မဆိုင်သေးပါဘူး ...၊ ဒီကလေးမလေးက ငါတို့ကို အကူအညီတောင်းလာတဲ့အချိန်မှာတော့ ငါတို့နဲ့ ဆိုင်သွားပြီ၊ ငါတို့နဲ့ ဆိုင်သွားပြီဆိုတော့ မင်းတို့နဲ့ မဆိုင်တော့ဘူးဆိုတဲ့ သဘောပဲပေါ့...၊ ဒီတော့ မင်းတို့ ထွက်သွားပါ ..." ဟု ပြတ်သားသောလေသံဖြင့် ပြောလိုက်လျှင် လိုက်လာသူများအနက်မှ နှစ်ဦးသည် ဓါးသတကြီး ဖြ... ဝါးရင်း ဖိုးလန်ဒန်ကြီးဆီသို့ ပြေးဝင်လာကြလေ၏။

ဖိုးလန်ဒန်ကြီးသည် လက်ထဲမှ သောက်လက်စ ဆေးပေါ့လိပ်ဖြင့် တစ်ဦး၏မျက်နှာကို လှမ်း၍ တောက်လိုက်၏။ တစ်ချိန်တည်းမှာပင် ခြေထောက်တစ်ဖက်ကို ဆတ်ခနဲမြှောက်၍ ကျန်တစ်ဦး၏မျက်နှာသို့ ဖိနပ်ကို အရှိန်ဖြင့် ကျွတ်အောင် ခါလွှတ်လိုက်၏။ တစ်ဦးသည် ဆေးပေါ့လိပ်တိုကို ယောင်၍ရှောင်၏။ တစ်ဦးကလည်း ဖိနပ်ကို ရှောင်လိုက်၏။ ထိုအချိန်၌မှာပင် ဖိုးလန်ဒန်ကြီးသည် ရာဇာ၏စုတ်တံခွက်ထဲမှ စုတ်တံနှစ်ချောင်းကို နှိုက်ယူလိုက်ပြီးနောက် ထမင်းစားသောတူကို ကိုင်သကဲ့သို့ ကိုင်ကာ တစ်ဦး၏နားရွက်ကို လှမ်း၍ညှပ်လိုက်ရင်း –

"ငါ့မျက်လုံးထဲမှာ မင်းက ကြက်သွန်ဖြစ်နေတယ် ...၊ ကြက်သွန်တောင် ရိုးရိုးကြက်သွန်မဟုတ်ဘူး...၊ ကြက်သွန်ချဉ် ကြက်သွန်ချဉ်...၊ အေးအေးဆေးဆေးနေစမ်းပါ. အချဉ်လေးရယ်..." ဟု ခနဲ့တဲ့တဲ့ ပြောလိုက်လေ၏။ နားရွက်ကို အညှပ်ခံထားရသောသူသည် နာကျင်လွန်းလှသဖြင့် လက်ဖြင့်ဖယ်ကာ ဖွတ်အတင်းရုန်းသော်လည်း လွတ်အောင် မရုန်းနိုင်ဘဲ ဖြစ်နေလေ၏။

ထိုအချိန်မှာပင် ထပ်မံပြေးဝင်လာသောသူအား ဖိုးလန်ဒန်ကြီးသည် အနည်းငယ် တိမ်းပေးလိုက်ပြီးနောက် ကျောကုန်းကို တံတောင်ဖြင့် ထောင်းချရင်း –

"မင်းကတော့ ငရုတ်သီးနဲ့ တူတယ်ကွ ...၊ ငရုတ်သီးဆိုတော့လည်း ထောင်းပေးရတာပေါ့ကွာ..." ဟု ပြောလိုက်လေ၏။ ထိုသူလည်း 'အင့်'ခနဲ တစ်ချက်ညည်းကာ ခွေကျသွား၏။

တတိယလူသည် ဓါးသတကြီး ဆဲရေးတိုင်းထွာရင်း ဖိုးလန်ဒန်ကြီးဆီသို့ အရှိန်ဖြင့် ပြေးဝင်လာ၏။ ဖိုးလန်ဒန်ကြီးက သူ ဖမ်းချုပ်ထားသောသူကို ထိုသူ့ရှေ့သို့ ဆောင့်တွန်းပေးလိုက်၏။ ထိုအချိန်မှာပင် ရာဇာကလည်း ပြေးဝင်လာသူ၏ရှေ့သို့ ခြေထောက်ကို ထိုးခံပေးလိုက်ရာ ထိုသူသည် အရှိန်ဖြင့် ဟပ်ထိုးလဲသွားပြီးနောက် ၎င်း၏မေးစေ့နှင့် ရှေ့မှလူ၏ခေါင်းတို့သည် ခွမ်းကနဲဆောင့်မိကာ နောက်သို့ ပက်ခနဲ လန်သွားလေတော့၏။ ထို့နောက်တွင်ကား ၎င်းတို့သည် လဲကျနေသူအား ဖွတ်အတင်းဆွဲကာ ဒရောသောပါး ပြေးကြလေတော့၏။

ထိုအခါကျမှပင် အကြောင်းသားရပ်ကြည့်နေသော မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ချည်၊ သင်္ဘောပြန်ဝင်လာကာ ဖိုးလန်ဒန်ကြီးနှင့်ရာဇာအား တုန်တုန်ရီရီ
တွေးငုံ့းတင်စကား အထပ်ထပ်ဆိုလေ၏။

ရာဇာတို့က အကျိုးအကြောင်းကို မမေးမီမှာပင်
ထိုမိန်းကလေးက သူမ၏အကြောင်းကို ပြောပြလေ၏။ ထိုမိန်းကလေး
အသက် ၃၀ ပင် ရှိသေးဟန်မတူပေ။ အသားအတော်ညိုသော်လည်း
ရုပ်ရည်မှာ သနားကမားကလေး ဖြစ်၏။ အထူးသဖြင့် သူ၏မျက်လုံးအစုံ
နှုတ်ခမ်းတို့သည် မိန်းမချောကလေးတစ်ဦးဖြစ်ကြောင်း ဖော်ပြနေလေ၏
သူ၏အမည်မှာ 'ရတနာ' ဟူ၍ဖြစ်ကြောင်းလည်း မိတ်ဆက်လေ၏။ ဖိုးလန်
ဒန်ကြီးသည် ရတနာဆိုသော မိန်းကလေး ပြောပြသည်များကို ခေါင်း
တဆတ်ဆတ်ညိတ်၍ နားထောင်ပြီးနောက်–

"ကိုင်း ...လူကလေးမောင်ရာဇာ...၊ မင်းရဲ့ ပစ္စည်းတွေကို သိမ်း
သွားကြစို့ ..." ဟု ပြောလိုက်ရာ ရာဇာက နားမလည်နိုင်သောဟန်ဖြင့်
'ဘယ်ကိုသွားမှာလဲဗျ ...' ဟု မေးလိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက–

"ခုနကကောင်တွေကို ငါ ကောင်းကောင်းသိတယ်၊ ဒီကောင်
ငါတို့ကို ကောင်းကောင်းအုန္တပေးဦးမှာ...၊ ဒီအတိုင်းလွှတ်ထားမှာမဟုတ်ဘူး
သိပ်ပြီးအန္တရာယ်ကြီးသွားပြီ ...၊ ဒီတော့ လွတ်ရာကျွတ်ရာကို ပြေး
တာပေါ့ကွာ..၊ ကိုယ်တို့လန်ဒန်မှာတော့ အဲဒီလို ပြေးကြတာပဲဟေ့..." ဟု
ပြောလိုက်၏။ ရတနာကလည်း သူပါ လိုက်မည်ဖြစ်ကြောင်းပြော၏။ ဖိုးလန်
ဒန်ကြီးသည် နဖူးကြောကြီး ရှုံ့သည်အထိ စဉ်းစားနေပြီးနောက် ရတနာ
အား ခေါင်းညိတ်ပြလိုက်ကာ –

"ကိုင်း...အချိန်မရဘူး၊ အားလုံး ဒီနေရာက မြန်မြန်ထွက်
ဖြစ်မယ်..." ဟု ပြောလိုက်လေတော့သတည်း ...။ ။



ရာဇာတို့သည်
ဆောင်တွင်းကြီးမြို့
ရတနာ့ဒွင့်လှ ကန်တော်ကြီး ပေါင်ပေါ်မှနေ၍ ခပ်သုတ်သုတ် ဆင်းလာ
ခဲ့ကြ၏။ ထိုအချိန်၌ လမ်းမီးများ လင်းလက်စ ပြုလာပြီဖြစ်၏။ ရတနာသည်
...န်စွာပျော်မြူးနေပုံရ၏။ ကလေးငယ်တစ်ဦးအလား မြူးတူးစွာဖြင့် လမ်းကို
...င် ကောင်းကောင်း မလျှောက်ဘဲ ခုန်ဆွခုန်ဆွဖြင့် လျှောက်နေလေ၏။
...စ်ခါတရံ ဖိုးလန်ဒန်ကြီး၏ပုခုံးကို ဟီးလေးဆိုစီးသကဲ့သို့ တွဲခိုကာ
လျှောက်လှမ်း၏။ တစ်ဖန် ရာဇာ့ထံသို့ ပြေးကာ ရာဇာ၏ပုခုံးကို ခိုစီးလျှက်
လျှောက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ရာဇာသည် မျက်မှောင်ကြီးကုတ်လျက် ရတနာအား တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ပြီးနောက် –

"ပြော ...နင်က ဒုက္ခရောက်နေပါတယ်ဆိုမှ တော်တော်ပျော်နေတယ် .. ဟုတ်လား..." ဟု မေးလိုက်လျှင် ရတနာက ရာဇာနှင့် မျက်နှာချင်းဆိုင်လိုက်ကာ ရာဇာ၏ ပုခုံးနှစ်ဖက်ကို အသာကိုင်ရင်း နောက်ဆုတ်နောက်ဆုတ်ဖြင့် လျှောက်လာပြီးနောက် –

"ကိုရာဇာကြီးကလည်း ဘယ်မှာလဲ ဒုက္ခရောက်တာ..၊ ဒုက္ခရောက်တယ်ဆိုတာ ဘာကိုပြောတာလဲ၊ အခု ရတနာတို့သုံးယောက် အေးအေးဆေးဆေး လမ်းလျှောက်နေကြတယ်၊ ဘယ်လောက်ပျော်ဖို့ ကောင်းသလဲ၊ ဒုက္ခမဟုတ်ပါဘူး၊ ပျော်စရာပါ..." ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ရာဇာက –

"သေချင်းကောင်းမလေး...၊ ငါတို့ကို ရန်သူတွေက ဒုက္ခပေးမှာစိုးလို့ ထွက်ပြေးလာကြတာလေ..." ဟု ဝေါက်ဆတ်ဆတ် ပြန်၍ပြောလိုက်လျှင် ရတနာက မျက်လုံးကလေး ထောင့်ကပ်၍ကြည့်ရင်း –

"ရန်သူ...ဟုတ်လား၊ ဘယ်မှာလဲ ရန်သူ...၊ ရှိမှမရှိဘဲ ...၊ အခု ရှိမနေတဲ့ ရန်သူအကြောင်းကို တွေးပြီး ဘာလို့များ ဒုက္ခခံချင်ရတာလဲ ကိုရာဇာကြီးရယ်...၊ ဒုက္ခဆိုတာ ရောက်မလာခင်မှာ ဒုက္ခမဟုတ်သေးပါဘူး ရောက်လာမှပဲ ရောက်လာတဲ့အလျောက်ပေါ့...၊ အပိုတွေ မလုပ်စမ်းပါနဲ့" ဟု လက်ကလေးနှစ်ဖက်ကို ခါကာခါကာဖြင့် ကြီးကြီးကျယ်ကျယ် ပြောလေတော့၏။

"ဟေး...ဟေး...ဟေး...ဂွတ်ဒ်ထ...ဂွတ်ဒ်ထ...ဂွတ်ဒ်လေဂွ...ရတနာပြောတာ အမှန်ပဲကွ...၊ ဒါပေမဲ့ ရတနာပြောလို့ မှန်တာတော့ မဟုတ်ဘူးနော်...၊ ဘယ်သူကပဲ ပြောပြော မှန်တာမို့လို့ မှန်တာ...၊ အဲဒီလိုပဲ မှားတာဆိုရင်လည်း ဘယ်သူကပြောပြော အမှားက အမှားပဲနော..." ဟု ဗိုးလန်ဒန်ကြီးက လက်ခုပ်လက်ဝါးတီး၍ ထောက်ခံလေ၏။

ဤသို့ဖြင့် ၎င်းတို့သည် တရွေ့ရွေ့ ဆက်၍ လျှောက်လာခဲ့ကြ၏။ ထိုသို့ လျှောက်လာရင်း ရာဇာက –

"နေစမ်းပါဦး ဗိုးလန်ဒန်ကြီးရဲ့...၊ အခု ကျုပ်တို့က ဘယ်ကိုသွားကြမှာလဲ..." ဟု မေးလိုက်ရာ ဗိုးလန်ဒန်ကြီးက –

"ပြဿနာဖြစ်တဲ့နေရာက ဒီနေရာပဲမဟုတ်လား ...၊ ဒီနေရာက လွဲရင် တခြားဘယ်နေရာကိုပဲရောက်ရောက်ပေါ့ ...၊ ဘာများစဉ်းစားနေရဦးမှာလဲ ဇီလူရာ..." ဟု ပြောလိုက်လေ၏။ ထိုအခါ ရတနာက –

"ဟုတ်တယ်...ဟုတ်တယ်...၊ အဲဒါအမှန်ပဲ ကိုရာဇာကြီးရေ...၊ မှန်တယ်ဆိုတာကလည်း ဗိုးလန်ဒန် ကြီးပြောတာမို့လို့ မှန်တာ မဟုတ်ဘူးနော်...၊ ဘယ်သူပဲ ပြောပြော အမှန်က အမှန်ပဲ..." ဟု လက်ခုပ်လက်ဝါးတီး၍ ပြောလိုက်ပြန်လေ၏။ ထို့ကြောင့် ရာဇာလည်း ၎င်းတို့နှစ်ဦးအား ဘာမျှမတတ်နိုင်သော အမူအရာမျိုးဖြင့် ကြည့်ပြီးနောက် အသာဆက်၍လျှောက်လာခဲ့၏။

၎င်းတို့သုံးဦးသည် တရွေ့ရွေ့ဖြင့် ပြည်လမ်းမကြီးအတိုင်း လျှောက်လာခဲ့ကြ၏။ ထိုသို့လျှောက်လာရင်း ဗိုးလန်ဒန်ကြီးက သီချင်းအော်ဆိုသည့်အခါ ဆို၏။ ရတနာက က,၏။ ဗိုးလန်ဒန်ကြီးဆိုသော သီချင်းဆိုသည်မှာလည်း ဘာတစ်ခုမျှ အဓိပ္ပါယ်မပေါက်မတည့်သော စာသားများသာလျှင် ဖြစ်ကြကုန်၏။ ရာဇာသည် တအံ့တသြအမူအရာမျိုးဖြင့် ဗိုးလန်ဒန်ကြီးအား ကြည့်လျက် –

www.burmeseclassic.com



"ကျုပ်က အကောင်းမှတ်လို့ နားထောင်နေတာ ...၊ လက်စသတ်တော့ ပေါက်တတ်ကရတွေ လျှောက်အော်နေတာကိုးဗျ..." ဟု ပြောလိုက်လျှင် ဖိုးလန်ဒန်ကြီးက –

"ပေါက်တတ်ကရဆိုတာ ဘာကိုပြောတာလဲ ဖိုးလူရဲ့...၊ ငါက သီချင်းဆိုနေတာလေကွာ...၊ စကားပြောနေတာမှမဟုတ်ဘဲ...၊ လူ အထင်ကြီးအောင်ပြောရရင်တော့ ဂီတသံစဉ်တွေကို ဖန်တီးနေတာလေကွာ ...၊ ဂီတသံစဉ်ဟာ လူသားအားလုံးနဲ့ ဆိုင်တယ်ကွ၊ ကဲ... မင်းကို ငါမေးပါဦးမယ် ...၊ မင်း ကုလားစကားတတ်လို့လား...၊ ကုလားစကား မတတ်ပေမဲ့ ကုလားသီချင်းကိုတော့ နားထောင်လို့ရတယ်မဟုတ်လား...၊ တရုတ်စကားရော တတ်လို့လား...၊ တရုတ်စကားမတတ်ပေမဲ့ တရုတ်သီချင်းကိုတော့ နားထောင်လို့ရတယ်မဟုတ်လား...၊ သီချင်းစာသားကို ခံစားကြတာပေါ့လို့ မင်းက ဆင်ခြေတက်ဦးမယ်၊ စကားတတ်ခါစ ကလေးလေးတွေလည်း သီချင်းဆိုသလို လျှောက်ဆိုကြတာပါပဲကွာ၊ ကဲ...သူတို့က ဘာကိုခံစားကြတာတဲ့တုံး...၊ ဂီတသံ ဆိုတာကိုက လူသားအားလုံးရဲ့ရင်ကို လွှမ်းမိုးနိုင်ပြီးသားပါကွာ ...၊ အဲဒီတော့ ငါဟာငါ ဂီတသံစဉ်တစ်ခုထဲမှာ ပါးစပ်ထဲတွေ့တဲ့ စကားလုံးတွေ ထည့်ပြီးဆိုမယ်၊ ဂီတသံစဉ်မဟုတ်ဘူးလို့ မင်း ငြင်းမလား..." ဟု ပြောလိုက်လျှင် ရာဇာသည် ခေါင်းကို တွင်တွင် ကုတ်ရင်း 'လုပ်လိုက်ပေါ့ဗျာ ...' ဟု ရေရွတ်လိုက်လေ၏။ ထို့နောက် လမ်းလျှောက်ရင်း တစ်ကိုယ်လုံးကို လှုပ်ခါ၍ က,နေသော ရတနာဘက်သို့ လှည့်ပြန်ကာ –

"နင်ကလည်း ဟိုလှုပ်ဒီလှုပ် လှုပ်နေတော့ တကယ် က,တတ်တယ်လို့ အောက်မေ့နေတာ...၊ လက်စသတ်တော့ လှုပ်ချင်သလို လှုပ်



နေတာကိုးဟ...က,တာမှ မဟုတ်ဘဲ..." ဟု ပြောလိုက်ပြန်လျှင် ရတနာသည် ရာဇာအား လှောင်ပြောင်သောသဘောမျိုးဖြင့် တခစ်ခစ် ရယ်လိုက်ပြီးနောက် –

"အခုလို လှုပ်နေတာကိုက က,တာပဲပေါ့ ကိုရာဇာကြီးရဲ့...၊ ကကြိုးကကွက်ပုံစံတွေနဲ့ မညီဘူးလို့ အပြစ်တင်မလို့လား...၊ လောကကြီးမှာ ခန္ဓာကိုယ်ကို လှုပ်ခါယိမ်းနွဲ့ပြီး က,တဲ့အတတ်က အရင်ပေါ်လာတာပါ...၊ အဲဒါကိုမှ စည်းတွေဘောင်တွေထဲ ထည့်ပြီး ကကြိုးကကွက်လုပ်ထားတာပါ ...၊ နောက်ပြီးတော့ က,တာဟာ က,တာပဲလေ...၊ ကျွန်မက က,ရိုးလေး က,ချင်တာ...၊ စည်းနဲ့ဘောင်နဲ့ ဝင်အောင် ကြိုးပမ်းနေတာမှ မဟုတ်ဘဲ...၊ စည်းနဲ့ဘောင်နဲ့ ဝင်ဖို့က အရေးကြီးတယ်ဆိုရင်တော့ တစ်နေကုန် ထိုင်ထလုပ်နေပေါ့ ..." ဟု အသံစာစာကလေးဖြင့် ပြောလိုက်သည်ဖြစ်ရာ ရာဇာလည်း မျက်နှာကိုရှုံ့မဲ့၍ ခေါင်းကိုသာလျှင် တွင်တွင်ကုတ်နေမိလေတော့၏။

နောက်ဆုံးတွင်ကား ရာဇာပါ မနေနိုင်တော့ဘဲ ရတတ်သမျှ သီချင်းအတိုအစများကို ဆိုသည့်အခါ ဆို၏။ လှုပ်တတ်သလို လှုပ်ပြီး က,သည့်အခါ က,လေတော့၏။ ဤသို့ဖြင့် ၎င်းတို့သုံးဦးသည် အပူပင်အကြောင့်ကြမဲ့စွာဖြင့် လျှောက်လာခဲ့ကြရာ ညသန်းခေါင်အချိန်ခန့်၌ 'ဆတ်သွား' ဆိုသောအရပ်သို့ ရောက်လာကြလေတော့၏။ ရာဇာသည် ဖိုးလန်ဒန်ကြီးအား တစ်ချက်လှမ်း၍ကြည့်လိုက်ပြီးနောက် –

"ဗျို့...ဖိုးလန်ဒန်ကြီး...၊ ဒီပုံစံအတိုင်း ကြုံသလို လျှောက်သွားနေလို့တော့ မဖြစ်ဘူးဗျ...၊ ဒီပြဿနာက ရှိသေးတယ် ..." ဟု ဆိုကာ ဗိုက်ကို လက်ဝါးဖြင့် ပုတ်ပြလိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက –

www.burmeseclassic.com




"ဘာတွေများ အပိုဦးနှောက်ခြောက်ခံပြီး စဉ်းစားနေတာလဲ ဇိုးလူရယ်… ခွေးတစ်ကောင်တောင် သူ့ဝမ်းသူ ဝအောင် ရှာစားတတ်ပါတယ် ကွ …၊ ဇါတို့က လူတွေပဲဟာ မပူစမ်းပါနဲ့ကွာ…" ဟု ပြန်၍ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် ၎င်းတို့သုံးဦးသားသည် တံခါးများပိတ်ထားပြီ ဖြစ်သော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိလာကြလေ၏။ ဗိုးလန်ဒန်ကြီးသည် တုံ့ခနဲရပ်လိုက်ပြီးနောက် သူ၏လွယ်အိတ်ကြီး အတွင်းသို့ လက်နှိုက်ကာ သစ်သားတုံးကလေးများကို ထုတ်ယူလိုက်ပြီးလျှင် ထိုအထဲမှ သစ်သားတုံးကလေးတစ်တုံးကို ရွေး၍ ရာဇာ့ထံသို့ လှမ်း၍ပေးလိုက်လေ၏။ ထို့နောက် ပိတ်ထားသော လက်ဖက်ရည်ဆိုင်တံခါးချပ်များဆီသို့ မေးဖြင့် လှမ်း၍ညွှန်ပြရင်း

"ဒီတံဆိပ်ကို အဲဒီမှာ ရေးစမ်းကွာ …" ဟု ပြောလိုက်လေ၏။

ထို့ကြောင့် ရာဇာလည်း သူ၏အိတ်အတွင်းမှ ဆေးဗူးနှင့်စုတ်တံများကို ထုတ်ယူကာ လက်ဖက်ရည်ဆိုင်နံရံတွင် ထိုတံဆိပ်ကို ရေးခြစ်လေတော့



[illegible]

၏။ ဗိုးလန်ဒန်ကြီးနှင့် ရတနာက ဆိုင်ရှေ့ သစ်ပင်အောက်ရှိ သစ်သားခုံပိုင်းကလေးပေါ်တွင် ထိုင်ရင်း ရာဇာရေးခြစ်နေသည်ကို ကြည့်ရှုနေကြ၏။

ရာဇာသည် ထိုတံဆိပ်ကို စဉ်ဆက်မပြတ် ရေးခြစ်လာခဲ့ရာ ဆိုင်ရှေ့မျက်နှာစာကြီးတစ်ခုလုံး ပြည့်မတတ်ဖြစ်လာလေတော့၏။ ထိုအချိန်၌မှာပင် လက်ဖက်ရည်ဆိုင်မှ လူများသည် အိပ်ရာမှထကြပြီးနောက် လက်ဖက်ရည်ဆိုင်ဖွင့်ရန် ပြင်ဆင်ကြကုန်၏။ ဆိုင်တံခါးကို ဖွင့်လိုက်သောအခါ ရာဇာတို့သုံးဦးကို တွေ့သွားကြ၏။ ထို့ကြောင့် ဆိုင်မှလူများသည် ရာဇာတို့အား ဒေါသတကြီးကြိမ်းမောင်း၍ နှင်လွှတ်ကြ၏။ ထိုအခါ ဗိုးလန်ဒန်ကြီးက –

"ကိုယ့်လူတို့ မှားနေပြီ …၊ ကျုပ်တို့ကို မောင်းထုတ်ရမှာ မဟုတ်ဘူး …၊ ကိုယ့်လူတို့လုပ်ရမှာက ကျုပ်တို့ကို လက်ဖက်ရည်တွေ၊ မုန့်တွေနဲ့ ကျကျနန တည့်ခင်းကျွေးမွေးဧည့်ခံရမှာ…" ဟု ဝင်၍ပြောလေ၏။

မည်သို့ပင်ပြောပြော ၎င်းတို့သည် လုံးဝလက်မခံကြဘဲ ဗိုးလန်ဒန်ကြီးတို့အား တွန်းထိုးရိုက်ပုတ် ဆဲရေးတိုင်းထွာရင်း ဖွတ်အတင်းမောင်းထုတ်ကြလေတော့၏။

ထို့ကြောင့် ရာဇာတို့သည် ထိုနေရာမှ ခပ်သုတ်သုတ် ပြေးထွက်လာခဲ့ကြရ၏။ လမ်းတွင် ရာဇာက –

"ကိုင်း ဘယ့်နှယ့်ရှိစ ဗိုးလန်ဒန်ကြီး …၊ ဒီတစ်ခါ ခင်ဗျား ရေးခိုင်းတဲ့တံဆိပ်က တော်တော်အကျိုးပေးတာပဲဗျ…" ဟု မကျေမချမ်း လေသံဖြင့် ပြောလိုက်ရာ ဗိုးလန်ဒန်ကြီးက ဘာမျှပြန်၍မပြောဘဲ ငြိမ်၍နေလေ၏။ ဘတ်တိုင်ဆယ်တိုင်ခန့်မျှ လျှောက်မိလျှင် စတိုးဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်နံရံမှာလည်း စောစောက တံဆိပ်ကို ရေးစမ်းကွာ"
ဟု ဖိုးလန်ဒန်ကြီးက ပြောပြန်၏။

"ပြီးရင် ဆေးရုံသွားတဲ့လမ်းဖြစ်ဖြစ်၊ အချုပ်ခန်းကိုသွားတဲ့လမ်းဖြစ်ဖြစ် ကြည့်ထားကြတာပေါ့..." ဟု ရတနာက ဝင်ပြော၏။ ဖိုးလန်ဒန်ကြီးက ရတနာအား မျက်နှာထား ခပ်တင်းတင်းဖြင့် တစ်ချက်ကြည့်လိုက်ပြီးနောက် လက်ဆစ်ဖြင့် ရတနာ၏ခေါင်းကို ခေါက်ခနဲ ခေါက်ချလိုက်ရာ ရတနာလည်း ဇက်ကလေးပု၍ လျှာတစ်လစ်ကလေး လုပ်နေလေ၏။ ထိုအချိန်၌ ရာဇာသည် စတိုးဆိုင်နံရံကို သူ၏ပန်းချီကားပမာ သဘောထား၍ အကျအန ရေးခြစ်နေပြီဖြစ်လေတော့၏။

မကြာမီမှာပင် စတိုးဆိုင်ပိုင်ရှင်များ ရောက်လာပြီးနောက် ရာဇာတို့အားတွေ့လျှင် အကြီးအကျယ် ဒေါသထွက်သွားကြပြီး အနီးအနားလူများကိုပါ အကူအညီ တောင်း၍ ရဲစခန်းသို့အပ်မည် တကဲကဲ လုပ်ကြလေတော့၏။ ဖိုးလန်ဒန်ကြီးက -

"ကိုယ့်လူတို့ မှားနေပြီ...၊ ကျုပ်တို့ကို ရဲစခန်း ပို့ရမှာမဟုတ်ဘူး အိမ်ဦးခန်းကိုပို့ပြီး ကျကျနန ကျွေးထားရမှာ..." ဟု ပြော၏။ လူများသည် ဖိုးလန်ဒန်ကြီးတို့သုံးဦးအား ဝိုင်း၍ချုပ်ထားလိုက်ကြပြီဖြစ်၏။

ထိုအချိန်၌မှာ ပင် ... စောစောက လက်ဖက်ရည်ဆိုင်ပိုင်ရှင်သည် စက်ဘီးတစ်စီးဖြင့် အမောတကော ရောက်လာပြီးနောက် -

"အဲဒီလူတွေကို ရန်မမူကြပါနဲ့...၊ လူကောင်းတွေပါ၊ သူတို့ ကျုပ် ကျေးဇူးဆပ်ချင်လို့ပါ၊ ကဲ..ကဲ.. ဟောဒီက ဦးလေးကြီးနဲ့ အစ်ကိုတို့ အစ်မတို့ ကျွန်တော့်လက်ဖက်ရည်ဆိုင်ကို ကြွကြပါခင်ဗျာ...၊ စိတ်မဆိုးကြပါနဲ့ ...၊ ကျွန်တော် တောင်းပန်ပါတယ်..." ဟူ၍ စတိုးဆိုင်ပိုင်ရှင်အား



အခြားလူများအား ဖျောင်းဖြတန့်တားရင်း တစ်ချိန်တည်းမှာပင် ဖိုးလန်ဒန်ကြီးတို့အား လက်အုပ်ကလေးချီလျက် တောင်းပန်လိုက်ပါလေတော့သတည်း...။ ။

www.burmeseclassic.com

"ဒုက္ခဆိုတာ
ရှောက်မလာခင်မှာ
ဒုက္ခမဟုတ်သေး
ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃၁

# အလွမ်းပြေ



လက်ဖက်ရည်

...ိုင်ပိုင်ရှင်သည် ဖိုးလန်
...ကြီးတို့အား ရှေ့မှ ဦးဆောင်၍ ခေါ်
...ား၏။ ၎င်း၏အမည်မှာ ကိုထွန်းနိုင် တူ၍
...ကြောင်း သိရ၏။

၎င်းကိုထွန်းနိုင်သည် လက်ဖက်ရည်ဆိုင် အပေါ်ထပ်ရှိ ညှော်ခန်း ...ဘွယ် ကျကျနန ပြုလုပ်ထားသော ထပ်ခိုးကလေးတွင် ဖိုးလန်အန် ...းတို့အား လက်ဖက်ရည်၊ မုန့်တို့ဖြင့် အကျအန ညှော်ခံလေ၏။ လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင်တစ်ဆိုင်လုံးသည် လက်ဖက်ရည်မှာသံ၊ မုန့်မှာသံတို့ဖြင့် ကျက်ကျက် ညံနေ၏။ ဆိုင်ရှေ့တွင် ဘုရားဖူးယာဉ်ကြီးသုံးစီး ထိုးဆိုက်ထားလေ၏။

လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုထွန်းနိုင်က ဤအရပ်၌ သူ၏ လက်ဖက်ရည်ဆိုင်သည် အားပေးသူ အနည်းဆုံးဖြစ်ကြောင်း၊ တစ်နေ့တစ်နေ့လျှင် လက်ဖက်ရည်ခွက် အရေအတွက်ကလေး မဖြစ်စလောက်သာ ရောင်းချရပြီး ဆိုင်ပြုတ်မသွားရန် မနည်းကျားကန်ထားရကြောင်း၊ ယခု နံနက်တွင်မူ မည်သို့ဖြစ်သည်မသိ နယ်ခံလက်ဖက်ရည်သောက်သူများ ခါတိုင်းထက် သုံးဆခန့်တက်လာသည့်အပြင် သူတို့ဆိုင် သက်တမ်း တစ်လျှောက်လုံးတွင် တစ်ကြိမ်တစ်ခါမျှ မကြုံဖူးစွာ ဘုရားဖူးယာဉ်သုံးစီး ထိုးဆိုက်ရောက်ရှိလာပြီး အားပေးနေကြသောကြောင့် လက်ဖက်ရည်နှင့်မုန့်များ အလျှင်မီရန် အသည်းအသန် ပြည့်တင်းနေရကြောင်း၊ ထိုကဲ့သို့ ရုတ်တရက်ကြီး ထူးထူးခြားခြား ပြောင်းလဲသွားခြင်းမှာ ဆိုင်ရှေ့တွင် ရေးသားခဲ့သော တံဆိပ်များကြောင့်ပင် ဖြစ်လိမ့်မည်ဟု အပြည့်အဝ ယုံကြည်ကြောင်း၊ ၎င်းတို့အနေနှင့် အထင်မှားစွာ ရိုင်းရိုင်းပျပျ ဆက်ဆံခဲ့မိကြခြင်းများအတွက် အနူးအညွတ် တောင်းပန်ပါကြောင်း... ရေပက်မဝင်အောင် တတွတ်တွတ် ပြောလေ၏။ ထို့နောက် -

"ဒီက အဘတို့က ဘယ်ကို ခရီးဆက်ကြမှာလဲ ..." ဟု မေးလိုက်လျှင် ဖိုးလန်အန်ကြီးက -

"ကျုပ်တို့မှာ လိပ်စာမရှိဘူး..." ဟု တစ်လုံးချင်း ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ကိုထွန်းနိုင်ဆိုသူသည် 'ဗျာ' ခနဲ တစ်ချက်ရေရွတ်လိုက်ပြီးနောက် တအံ့တဩ အမူအရာမျိုးဖြင့် ဖိုးလန်အန်ကြီးအား ငေး



ကြည့်နေပြီးလျှင် -

"သြော်... ကြားဖူးတယ် ကြားဖူးတယ် ...၊ ဗိဇ္ဇာမှာ လိပ်စာ မရှိဘူးဆိုတာ ဒါကိုပြောတာဖြစ်မှာပေါ့..." ဟု ရေရွတ်လိုက်ရာ ဖိုးလန်အန်ကြီးက ဘာမျှပြန်၍မပြောသေးဘဲ ဆေးပေါ့လိပ်တိုကို မီးညှိနေလေ၏။ ထို့နောက် ကိုထွန်းနိုင်က -

"အထူးစခန်းဆိုတာ ဒါမျိုးပဲထင်တယ်၊ အဘတို့က အဲဒီအလုပ်တွေ လုပ်နေကြတာလား..." ဟု မေးလိုက်ပြန်လျှင် ဖိုးလန်အန်ကြီးက ထိုသို့မေးသည်ကို မလိုလားသော မျက်လုံးမျိုးဖြင့် ကိုထွန်းနိုင်အား တစ်ချက်စိုက်၍ကြည့်လိုက်လေ၏။ ထို့ကြောင့် ကိုထွန်းနိုင်လည်း ပျာပျာသလဲ လက်အုပ်ကလေး ချီလိုက်ပြီးလျှင် -

"ကျွန်တော် မသိလို့မေးမိတာပါ အဘ ...၊ ဖွေမယူပါနဲ့... ဖွေမယူပါနဲ့..." ဟု အထပ်ထပ်အဖန်ဖန် တောင်းပန်ရှာလေ၏။ ထို့နောက် ကိုထွန်းနိုင်နှင့် ၎င်း၏ မိသားစုများသည် ဖိုးလန်အန်ကြီးတို့အား အစိတ်တန် အသစ်ကြပ်ချွတ် ငွေတစ်ရာကျပ်တိတိ လှူဒါန်းလေ၏။ ဖိုးလန်အန်ကြီးက

"ဂွတ်ဒ်ထ..ဂွတ်ဒ်ထ..ဂွတ်ဒ်လေစွ..ဂွတ်ဒ်လေစွ..." ဟု ခေါင်းကလေးကို တဆတ်ဆတ်ညိတ်၍ ရေရွတ်လိုက်လျှင် ကိုထွန်းနိုင်သည် သူ့ဘေးတွင် ကပ်ထိုင်နေသော ဇနီးဖြစ်သူအား တံတောင်ဖြင့်တွက်၍ မျက်နှာရိပ် မျက်နှာကဲ ပြလိုက်လေ၏။ ကိုထွန်းနိုင်၏ မိန်းမလည်း ဖိုးလန်အန်ကြီးအား ပျာပျာသလဲ ဦးကုန်းချလေတော့၏။ ထို့နောက်တွင်ကား ဖိုးလန်အန်ကြီးတို့သည် ကိုထွန်းနိုင်၏ လက်ဖက်ရည်ဆိုင်မှ ထွက်လာခဲ့ကြ၏။ ဆိုင်ရှေ့သို့ ရောက်သည်ဆိုလျှင်ပင် စောစောက သူတို့ရောက်ခဲ့သော စတိုးဆိုင်မှ လင်မယားသည်လည်း အပြေးအလွှား ရောက်လာကြပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ဖိုးလန်ဒန်ကြီး၏ရှေ့ မြေပြင်ပေါ်တွင် ပဆစ်တုပ်၍ ထိုင်ချလိုက်... ဦးချကန်တော့ကြပြန်၏။ ဖိုးလန်ဒန်ကြီးတို့ ပြန်ထွက်သွားပြီး ... ပိုင်းအတွင်းမှာပင် သူတို့၏ စတိုးဆိုင်သည် မျက်လှည့်ပြလိုက်ဘိသ... အလား ရောင်းအားတက်သွားခဲ့ကြောင်း ...၊ ယခုနာရီပိုင်းအတွင်း ရော... လိုက်ရသောနှုန်းသည် ယခင်က သူတို့အနေနှင့် တစ်ပတ်ဆယ်ရက်... လောက်ရောင်းရသောနှုန်းနှင့် တူညီကြောင်း ...၊ ယခု သူတို့များမှုန်း သိ... ကြသောကြောင့် လာရောက်တောင်းပန်ခြင်း ဖြစ်ပါကြောင်း၊ ဆိုင်သို့ ... ကြွရောက်ပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြပြန်၏။ ထိုအခါ ဖိုးလန်ဒန်ကြီး... လက်ဝါးကို အသာကာပြလိုက်ပြီးနောက် ဘာစကားတစ်ခွန်းမျှ ... မဆိုဘဲ မော်တော်ကားလမ်းမကြီးတစ်လျှောက် လက်ညှိုး ထိုးပြလိုက်... ၏။ ထိုအခါ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုထွန်းနိုင်က စတိုးဆိုင်ပိုင်ရှင်အ... 'လျှောက်မမေးနဲ့၊ လျှောက်မမေးနဲ့ ...' ဟူသော အဓိပ္ပါယ်မျိုးဖြင့် ခြေ... လက်ဟန်ပြ၍ တား၏။ စတိုးဆိုင်ပိုင်ရှင် လင်မယားကလည်း ငွေတ... အစိတ်တိတိ ခရီးစရိတ်အဖြစ် ထောက်ပံ့လှူဒါန်းပြန်၏။

ထို့နောက်တွင်ကား ဖိုးလန်ဒန်ကြီး၊ ရာဇာနှင့် ရတနာတို့ သုံး... သည် ပြည်လမ်းမကြီးအတိုင်း တရွေ့ရွေ့ ခရီးဆက်လာခဲ့ကြလေတော့... သစ်ပင်ရိပ်ကောင်းသည့် အခါများ၌ နား၏။ ပြီးလျှင် တရွေ့ရွေ့ ဆက်... လျှောက်ကြလေ၏။ ထိုသို့ လျှောက်လာကြရင်း ရာဇာက –

"ဖိုးလန်ဒန်ကြီး...၊ စောစောကလူတွေ ပေးလိုက်တဲ့ ပိုက်ဆံ... ကို ကျွန်တော် မသုံးချင်ဘူး ...၊ သူတို့က ခင်ဗျားတို့ ကျုပ်တို့ကို ဘိုးတော်... လိုလို၊ ဝိဇ္ဇာလိုလို၊ ဘာလိုလို ညာလိုလို အောက်မေ့ပြီး လှူလိုက်ကြတာ... ဗျ...၊ ကျုပ်တို့ က ဟုတ်မှမဟုတ်ဘဲ၊ ဒုက္ခရောက်လို့ ထွက်လာကြတဲ့ ...





တွေပဲဟာ...၊ ဒီလိုကြီးတော့ လိမ်ညာပြီး မစားချင်ဘူးဗျာ ...၊ လိမ်ညာပြီးမှ စားရတဲ့ အရသာထက် ငါ ရိုးရိုးသားသားနဲ့ အငတ်ခံနိုင်တယ်ဟေ့ဆိုတဲ့ အရသာက ပိုပြီး ပီတိဖြစ်ဖို့ကောင်းပါတယ်ဗျာ..." ဟု ပြောလိုက်လျှင် ဖိုးလန်ဒန်ကြီးက –

"ငါတို့ လိမ်မှ မလိမ်ဘဲကွ၊ ငါတို့ဟာ ဘာဖြစ်ပါတယ်ဆိုတာ တစ်ခွန်းမှ မပြောဘူး၊ သူတို့ဟာသူတို့ လိုရာဆွဲတွေးပြီး ထင်ချင်သလို ထင်သွားကြတာကတော့ ငါလည်း ဘယ်တတ်နိုင်မလဲကွ...၊ မလိမ်တာ မညာတာကတော့ ငါ့ကိစ္စ...၊ ထင်ချင်သလို ထင်ကြတာက သူတို့ကိစ္စလေကွာ...၊ သူတို့ကိစ္စထဲ ငါက ဘာလို့ဝင်ပြီးပတ်သက်ရမှာတဲ့တုံး...၊ သူတို့ စိတ်ချမ်းသာသလို ထင်ပါစေကွာ..." ဟု တစ်လုံးချင်း ပြန်၍ပြောပြလေ၏။ ထိုအခါ ရတနာက လက်ခုပ်လက်ဝါးတီး၍ –

"ဟုတ်တယ်...ဟုတ်တယ်၊ ဒါ အမှန်ပဲ၊ ဒါ သစ္စာတရားပဲ၊ မှန်တယ်ဆိုတာကလည်း ဖိုးလန်ဒန်ကြီးရဲ့ပါးစပ်က ထွက်လာတဲ့စကားမို့ ဘက်လိုက်ပြီးပြောတာ မဟုတ်ဘူးနော် ...၊ ဘယ်သူ့ပါးစပ်ကပဲ ထွက်ထွက် လက်ခံရမှာပဲ..." ဟု လက်ဝါးလေးနှစ်ဖက်ကို ခါကာခါကာ စွာတာစွာတာ လေသံလေးဖြင့် ပြောလိုက်ရာ ဖိုးလန်ဒန်ကြီးက သဘောကျစွာဖြင့် 'တဟားဟား' ဟားတိုက်ပြီး ရယ်လေ၏။ ရာဇာကမူ ခေါင်းကို တွင်တွင်ကုတ်ရင်း –

"ဒုက္ခပါပဲ၊ ဒီနှစ်ယောက်ကတော့ ပေါင်းမိသွားပြီဟေ့..." ဟု ရေရွတ်နေလေတော့၏။ ထို့နောက် ဖိုးလန်ဒန်ကြီးက ဆက်လက်၍ –

"ကျွန်ုပ်၏ ချစ်လှစွာသော လူကလေးမောင်ရာဇာ...၊ တစ်ခု မှတ်ထားလိုက်စမ်းပါ၊ လောကကြီးမှာ လူတချို့ဟာ အလိမ်ခံချင်နေကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်…၊ လိမ်မယ့်လူကို တတမ်းတမ်း တတတလုပ်ပြီး ကြိုဆိုနေတတ်ကြ တယ်၊ လိမ်ညာပြီးမှ စားသောက်ရတယ်ဆိုတဲ့ လူတွေကို ဒါဖြင့် အံ့သြလို့ မဆုံးဘူး၊ မလိမ်ပါ မညာပါဘဲလျက် သူတို့ကိုယ်တိုင်က အလိုလို အလိမ်ခံသွားတဲ့လူတွေ လောကကြီးမှာ ရှိနေတာပဲကွာ…၊ လိမ်နေ ညာ နေစရာ မလိုပါဘူး'' ဟု ပြောလိုက်ပြန်ရာ ရတနာက လက်ခုပ်လက်ဝါး တီး၍ ထောက်ခံပြန်လေ၏။ ရာဇာကမူ –

''ဘာတွေလဲဗျာ…၊ ကျုပ်တော့ ရှုးချင်လာပြီ၊ ဘာပဲဖြစ်ဖြစ်ဗျာ– ကျုပ်ကတော့ ကျုပ်အတွက်လည်း အရှုံးမရှိပါဘူး၊ ရောက်လေရာရာ ဝတ်မှုန်ရဲ့သတင်းကို စုံစမ်းရလိမ့်မယ်…'' ဟု ပြောလိုက်လေ၏။

ဤသို့ဖြင့် ဖိုးလန်ဒကြီးတို့ သုံးဦးသားသည် အိပ်လိုက် နားလိုက် စားလိုက် လျှောက်လိုက်ဖြင့် ခရီးတည့်ရာ လျှောက်လာခဲ့ကြရာ အောင်ပင် မြို့သို့ ဝင်ရောက်လာကြလေတော့၏။ လမ်းတစ်လျှောက်လုံးတွင်လည်း အထက်ကအတိုင်းပင် တံဆိပ်ကလေးများကို အသုံးပြု၍ စားရေးသောက် ရေး အလှူအဆင်ပြေလာခဲ့ကြသည်ဖြစ်ရာ ယခုအခါ၌ သူတို့၏လက်ထဲ တွင် ငွေပိုငွေလျှံကလေးများပင် အတော်အတန် ရှိနေပြီဖြစ်၏။

ဘာမှန်းမသိသော အဘိုးကြီးတစ်ဦး၊ လူရွယ်တစ်ဦးနှင့် မိန်းမပျို တစ်ဦးတို့သည် ခြေကျင်ခရီးနှင်ရင်း လမ်းခရီးတစ်လျှောက်၌ ငွေကြေး အဆင်ပြေစေသော အဆောင်များ၊ အချစ်ရေးအဆင်ပြေစေသော အဆောင် များ၊ ဈေးရောင်းကောင်းစေသော အဆောင်များ၊ အခက်အခဲ အကျပ် အတည်းမှ လွတ်မြောက်စေသော အဆောင်များ ကျန်းမာရေးအတွက် အဆောင်များ စသည်စသည်ဖြင့် ဝေပေးနေသည်ဟူသည့် ကောလာဟ သည်လည်း ပြည်လမ်းမကြီးတစ်လျှောက် ပျံ့လွင့်နေလေတော့သတည်း…

> ''လောကကြီးမှာ
> လူတချို့ဟာ
> အလိမ်ခံချင်နေကြတယ်၊
> လိမ်မယ့်လူကို
> တတမ်းတမ်း တတတ
> လုပ်ပြီး ကြိုဆိုနေတတ်
> ကြတယ်''



www.burmeseclassic.com

www.burmeseclassic.com





ကျွန်ုပ်သည် အဘဆရာကြီးမင်းသိခ်နှင့်အတူ နေထိုင်ရင်း အဘထံမှ ဂမ္ဘီရပညာရပ်ပေါင်းများစွာကို ဆည်းပူးသင်ကြားခွင့်ရခဲ့ပါသည်။ အဘသင်ကြားပေးသော ပညာရပ်များတွင် အရှေ့တိုင်းပညာရပ်များ ပါဝင်သကဲ့သို့ အနောက်တိုင်းပညာရပ်များလည်း ပါဝင်၏။ အရှေ့နှင့် အနောက် ရောစပ်နေသော ပညာရပ်များလည်း ပါဝင်၏။ ထိုအထဲတွင်မှ ရုဏ္ဏိဟူသော ပညာရပ်တစ်ခုကို ကျွန်ုပ်သည် အထူးစိတ်ဝင်စားခဲ့၏။ ထိုပညာရပ်မှာ မျဉ်းကြောင်းများ၏ အားကို သို့မဟုတ် စွမ်းရည်ကို လိုအပ်သလိုအသုံးချသော ပညာရပ်ပင်ဖြစ်၏။ လွန်ခဲ့သော ဘီစီ (၁၇၀၀၀)ခန့်ကပင် ရှေးဦးလူသားတို့သည် ဤပညာရပ်ကို အသုံးချခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



(ဤပညာရပ်အတိုင်း မဟုတ်လျှင်ပင် ဤပညာရပ်၏အခြေခံကို သောင်ခဲ့ကြခြင်း ဖြစ်ပေလိမ့်မည်) အမှန်စင်စစ်အားဖြင့် ဤပညာရပ်သည် အဆောင်သဘော၊ ယတြာသဘောမျှသာမဟုတ်မူဘဲ အသိဉာဏ်၊ တရားဓမ္မနှင့် လောကအကြောင်းကိုလည်း လက်ညှိုးထိုးပြနေသော ပညာရပ်ကြီးတစ်ခုဖြစ်လေ၏။ လောကီပညာရပ်များနှင့် ပတ်သက်လာလျှင် ရှေးသူဟောင်းတို့သည် 'ဉာဏ်ချင်းတူလျှင် ယှူပေရော့' ဟူ၍ နောင်းလူတို့ကို စိန် ခေါ်သွားလေ့စမြဲဖြစ်တတ်၏။ သို့မဟုတ် 'မသိသူကျော်သွား သိသူ ဖော်စား' ဟူ၍ တစ်ကွက်ချန်သွားခဲ့တတ်ကြ၏။ (ဤသည်ပင်လျှင် လောကီပညာရပ်အတော်များများ ဤလောကမှ ဆိတ်သုဉ်းသွားခဲ့ရခြင်း၏ အရင်းခံအကြောင်း ဖြစ်မည်ထင်၏။)

ထိုရုန္နီဆိုသောပညာရပ်ကြီး၏ သက်တမ်းသည် ရှည်မြင့်လှပြီ ဖြစ်ရာက နယ်မြေဒေသအလိုက် မူကွဲများရှိနေပေ၏။ ဂျာမန်ရုန္နီ၊ အင်္ဂလိပ်ရုန္နီ၊ စကင်ဒီနေဗီယန်ရုန္နီ စသည်စသည်ဖြင့် မူကွဲများ တွေ့ရ၏။ အမှန်စင်စစ်အားဖြင့် ဤပညာရပ်ကြီးသည် လူသားတို့အတွက် ရှေးအကျဆုံးသော ပညာရပ်ကြီးတစ်ခုဟုပင် ဆိုနိုင်၏။ ရှေးကျလှပြီ ဖြစ်သည်နှင့် အမျှ ဂမ္ဘီရအစွမ်းအာနိသင်များလည်း များစွာကိန်းအောင်းနေပြီ ဖြစ်လေတော့၏။

ကမ္ဘာပေါ်တွင် ဘာသာစကားများထက် ရှေးဦးစွာ သင်္ကေတဖြင့် ဆက်သွယ်သော ပညာရပ်သည် ပေါ်ပေါက်ခဲ့၏။ ကမ္ဘာဦးလူသားတို့သည် ဘာသာစကားတစ်ခုကို ပြည့်စုံအောင် မဖွဲ့စည်း မတည်ဆောက်နိုင်မီ လက်ဟန်ခြေဟန်ဖြင့် အချင်းချင်း ဆက်သွယ်ခဲ့ကြရကုန်၏။ ထိုမှတစ်ဆင့် တက်၍ ထိုသင်္ကေတများကို ကျောက်တုံးများ၊ ကျောက်နံရံများ၌





ရေးသားပြခြင်းဖြင့် ဆက်သွယ်ခဲ့ကြရ၏။

ယခုဖော်ပြနေသော ရုန္နီပညာရပ်ဆိုသည်မှာ ကမ္ဘာဦးလူသားတို့ အချင်းချင်း ဆက်သွယ်ခဲ့ကြသော အသံဘိတ် စကားလုံးများ ... သို့မဟုတ် သင်္ကေတများပင် ဖြစ်လေတော့၏။ ထို အကြောင်းကို (The ancient, "Written-but-not-spoken") ဟူ၍ ပြောလေ့ရှိကြကုန်၏။ ရုန္နီဆိုသော စကားလုံးသည် (Raunen) ဟူသော ဂျာမာန်စကားမှ ဆင်းသက်လာခဲ့ခြင်းဖြစ်၏။ ဂမ္ဘီရသုတေသနရှင်များက (To whisper secrets) 'တီးတိုးဂမ္ဘီရစကား' ဟု ခေါ်ဝေါ်လေ့ရှိကြကုန်၏။

အမှန်စင်စစ်အားဖြင့် ထိုသင်္ကေတများသည်



[illegible]



[illegible]



[illegible]

www.burmeseclassic.com




အခြားမဟုတ်။ ကျန်းမာရေး၊ အချစ်ရေး၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ချမ်းသာကြွယ်ဝခြင်း၊ သြဇာအရှိန်အဝါ၊ သားရေး သမီးရေး၊ မိသားစုအရေး... စသည် စသည် လူသားတို့နှင့် ကင်းလွတ်၍မရစကောင်းသော အကြောင်းအရာများကို ဖော်ညွှန်းနေသည့် အသံတိတ်ဂမ္ဘီရ စကားလုံးများပင် ဖြစ်လေတော့၏။

အဘဆရာကြီး ...င်းသိမ်းသည့် ထိုပညာရပ်များ ...ကို နှံ့စပ်အောင် လေ့လာပြီး သည့်နောက် တပည့်များ အတွက် အလွယ်ကူဆုံးဖြစ် အောင် ပြန်လည်သင်ကြားပေး ...၏။

ဤနေရာတွင် ကျွန်ုပ် ...၏ မှတ်စုကို ဖော်ပြလိုက်ပါ သည်။







www.burmeseclassic.com

www.burmeseclassic.com















www.burmeseclassic.com

www.burmeseclassic.com






[illegible]



[illegible]



[illegible]



[illegible]



[illegible]



[illegible]

www.burmeseclassic.com

www.burmeseclassic.com













www.burmeseclassic.com

www.burmeseclassic.com

ဈေးသူဟောင်းတို့သည်
'ဉာဏ်ချင်းတူလျှင်
ယူပေရော့' ဟူ၍
နှောင်းလူတို့ကို
စိန်ခေါ်သွားတတ်၏။
သို့မဟုတ်
'မသိသူကျော်သွား၊
သိသူဖော်စား' ဟူ၍
တစ်ကွက်
ချန်သွားခဲ့တတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



# ဝေဖန်ရေးရှုမြင်





www.burmeseclassic.com

www.burmeseclassic.com



ရာဇာ၊ ဗိုးလန်ဒန်ကြီးနှင့် ရတနာတို့သုံးဦးသားသည် မော်တော်ကားလမ်းဘေးရှိ လွန်စွာအရိပ်အာဝါသကောင်းလှသော ကုက္ကိုပင်ကြီးအောက်၌ ခြေပစ်လက်ပစ်ထိုင်ရင်း အမောပြေနေကြလေ၏။ ဗိုးလန်ဒန်ကြီးသည် ကုက္ကိုပင်ကြီးကိုမှီ၍ ဆေးပေါ့လိပ်ကို ဖွာနေရင်းမှ ရာဇာဘက်သို့လှည့်ကာ –

"မင်းရဲ့ပန်းချီကားကြီးကိုလည်း ပြစမ်းပါဦး..." ဟု ပြောလိုက်ရာ ရာဇာလည်း စက္ကူများဖြင့်ပတ်၍ ထုပ်ပိုးထားသော ၎င်း၏ ပန်းချီကားကြီးကို ဗိုးလန်ဒန်ကြီး၏ ရှေ့၌ ထောင်ပြလိုက်၏။ ဗိုးလန်ဒန်ကြီးသည် ရာဇာ၏ ဝေဇယန္တာဘုံနန်းပန်းချီကားကြီးကိုကြည့်ရင်း –

"ဂွတ်ဒ်ထ...ဂွတ်ဒ်ထ၊ ဂွတ်ဒ်လင့်တည်း၊ ဂွတ်ဒ်လင့်တည်း..." ဟု ရေရွတ်ကာ ခေါင်းတဆတ်ဆတ် ညိတ်နေလေ၏။ ရတနာသည် ခါးကလေးကို ဟန်ပါပါထောက်၍ ရာဇာ၏ပန်းချီကားကြီးကို ငုံ့ကြည့်ရင်း–

"ဟွန်း...ပန်းချီကားဆိုလို့ ဘာတွေများ ဆွဲထားတာလဲလို့ ကြည့်လိုက်ပါတယ်၊ လျှောက်ပြီးကြောင်ခြစ်ထားတာကိုး...၊ တော်တော်ညံ့တာပါလား..." ဟု မဲ့ကာရွဲ့ကာ ပြောလိုက်ရာ ရာဇာသည် ရုတ်တရက် ထောင်းကနဲ ဒေါသထွက်သွားသောကြောင့် ရတနာ၏ပခုံးကို လက်သီးဆုပ်ဖြင့် ထု၍ –

"သေခြင်းကောင်းမလေး ...၊ နင်က ပန်းချီဘယ်လောက် နားလည်လို့ ပန်းချီကားကို ကောင်းတယ်ဆိုးတယ် ဝေဖန်ရတာတဲ့တုံး..." ဟု ပြောလိုက်လေ၏။ ထိုအခါ ရတနာက အမြင်ကပ်စရာကောင်းလောက်အောင် တခစ်ခစ်ရယ်မောရင်း–

"ဒီလိုရှိတယ် မောင်ရာဇာလေးရဲ့ မမ ပုံပြင်လေးတစ်ပုဒ် ပြော





ပြမယ်၊ ဟိုး... ရှေးရှေးတုန်းကပေါ့ကွယ် ...၊ မြင်းတစ်ကောင်နဲ့ ခွေးတစ်ကောင်ဟာ နှစ်ယောက်သား (အဲလေ...)နှစ်ကောင်သား လမ်းလျှောက်ထွက်လာကြရင်း လမ်းမှာ ဘုတ်အုပ်ကြီးတစ်အုပ် တွေ့သတဲ့ ...၊ ကလေးတို့ နားလည်အောင်ပြောရရင် ဘုတ်အုပ်ဆိုတာ စာအုပ်ကို ပြောတာနော်၊ ဟိုးရှေးရှေးတုန်းကဆိုရင် လျှပ်စစ်မီးသီးကို ဘတ်သီးလို့ ခေါ်ကြတယ်၊ ရုပ်ရှင်ကို ဓာတ်ရှင်လို့ ခေါ်ကြတယ်၊ ဒါတွေ ထားပါတော့လေ... ကိုရွှေမြင်းဟာ ဘုတ်အုပ်ကြီးကိုလည်းတွေ့ရော မျက်မှန်ကိုထုတ်၊ ဖုန်သုတ်ပြီး ဘုတ်အုပ်ကြီးကို လှန်ကြည့်သတဲ့၊ ပြီးတော့ 'တော်တော်ကောင်းတဲ့ စာအုပ်ပါကလား...၊ လောကကြီးမှာ အင်မတန် အရေးကြီးတဲ့ ...၊ အင်မတန် အဖိုးတန်တဲ့အကြောင်းအရာတွေကို ရေးသားထားတာပဲ...' လို့ အားပါးတရ ချီးကျူးလိုက်သတဲ့ ...၊ အဲဒီအခါ ခွေးက 'ဟော့ကောင် ဟော့ကောင်၊ ဘာတွေများ ရေးထားတာလဲကွ...' လို့ မေးလိုက်တော့ မြင်းက 'မြက်နုနုလေးတွေရဲ့အကြောင်း၊ ကုလားပဲတွေရဲ့အကြောင်း၊ ပြောင်းနှံ လတ်လတ်ဆတ်ဆတ်တွေရဲ့အကြောင်းတွေ ရေးထားတာကွ၊ ကောင်းလိုက်တဲ့ စာအုပ်ကွာ၊ ငါဖြင့် ဖတ်ရင်း သွားရေတောင် ယိုလာတယ်ဟေ့...' လို့ ပြန်ပြောသတဲ့၊ အဲဒီတော့ ခွေးက 'ထပ်...ထပ်ပြီး ရှာကြည့်စမ်းပါဦးကွာ၊ အမဲရိုးအကြောင်းတို့၊ ထန်းလျက်ခဲအကြောင်းတို့၊ ကြက်ပေါက်စလေးတွေအကြောင်းတို့ကော မပါဘူးလား...'လို့ မေးလိုက်တဲ့အခါ မြင်းက စာရွက်တွေကို ဟိုဟိုဒီဒီလှန်ရင်း 'အဲဒါတွေအကြောင်းတော့ မပါဘူးကွ...' လို့ ပြောပြီး မျက်မှန်ကို ချွတ်လိုက်သတဲ့ ...၊ အဲဒီအခါမှာ ခွေးက 'အသုံးမကျတဲ့ စာအုပ်၊ လုံးဝမကောင်းဘူး၊ အဖိုးမတန်တာတွေ လျှောက်ရေးထားတာ...' လို့ ပြောရင်း ဒေါသတကြီးနဲ့ ဘုတ်အုပ်ကို ပိတ်ကန်ပစ်လိုက်သတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်ကလေးကတော့ ဒါပဲပဲကွယ်၊ လောကကြီးမှာ ဘာဝေပန်ရေးပဲဖြစ်ဖြစ် ဒီသဘောနဲ့ မလွတ်နိုင်ပါဘူး မောင်ရာဇာလေးရယ်..'' ဟု ဟန်နှင့်ပန်နှင့် ပြောလိုက်လျှင် ရာဇာသည် အံကိုကြိတ်၍ မကျေမချမ်း ရေရွတ်လိုက်လေ၏။ ထိုအခါ ရတနာက ခစ်ကနဲ တစ်ချက် ရယ်လိုက်ပြန်ပြီးနောက်-

*''နတိ သဗ္ဗေသု ဌာနေသု၊ ပုရိသော တောတိ ပဏ္ဍိတော။*
*ဣတ္ထီပိ ပဏ္ဍိတာ၊ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခ ဏာ။*
*သဗ္ဗေသု ဌာနေသု၊ အလုံးစုံသော အရာဌာန မှန်သမျှတို့၌၊*
*ပုရိသောတိ၊ အတောင်(၂၀)ဝတ် မင်းယောကျ်ားသည်သာလျှင်၊*
*ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်၊ နတောတိ၊*
*ဖြစ်သည်မဟုတ်ပါချေ။ တတ္ထ တတ္ထ၊ ထိုထိုအရာဌာန*
*မှန်သမျှတို့၌၊ ဝိစက္ခဏာ၊ အခြေအနေ အချိန်အခါနှင့်*
*ကိုက်ညီအောင် စဉ်းစားဆင်ခြင် မြော်မြင်နိုင်စွမ်းသော၊*
*ဣတ္ထီပိ၊ သုံးတောင်ဝတ် အမျိုးသမီးသည်လည်း၊*
*ပဏ္ဍိတာဟောတိ၊ ကျိုးကြောင်းမြင်သိ ပညာရှိသူ*
*ဖြစ်နိုင်ပါပေသတည်း..''*

ဆိုတာ မကြားဖူးဘူးလား...''ဟု ဟန်နှင့်ပန်နှင့် ဌာန်ကရိုဏ်းကျကျ ရွတ်ပြ လိုက်ပြန်ရာ ရာဇာလည်း ထပ်မံ၍ မကျေမချမ်းဖြင့် ရေရွတ်လိုက်ပြန်၏။ ဖိုးလန်ဒန်ကြီးကမူ သဘောကျစွာဖြင့် တဟားဟား ရယ်မောရင်း ရတနာ၏ ခေါင်းကလေးကို ချစ်စနိုး ပုတ်လေ၏။

ထို့နောက် ဖိုးလန်ဒန်ကြီးသည် ရာဇာ၏ ပန်းချီကားကြီးအား သေချာစူးစိုက်၍ ကြည့်လိုက်ပြန်ပြီးနောက် –

''တော်တော့်ကို ကောင်းနေပါပြီ ...၊ ပိုကောင်းသွားအောင်





ဟောဒီလို လုပ်ရမယ်ကွ...'' ဟုဆိုကာ သူ၏ အိတ်ထဲမှ ကြေးမီးခြစ်ကြီး ကိုထုတ်၍ မီးခြစ်လိုက်ပြီးလျှင် ပန်းချီကား၏ထောင့်မှစ၍ မီးရှို့လေတော့၏။

ရုတ်တရက်ကြီးဖြစ်ရကား ရာဇာသည် မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် အကြောင်သား ငေးကြည့်နေမိ၏။ ထို့နောက် တွင်မှ သတိပြန်ဝင်လာကာ ဖိုးလန်ဒန်ကြီး၏လက်ထဲမှ ပန်းချီကားကို ဇွတ်အတင်း ဆွဲ၍လုလေ၏။ သို့ရာတွင် များစွာနောက်ကျသွားပြီဖြစ်၏။

ရာဇာ၏ ဝေဇယန္တာဘုံနန်းပန်းချီကားကြီးမှာ မီးကောင်းစွာ တောက်လောင်နေပေပြီ။ ရာဇာသည် မီးတောက်လောင်နေသော သူ၏ ပန်းချီကားကြီးကို လက်နှစ်ဖက်ဖြင့် တင်းကြပ်စွာ ကိုင်၍မြှောက်ထားရင်း–

''ခင်ဗျားကြီး ရက်စက်တယ်...'' ဟု ယူကြုံးမရ ဖြစ်လှစွာသော ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်လိုက်လေ၏။ ဖိုးလန်ဒန်ကြီးကမူ ရာဇာ၏ အမူအရာကိုကြည့်လျက် သဘောအကျကြီးကျစွာဖြင့် အားရပါးရ ဟား ဘိုက်၍ ရယ်မောနေလေ၏။ ရတနာကမူ ၎င်းတို့နှစ်ဦးအား နားမလည် နိုင်စွာဖြင့် ငေး၍ကြည့်နေ၏။

ရာဇာသည် ယူကြုံးမရ အော်ဟစ်နေပြီးနောက် နောက်ဆုံးတွင် ကား မီးမလောင်ကျွမ်းဘဲ ကျန်ရစ်ခဲ့သော ပန်းချီကား သစ်သားဘောင်ကို ကိုင်ထားရင်း မြေကြီးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။ ထို့နောက် ယောကျ်ားကြီးတန်မဲ့ ဝမ်းနည်းပက်လက် တရှုံ့ရှုံ့ ငိုကြွေးနေလေတော့၏။ ဖိုးလန်ဒန်ကြီးသည် ရယ်မောခြင်းကို တဖြည်းဖြည်း ရပ်လိုက်၏။ ထို့နောက် ရာဇာ၏ဘေးတွင် ဝင်၍ထိုင်လိုက်ပြီးလျှင် ရာဇာ၏ ပခုံးအား လွန်စွာယုယ ကြင်နာစွာသော လက်များဖြင့် သိုင်းဖက်လိုက်လေ၏။ ထို့နောက် ရာဇာ၏ မျက်နှာအား စေ့စေ့ကြည့်လိုက်ပြီးလျှင် ရင်ထဲမှလာသော လေသံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အောက်ပါအတိုင်း ပြောလေတော့၏။ ဖိုးလန်ဒန်ကြီး၏လေသံသည် နှလုံးအိမ်မှ ထွက်လာသည်ဟုလည်း ဆိုနိုင်၏။ ကရုဏာဓာတ်၊ မေတ္တာဓာတ် ဩဇာဓာတ်များလည်း ရောယှက်ကိန်းအောင်းနေလေ၏။

''လူကလေး... မောင်ရာဇာ ...၊ သိပ်ပြီး စိတ်မကောင်းဖြစ်သွားသလား။ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ...၊ လူကလေးအတွက် အဆင့်တစ်ဆင့်မြှင့်ပေးချင်လို့ပါ ...၊ ဒါကို လူကလေးအနေနဲ့ ရုတ်တရက် သဘောပေါက်ဖို့တော့ ခဲယဉ်းပါလိမ့်မယ်၊ ငါ အတတ်နိုင်ဆုံး ဥပမာတစ်ခုနဲ့ ရှင်းပြရမယ်ဆိုရင်တော့ ရစ်ချက်ဘတ်ခ်ဆိုတဲ့ စာရေးဆရာကြီးတစ်ယောက် ရေးတဲ့ ဂျွန်နသန်လီးဗင်းစတုန်းဆီးဂဲလ် (ယောနသံစင်ယော်) ဆိုတဲ့ စာအုပ်တစ်အုပ်ရှိတယ်ကွ၊ အဲဒီအထဲက ယောနသံဆိုတဲ့ စင်ယော်လေးတစ်ကောင်ဟာ ပျံသန်းနည်းအမျိုးမျိုးကို လေ့ကျင့်လိုက်တာ နောက်ဆုံးမှာ လောကမှာ ရှိတဲ့ သာမန်စင်ယော်တွေအနက် သူဟာ အကျွမ်းကျင်ဆုံး ဖြစ်သွားတယ်၊ ဒီလိုနဲ့တစ်နေ့မှာတော့ ဆရာကြီးချမ်းဆိုတဲ့ စင်ယော်အဘိုးကြီးတစ်ကောင်နဲ့ ဆုံမိတယ်၊ အဲဒီအဘိုးကြီးက ယောနသံရဲ့ရှေ့မှာ သူ့ရဲ့စွမ်းရည်ကိုပြတယ်၊ တစ်နေရာကနေ တစ်နေရာကို ပျံသွားလိုက်တာ မြန်လွန်းအားကြီးလို့ မျက်စိနဲ့တောင် မမြင်ရဘူးဆိုပဲ၊ ဒီနေရာကနေ 'ဖျပ်' ခနဲပျောက်၊ ဟိုးမှာသွားပြီး 'ဂွပ်' ခနဲပေါ်လာတယ်လို့ ထင်ရလောက်အောင်ကိုပဲ မြန်လွန်းသတဲ့..၊ ဒီတော့ ယောနသံကလည်း အဲဒီအဘိုးကြီးလိုလိုက်ပြီးပျံကြည့်တယ်..၊ ဒါပေမဲ့ မရပါဘူးကွယ် ...၊ ငါတို့ လူလိုပြောရမယ်ဆိုရင်တော့ ယောနသံက သာမန်လူသားတစ်ယောက်ရဲ့ စွမ်းရည်မျိုးနဲ့ ပျံသန်းတာမျိုး ဖြစ်တယ်၊ အဘိုးကြီးကတော့ ရုပ်ပါနေထရယ်ပါဝါလို့ခေါ်တဲ့ သဘာဝလွန် စွမ်းရည် ...၊ ဒါမှမဟုတ် သိဒ္ဓိရှင်တစ်ယောက်ရဲ့ စွမ်းရည်မျိုးနဲ့





ပျံသန်းတာ ဖြစ်လေတော့ သက်ရောက်မှုချင်းဟာ မိုးနဲ့မြေလို ကွာနေတော့တာပေါ့ ...၊ အဲဒီအခါကျတော့မှ အဘိုးကြီးက သူ့လိုစွမ်းရည်မျိုးရှိအောင် လုပ်ရမယ့် နည်းလမ်းကလေးကို ပြောပြတယ်၊ နည်းလေးက တော်တော့်ကို လွယ်ပါတယ်၊ လွယ်လွန်းလို့ 'လွယ်..လွယ်...'နဲ့တောင် မြည်နေတယ်၊ ဒါပေမဲ့ သေမတတ် ခက်တယ်...၊ ခက်လွန်းလို့ 'ခက်..ခက်...'နဲ့တောင် မြည်နေတယ် ...၊ အဲဒီအဘိုးကြီး ပြောပြတဲ့နည်းက ဘယ်လိုလဲဆိုတော့...'' ဟု အစချီလိုက်ပြီးလျှင် ဖိုးလန်ဒန်ကြီးသည် ဆေးပေါ့လိပ်တိုထိပ်မှ ပြာများကို လက်ညှိုးဖြင့် ဖိသိပ်လိုက်ပြီးနောက် ကြေးမီးခြစ်ကြီးကို တဂျောက်ဂျောက် ခြစ်၏။ ထို့နောက် ဆေးပေါ့လိပ်ကို မီးညှိကာ စိမ်ပြေနပြေ ရှိုက်ဖွာနေပါလေတော့သတည်း ...။ ။

www.burmeseclassic.com

အခန်း ၊ ၃၄ ၊

# မေပျာနှင့်ရာဇာ



ဗိုးလန်ဒန်ကြီးသည် ဆေးပေါ့လိပ်ကို အေးအေးလူလူပင် ရှိုက်ဖွာနေလေ၏။ ထို့နောက်တွင်မှ –

''ဒီလိုရှိတယ် လူကလေးမောင်ရာဇာ ...၊ လောကကြီးမှာ အရာအားလုံး ...ထားပါတော့လေ ...၊ ငါတို့က လူတွေဆိုတော့ လူတွေ အနေနဲ့ပဲ ပြောရမှာပေါ့ ...၊ လူတွေဟာ အချိန်ကာလဆိုတဲ့အရာနဲ့ နေရာဌာနဆိုတဲ့ အရာနှစ်ခုရဲ့ ဘောင်ထဲမှာ နေနေကြရတာဖြစ်တယ်၊ ခရီးတစ်ခုသွားတယ် ဆိုကြပါတော့ ...၊ တစ်နေရာကနေပြီးတော့ အခြားတစ်နေရာကိုရောက်ဖို့ အချိန်ဘယ်လောက်ကြာတယ်ဆိုတာ ရှိနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အမြန်နှုန်းနဲ့ပဲသွားသွား ဘယ်နှနာရီ၊ ဘယ်နှမိနစ်၊ ဘယ်နှစက္ကန့်စသည်ဖြင့် ကြာတယ်ဆိုတာ ရှိနေမှာပဲ၊ ရန်ကုန်ကနေပြီးတော့ မန္တလေးကို သွားတယ်ဆိုပါတော့ ...၊ ခြေကျင်သွားတာထက် မြင်းနဲ့သွားရင်ပိုပြီးမြန်မယ်၊ မြင်းနဲ့သွားတာထက် ကားနဲ့သွားတာက ပိုမြန်မယ်၊ ကားနဲ့သွားတာထက် လေယာဉ်ပျံနဲ့သွားတာက ပိုပြီးမြန်မယ် ...၊ ဘယ်လောက်ပဲမြန်မြန် .. အချိန်ကာလတော့ လိုအပ်နေတာပ၊ ယုတ်စွအဆုံး အသံနဲ့အမြန်နှုန်းနဲ့ သွားဦးတော့၊ အလင်းရဲ့အမြန်နှုန်းနဲ့ သွားဦးတော့ ဘယ်လောက်ကြာတယ်ဆိုတဲ့ အချိန်ကာလဟာ ရှိကိုရှိနေမှာပဲ၊ ဒီနေ့ သိပ္ပံပညာဟာ ဘယ်လောက်ကြီးပဲ တိုးတက်တိုးတက် အဲဒီအချိန်ကိုတော့ လက်မြှောက်ရမှာပဲ၊ နေရာဌာန ... ဒါမှမဟုတ် အကွာအဝေးဆိုတာကိုတော့ အရှုံးပေးရမှာပဲ၊ သိပ္ပံပညာဟာ အဲဒီအရာနှစ်ခုကိုတော့ ကျော်လွန်နိုင်မယ်မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ ရုပ်ပိုင်းဆိုင်ရာ စွမ်းအင်ကို ဖော်ထုတ်ရတာကိုးကွ၊ အေး... အဲဒီနှစ်ခုကို ကျော်လွန်နိုင်တာကတော့ စိတ်ပိုင်းဆိုင်ရာ စွမ်းရည်ပဲပေါ့၊ ယောနသိစင်ယော်ဟာလည်းပဲ ဘယ်လောက်ပဲကြိုးစားကြိုးစား အချိန်နဲ့အကွာအဝေးဆိုတဲ့ အရာနှစ်ခုကိုတော့ လက်မြှောက်ခဲ့ရတယ်၊ ဒါကြောင့် ဆရာကြီးချန်းဆိုတဲ့ အဘိုးကြီးက စိတ်နဲ့သွားတတ်အောင် လေ့ကျင့်ပေးခဲ့တာ ...၊ စိတ် ဒါမှမဟုတ် အတွေးမှာ တစ်နေရာကနေ တစ်နေရာရောက်ဖို့ အချိန်မလိုဘူးလေကွာ ...၊ အခုချက်ချင်း လကမ္ဘာကို သွားလို့ရတယ်၊ အင်္ဂါဂြိုဟ်ကို သွားလို့ရတယ်၊ ဒီတော့ ဒီနေရာဟာပဲ လကမ္ဘာဖြစ်သွားတော့တာပေါ့ ...၊ ဒီနေရာဟာပဲ အင်္ဂါဂြိုဟ် ဖြစ်သွားတော့တာပေါ့ ...၊ စိတ်ဟာ ဒါမှမဟုတ် အတွေးတာ နေရာဌာနနဲ့ အချိန်ကာလကို ကောင်းစွာ အနိုင်ယူနိုင်တယ် ကောင်လေးရေ၊



ဒါကြောင့်လည်း မင်းအနေနဲ့ ဒီနေရာ ဒီအချိန်ကနေ ပုဂံခေတ်ကို လှမ်းတွေးလို့ရတာပေါ့၊ ကျောက်ခေတ်ကို လှမ်းတွေးလို့ရတာပေါ့၊ ရောက်မလာသေးတဲ့ အနာဂတ်ကို လှမ်းမျှော်လို့ရတာပေါ့..." ဟု ရှည်လျားထွေပြားစွာ ပြောပြပြီးနောက် ဆေးလိပ်တိုကို အဝေးသို့ တောက်ထုတ်လိုက်လေ၏။ ရာဇာသည် လွန်စွာ စိတ်ရှုပ်ထွေးနောက်ကျိသွားဟန်ဖြင့် ခေါင်းကို တဖြင်းဖြင်းကုတ်လိုက်ပြီး –

"ဘာတွေလဲ ဖိုးလန်ဒန်ကြီးရယ်၊ ကျုပ်ဖြင့် ဘာကိုမှ နားမလည်နိုင်တော့ဘူး၊ ကျုပ်ရဲ့ပန်းချီကားနဲ့ အချိန်ကာလတွေ နေရာဌာနတွေနဲ့က ဘယ်လိုဘယ်လိုများ ပတ်သက်လို့တုံး..." ဟု မေးလိုက်လျှင် ဖိုးလန်ဒန်ကြီးသည် ရာဇာအား လွန်စွာကရုဏာသက်သော မျက်လုံးမျိုးဖြင့် ကြည့်လိုက်ပြီးနောက် နှစ်လိုဖွယ်ရာ တစ်ချက်ပြုံးလိုက်ရင်း –

"ဒီလိုရှိပါတယ် လူကလေးရယ်...၊ မင်းဟာ ဝေဇယန္တာဘုံနန်းကြီးကို ပိတ်စပေါ်မှာ ဆွဲနေတာပါ၊ ဘယ်လောက်ပဲ အသက်ဝင်အောင်ဆွဲဆွဲ မင်းရဲ့ဝေဇယန္တာဘုံနန်းကြီးဟာ ပိတ်စပေါ်က ဘုံနန်းကြီးလေကွာ၊ တကယ့်ဘုံနန်းမှ မဟုတ်ဘဲ၊ တကယ့်ဘုံနန်းလို့ လက်ခံမှာက မင်းရဲ့စိတ်၊ မင်းရဲ့အတွေး ...၊ ဒါမှမဟုတ် မင်းရဲ့နှလုံးသားက လက်ခံမှာလေကွာ၊ ဒီတော့ မင်းရဲ့ ဝေဇယန္တာဘုံနန်းကြီးကို မင်းရဲ့ နှလုံးသားရင်ပြင်ပေါ်မှာ တည်ဆောက်ရမှာပေါ့ကွ ..." ဟု ပြောလိုက်ပြန်လေ၏။ ရာဇာလည်း မျက်နှာကြီးရှုံ့မဲ့လျက် –

"ဗျာ...ဗျာ ... ဘယ်လို၊ နှလုံးသားပေါ်မှာ ရေးရမှာ ဟုတ်လား၊ ကျုပ်ရင်ဘတ်ကိုခွဲပြီး ဆေးမင်ကြောင်ထိုးသလို ထိုးရမှာလား..." ဟု မေးလိုက်လျှင် ဖိုးလန်ဒန်ကြီးက သဘောကျစွာဖြင့် ရယ်မောလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မှ –

''ကဲပါကွာ တည့်တည့်ပဲ ပြောလိုက်ပါတော့မယ်၊ လူမှာ မျက်ခုံး နှစ်ခုရဲ့ကြား နဖူးပြင်မှာ တတိယမျက်လုံးဆိုတာ ရှိတယ်ကွ၊ အဲဒီနေရာလေး မှာ အင်မတန် ထူးဆန်းတဲ့ ဂမ္ဘီရစွမ်းရည်သတ္တိတွေ ကိန်းအောင်းနေတယ်၊ လူတစ်ယောက်ဟာ နက်နက်နဲနဲ စဉ်းစားရတဲ့အခါ ...၊ ဒါမှမဟုတ် စိတ်ရှုပ်လို့ တစ်စုံတစ်ခုကို အဖြေရှာမရတဲ့အခါ မျက်မှောင်ကြီး ကုပ်သွားလေ့ရှိတယ် မဟုတ်လား၊ နဖူးကြောကြီးတွေ ရှုံ့သွားလေ့ရှိတယ်မဟုတ်လား၊ အဲဒါတာ အဲဒီနေရာလေးကို စူးစိုက်ပြီး အဲဒီနေရာလေးကို အကူအညီတောင်းလိုက် တာပါပဲကွာ၊ အဲဒီနေရာလေးကို တတိယမျက်လုံးလို့ခေါ်တယ်၊ ရိုးရိုးမျက်လုံး နှစ်လုံးနဲ့ မသိနိုင် မမြင်နိုင် မတွေ့နိုင်တဲ့အရာတွေကို တတိယမျက်လုံးနဲ့ ကြည့်ရတာပေါ့ကွာ၊ လူကလေးအနေနဲ့လည်း ဝေဇယန္တာဘုံနန်းကြီးကို ပိတ်စပေါ်မှာ မရေးတော့ဘဲ၊ တတိယမျက်လုံးနေရာမှာ ရေးရမယ်ကွ...'' ဟု ပြောလိုက်ပြီးနောက် ဆေးပေါ့လိပ်အသစ်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိ ကာ ရှိုက်ဖွာနေလေ၏။ ရာဇာလည်း ဖိုးလန်ဒန်ကြီးအား ပါးစပ်အဟောင်း သားဖြင့် ငေးကြည့်နေမိ၏။ ထို့နောက် ဖိုးလန်ဒန်ကြီးက ဆက်လက်၍–

''စကြဝဠာစွမ်းရည်တွေ ကိန်းအောင်းနေတဲ့ သင်္ကေတတွေကို မင်းရဲ့ တတိယမျက်လုံးနေရာမှာ တစ်ခုချင်း တစ်ခုချင်း သဲသဲကွဲကွဲ မြင် ယောင်လာအောင် စူးစိုက်အာရုံပြုရမယ်ကွ၊ ပထမတော့ နည်းနည်းခက်မှာ ပေါ့ ...၊ နောက်တော့ ကျင့်သားရလာပါလိမ့်မယ်၊ မင်းရဲ့အတွေးအာရုံ ဒါမှမဟုတ် တတိယမျက်လုံးမှာ အဲဒီသင်္ကေတလေးတွေ စွဲစွဲမြဲမြဲဖြစ်လာ တာနဲ့အမျှ သူတို့ရဲ့အာနိသင်တွေဟာလည်း ကြောက်ခမန်းလိလိ အစွမ်း ထက်လာလိမ့်မယ်၊ မင်းနဲ့ တွေ့ဆုံကြုံကြိုက်တဲ့ တစ်စုံတစ်ယောက်သော



မှာ အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာတဲ့အခါ အဲဒီကိစ္စနဲ့ ပတ်သက်တဲ့ သင်္ကေတကို မင်းရေးပေးတဲ့အခါမှာလည်း မယုံနိုင်စရာ ကောင်းလောက်အောင် အဲဒီလူအတွက် အကျိုးကျေးဇူးထူးစေပါလိမ့်မယ်၊ တစ်စုံတစ်ယောက်သောသူကို သူအလိုရှိတဲ့ကိစ္စ ပြီးမြောက်အောင်မြင်စေ တယ်ဆိုတာဟာ မင်းအနေနဲ့ သူ့ကို ဝေဇယန္တာဘုံနန်းကြီးဆီ အရောက် ပို့ပေးနိုင်တဲ့ သဘောပဲပေါ့ ငါ့လူရယ် ...'' ဟု ပြောလိုက်သောအခါ ရာဇာ လည်း အနည်းငယ် သဘောပေါက်သလိုလိုဖြစ်လာသောကြောင့် ခေါင်း တဆတ်ဆတ် ညိတ်နေမိလေ၏။ ထို့နောက် –

''တုတ်ပါပြီ ဖိုးလန်ဒန်ကြီးရယ် ခင်ဗျားပြောတဲ့အတိုင်းဖြစ်အောင် ကျုပ် လုပ်ပါမယ်၊ ဒါဖြင့် ဘယ်တော့လုပ်ရမှာလဲ၊ ဘယ်နေရာမှာ လုပ်ရ မှာလဲ...'' ဟု မေးလိုက်ရာ ဖိုးလန်ဒန်ကြီးက ရာဇာအား မျက်စောင်းခဲ၍ ကြည့်လိုက်ရင်း –

''ဟေ့ကောင်...ဟေ့ကောင်၊ မင်းတို့ငါတို့အတွက် အချိန်တွေ နေရာတွေဆိုတာ မလိုဘူးလေကွာ၊ ဟိုးယားအင်နောင်း ဟိုးယားအင်နောင်း ဒီနေရာပဲ ဒီအချိန်ပဲဟေ့၊ အဲဒီတော့ အခုပဲ ဟောဒီနေရာမှာ မင်းရဲ့ ဝေဇယန္တာ ဘုံနန်းကြီးကို တည်ပေတော့ဟေ့...'' ဟု အားရပါးရပြောလိုက်လျှင် ရာဇာ လည်း ဖိုးလန်ဒန်ကြီးအား လက်မထောင်ပြလိုက်ရင်း 'အိုကေ'...'' ဟု တက်ကြွစွာ အော်ဟစ်လိုက်လေတော့၏။ ရတနာမှာမူ ဖိုးလန်ဒန်ကြီးနှင့် ရာဇာတို့ ပြောဆိုနေကြသည်များကို ဘေးမှ နားထောင်ရင်း –

''ဝေ ဇ ယ န္တာ ဘုံ န န်း ...

''ဝေ ဇ ယ န္တာ ဘုံ န န်း ...'' ဟု

တစ်လုံးချင်း ရေရွတ်နေပါလေတော့သတည်း ...။ ။



www.burmeseclassic.com

www.burmeseclassic.com

"သိပ္ပံပညာဟာ
ဘယ်လောက်ကြီးပဲ
တိုးတက်တိုးတက်
အဲဒီအချိန်ကိုတော့
လက်မြှောက်ရမှာပဲ၊
နေရာဌာန ဒါမှမဟုတ်
အကွာအဝေး
ဆိုတာကိုတော့
အရှုံးပေးရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၃၅ ၊

## ဇာတ်ကြောင်းပြန်သည့်ရှုဒေါက်



ရာဇာတို့သုံးဦးသားသည် ပြည်လမ်းမကြီးအတိုင်း တရွေ့ရွေ့ လျှောက်လာခဲ့ကြ၏။ လမ်းတစ်လျှောက် နား သော နေရာတိုင်း၌ ရာဇာသည် တင်ပျဉ်ခွေထိုင်ပြီးလျှင် ဗိုးလန်ဒန်ကြီး သင်ပြထားသည့်အတိုင်း မျက်ခုံးနှစ်ခုအကြား တတိယမျက်လုံးနေရာတွင် အာရုံစူးစိုက်၍ စကြဝဠာတံဆိပ်များကို မြင်အောင်ကြည့်သော လေ့ကျင့်ခန်း ကို တစ်စိုက်မတ်မတ် ပြုလုပ်လေ၏။

www.burmeseclassic.com



ပထမပိုင်းတွင် အနည်းငယ်အခက်အခဲတွေ့သော်လည်း နောက်ပိုင်းတွင် လွန်စွာလွယ်ကူလာ၏။ လမ်းတွင် တွေ့သောသူများအတွက် တံဆိပ်များ ရေးပေးရသောအခါများတွင်လည်း ရာဇာသည် ယခင်ကနှင့် မတူတော့ကြောင်း သတိပြုမိလေ၏။

ဤသို့ဖြင့် ပြည်မြို့သို့ဝင်ကာနီးတွင် မော်တော်ကားလမ်းမကြီးနှင့် ဧရာဝတီတို့မြစ်တို့ ပူးတွဲလာတဲ့ ဖြိုင်နေသော အရပ်သို့ ရောက်လာလေ၏။ လသည် ရေးရေးကလေး သာနေ၏။ ဖိုးလန်ဒန်ကြီးက –

"ဒီည ဒီနားမှာ နားကြရအောင်ကွာ...၊ လရောင်အောက်က မြစ်ပြင်ကြီးကို ကြည့်ရတဲ့အရသာဟာ တော်တော်အဖိုးတန်တယ်ကွ၊ မြစ်ပြင်ကို ဖြတ်တိုက်လာတဲ့လေကို ရှူရတဲ့အရသာဟာလည်း နည်းတဲ့အရသာလားကွာ ..." ဟု ပြောလိုက်လျှင် ရာဇာနှင့်ရတနာတို့ကလည်း လိုလိုလားလားပင် သဘောတူလိုက်ကြ၏။ ရာဇာသည် မြစ်ဘက်သို့ မျက်နှာမူကာ ဖိုးလန်ဒန်ကြီး ပြောပြသည့်လေ့ကျင့်ခန်းကို လုပ်နေ၏။ ရတနာကလည်း မြစ်ဘက်သို့လှည့်၍ မတ်တပ်ရပ်ကာ တစ်စုံတစ်ခုကို ပြုလုပ်နေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက –

"ဟဲ့ကောင်မလေး ...၊ နင် အသက်ရှူတဲ့ လေ့ကျင့်ခန်းတစ်ခုကို လုပ်နေတာမို့လား ...၊ နင်နဲ့ ဘာဆိုင်လို့လဲ၊ ဘယ်ကဘယ်လို အဲဒီလေ့ကျင့်ခန်းကို တတ်ထားတာလဲ ..." ဟု မေးလိုက်လျှင် ရတနာက –

"အဲဒီလိုတော့ မပြောပါနဲ့ ဖိုးလန်ဒန်ကြီးရယ်..၊ လူတွေဟာ အခြေအမြစ် ခိုင်ခိုင်လုံလုံမရှိဘဲနဲ့ အဆင့်အတန်း ခွဲခြားချင်နေကြတယ်၊ အသက်ရှူတဲ့လေ့ကျင့်ခန်းဟာ ကျန်းမာရေးအတွက် အထောက်အကူပြုတယ်၊ ကျန်းမာရေးဆိုတာကလည်း စိတ်ကျန်းမာရေးကော ကိုယ်ကျန်းမာ





ရေးကိုပါ ပြောတာ...၊ ကျန်းမာရေးဆိုတာဟာ အားလုံးနဲ့ ဆိုင်ပါတယ်၊ ...င်ဘုရင်အတွက် လိုအပ်သလို သူဖုန်းစားတစ်ယောက်အတွက်လည်း ...ိုအပ်ပါတယ်၊ အဲဒါကို သူပဲလုပ်ရမယ်၊ ငါပဲလုပ်ရမယ်ဆိုပြီး အဆင့်အတန်း ...ွဲခြားချင်စမ်းပါနဲ့၊ ရောဂါတစ်ခု ဖြစ်ပြီဆိုရင် ရှင်ဘုရင်ခံစားရတဲ့နှုန်းနဲ့ ...ူဖုန်းစားတစ်ယောက် ခံစားရတဲ့နှုန်းဟာ အတူတူပါပဲ၊ အဲဒီလိုပဲ ရှင်ဘုရင် ...ို့ နည်းနည်းပဲသေပြီး သူဖုန်းစားမို့လို့ အများကြီးသေတယ်ဆိုတာ ...ှိပါဘူး...၊ နောက်ပြီး ပြောရဦးမယ်၊ ဟောဒီလေ့ကျင့်ခန်းကို ကျန်းမာရေး ...တွက်တင် လုပ်နေတာမဟုတ်ဘူး၊ ဒီလေ့ကျင့်ခန်းနဲ့ ပေါင်းဟောတဲ့နည်း ...ိုပါ ကောင်းကောင်းတတ်ထားတယ်၊ တစ်ချိန်ကျရင်တော့ ဒီပညာနဲ့ ...ျွန်မ အသက်မွေးဖြစ်မှာပါ..." ဟု ပြောလိုက်ရာ ဖိုးလန်ဒန်ကြီးသည် 'အတော်လာတဲ့ ကလေးမပါလား ...' ဟု လှမ်း၍ပြောလိုက်ပြီးနောက် သဘောကျစွာဖြင့် ချစ်စနိုး ရယ်မောလိုက်လေ၏။

*(မှတ်ချက်။ ။ ထိုအသက်ရှူခြင်းနှင့်ပတ်သက်သော လေ့ကျင့်ခန်းများ၊ ပညာရပ်များ၊ ကျင့်စဉ်များ အကြောင်းကို ကျွန်ုပ်ရေးသားနေသည့် ယခင်ဘဝမှအဆက် ဝတ္ထုကြီးတွင် စောင့်မျှော်တော်မူကြပါကုန်...။*

*စာရေးသူ)*

ရာဇာသည် ငြိမ်သက်စွာထိုင်လျက် အလုပ်လုပ်နေ၏။ ရတနာ ...လည်း အသက်ရှူသောလေ့ကျင့်ခန်းကို ဆက်၍ပြုလုပ်နေ၏။ ထိုအခါ ...ိုးလန်ဒန်ကြီးသည် ၎င်းတို့နှစ်ဦးအား ကြည့်ပြီးလျှင် –

"ဩော်...သူတို့နှစ်ယောက်က ကိုယ်စီကိုယ်စီ အလုပ်တွေ ...ုပ်နေကြတာကိုး...၊ ငါလည်း တစ်ခုခုလုပ်မှ တော်ပေရော့မယ်..." ဟု



www.burmeseclassic.com

www.burmeseclassic.com



ရေရွတ်လိုက်ကာ သီချင်းတစ်ပုဒ်ကို ဌာန်ကရိုဏ်းကျကျ ဆိုညည်းနေလေ တော့၏။ ၎င်းသီဆိုနေသော သီချင်းမှာ အောက်ပါအတိုင်းဖြစ်လေတော့၏။

"ဝေဇယန္တာ xxx နန်းဘုံ၊ မြမန်းလေ xxx ဇေယခို xxx ယမုန် xxx ငယ်လေ xxx သောင်ငွေကျွန်း xxx မြောင်ဇီလာ xxx သီတာဝန်းရံခွေ xxx ရွှန်းရွှန်းဝေ xxx အလို xxx ရွှန်းရွှန်းဝေ xxx မြင်းသပြေပေါင်ညာကျွန်း xxx ပြန်မွှန်းလေ့ မင်္ဂလာ xxx ဇေယျာငယ် xxx ဩဘာကြွေး xxx ပဋ္ဌင်တံမြှာ xxx သံဝါကျူးရင့်ရေ xxx အို xxx မြတ္တာငယ်လေကြူး xxx တိမ်ယံဘွေ လေပြေမြူး xxx အာကာပေါင် xxx မြမောင်ချီချီ xxx တိမ်ရိပ်ပုံဝေဆိုင်း xxx မျှော်ရာတိုင်း xxx ရှစ်ခွင်မင်းလွင် xxx တောင်စဉ်တိမ်စွယ်ကာ xxx မာလာသိင်္ဂါ ထိန်ဖြာမိလ္လာ xxx လွှမ်းဖွယ်သာ xxx ညွှင်းညွှင်းညာ xxx အို xxx ညွှင်းညွှင်းညာ xxx

*(ထိုသီချင်းမှာ ပြင်စည်မင်းသားကြီး ရေးစပ်ခဲ့သော မတိုးသီး တု ခေါ်သည့် ဝေဇယန္တာကြေးတီးချက်မှ ဖြစ်ပါသည်)*

ဖိုးလန်ဒန်ကြီးသည် ထိုသီချင်းကိုသာလျှင် ထပ်ဖန်တလဲလဲ ဆိုနေ၏။ အတန်ကြာလျှင် ရတနာသည်လည်း အသက်ရှူလေ့ကျင့်ခန်းကို ရပ်လိုက်ပြီးနောက် ဖိုးလန်ဒန်ကြီး သီချင်းဆိုသည်ကို နားထောင်နေရင်း သူပင် အလွတ်ရသွားလေတော့၏။

ထို့ကြောင့် ဖိုးလန်ဒန်ကြီးနှင့် နှစ်ယောက်တွဲ၍ ဆိုလေတော့၏။ ထို့နောက်တွင်ကား ရာဇာပါ ထိုသီချင်းကို လိုက်၍ဆိုရင်း အလွတ်ရသွားသည်ဖြစ်ရာ သုံးဦးသားသည် ကောင်းကင်မှ ငွေသော်တာလမင်းကြီးကို မေးမောရင်း ဝေဇယန္တာသီချင်းကြီးကို စိတ်ရှိလက်ရှိ ဆိုညည်းနေကြလေတော့၏။





ဤသို့ဖြင့် အရုဏ်တက်ချိန်သို့ ရောက်လာသောအခါ ၎င်းတို့သုံးဦးသားသည် ထိုနေရာကလေးကို စွန့်ခွာ၍ တရွေ့ရွေ့ ခရီးဆက်ခဲ့ကြပြန်လေတော့၏။

၎င်းတို့သုံးဦးသည် ပြည်မြို့သို့ ဝင်ရောက်လာခဲ့ကြ၏။ ပြည်မြို့တွင်လည်း ရာဇာသည် အဆောင်တံဆိပ်များကို တစ်ခုပြီးတစ်ခု ရေးပေးနေရ၏။ ထိုသို့ ပေးတိုင်းပေးတိုင်း '*အာဘရာကာဒါဘရာ*' (ABRACA-DABRA) ဟူသော အသံတစ်ခုကို ရွတ်ဆိုရန် ဖိုးလန်ဒန်ကြီးက သင်ပေးထား၏။ ထိုအသံမှာ အနောက်တိုင်း လောကီပညာရှင်များ အားကိုးအားထားပြု၍ အသုံးပြုလေ့ရှိသော ဂမ္ဘီရအသံတစ်ခုဖြစ်၏။ မကောင်းသောအရာများကို နှင်ထုတ်နိုင်ခြင်း၊ မကောင်းသောဓာတ်အငွေ့အသက်တို့ကို ပျက်ပြယ်စေခြင်း၊ အဆောင်များ အစီအရင်များကို အာနိသင်ထက်မြက်စေခြင်း စသော အစွမ်းအာနိသင်များ ကိန်းအောင်းနေသည့် ဂမ္ဘီရအသံတစ်မျိုးဖြစ်သည်ဟု ဆို၏။

တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို ဖိုးလန်ဒန် ကြီးတို့၏ ဘေး၌ လူများ တပြည်းပြည်း စုလာကြ၏။ မြေဝိုင်းမျက်လှည့်ပွဲတစ်ခုနှင့်ပင် တူနေလေတော့၏။ ထိုသို့ရောက်လာသူများသည် ရတနာ၏ရှေ့တွင် ဖြန့်ခင်းထားသော လက်ကိုင်ပုဝါလေးပေါ်သို့ ငွေများ ထည့်ဝင်သွားကြကုန်၏။

ထိုနေ့ညပိုင်း ညစာစားသောက်ကြပြီးနောက် ဖိုးလန်ဒန်ကြီးတို့သုံးဦးသည် လမ်းဘေးကုက္ကိုပင်ကြီးတစ်ပင်အောက်၌ စိတ်လွတ်ကိုယ်လွတ် ပျော်ပါးစွာထိုင်ရင်း ရောက်တတ်ရာရာစကားများကို ပြောဆိုနေကြလေ၏။

ထိုသို့ပြောဆိုကြရင်း ရတနာက ရာဇာနှင့် ဖိုးလန်ဒန်ကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မည်ပုံပတ် သက်နေသည်ကို မေးမြန်းစပ်စုလေတော့၏။ ထို
ရာဇာက သူ့တွင် ဝတ်မှုန်ဟု ခေါ်သော အသည်းနှင့်အောင် ချစ်ရလွန်း
တစ်ဦး ရှိကြောင်း၊ တစ်နေ့တွင် သူသည် မထင်မှတ်ဘဲ လူသတ်မှု
ထောင်ကျသွားခဲ့ကြောင်း၊ ထောင်ထဲတွင် ဦးမြဦးဆိုသော လူကြီးကို သတ်
ဖြင့် ပြစ်ဒဏ်ထပ်တိုး သွားခဲ့ရပြန်ကြောင်း... စသည်ဖြင့် သူ့ဇာတ်လမ်း
ဆွေးဆွေးမြေ့မြေ့ ပြောပြ လိုက်လေ၏။

ရာဇာပြောသည်ကို နားထောင်ရင်း ရတနာ၏ မျက်လုံးအစုံသည် တဖိတ်ဖိတ် အရောင်လက်လာ၏။ မျက်ရည်များ ရစ်ဝဲလာ၏။ ထို့နောက် ရတနာသည် ကျေနပ်စွာ တစ်ချက်မျှ ပြုံးလိုက်ပြီးလျှင် ရာဇာအား ရုတ်တရက် သိုင်းဖက်လိုက်လေ၏။ ထို့နောက် သူမ၏ ခါးကြားတွင် ဝှက်ယူလာသော ဓားမြှောင်ဖြင့် ရာဇာ၏ရင်ဝကို တင်းကျပ်စွာ ထော ထားလိုက်လေတော့၏။ ရာဇာသည် ရုတ်တရက်ကြီးဖြစ်ရကား လွန် ထိတ်လန့်တုန်လှုပ်သွား၏။

"ရ...ရတနာ...နင် ဘာလုပ်တာလဲ..." ဟု တုန်တုန်ရီရီ မေးလိုက်လျှင် ရတနာသည် အောင်ပွဲရသူတစ်ဦး၏ လေသံမျိုးဖြင့် အား ပါးရ ဆက်ကာဆက်ကာ ဟားတိုက်ရယ်မောလိုက်လေ၏။ ထို့နော တွင်မှ -

"ကျွန်မ ငယ်ငယ်လေးကတည်းက မေမေဆုံးသွားခဲ့တယ် ကျွန်မဟာ အဖေတစ်ခု သမီးတစ်ခုဘဝနဲ့ လူလားမြောက် ကြီးပြ လာခဲ့ရတယ်၊ ကျွန်မဘဝမှာ ဖေဖေဟာ ဖခင်ဖြစ်သလို မိခင်လည်း ဒီတ ယောက်တည်းပါပဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်မဘဝရဲ့ စောစောပိုင်းကာလ ဟာ အင်မတန်ပြောင်ပြူးသာယာဖွယ်အတိ ဖြစ်ခဲ့ပါတယ်၊ ကျွန်မ ဆယ်တ





စ်မှာ ဖေဖေ ထောင်ကျသွားတယ်၊ အဲဒါလည်း ကျွန်မကို ဖေဖေချစ် လွန်းလို့ ဖြစ်ခဲ့ရတာပါ။ ဒါပေမဲ့ ကံကြမ္မာဟာ ရက်စက်လွန်းတယ်၊ အငြိုးကြီး လွန်းတယ်၊ ထောင်ထဲမှာ ဖေဖေ အသတ်ခံခဲ့ရတယ်၊ အဲဒီအချိန်ကစပြီး ကျွန်မဘဝ ပျက်ခဲ့ရတာပဲ၊ ကျွန်မဟာ လေလွင့်ငှက်တစ်ကောင် ဖြစ်သွားခဲ့ တယ်၊ ရော်ရွက်ဝါဘဝ ရောက်သွားခဲ့ရတယ်၊ အဲဒီလို ကျွန်မတို့သားအဖ ဘဝကို ဖျက်ဆီးဖြိုခွဲပစ်ခဲ့တဲ့လူကို ရှေမြေဆုံးစေဦးတော့ မတွေ့ တွေ့ အောင် ရှာပြီး လက်စားချေမယ်လို့ ကျွန်မ ညတိုင်း သစ္စာဆိုခဲ့တယ်၊ ဲတော့ ကျွန်မရဲ့ဆန္ဒ ပြည့်ဝပါပြီ...၊ ဒီညကလေးကိုရောက်ဖို့ ကျွန်မ စ်ပေါင်းများစွာ ဘဝနဲ့ရင်းပြီး စောင့်စားခဲ့ရတာပါ။ ကျွန်မရဲ့အဖေက ဦးမြဦးတဲ့...၊ရှင် ဘာပြောဦးမလဲ ဦးရာဇာ..." ဟု ရတနာက တစ်လုံး ျင်း တစ်လုံးချင်း အံကိုကြိတ်၍ တစ်ခါ၊ နှုတ်ခမ်းကို ကိုက်၍တစ်ဖုံ၊ ာက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် တစ်သွယ် ... တစ်လုံးချင်း ပြောပြလိုက်ရာ ရာဇာလည်း ပါးစပ်အဟောင်းသား ဖြစ်နေရပါလေတော့ သတည်း ...။ ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၃၆ ၊

# ဒါတွေဟာ ဒီကိုပဲပြစ်တောက်ပါတယ်



ရာဇာသည် မည်သို့လုပ်ရမည်ကို မသိနိုင်တော့ပြီ ဖြစ်ရကား အကြံရကြပ်စွာဖြင့် ဖိုးလန်ဒန်ကြီးအား လှမ်း၍ကြည့်လိုက်ရင်း –

"ရ...ရတနာ့ကို ရှင်းပြပေးပါဦး ဖိုးလန်ဒန်ကြီးရယ်....၊ အားလုံး နားကုန်တော့မယ်ဗျ..." မချိလှစွာသော လေသံကြီးဖြင့် အကူအညီ တောင်း လိုက်လေ၏။ ထိုအခါ ဖိုးလန်ဒန်ကြီးက ခနဲ့တဲ့တဲ့လေသံမျိုးဖြင့် ဟခစ်ခစ် ရယ်မောလိုက်ပြီးနောက်–

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ အဲဒီဇာတ်ထုပ်ကို က,ခဲ့ကြတုန်းက ငါ မရှိဘူးလေကွာ...၊ အဲဒီတုန်းက ကိုယ်က လန်ဒန်ရောက်နေတာကိုး..." ဟု ပေါ့ပေါ့တန်တန်ကလေးပင် ပြောလိုက်ကာ တစ်ဘက်သို့လှည့်၍ ဆေးပေါ့လိပ်ကို အေးအေးလူလူပင် ဖွာရှိုက်နေလေ၏။ ထို့ကြောင့် ရာဇာလည်း အကြီးအကျယ် စိတ်ပျက်သွားကာ ခေါင်းငိုက်စိုက် ကျသွားရလေတော့၏။ ထို့နောက်တွင်မှ ခေါင်းကို တဖြည်းဖြည်းချင်း ပြန်မော့လိုက်ပြီးလျှင် ရီဝေသောမျက်ဝန်းအစုံဖြင့် ရတနာအား ကြည့်လိုက်ရင်း...

BURMESE CLASSIC

"ဒီမှာ ရတနာ...၊ ငါ လူသတ်မှုနဲ့ ထောင်ကျသွားခဲ့ရတာဟာ တကယ်တော့ ငါ ဝတ်မှုန်ကို သိပ်ချစ်လွန်းလို့ ငါ့ဘဝကို စတေးခဲ့တာပါ။ နောက်ပြီးတော့ ... ဦးမြဦးဟာ ဝတ်မှုန်ရဲ့ဘဝကို ဖျက်ဆီးပစ်ခဲ့သလို ငါနဲ့ဝတ်မှုန်တို့ရဲ့ သာယာဖွယ်ဘဝလေးတည်ဆောက်ဖို့ဆိုတဲ့ အိပ်မက်ကလေးဟာလည်းပဲ သူ့ကြောင့် ပြိုကွဲကြေမွပျက်စီးသွားခဲ့ရတာပါ...၊ ဒါပေမဲ့ ဦးမြဦးအပေါ် ငါ လက်တုံ့မပြန်ခဲ့ပါဘူး၊ ငါက ဦးမြဦးအပေါ် သက်ညှာခဲ့ပေမဲ့ ကံကြမ္မာကတော့ ငါ့အပေါ် အညှိုးကြီးခဲ့တယ်၊ တကယ်တော့ ငါဟာ လူတကာရဲ့ အထင်လွဲ အမြင်လွဲမှုတွေကို ခါးစည်းပြီးခံဖို့ လူဖြစ်လာရတာ ထင်ပါရဲ့ ရတနာရယ်...၊ ငါ့ဘဝတစ်လျှောက်လုံးမှာ ငါနဲ့ထိတွေ့ပတ်သက်သမျှ လူအားလုံးလိုလိုက ငါ့ကို အထင်တွေ လွဲပြီးရင်း လွဲခဲ့ကြတယ် ... ငါ့ဆရာက ငါ့ကို အမြဲအထင်လွဲခဲ့တယ်၊ ငါသိပ်ချစ်ပါတယ်ဆိုတဲ့ ဝတ်မှုန်ကလည်း ငါ့ကိုအထင်လွဲခဲ့တယ်၊ ဝတ်မှုန်ရဲ့ အမေကြီးကလည်း ငါ့ကို အထင်လွဲခဲ့တာပဲ၊ ဝတ်မှုန်ရဲ့သားလေး နဂါးကလည်း ငါ့ကိုအထင်လွဲခဲ့တာပဲ ယုတ်စွအဆုံး ငါ့ရဲ့ကံကြမ္မာကိုယ်တိုင်က ငါ့အပေါ် အထင်လွဲတာကို ခံခဲ့ရတဲ့ ကောင်ပါဟာ...၊ ဟော...အခု နင်ကလည်း ငါ့အပေါ် အထင်လွဲပြန်ပြီ



အဲဒီတော့ နင်လုပ်ချင်သလိုသာ လုပ်လိုက်ပေတော့...၊ ငါ့ဘဝက သန်းခေါင်ထက် ညဉ့်မနက်တော့ပါဘူး ရတနာရယ်..." ဟု ဆွေး ဆွေးမြေ့မြေ့ပြောရင်း ရာဇာသည် မျက်ရည်များပင် ရစ်ဝိုင်းလာလေ၏။ ရတနာသည် ရာဇာ တစ်လုံးချင်းပြောနေသည်များကို နားထောင်ရင်း ပါးစပ် အဟောင်းသားဖြစ်နေ၏။ ထို့နောက် ရာဇာက ဆက်လက်၍...

"အခုလည်း ငါဟာ ဝတ်မှုန်ကို တွေ့အောင်ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လိုက်လာခဲ့တာပါ။ ငါ့မှာ ဝတ်မှုန်ကို ပြောဖို့ စကားတစ်ခွန်း အကြွေးတင်နေတယ်၊ အဲဒီစကားကို ပြောမယ်လို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှာပဲ ဝတ်မှုန်က ရှောင်ပြေးသွားခဲ့တယ်၊ အခုအချိန်မှာ ဝတ်မှုန်ကို တွေ့လိုက်တာနဲ့ တွေ့တွေ့ချင်း ငါပြောမယ့် စကားကတော့ *'ငါ နင့်ကို သိပ်ပြီးချစ်တယ် ဝတ်မှုန်...'* ဆိုတဲ့ စကားလေးပါပဲဟာ...၊ တစ်ခွန်းတည်းပါ၊ အဲဒီတစ်ခွန်းလေးတော့ ငါ့ကို ပြောခွင့်ပြုပါ ရတနာရယ်...၊ ငါ တောင်းပန်ပါတယ်၊ အဲဒီစကားလေးတစ်ခွန်း ပြောပြီးတဲ့အချိန်မှာ နင် ငါ့ကို ကြိုက်သလို လုပ်နိုင်တယ်...၊ ငါ ကတိပေးပါတယ်..." ဟု ပြောလိုက်ပြန်လျှင် ရတနာသည် ရာဇာ၏ ရင်ဝကို ထောက်ထားသောဓားကို နောက်သို့ ဆုတ်လိုက်လေ၏။ ထို့နောက် နောက်သို့ ခြေတစ်လှမ်းမျှ ဆုတ်လိုက်ပြီးလျှင် အလင်းရောင် မှုန်ဝါးဝါးအောက်မှ ရာဇာ၏မျက်နှာကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေ၏။ ရတနာသည် ထိုသို့ အတန်ကြာအောင် တွေတွေကြီးစိုက်ကြည့်နေပြီးနောက် –

"ရတနာ အများကြီး မှားသွားပြီ ကိုရာဇာကြီးရယ်၊ ကိုရာဇာလို ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ယောက်ကို ရတနာ အစော်ကားကြီး စော်ကားမိခဲ့ပြီ...၊ တကယ်က ဟောဒီဓားနဲ့ ရတနာကို ထိုးသတ်သင့်

www.burmeseclassic.com

www.burmeseclassic.com



တာပါ...'' ဟု လေသံကလေးဖြင့် ရေရွတ်လိုက်ကာ ရှေ့သို့ ဆတ်ခနဲ တိုးလိုက်ပြီးလျှင် လက်ထဲမှဓားကို ရာဇာအား လှမ်း၍ပေးလိုက်လေ၏။ တစ်ချိန်တည်းမှာပင် နီစွေးလှပသော ရတနာ၏ နှုတ်ခမ်းကလေးသည် တွန့်သည်ဆိုရုံကလေးမျှ တွန့်သွားပြီးနောက် ဝိုင်းစက်သောမျက်ဝန်း အစုံဖြင့် ရာဇာအားငေးကြည့်ရင်း ရာဇာ၏ရင်ခွင်ထဲသို့ ခွေကျလာလေ၏။

ရာဇာသည် ရတနာ၏ကိုယ်လုံးကလေးအား အလိုက်သင့်ကလေး ဆီးကြိုပွေ့ဖက်ထားလိုက်ရင်း ရတနာ၏ နောက်ဘက်ဆီသို့ လက်ညှိုးငေါက်ငေါက်ထိုးလျက်–

''နင်...နင် ဘယ်လိုလုပ်လိုက်တာလဲ ဝတ်မှုန်...'' ဟု အော်ဟစ်လိုက်၏။ ထိုအခါ သွေးစွန်းနေသော ဓားမြောင်ကို တင်းကြပ်စွာ ဆုပ်ကိုင်လျက် ရတနာ၏နောက်တွင် မားမားကြီးရပ်နေသည့် ဝတ်မှုန်က–

''ဒီကောင်မ နင့်ကို ဓားနဲ့ထိုးဖို့ ပြေးဝင်သွားတာကို တွေ့လိုက်လို့ နင့်ကို အချိန်မီ ဝင်ကယ်လိုက်တာ...၊ ငါ ဒီလိုမလုပ်ရင် နင်သေသွားမှာပေါ့...၊ တော်သေးတာပေါ့ဟယ် ...၊ တကယ့်လက်မတင်လေးပဲ လို့တော့တယ်...'' ဟု ပြောလိုက်ရာ ရာဇာသည် မည်သို့ပြန်ပြောလိုက်ရမှန်း မသိအောင်ဖြစ်သွားရလေ၏။ ထို့နောက်တွင်မှ...

''သူက ငါ့ကို ဓားနဲ့ထိုးဖို့ ရှေ့တိုးလာတာ မဟုတ်ဘူးဟ...၊ သူ့ကိုသတ်ဖို့ဆိုပြီး ဓားလှမ်းပေးလိုက်တာ...'' ဟု ယူကြုံးမရစွာသော လေသံကြီးဖြင့် ပြောလိုက်ရာ ဝတ်မှုန်သည် အူကြောင်ကြောင်ကြီး ဖြစ်သွားပြီးလျှင် 'ဟင်...' ဟူ၍ တစ်လုံးတည်းသာလျှင် ရေရွတ်လိုက်နိုင်လေ၏။ ထိုသို့ အတန်ကြာအောင် မင်သက်မိနေပြီးသည့်နောက်တွင်မှ ဝတ်မှုန်သည် အထစ်ထစ်အငေါ့ငေါ့ဖြင့်–



''ငါ...ငါ တကယ်မသိလို့ပါ ရာဇာရယ်...၊ ငါ နင်နဲ့ဝေးရာကို ထွက်သွားတယ်ဆိုပေမဲ့...အချိန်တိုင်းမှာ သတိရနေတယ်၊ သတိရတဲ့အဆင့်တောင် မဟုတ်ပါဘူးဟယ်...၊ အမြဲတမ်းလွမ်းတယ်၊ နင့်မျက်နှာလေးကို အမြဲတမ်းမြင်ယောင်တယ်၊ နင်တို့ ပြည်ကိုရောက်လာတော့ ငါ သိနေတယ်၊ နင်နဲ့ မလှမ်းမကမ်းမှာ အမြဲလိုလို ငါရှိနေပါတယ်၊ နင်ကတော့ ဘယ်သိပါ့မတုံး...၊ ငါကတော့ နင့်မျက်နှာလေးကို မြင်ချင်လွန်းလို့ ခိုးကြောင်ခိုးဝှက်လာလာပြီး ကြည့်နေရတာပါ၊ ဟောဒီအမျိုးသမီး နင့်ကို ရန်လုပ်တော့ ငါ ကုက္ကိုပင်ကြီးရဲ့နောက်မှာ ရှိနေတယ်၊ အခြေအနေကို အသာစောင့်ကြည့်နေတုန်း သူ ရှေ့ကို ပြေးဝင်သွားလို့ နင့်အတွက် တအားစိုးရိမ်သွားပြီးတော့ လက်ဦးမှုရအောင် လုပ်လိုက်တာပါ...၊ ငါ့ကို ခွင့်လွှတ်ပါ ရာဇာရယ်...၊ နင် ငါ့ကို ခွင့်လွှတ်နိုင်မယ်မဟုတ်လားဟင် ...'' ဟု တတွတ်တွတ် ပြောနေရှာလေ၏။ ထိုအချိန်၌ ရတနာက ရာဇာ၏မျက်နှာအား အသာမော့၍ကြည့်ရင်း တိုးညှင်းလှသော လေသံကလေးဖြင့် –

''အစ်မဝတ်မှုန်ကို ခွင့်လွှတ်လိုက်ပါ ကိုရာဇာကြီးရယ်...၊ သူ မမှားပါဘူး၊ ကိုရာဇာကြီးကို ချစ်လွန်းလို့ ဖြစ်သွားရတာပါ၊ အစ်မဝတ်မှုန် နေရာမှာ ရတနာဆိုရင်လည်း အဲဒီလိုပဲ လုပ်မိသွားမှာပါပဲ၊ ဘာလို့လဲဆိုတော့ ကိုရာဇာကြီးလို ယောကျ်ားတစ်ယောက်ကို အစ်မဝတ်မှုန်ချစ်သလိုပဲ ရတနာလည်း ...'' ဟု ပြောရင်း ရတနာ၏စကားသံသည် တဖြည်းဖြည်း တိုးညှင်းသွားပြီးနောက် ငြိမ်ကျသွားလေတော့၏။

ရာဇာသည် ၎င်းအား တမက်တမော ငေးကြည့်နေသော မိန်းမပျို ကင်းမဲ့သွားပြီဖြစ်သည့် မျက်ရည်ကလေး ရစ်ဝဲနေဆဲ ရတနာ၏ မျက်ဝန်းများအား ငုံ့ကြည့်လိုက်ရင်း မချိတင်ကဲ ဖြစ်လှစွာသော ဝမ်းခေါင်းသံ

www.burmeseclassic.com



ကြီးဖြင့် -

"ရ...တ...နာ...ရယ်..."တု ဆိုနင့်စွာ ရေရွတ်ရင်း မျက်ရည်များ စီးကျလာလေ၏။ ထို့နောက် မျက်ရည်စများအကြားမှ ဝတ်မှုန်အား လှမ်း၍ကြည့်လိုက်ရာ ဝတ်မှုန်သည်လည်း မျက်ရည်တို့ ပြည့်လျှမ်းနေသော မျက်ဝန်းအစုံဖြင့် ရာဇာအား ကြည့်နေရာမှ ရှေ့သို့ တဖြည်းဖြည်း တိုးကပ်လာ၏။ ထို့နောက် ရာဇာ၏လက်မောင်းကိုဆွဲ၍ တစ်ချက်မျှ နမ်းရှုံလိုက်ပြီးလျှင် ရာဇာ၏မျက်နှာအား မော့ကြည့်လျက် အထစ်ထစ်အငေ့ငေ့ဖြင့် -

"ငါ...စိတ်မကောင်းပါဘူး ရာဇာရယ်၊ ငါ့ဘဝ မှာ နင့်ကျေးဇူးတွေ အများကြီးပါ၊ ငါ့အတွက် နင့်ဘဝကို အများကြီးစတေးခဲ့ရတာကို ငါ အမြဲအောက်မေ့လျက်ပါ၊ အခုလည်း နင့်အကြွေးတွေကို ဆပ်ချင်လွန်းအားကြီးစွာနဲ့ ငါ ဆန္ဒစောသွားမိတာပါ၊ နင် ငါ့ကို ခွင့်လွှတ်မယ်မို့လားဟင်...၊ ဘာပဲဖြစ်ဖြစ် ဒီပြစ်ဒဏ်ကို ငါ ကျေနပ်စွာခံယူမှာပါ၊ နင့်အတွက်ဆိုရင် ငါ့အနေနဲ့ ငရဲအိုးထဲကိုပဲ ဆင်းရ ဆင်းရ၊ ငါ ကျေနပ်နေမှာပါ...၊ ဘာပဲဖြစ်ဖြစ် ငါ နှစ်ပေါင်းများစွာ မျှော်လင့်ခဲ့ရတဲ့၊ နင့်ရင်ထဲမှာ နှစ်ပေါင်းများစွာ မျိုသိပ်သိမ်းဆည်းထားခဲ့ရတဲ့ စကားလေးတစ်ခွန်းကို စောစောက ငါ ကြားခဲ့ရတဲ့အတွက် ငါ အများကြီးကျေနပ်ပါတယ်၊ နင် ငါ့ကို ခွင့်မလွှတ်ချင်လည်း မလွှတ်နဲ့ဟာ...၊ ငါ့ကို ချစ်နေရင်ပဲ ငါကျေနပ်ပါပြီ..." ဟု တုန်ရီသော နှုတ်ခမ်းအစုံဖြင့် တဖွဖွ ပြောလိုက်ပြီးနောက် ရာဇာ၏ပုခုံးကို ညင်ညင်ဖွဖွကလေး နမ်းလိုက်ပြန်လေ၏။

ရာဇာသည် ဝတ်မှုန်၏ နောက်ကျောလေးကို လက်တစ်ဖက်ဖြင့် သိုင်းဖက်လိုက်၏။ ထို့နောက် မျက်ရည်များ သွင်သွင်စီးကျနေသည့် မျက်ဝန်းများဖြင့် ရတနာ၏မျက်နှာကလေးကို လည်းကောင်း၊ ဝတ်မှုန်၏





မျက်နှာကလေးကို လည်းကောင်း တစ်လှည့်တစ်ပြန်စီ ငေးကြည့်နေမိလေ၏။ ရာဇာ၏နှုတ်ခမ်းများသည် တဆတ်ဆတ်တုန်လျက် ရှိကုန်၏။ ထို့နောက် ဗိုးလန်ဒန်ကြီး၏မျက်နှာအား အားကိုးတကြီးဖြင့် လှမ်း၍ကြည့်လိုက်ရာ ဗိုးလန်ဒန်ကြီးက ခနဲ့ပြုံးလေး ပြုံးလိုက်ပြီးနောက် -

"ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား မောင်ရာဇာ...၊ *ဒါတွေဟာ ဒီလိုပဲ ဖြစ်တတ်ပါတယ်ကွာ...*၊ အဲဒီစကားဟာ လူလောကမှာ ဘယ်နေရာ ဘယ်အချိန်မဆို ပြောလို့ရတဲ့ စကားလေးပါဝဲ၊ လူ့လောကမှာတင် မဟုတ်ပါဘူးလေ...၊ ဝေဇယန္တာဘုံနန်းကြီးမှာလည်း ဒီစကားလေးဟာ ဘယ်တော့ပြောပြော မမှားနိုင်ပါဘူး။ သံသရာဇာတ်ခုံပေါ်မှာ တပြနေရသရွေ့တော့ ဒီစကားလေးနဲ့ ဘယ်သူမှ မလွတ်ကင်းနိုင်ပါဘူး၊ *ဒါတွေဟာ ဒီလိုပဲ ဖြစ်တတ်ပါတယ်ကွာ...*၊ *ဒါတွေဟာ ဒီလိုပဲဖြစ်တတ်ပါတယ်...*" ဟု ပြောရင်း အားရပါးရ ဟားတိုက်ရယ်မောလိုက်လေ၏။

ဗိုးလန်ဒန်ကြီး၏ ရယ်မောသံသည် အဓိပ္ပါယ် အရာအထောင်ပြွမ်းသော ရယ်မောသံမျိုးဖြစ်၏။လောက၏သဘာဝကို သဘောပေါက်နေသော၊ နားလည်နေသော၊ လောကကို အောင်နိုင်ထားသော၊ လောကကို လျစ်လျူရှုထားသော၊ လောကကို သူ့အတိုင်းတိုင်း ကျေနပ်နေသော ရယ်မောသံကြီး ဖြစ်လေတော့၏။

ထို့နောက်တွင်ကား ဗိုးလန်ဒန်ကြီးသည် လမ်းတစ်လျှောက် ဆိုညည်းခဲ့သော ဝေဇယန္တာသီချင်းကြီးကို ဆိုညည်းရင်း ထိုနေရာမှ တစ်လှမ်းချင်း တစ်လှမ်းချင်း ထွက်ခွာသွားပြီးလျှင် အမှောင်ထဲ၌ တဖြည်းဖြည်း ဝင်ရောက်ပျောက်ကွယ်သွားလေတော့၏။




www.burmeseclassic.com

www.burmeseclassic.com



ရာဇာမှာမှု ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော မျက်ဝန်းအစုံဖြင့် သူ့အား ငေးကြည့်နေဆဲ သူ၏ရင်ခွင်ထဲမှ ရတနာ၏မျက်နှာလေးကို ငုံ့၍ ကြည့်လိုက်မိ၏။

ထို့နောက် သူ၏ပုခုံးကို ဖက်တွယ်ရင်း မျက်ရည်ရစ်ဝဲနေသည့် မျက်လုံးများဖြင့် တောင်းပန်တိုးလျှိုးနေသည့်သဖွယ် မျက်တောင်မခတ်တမ်း ကြည့်နေသော ဝတ်မှုန်၏မျက်နှာကလေးကို မျက်ရည်လျှမ်းသော မျက်လုံးများဖြင့် ပြန်လည်ငေးကြည့်နေမိပါလေတော့သတည်း…။ ။



မိသားစု၊ အဖွဲ့အစည်း၊
ဝပ်တုရှယ်ယာကိစ္စများ
အဆင်ပြေစေသော …
ကျန်းမာရေးကို
အထောက်အကူပြုသော၊
အမွေကိစ္စ ရပိုင်ခွင့်ကိစ္စများ
အဆင်ပြေစေသော

www.burmeseclassic.com

www.burmeseclassic.com

စိတ်အားထက်သန်မှုကို
တွန်းအားပေးသော
သင်္ကေတ

www.burmeseclassic.com